
ဗန်းမော်မြို့
ရွှေကျိုးနားနှင့်
သိမ်တော်ကြီး-ဘုရားသမိုင်း
စမှာနဂိုရ်-ရာဇဝင်
ပါဝင်သည်။

မန်းခမောက်မြို့

ရွှေကျိုးနားနှင့်

သိမ်တော်ကြီး - ဘုရားသမိုင်း

# စမ္ဗာနုဂိုရီ - ဗျာခရဏ်

ပါဝင်သည်

"ရွှေထီး ဓာန္ဒရာ ပြုစုသည်"

ပဉ္စမ အကြိမ်
၃၀၀၀-အုပ်
၁၃၂၉-ခု
တပေါင်းလ

မျက်နှာဖုံး
ပန်းချီ
မြင့်လွင်

ဘလောက်
သိန်း-ဘလောက်တိုက်

**ပုံနှိပ်သူ**

ဦးဒွေး၊ ယာယီ (ပ-၀၀၀၂)
တက်နေလင်း ပုံနှိပ်တိုက်
ပွဲကုန်း၊ မန္တလေး။

**ထုတ်ဝေသူ**

ဦးဒွေး၊ ယာယီ (ထ-၀၀၀၆)
တက်နေလင်း စာအုပ် ထုတ်ဝေရေး ဌာန
၂၆-အာဇာနည်လမ်း၊ ပွဲကုန်း
မန္တလေးမြို့။


**ဖြန့်ချိသူ**

ဂေါပက အဖွဲ့
ရွှေကြီးနားဘုရားနှင့် သိမ်တော်ကြီးဘုရား
ပန်းမော်မြို့။


ဘုရား ဘဏ္ဍာ တော်အဖြစ် ထုတ်ဝေသည်။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | စမ္ပာနဂိုရ် ရာဇဝင်ဝတ္ထု .... | ၇ |
| ၃ | စေတီတော်လေးဆူ တည်ထားခြင်း .... | ၁၀၂ |
| ၄ | ဗန်းမော် မင်းဆက်များ .... | ၁၀၇ |
| ၅ | ရွှေကျီးနားဘုရား ပြောင်းရွှေ့တည်ထားခြင်း | ၁၁၃ |
| ၆ | မင်းတုန်းမင်းတရားကြီး ပူပြင်ခြင်း .... | ၁၁၄ |
| ၇ | ရွှေကျီးနားဘုရားပွဲတော် ကျင်းပခြင်းနှင့် ဂေါပက အဖွဲ့ဝင် ဘုရားလူကြီးများ .... | ၁၁၉ |
| ၈ | သိမ်တော်ကြီး ရွှေစေတီ အခက်း .... | ၁၂၃ |
| ၉ | သံတမန်များ ရောက်ခြင်း .... | ၁၂၄ |
| ၁၀ | စေတီတော် ပုံသဏ္ဌာန်များ .... | ၁၂၈ |
| ၁၁ | စေတီ အခေါ်အဝေါ်များ .... | ၁၃၀ |
| ၁၂ | သိမ်မဟာစေတီ တည်သက္ကရာဇ် .... | ၁၃၁ |
| ၁၃ | ဘိုးတော်ကြီးနတ်စင် .... | ၁၃၄ |
| ၁၄ | စည်တော်သံ ကဗျာများ .... | ၁၃၆ |
| ၁၅ | သိမ်မဟာစေတီတော်ကြီး စစ်ဒဏ်ခံခြင်း .... | ၁၄၁ |
| ၁၆ | ရှေးဟောင်းဌာပနာ ပစ္စည်းများ .... | ၁၄၅ |
| ၁၇ | သိမ်မဟာစေတီ ထပ်မံ တည်ခြင်း .... | ၁၄၆ |
| ၁၈ | သိမ်မဟာစေတီ ကမ္ပည်းကျောက်စာများ .... | ၁၅၁ |
| ၁၉ | စိန်ဖူးတော် တန်ခိုး .... | ၁၈၄ |




စမ္ပာနဂိုရ် မြေပုံ




စမ္မာနဂိုရ် မြေပုံ

နမော ဗုဒ္ဓါဒိ ရတနတ္တယဿ

# နိဒါန်း

## သိပ္ပံ မီးမောင်းများ

ဒန္တာ၀ရီ ပုံပြင် တခုကို "ဟို ရှေးရှေးတုန်းက...." ဟု အစချီလိုက်သည်နှင့် တပြိုင်နက် ခေတ်သစ် စာဘတ် ပရိသတ်သည် ရှေးဟောင်း ဒန္တာ၀ရီ ပုံပြင်တို့ကို သိပ္ပံပညာ မီးမောင်းကြီးဖြင့် ဒရောသောပါး ထိုးပြီးလျှင် ဆန်းစစ် ကြသည်၊ ဝေဘန်ကြသည်၊ သုံးသပ်ကြသည် ဟု RA BIN DRA-NATH TAGORE ရာဘင်ဒရာနသ် တဂိုးက ဆိုခဲ့သည်။ မှန်လည်း မှန်ပေသည်။ ယခုခေတ်သည် သိပ္ပံပညာထွန်းကား

သော ရူပဗေဒခေတ် ဖြစ်သည့်အလျောက် စာဘတ် ပရိသတ် သည် ပုတ်သင်ညို ကဲ့သို့ ပြောတိုင်း၊ ရေးတိုင်း ဦးခေါင်း ငြိတ်တတ်သည် မဟုတ်ပဲ ပြောလာသော စကား၊ ရေးသား သော စာပေတို့ကို ယုတ္တိ ရှိမရှိ ဆန်းစစ် ဝေဘန် လာတတ် ကြသည်။

ထို့ကြောင့် အသင့် ယုတ္တိ မရှိသော စိတ်ကူးယဉ် စာပေသည် အဆင့်အတန်းမြင့်သော စာပေသဘင်သို့ မဝင် ရောက် နိုင်တော့ဘဲ ရှေးယုန်နှင့် ရှေ့ကျား သက်ကယ်ရိတ် သွား ဆိုသော ဒန္တာရီနယ်အတွင်းသို့ သက်ဆင်းပျောက်ကွယ် ရလေတော့သည်။

## ရှေးဟောင်း သမိုင်းစာများ

ကမ္ဘာပေါ်ရှိ အာဒိမူလ အရင်း အစ ဖြစ်ကုန်သော သမိုင်း, ရာဇဝင်, စကားစဉ်တို့ကို ကြည့်ရှု လေ့လာ ပါလျှင် များသောအားဖြင့် အသင့် ယုတ္တိ ကင်းမဲ့ လျက် သိပ္ပံ ပညာ မီးမောင်း အတွင်း အံမဝင် ကုန်သော ဘုန်းတော်ဘွဲ့များ၊ အဆမတန် ခြီးကျူးခန်းများဖြင့် တန်ဆာ ဆင်လျက်သာ ရှိနေကုန်သည်တို့ကို တွေ့မြင်ကြရလေသည်။

## သူ့ခေတ်နှင့် သူ

သို့သော် ရှေးပဝေသဏီ သမိုင်းတို့ အလွန် အကြူး ခြီးကျူး ဖွဲ့ဆို ခဲ့ကြခြင်း သည်လည်း သူ့ခေတ်နှင့် သူ့စာ ဖြစ်သောကြောင့် ၎င်းတို့၏ ရှုထောင့်မှ ကြည့်ရှုခဲ့ ပါက

ရှင်းတို့၏ အနေနှင့်လည်း လွန်စွာ ပြေပြစ် နေသည် ကိုသာ တွေ့ရလေသည်။ထို့ကြောင့်လည်း ရှေးဟောင်းဘုန်းတော်ဘွဲ့ စာပေများ ယနေ့ခေတ်အထိ မဆိတ်မသုဉ်း တည်နေနိုင်ခြင်း ဖြစ်လေသည်။

စာရေးသူသည် ဤစာကို ရေးသား ပြုစုရန် မူလ အမာခံ သမိုင်းဟောင်းများကို လေ့လာ ကြည့်ရှုသော အခါ နောင်တော်-နောင်တော် သမိုင်း ဟောင်းများ နည်းတူ ဘုန်းတော်ဘွဲ့များ ပါဝင်နေသည်ကိုတွေ့ရသဖြင့် သိပ္ပံပညာ မီးမောင်းအတွင်း အံဝင် ဂွင်ကျ ဖြစ်စေရန်ဟု စကားစဉ်ကို မဖျက်ဆီးပဲ အသင့် ယုတ္တိများကို ဖွင့်ပြ၍ ရေးသား လိုက်ရ ပေသည်။

## အမှီပြုသော သမိုင်းများ

ဤရာဇဝင် ဝတ္ထုကို ပြုစုရာ၌....

မြန်မာသက္ကရာဇ် ၁၀၅၀-ပြည့် နှစ်က ရေးသားရင်း ပေစာဟောင်းမှ ခရစ်နှစ် ၁၉၂၀-ပြည့်နှစ်တွင် ဦးထွန်းကြွယ် A.T.M. ပုံနှိပ် ထုတ်ဝေသော စမ္ဗာနဂိုရ် ရာဇဝင်နှင့် ဗန်းမော်မြို့ သိမ်တော်ကြီးကျောင်းတိုက်ဦးပဥ္ဇင်းကြီးဦးနန္ဒ ၊ (ဆရာမင်း)ရှမ်းစာမူမှပြန်ဆိုသော (လက်ရေးမူ)ရွှေကျီးနား သမိုင်းတို့ကို အမာခံ မှီငြမ်းပြု၍ ရေးသားခြင်း ဖြစ်ပေသည်။

## သမိုင်း နှစ်စောင် မညီချက်များ

ထိုသမိုင်းနှစ်စောင်တို့တွင်ဦးထွန်းကြွယ်ထုတ်ဝေသော စမ္မာနုဂိုရ် ရာဇဝင်၌ "ဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ရဟန်းငါးရာတို့ကို အကြောင်းပြု၍ ဤဝိလာသ ဇာတ်တော်ကို ဟောတော်မူကြောင်း၊ ဝိလာသ မင်းသားသည် ဘုရား အလောင်းတော်ဖြစ်ကြောင်း၊ ဤဗန်းမော်မြို့ကို ကကုသန်ဘုရား မပွင့်မီ သာကီယ မင်းမျိုး ဟတ္ထိဒေဝ မင်းနှင့် သားတော်ကြီး စိတ္တရာဇာ မင်းတို့ အစ အဦး တည်ကြောင်း၊ ကောဏာဂုံ ဘုရားရှင် လက်ထက် ဝဿကမြို့ဟု တွင်ကြောင်း၊ ကဿပ ဘုရားရှင်လက်ထက် စမ္မာနုဂိုရ်ဟု တွင်ကြောင်း၊ ဂေါတမ ဘုရားရှင်လက်ထက် မကောင်းစင့်မြို့ဟု တွင်ကြောင်း"၊ ငါးရာ့ ငါးဆယ်ဇာတ်၊ ဇင်းမယ်ပဏ္ဏာသ ဇာတ်များကဲ့သို့ ရေးသား ထားသည်ကို ဘတ်ရှုရလေသည်။

ရှမ်းမူဖြစ်သော ရွှေကျီးနား သမိုင်း၌ မူကား၊ ယခု ရွှေကျီးနားစေတီတော်၊ ရွှေသိမ်တော် စေတီတော် များကို စိတ္တရာဇာ မင်းကြီးနှင့် သားတော် ဝိလာသ မင်းသားတို့ တည်ထားကြောင်း ပြဆိုသဖြင့် သမိုင်း နှစ်စောင်မှာ မညီ မညွတ် ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

ထိုမညီညွတ်သော စာမူ ၂-စောင် တို့ကို ရှေ့နောက် ညှိနှိုင်း၍ ယူပါက ရှမ်းမူ-ရွှေကျီးနားသမိုင်းက ယုတ္တိရှိသဖြင့် ယုတ္တိ ရှိရာ ရှမ်းမူဘက်သို့ လိုက်၍ ဤရာဇဝင် ဝတ္ထုကို ရေးသားခဲ့လေသည်။

## တောင်းပန်လိုခြင်း

အထူးအားဖြင့် စာဖတ်ပရိသတ် မငြီးငွေ့စေရန် ရည်ရွယ်၍ ဤရာဇဝင်ဝတ္ထုကို ဇာတ်ဝတ္ထု ဆန်ဆန် ကဗျာ အလင်္ကာများ ညှပ်၍ ရေးသားခဲ့လေရာ စာအရေး အသွား ပေါ့ပြက်သည် ကလက်တက်တက် ဖြစ်နေသည်ဟု သဘော မထားကြပါရန် ကြိုတင်၍ တောင်းပန်လိုက်ရပါသတည်း။

**အသျှင် ဒေဝိန္ဒ (ရွှေထီး ဂန္ဓရာ)**
တည်တော်ကျောင်းတိုက်
ထီးချိုင့်မြို့
၂၄-၇-၁၉၆၆

# စမ္ပာနဂိုရ် ဇာတ်ဝတ္ထု

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ပဏာမတေးထပ်**

မြတ်ဂုဏ်တော် အနန္တ၊ စံမရ နတ်သျှင်။
အရဟန္တ မြတ်သခင်ကို၊ မပြတ်ပင် ညွတ်ဦး။
မဂ်လေးဝ, ဖိုလ်လေးတန်၊ မြိုက်နိဗ္ဗာန် ဦးတိုက်၍ဖူး။
မြတ်ဗုဒ္ဓ သားသည်းချာ၊ ပွားစည်းလာ သစ်မြူး။
အားကြီးစွာ ခေတ်အထူးပါတဲ့၊ ရှစ်ဦးတည့် သံဃာ။
လက်ဆယ်ဖြာ ဂါရဝရယ်နှင့်၊ ပဏာမ ဦးချ ခါခါ။
ဤကောင်းမှု စေတနာငယ်၊ အဝေရာ ရန်မာန်ပ,ပါလို့။
ဒဏ်မခ ငြိုးထိန့်ကြည်စွာ၊ ပြီးစိမ့် ဤစာ။
ဆုမြွက်လို့ ကရိုဏ်းကာသည်၊ သမိုင်းစာ
နောင်ထွန်းဘို့လေး။ ။

## ဇမ္ဗူဒီပါ ကျွန်းလကျာ

မနုဿခေါ်သော လူသားတို့သည် ကျွန်းငယ် အရံ ငါးရာစီ ရှိကုန်သော ရေဝယ်ပေါ်ထွန်း ကျွန်းကြီးလေးသွယ် တို့၌ မှီတွယ်နေထိုင်ကြကုန်၏။

ထိုကျွန်းကြီး လေးသွယ် တို့သည် မြင့်မိုရ်တောင်ကို ဗဟို ပြု၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ် လေးမျက်နှာတို့၌ ဖြစ်ထွန်း တည်ရှိ လေရာ၊ ဗုဒ္ဓ ရှင်တော် ဘုရား ထင်ရှား ဖြစ် ပွင့် တော် မူ ရာ ဤ ကျွန်း သည် ကား မြင့်မိုရ် တောင်၏ တောင်မျက်နှာအရပ်၌ ဖြစ်ပေါ် သဖြင့် (တောင်ကျွန်း) ဟူ၍ ခေါ်လေသည်။

ဤတောင်ကျွန်း၏ မြောက်အရပ်ဝယ် အမြင့်ယူဇနာ တရာ၊ ပင်စည်လုံးပတ် တဆယ့်ငါးယူဇနာ၊ ခက်မငါးဖြာတို့ ဖြင့် တင့်တယ်သော ဇမ္ဗူ့ သပြေပင် ဖြစ်ထွန်း ပေါ်ပေါက် သဖြင့် (ဇမ္ဗူဒိပ်ကျွန်း) ဟူ၍လည်း ခေါ်တွင် လေသည်။

ဤဇမ္ဗူဒိပ် ကျွန်း၏ အရှေ့ မျက်နှာ၊ အနောက် မျက်နှာ မြောက်မျက်နှာ အပြင်တို့သည် ယူဇနာနှစ်ထောင်စီ ကျယ်ဝန်းလျက်၊ တောင်မျက်နှာကား ယူဇနာ လေးထောင် ကျယ်ဝန်းသဖြင့် လှည်းဦးကပ် အခင်း သဏ္ဌာန်နှင့် တူလေ သည်။ အချင်း ယူဇနာ တသောင်း၊ အဝန်း ယူဇနာ သုံးသောင်း ရှိသည်ဟု လောကပညတ္တိကျမ်း၊ ဆဂတိ ဒီပနီ ကျမ်းတို့၌ ဆိုလေ့သည်။

## ဇမ္ဗူ့အချာ မဇ္ဈိမာ

ထိုဇမ္ဗူဒိပ်ကျွန်းကြီး၏ အလယ်၌ အဝန်း ယူဇနာ ကိုးရာရှိသော (**မဇ္ဈိမ ဒေသ**) အရပ်သည် တည်ရှိ လေ၏။ ထိုမဇ္ဈိမဒေသ အပိုင်းအခြားကို=

**အရှေ့အရပ်၌ = ဇင်္ဂလ နိဂုမ်းရွာ**
**အရှေ့တောင် အရပ်၌= သလ္လဝတီမြစ်**
**တောင်အရပ်၌ = သေတကဏ္ဏိက နိဂုမ်းရွာ**
**အနောက်အရပ်၌ = ထုဏ နိဂုမ်းရွာ**
**မြောက်အရပ်၌ = ဥသီရဒ္ဓဇ တောင်တန်း**

ဟူ၍ ငါးရပ်သော နိမိတ် တို့ဖြင့် ပိုင်းခြား၍ ပြလေသည်။

ထိုမဇ္ဈိမဒေသသည် မုရိုးစည် ကဲ့သို့ အရင်း အဖျား ငယ်၏။ **အလျားအား**ဖြင့် အချို့အရပ်သည် ယူဇနာရှစ်ဆယ်၊ အချို့အရပ်သည် ယူဇနာ တရာငှင်း နှစ်ရာငှင်းရှိ၍၊ **အလည်** အရပ်ကား ယူဇနာသုံးရာ၊ အနံ အားဖြင့် ယူဇနာ နှစ်ရာ့ငါးဆယ်၊ အဝန်းယူဇနာကား ကိုးရာရှိ၏ဟု သုတ်သီလက္ခန် အဋ္ဌကထာ၌ ဆိုသည်။

**စမ္ပာနဂိုရ်** အဝန်း ယူဇနာ ကိုးရာ ရှိသော ထိုမဇ္ဈိမတိုက် အတွင်း၌ တိုင်းကြီး ပြည်ကြီးပေါင်း(၁၆)ပြည် တည်ဆောင် နေထိုင် ကြလေ သည်။ တိုင်း ပြည် ပေါင်း (၁၆)ပြည် ဆိုသည်ကား (၁) အင်္ဂတိုင်း၊ (၂) မဂဓတိုင်း၊

(၃) ကာသိတိုင်း၊ (၄) ကောသလတိုင်း၊ (၅) ဝဇ္ဇီတိုင်း၊ (၆) မလ္လာတိုင်း၊ (၇) စေတိယတိုင်း၊ (၈) ဝံသတိုင်း၊ (၉) ကုရုတိုင်း၊ (၁၀) ပဉ္စာလတိုင်း၊ (၁၁) မစ္ဆတိုင်း၊ (၁၂) သူရတိုင်း၊ (၁၃) အဿကတိုင်း၊ (၁၄) အဝန္တိတိုင်း၊ (၁၅) ဂန္ဓာရတိုင်း၊ (၁၆) ကမ္ဘောဇတိုင်းတို့ ဖြစ်လေသည်။ **(အင်္ဂုတ္တရတိကနိပါတ်)**

ထိုတိုင်းကြီး ၁၆-တိုင်းတို့တွင် အင်္ဂတိုင်းပြည်အတွင်း၌ **(စမ္ပာ)** အမည်ရှိသော မြစ်သည် ဖြတ်သန်း စီးဆင်းလျက်ရှိ၏။ ထိုစမ္ပာမြစ်၏ အနီး၌ အင်္ဂတိုင်း၏ မြို့တော်သည် တည်ရှိလေသည်။ **(ဝိသတိနိပါတ် စမ္ပေယျဇာတ်)**

ထိုမြို့တော်ကား စမ္ပာမြစ်၏ အနီးအပါး၌ တည်သောကြောင့်ရင်း **(သုတ်သီလက္ခန် အဋ္ဌကထာ အလို အားဖြင့်)** မြို့တော်၏ အနီး၌ **(ဂဂ္ဂရာ)** အမည် ရှိသော ရေကန်သည် တည်ရှိ၏။ ထိုရေကန် အနီး၌ စမ္ပာမည်သော စကားတောကြီး တည်ရှိသောကြောင့်ရင်း **(စမ္ပာနဂိုရ်)** ဟူသော အမည်ဖြင့် ထင်ရှားလေသတည်း။

**စမ္ပေယျနှင့် မဂဓ** လောကသုံးပါး၌ ဗုဒ္ဓသျှင်တော်မြတ်ဘုရား ထင်ရှားဖြစ် ပွင့်တော် မမူမီ ရှေးအခါကာလက စမ္ပာပြည်ကို အစိုးရသော စမ္ပေယျ မင်းနှင့် မဂဓတိုင်းကို အစိုးရသော မဂဓရာဇ်မင်းတို့သည် စစ်ခင်းတိုက်ခိုက်ခဲ့ကြဘူးလေသည်။

စစ်ခင်း တိုက်ခိုက်ကြရခြင်း၏ အကြောင်းသော်ကား စမ္ဗာမြစ်သည် အင်္ဂတိုင်းနှင့် မဂဓတိုင်းတို့အကြား ဖြတ်သန်း စီးဆင်း၍ ဂင်္ဂါမြစ် အတွင်းသို့ ချဉ်းနင်း ဝင်ရောက်လျက် ရှိလေရာ သဘာဝအားဖြင့်ပင်လျှင် ထိုမြစ်သည် တိုင်းနှစ်တိုင်း တို့၏ နယ်နမိတ်အဖြစ် တည်လေသည်။

တခံရော အခါ မိုးခေါင် ရေရှား ဒုဗ္ဘိက္ခကပ်ကြီး ဆိုက်ရောက်လာသဖြင့် မဂဓတိုင်းသားတို့သည် စမ္ဗာမြစ်ရေကို တူးမြောင်းဖေါက်၍ မိမိတို့ လယ်မြေရှိရာသို့ သွယ်ယူကြသော ကြောင့် သဘာဝ နယ်နမိတ် အပိုင်း အခြားကြီး ပျက်စီးရ လေသည်။

ဤသည်ကို အကြောင်းပြု၍ အင်္ဂတိုင်းနှင့် မဂဓတိုင်း တို့၌ စစ်မီးသည် တောက်လောင် စွဲငြိလေသည်။

အင်္ဂတိုင်းနှင့် မဂဓတိုင်းသည် နယ်နမိတ်ခြင်း ဆက်စပ် နေသည့် အားလျော်စွာ မကြာ ခဏ စစ်ဖြစ်တတ် ကြရာ ရံခါ အင်္ဂတိုင်းက အောင်နိုင်၍ မဂဓတိုင်းကို အစိုးရသည်။ ရံခါ မဂဓတိုင်းက အောင်နိုင်၍ အင်္ဂတိုင်းကို အစိုးရသည်။ **ဝိဓူရဇာတ်တော်** တွင် အင်္ဂမင်းက မဂဓမင်းကို အစိုးရ ကြောင်း ပြဆိုလျက် ရှိသည်။

ယခုစစ်ပွဲ၌ မူကား မဂဓမင်းက အောင်နိုင်၍ စမ္ပေယျမင်း ရှုံးနိမ့်လေသည်။ မဂဓရာဇ်မင်းသည် စမ္ပေယျမင်းကို အောင်နိုင်သောအခါ စမ္ပေယျမင်းကို လက်ရဖမ်းဆီး

မိစေရန် အသိန်းအသောင်း မကသော စစ်သည် တို့ဖြင့် အောင်စည် အောင်မောင်း တီးကာ ဖိဖိစီးစီး တိုက်ခဲ့သည်၊ ဤသို့ နွားလန် မထူနိုင်အောင် တဖက်က ဖိဖိစီးစီး တိုက်ခိုက်လာသော အခါ စမွေယျမင်းသည် ရတတ် သမျှ စစ်သည် ဗိုလ်ခြေ အခြံအရံဖြင့် တောနက်ရာသို့ ခွါရှောင် ထွက်ပြေးတော် မူရရှာလေသတည်း။

## "ထွက်ခွါလာရ စမွေယျ"

မြောင်ကာဆီး တောင်ကြီးတဲ့ ရစ်ကာခွေ။ ။
နေမမြင် မိုဃ်းရည်သောက်တယ် တောအောက်မှိုင်ခြေ။
ရွှေနှင်းကဝေ....လေပြေက သုတ်သွေး။ ။
တတောကိုဝင် အမောမပြေခင်ပ၊ ဝနေခွင် တတောင်တက်ပါရ၊ ဖြေမရှင် အောင်ကနက်ကို (ကွယ်) မှန်းလျက် ပူဆွေး။ ။

ကိုယ့်ဘီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် စိတ်မှန်းတိုင်း ကိုယ်ပါ လိုရာဆန္ဒ ပြည့်ဝသော ဘဝမှ အနတ္တ စက်ကွင်း မလွတ်ကင်း သည်နှင့် အညီ၊ ငါ့တိုင်း ငါ့ပြည်၊ ငါ့စည် ငါ့ထီး၊ ငါတည်းဟူသော အတ္တ ဘဝကို စွန့်ခွါ ထွက်ပြေးတော် မူခဲ့ရသော စမွေယျမင်းကြီးသည် မိမိ စိုးစံရာ အင်္ဂတိုင်းမှ အရှေ့ အရပ်သို့ မြော်မှန်းလျက် တတောဝင် တတောင်တက် ခရီးဆက်တော်မူခဲ့ရာ ဧရာဝတီ၊ နဒီမြစ်ဦး ပျံ့ပျူး သာယာသော ကုန်းမြေ ပြင်သို့ သေနင် ဗိုလ်ယာ လူဗိုလ်ပါတို့နှင့်တကွ ကောင်းစွာဆိုက်ရောက်တော်မူလာလေ၏။

စမေ့ယျမင်းကြီးသည် ဆိုက်ရောက်လာသော ကုန်း-မြေပြင်ကို ဆင်ခြင်ရှုကြည့်တော်မူရာ ကုန်းမြေပြင်၏ မြောက်အရပ်ဝယ် မကျဉ်းမကျယ် တင့်တယ်စွာ စီးဆင်း နေသော မြစ်တစင်းသည် ရှိ၏။ အနောက်အရပ်၌မူ မြကမ္ဗလာလွှမ်းသကဲ့သို့ စိမ်းလန်း ကြည်လင်သော ရေပြင်ဖြင့် တသွင်သွင် စီးဆင်းလျက် ရှိသော မြစ်ကြီးကို ရှုမြင်ရလေ၏။

စမေ့ယျ မင်းကြီးသည် ကုန်းမြေပြင်၏ ညီညွတ်ခြင်း၊ မြစ်နှစ်စင်း တို့၏ ရှုခင်း သာယာခြင်း တို့ကြောင့် နေရင်း စမ္ဗာနဂိုရ်ပြည်ကို တသ လွမ်းဆွတ်တော်မူလျှ၍ နောက်တော်ပါ အမတ်ကြီးတို့အား....

"မှူးတော် မတ်တော်များ"

"ဘုရား"

ဤအရပ် ဤဒေသသည်ကား တောတောင် ရေမြေ စိုပြေစိမ်းမြ၊ အလွန်ပင် သာယာလှသဖြင့်၊ ငါနေရင်းဖြစ်သော စမ္ဗာနဂိုရ်နှင့် အသွင်သဏ္ဍာန် တူညီလှပေသည်....

"မှူးတော် မတ်တော်များ"

"ဘုရား"

"မြောက်အရပ်က စီးဆင်း လာသော မြစ်သည်ကား မည်သည့်မြစ် ဖြစ်ပါသနည်း?"

"တာပင်မြစ် ဖြစ်ကြောင်းပါဘုရား"

"မှူးတော် မတ်တော်များ"
"ဘုရား"

"ဤတာပင်မြစ်သည်ကား ကိုယ်တော်တို့စံရာ စမ္ပာနဂိုရ်မြို့ဦးက ကြည်နူးဘွယ်အလွန်ဖြစ်သည့် စမ္ပာမြစ်နှင့် တူသည် မဟုတ်ပါလော?"

"စမ္ပာမြစ်နှင့် လွန်စွာ တူကြောင်းပါဘုရား"

"ဤအနောက်ဘက် မြစ်ကြီးသည်ကား မည်သည့်မြစ်ဖြစ်ပါသနည်း, မင်းကြီးများ?"

"ဧရာဝတီမြစ်ကြီး ဖြစ်ကြောင်းပါ ဘုရား"

"ဤဧရာဝတီမြစ်သည် ကိုယ်တော်တို့စံရာ စမ္ပာနဂိုရ်မြို့အရင်း စီးဆင်းနေသော ဂင်္ဂါမြစ်နှင့် အသွင်ခြင်း တူသည် မဟုတ်ပါလော?"

"အလွန် တူလှကြောင်းပါဘုရား"

"မင်းကြီးများ"
"ဘုရား"

"ဟို...အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝဲယာတို့ကို သေချာစွာ ရှုကြည့်ကြ ပါဦးလော့.... ကိုယ်တော်တို့ စံရာ စမ္ပာနဂိုရ် ပတ်ဝန်းကျင်က တောတောင် ရေမြေနှင့် တူ၍နေသည် မဟုတ်ပါလော?"
"တူလှကြောင်းပါ ဘုရား"

"ဤအရပ် ဤဌာနသည် ကိုယ်တော်မြတ် စိုးစံရာ စမ္ပာနဂိုရ်နှင့် အလွန်တူလှသောကြောင့် သည်ဌာန ကို စမ္ပာနဂိုရ် သမုတ်ပြီး ကိုယ်တော်မြတ် စိုးစံတော် မူလိုသည် မှူးကြီးမတ်ကြီးများ၊ မည်သို့ သဘောရှိ ကြပါသနည်း?"

"မှန်လှပါ....ဤအရပ်သည် မြောက်ဖက်ကလည်း မြစ်၊ အနောက်ဖက်ကလည်း မြစ် ဝန်းရစ်၍ တည်သော ကြောင့် ရန်သူများ ရုတ်တရက် မဖျက်ဆီးနိုင်သော အောင်မြေ စင်စစ် မှန် လှ ပါ သည်၊ သို့ အတွက် ဤဌာနကို စမ္ပာနဂိုရ် သမုတ်၍ စိုးအုပ်တော် မူရန် အလွန် လျှော်ကန်လှကြောင်းပါဘုရား"

ဤသို့လျှင် မှူးကြီး မတ်ရာ သေနာပတိတို့ တညီ တညွတ်ထည်း လျှောက်တင်ကြသဖြင့် စမ္ပေယျ မင်းကြီးသည် တာပင် မြစ်ဝ ကမ်းနဖူး ပျံ့ပျူးသော မြေမျက်နှာကို (စမ္ပာနဂိုရ်) သမုတ်၍ မင်းလုပ် စိုးစံတော်မူလေသတည်း။

## လှပရုပ်ဝါ မုဥ္စနာ

စမ္ပေယျ မင်းကြီး နတ်ထီးလှဲတော် မူသော အခါ စမ္ပေယျမင်းကြီး၏ သားတော် အိမ်ရှေ့ ဥပရာဇာ ဗြဟ္မာဒ ကုမ္မာသည် ထီးဖြူတော် ဆက်ခံ၍ စိုးစံတော် မူလေသည်။

ထိုပြဟ္မာရမင်းကြီး၌ သားတော် ထွန်းကားခြင်းမရှိပဲ၊ သမီးတော် တယောက်သာ ထွန်းပေါက် ဖြစ်ပေါ်တော်မူလာ၏။ သမီးတော်၏ အမည်ကား မုဋ္ဌန္ဒာ ဖြစ်လေသတည်း။

မြန်မာစာဆို ကဝိဖြစ်သူ စလေဆရာကြီး ဦးပုညသည် မိန်းမတို့၏ အလှနှင့် စပ်၍ တေးထပ် တပုဒ် ရေးစီခဲ့ဘူးလေသည်။ ထိုတေးထပ်ကား ...

## အလှဘွဲ့ တေးထပ်

ဆပ်သဝါ အသားနှင့်၊ ပတ္တမြား မုခ်၊ တပါးခင့်
သမုစ်မှာ နုကမ် ငွေသွား။ ။ ရွှေနုတ်ထွက်
လိမ်မာတာမှာ၊ စိန်ခရာ လှုပ်သည့် အလား။ ။
စောင့်သီလ ငြိမ်ဆိမ်လေတယ်၊ သိရ်ရဝေ ရှည်လျား၊
ဣန္ဒြေ တည်ကြားလို့၊ ဆီထားတဲ့ဝသီ။ ။ အမရာ
မဒ္ဒီလှတို့လို၊ ပြုံးပြုံးပ နှုန်းတော့အညီ။ ။ သမ္ဘူလ
ချိန်မှီတယ် ကိန္ဒရီ သက်နှင်းသို့၊ ခံတွင်းနံ့ ကုက်မုံ၊
လင်းတဲ့ သဏ္ဍာန်။ ။ ဆင်းဇာတိနှစ်ဖြာမှန်တယ်၊
သမ္ဘာခံ ရင့်သူမို့လေး။ ။

ဆရာ ဦးပုည၏ အလှဘွဲ့ တေးထပ်ကို သမီးတော် မုဋ္ဌန္ဒာနှင့် နှိုင်းယှဉ်ပါသော် တေးထပ်က အရေး နိမ့်ဘွယ်ရာ ရှိလေ၏။ အဘယ့်ကြောင့် ဆိုသော် မုဋ္ဌန္ဒာ မင်းသမီး၌ နိမ့်ခြင်း၊ ရှည်ခြင်း၊ ကြုံခြင်း၊ ဝခြင်း၊ နက်ခြင်း၊ ဖြူခြင်း၊

ဟူကုန်သော အပြစ်ခြောက်ပါးမှ ကင်းလွတ်၍ မြင်သူတကာ တို့၏ စိတ် ကို ယို ဖိတ် စေ နိုင် သော အ ဆင်း သ ဏ္ဍာန် ရှင် ဖြစ်သောကြောင့်တည်း။

ဗြဟ္မာရမင်းကြီးသည် တဦးတည်းသော သမီးတော် အား လွန်စွာ ချစ်ခင်တော်မူလှ သောကြောင့် ရုံရွှေတော် ငါးရာနှင့် တကွ ရာသီ အလိုက် ပွင့်သော ပန်းမျိုးစုံ တို့ဖြင့် သင်းထုံ မွှေးကြိုင်သော ဥယျာဉ်တော်ကို သမီးတော်အား အပ်နှင်းပေးသနားတော် မူလေသည်။

သမီးတော်မှ မုဋ္ဌန္တာသည် ရံရွှေတော်ငါးရာ အခြံအရံ နှင့် ထိုဥယျာဉ်တော်သို့ ဥယျာဉ် ကစား ထွက်တော်မူမြဲ ဖြစ်လေရာ တ ရက် တွင် တောမှ ထင်း စည်း ကို ထမ်း ၍ မြို့အတွင်းသို့ ဝင်လာသော လုလင်ပျိုတဦးနှင့် မြို့တံခါးဝတွင် တွေ့ဆုံမိကြလေ၏။

ထင်းထမ်း လုလင်သည် သမီးတော် ဥယျာဉ် ကစား ထွက်တော်မူ လာသည်ကို မြင်သဖြင့် ထင်းစည်းကို ချပြီး အနီးဦရှိသော စရပ်တွင် ထိုင်နေသည်။

မုဋ္ဌန္တာ မင်းသမီးသည် ထိုင်နေသော ထင်းထမ်း လုလင်ကို မသိမသာ စောင်းငဲ့ကာ ကြည့်လိုက်သည်။

မင်းသမီးနှင့် မျက်စိခြင်း ဆုံမိသောထင်းထမ်းလုလင် မှာ မင်းသမီး၏ ရူပါရုံ ကျော့ကွင်းဦ မိလျက်၊ မျက်စိကိုမျှ မမှိတ်နိုင်၊ ငေးငိုင်ကာ ရင်တလှပ်လှပ်ဖြင့် အချစ်နတ် ဖမ်းစား ခြင်းကို ခံရလေ၏။

မင်းသမီးသည် မိမိ၏ ရူပါရုံကြောင့် တုံလှုပ်ချောက်ခြား ဖြစ်သွားသော လုလင်ကို မြင်သော် ပြုံးရွှင်သော မျက်နှာဖြင့် ရံရွှေတော်များဘက် လှည့်၍....

"အဘယ်.... မမတို့ စရပ်ပေါ် ထိုင်နေတဲ့ လူကို မြင်ကြရဲ့လား...."

"မြင်ပါကြောင်းပါ ဘုရား"

"အဲဒီလူကို ကြည့်ကြစမ်း မမရို့ လူပုံကလေးတော့ လှရုပ် လှရည်နဲ့ သူ့လည်ကုတ်က တိုမနေဘူးလား မမရို့"

မင်းသမီး၏ အမေးကြောင့် ရံရွှေတော် တို့သည် ထင်းထမ်းလုလင်ကို ကြည့်လိုက်ကြသည်။

"ဟုတ်ပါ့ စုစုငယ်၊ စုဖုရား မိန့်တော်မူတဲ့ အတိုင်း သည်လူကတော့ (အိုက်ခေါတော်) ပါဘဲ"

"ဘာ! အိုက်ခေါတော် ဟုတ်လား"

"ဟုတ်မှန်ကြောင်းပါဘုရား"

"အိုက်ခေါတော် ဆိုတာ၊ ဘာအဓိပ္ပါယ်တုန်း.... မမရို့ရဲ့"

**"အိုက်ခေါတော်ဆိုတာ (လည်ကုတ်တိုတဲ့မောင်)လို့ ဆိုလိုပါတယ် ဘုရား"**

ရှံရှေ့တော်တို့၏ တင်စကားကြောင့် မင်းသမီးကလေးသည် ရွှေခြူ လှုပ်သော အသံဖြင့် ရယ်တော်မူလိုက်လေသည်၊ မင်းသမီးလေး ရယ်သဖြင့် ရှံရှေ့တော် များလည်း ဝိုင်း၍ ရယ်မောကြလေသည်။

ထင်းထမ်းလုလင်ကား လူမိုသော ဇီးကွက် ကဲ့သို့ မျက်စိ ပြူးကျယ်ကျယ်ဖြင့် မိမိအား ရယ်မော ပြောင်လှောင်သွားကြသော မင်းသမီးနှင့် ရှံရှေ့တော် တို့ကို ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

**ချစ်မေတ္တာ ရင်မှာပိုက်ပါလို့** **"အင်း.... အိုက်ခေါတော်တဲ့** ငါ့ကို အမည် ပေးသွားကြတယ်၊ ဟုတ်ပါရဲ့ ငါ့လည်ကုတ်က တိုတယ်၊ ငါ့ရုပ်ကလဲ မလှဘူး၊ ငါ့မှာလဲ မွေးဘခင်မရှိ၊ မိခင်သာ ရှိတဲ့ မုဆိုးမရဲ့ သား၊ မိခင်မုဆိုးမကြီး မွဲလွန်းလို့ ငါက ထင်းခွေပြီး ကျွေးမွေးနေရတာပါ၊ ဟိုကတော့ ဘုရင့်သမီး၊ အလို မိုးနဲ့ မြေကြီး နီးချင်နီးမယ်၊ ငါနှင့် သမီးတော်ကတော့ နီးရဘို့ မလွယ်ပါကလား၊ သို့သော် အချစ်ဆိုတဲ့ စိတ်ကတော့ အနိမ့်၊ အမြင့်၊ အယုတ်၊ အမြတ် ခွဲခြားခြင်း မရှိတဲ့ ပရမတ္ထတရား၊ ဒီအချစ်ဆိုတဲ့ ပရမတ္ထတရား ရင်ခွင်မှာ ပိုက်ပြီး ငါကတော့

ကြိုက်မိပြီ၊ ချစ်မိပြီ၊ အို....ငါကသာ ကြိုက်မိချစ်မိတာ မဟုတ်ပါဘူး၊ သူကကောတဲ့ သူကလဲ ငါ့ကို ချစ်တာ အမှန်ပါဘဲ၊ ဒါကြောင့်ကြည့်ပါလား ငါ့ကို မြင်တော့ပြုံးသွားတယ်လေ၊ ပြုံးတယ်ဆိုတာ ဘာလဲ ချစ်ပါတယ်လို့ ဆိုလိုတာဘဲ မဟုတ်ဘူးလား၊ ဟုတ်ပါရဲ့ သူကလဲ ငါ့ကို ချစ်တယ်၊ ငါကလဲ သူ့ကို ချစ်တယ်၊ အချစ်ဆိုတဲ့ ပရမတ္ထတရားကတော့ တူပါရဲ့ ဒါပေမဲ့ ပညတ် အနေနဲ့ကတော့ သူက ဘုရင့်သမီး၊ ငါက မုဆိုးမရဲ့သား အလိုလေး ကွာခြားလှချည့်ကလား....”

အချစ်ရယ်တူ၊ သစ္စာမူ နှစ်ဖြာ ပြိုင်ကြသော်လဲ၊
လွှာနှစ်ဆိုင် မတူကြပြီမို့ ပူရပြီကော။ ။
အဆင့်ငယ်ကွာ ခင့်မျက်နှာသော်တာဝန်းဟာမို့
ဝေးလွန်းတယ် မြင်သာ မြင်ရ၊ မကြင်သာ မျှော်လို့
မှန်းရတယ် (ကွယ်) လွမ်းစိတ်ကနှော။ ။

ထင်းခွေလုလင် အိုင်ခွတ်တော်သည် ဤသို့ တွေးရင်း ဖေးရင်းဖြင့် တပျော်တပါး ဥယျာဉ် ကစား သွားကြသော မိန်းမပျို များကို လှမ်းမျှော်၍ ကြည့်လိုက်သည်။ သို့သော် သမီးတော် မုဋ္ဌန္တာ ခေါင်းဆောင်သော မိန်းမပျို များကား ဝေးသော အရပ်သို့ ရောက်သွားကုန်ပြီ ဖြစ်၍၊ သူ၏ မျက်စိ အာရုံမှပျောက်ကွယ်ခဲ့ကြလေပြီ။ ထို့ကြောင့်အိုက်ခေါတော်သည် ဟင်းကနဲ.... သက်ပြင်းကြီးတချက် ချပြီး မိမိထင်းစည်းကို ကောက်ထမ်းကာ နေအိမ်သို့ ပြန်ခဲ့လေသတည်း။

**မိခင် မေတ္တာ** "သားသားရေ.... ဘာဖြစ်လို့ သည်လောက် အိပ်နေတာတုန်း လာလေ ထမင်းစားကြစို့ရဲ့ ဟောသည်မှာ သားသားကြိုက်တဲ့ ဗုံလုံသီး ကလေး ငါးပိချက်နဲ့ တို့စားဘို့ မေမေ ပြုတ်ထားတယ်လေ၊ ဟင်.... သားသား ဘာဖြစ်တုန်း၊ မေမေ ခေါ်နေတာတောင် ထူးဖော်မရပါကလား နေထိုင်မျှားမကောင်းဘူးလား သားသားရဲ့"

**အိုက်ခေါ်တော်**၏ မိခင်သည် **သား**နှင့် လက်ဆုံထမင်း စားရန်အတွက် ထမင်းပွဲကို ပြင်ဆင်ပြီးနောက်၊ ထင်းခွေရာမှ ပြန်လာပြီး အိပ်နေသောသားကို ထမင်းစာရန် ခေါ်ရာသည်၊ သားမောင်ထံမှ ပြန်လည်ခွန်းတုံ့ သံကိုမကြားသဖြင့်၊ ထမင်းပွဲကို ပစ်ထားကာ အိပ်နေသော သားမောင်ထံသွား၍ သား၏ နဖူးကို စမ်းသပ် ကြည့်လိုက်သည်။

"သား သား ဘာဖြစ်လဲဟင်.... ကိုယ်လဲ မပူပါဘူး၊ မျက်စိ ပြူးကြောင်ကြီးနဲ့ ဘာလို့ မေမေ့ကို ကြည့်နေတာတုန်း၊ထမင်းစားရအောင်လေ **မေမေခေါ်**နေတာ သားသား မကြားဘူးလား ဟင်...."

**အိုက်ခေါ်တော်**သည် မျက်စိကို မှိတ်ကာ တဖက်သို့ စောင်းသွားပြီး....

" တော်ပြီ မေမေ .... **သားသား ထမင်း** မဆာဘူး၊ မေမေသာ စားတော့၊ သားသား အိပ်ပြီးသာ နေချင်တယ်"

"ဟင်—ဘာလုပ် အိပ်နေချင်ရတာတုန်း၊ နေမကောင်းလို့လား"

"နေကောင်းပါတယ် မေမေ၊ ဘာမျှ မဖြစ်ပါဘူး၊ မေမေသာ ထမင်းစားချေပါ"

"မေမေချည့် တယောက်ထဲ ထမင်းဘယ်မျိုးလို့ ကျပါ့မလဲ သားရယ်၊ သားသား ဘာဖြစ်တာလဲ ဟင်.... မေမေ့ကို ပြောပါအုံး၊ သားသား တခုခု ဖြစ်ခဲ့ပြီ ထင်တယ်"

"ဘာမှ မဖြစ်ခဲ့ပါဘူး မေမေ၊ ရင်ထဲမှာ ပြည့်နေလို့ ထမင်း မစားတာပါ"

"ရင်ထဲက ဘာလုပ် ပြည့်နေရတာတဲ့လဲ.... သားသား ဘာစားခဲ့လို့လဲဟင်...."

"ဘာမှ မစားခဲ့ပါဘူး မေမေ"

"မဟုတ်ဘူး သားသားကို မေမေ အကဲခတ်ရတာ မဟန်ဘူး၊ သားသားရဲ့ စိတ်ထဲမှာ တခုခု ဝှက်ထားတာ ရှိတယ် မဟုတ်လား.... ကဲ....ဝှက်မထား ပါနဲ့ မေမေ့ကို ပြောပါ၊ သားသား ဘာဖြစ်ခဲ့သလဲ ဟင်...."

"မေမေကလဲ ဘာမှ မဖြစ်ပါဘူးဆို...."

"အို....ဘာမှ မဖြစ်ပါဘူးဆိုတိုင်း မေမေ ယုံရမှာလား သားသားရဲ့...၊ သားသား တခုခု ဖြစ်နေတယ် ဆိုတာ သားသားကို မြင်တာနဲ့ မေမေ သိပါတယ်၊ မေမေ့ကို

ဖုံးမဘားပါနဲ့ သားရယ်....၊ သားသားရဲ့ စိတ်ထဲမှာလေ တအုံ့နွေးနွေးနဲ့ မချမ်းမသာ ဖြစ်နေတယ်.... အဲဒီ စိတ်ရဲ့ မချမ်းသာမှုကြောင့်ကိုယ်လက်နွမ်းပြီးအိပ်ချင်သလိုလို ဖြစ်နေတယ်.... ဒါပေမဲ့ တကယ်အိပ်တော့ သားသား မပျော်ဘူး မဟုတ်လား.... အဲဒီ တအုံ့နွေးနွေး ဖြစ်နေတဲ့ သားသားရဲ့ စိတ် အပူကို အန်ထုတ် ပစ်လိုက်မှ သားသားရဲ့ စိတ်ဟာ ချမ်းသာ သွားမယ်၊ စိတ်ချမ်းသာ သွားမှ သားသားရဲ့ ကိုယ်ခန္ဓာလဲ ကျန်းမာ သွားမယ်.... အဲဒီ စိတ်အပူထုပ်ကြီးကို မေမေ့ ဆီမှာမှ ဖွင့်အန် မထုတ်ရင် သားသား ဘယ်ဆီကို သွားပြီး အန်ထုတ်မလဲ၊ ကဲပါ သားရယ်.... ဖုံးကွယ် မနေပါနဲ့ သားသား စိတ်ထဲမှာ မချမ်းမသာ ဖြစ်နေတာ မေမေ့ဆီမှာဘဲ ဖွင့်အန်လိုက်ပါတော့...."

"မေမေကလဲ... ခက်လိုက် ဘာနေဘ်.... သားသား ဘာမှ မဖြစ်ပါဘူး ဆိုနေမှ...."

"သားသား ဘာမှ မဖြစ်ဘူး ဟုတ်စ၊ သည်မှာ သားသား မေမေ ပြောမယ် သားသားက ခုမှလူ့လောကထဲ ရောက်ခါစ ရှိသေးတယ်၊ မေမေက လူ့လောကကြီး ထဲမှာ အံခွက်လို့နေပြီ သားရဲ့၊ အပွေးမြင် အပင်သိ၊ အသွေးမြင် အသွင်သိတဲ့ သားသားရဲ့၊ အရည် အသွေး မြင်တာနဲ့ သားသားရဲ့ အသွင်ကို မေမေ သိပြီး ပါပြီ.... သားသား ကွယ်မနေနှင့်တော့ သားသားဘယ်သူငယ်မအတွက်စိတ်လက် **မချမ်းမသာ** ဖြစ်နေတာလဲ ... မှန်တာသာပြောပါ၊သားသား

ကသာ ရချင် လိုချင်တယ်ဆိုရင် ဟို... မိုးပေါ်က နတ်သမီး ကလေး ဖြစ်ပါစေ မေမေ ရအောင် ဆောင်ကြဉ်း ပေးမှာ ပေါ့ သားရဲ့ ကဲ... ပြောသာ ပြောပါ..."

"ဖြစ်မထင်ပါဘူး မေမေ မပြောပါရစေနဲ့၊ တော် တော်ကြာ မေမေပါ စိတ်ဆင်းရဲရလိမ့်မယ် ထင်ပါတယ်"

"အို... သားသား စိတ်ဆင်းရဲနေ တာဟာ မေမေ စိတ်ဆင်းရဲတာနဲ့ အတူတူပါဘဲကွယ်... ခုသားသား စိတ် ဆင်းရဲတာကို မြင်တော့ မေမေရဲ့စိတ်လဲ ဆင်းရဲလို့ နေပါပြီ သားရဲ့ ဒီတော့ ဖွင့်သာ ပြောပါ မေမေ စိတ်ဆင်းရဲ မှာကို ထည့်တွက် မနေပါနှင့်တော့..."

"ပြောဘို့ ခက်လိုက်တာ မေမေရယ်... သားသား မပြောပါရစေနဲ့"

"ဩော်... သားသားက မေမေ့ကို ရှက်နေလို့လား၊ ဘာမှ ရှက်မနေပါနဲ့ သားရဲ့ ဒါဟာ လောကရဲ့ ဓမ္မတာ ဘဲကွယ်... ဘာရှက်စရာ ရှိသလဲ ကဲ... ပြောသာ ပြောပါ..."

"သားသားက ပြောရင် မေမေ တကယ်ပဲ ဆောင် ကြဉ်း ပေးမှာလား ဟင်..."

"ဆောင်ကြဉ်းပေးမယ်လို့ မေမေ ပြောပြီးပြီကော သားရယ် မေမေ့ကိုတောင် သားသားက မယုံကြည်တော့ ဘူးလား..."

"ယုံကြည်ပါတယ် မေမေ၊ နို့ပေမဲ့ သည်ကိစ္စက မေမေဆောင်ကြဉ်းလို့ လွယ်ကူမှာမဟုတ်တဲ့ အတွက်ကြောင့် သားသား ဖွင့်ပြောဘို့ ခက်နေပါတယ် မေမေ...."

"ဘာမှ ခက်မနေပါနဲ့ သားသား အတွက် ဆိုရင် မေမေ့ အသက် သေချင် သေပစေ သားသား စိတ်ကြိုက် ဖြစ်စေရမယ်ဆိုတာ မေမေ တာဝန်ယူပါတယ် သားရယ်...."

"မေမေက အာမခံချက် ပေးပေမဲ့ ကိစ္စကတော့ မလွယ်လှဘူး မေမေရဲ့...."

"ကိစ္စ မလွယ်ရအောင်က ဘယ်လိုမို့လဲ သားရဲ့.... ပြောစမ်းပါအုံး...."

"သည်လိုပါမေမေ၊ သည်နေ့ သားသားထင်းခွေရာက အပြန်မှာ ဘုရင့်သမီးတော် မဥ္ဇုန္ဒာ ဥယျာဉ်တော် အထွက်နဲ့ မြို့တံခါးဝမှာ ဆုံတွေ့ကြတယ်မေမေ၊ မဥ္ဇုန္ဒာက သားသားကို ပြုံးကြည့်ပြီး 'အိုက်ခေါတော်'လို့ ကျီစယ် သွားတယ်၊ အဲဒီ မဥ္ဇုန္ဒာရဲ့ အပြုံးဟာ သားသားရဲ့ နှစ်လုံးမှာ ဟီးလေး ခိုပြီး ဆွဲနေလို့ သားသားရဲ့ ရင်ဟာ လေးနေ ပါတယ်၊ မတူ မတန်ဘူး ဆိုတာ သိပေမဲ့ သားသားရဲ့ စိတ်ကို ဘယ်လို ဖြေဖျောက်လို့မှ မရပါဘူး၊ ခုတော့ သားသားရဲ့ စိတ်ထဲ မှာလေ မဥ္ဇုန္ဒာကိုမှ မရရင် သေရတာက မြတ်သေး တယ်လို့ ထင်နေပါတယ်.... ဟောဒါ သားရဲ့ ရင်ထဲမှာ ဖြစ်နေတဲ့ အပူလုံးပါဘဲမေမေ...."

"ဟင်.... သားသားရဲ့ စိတ်ကလဲ.... ရာဇဝတ်အိုးခြမ်းနဲ့ ထိုးဆိုသလို ဖြစ်နေပါပကောလား၊ မေမေက မုဆိုးမ သည်မြို့တော်မှာ အောက်တန်း အလွှာထဲကမို့ ကြည့်ပါအုံး အိမ်တောင်မှ အကာမလုံ၊ အမိုးမလုံ ဘဝပါ ကလား... မေမေက စွန့်စားပြီး သူ့သမီး သွားရောက် ကြောင်းလမ်းပေမဲ့၊ ဟိုက ဘုရင့်သမီး သားရဲ့.... မေမေ့စကား အရေးစိုက်ပါ့မလား ဟင်....? သားသားရဲ့ စိတ်က မြင့်လွန်းနေတယ်.... မမှီတဲ့ပန်းတန်းခူပြီး လှမ်းရမယ် ဆိုပေမဲ့၊ မေမေတို့ သားသားတို့ အတွက် ခုစရာတုံးက ဘယ်မှာ တုန်းကွယ်.... သည်တော့ မဖြစ်နိုင်တာကို စိတ်အဆင်းရဲခံပြီး ကြံမနေပါနဲ့ သားရယ်.... ကိုယ်နဲ့ တူရာ တန်ရာတွေ သည်မြေ ပေါ်မှာ မရှားပါဘူး...."

"ဟုတ်ပါတယ် မေမေ.... သားသား နားလည်ပါတယ်.... ဒါကြောင့် မပြောပါရစေနဲ့လို့၊ သား သား တောင်းပန် ခဲ့တယ် မှတ်လား.... မေမေကဘဲ မိုးပေါ်က နတ်သမီးကလေး ဖြစ်ပေစေ ဆောင်ကြဉ်းပေးမယ်ဆို...."

"မေမေက ဆောင်ကြဉ်းမပေးဘူးလို့ မဆိုပါကလား သားရယ် မေမေ့ကို သတ်ချင် သတ်ပစ် ပါစေ၊ ရမယ်သာ ဆိုရင် မေမေကြိုးစားပေးမှာပါဘဲ....ခုတော့ကြိုးစားပေးသည့် တိုင်အောင် ရမယ်လို့ မေမေ မထင်ဘူး၊ မရတဲ့ အပြင် အပြစ်တောင် ဖြစ်ခဲ့လိမ့်မယ်လို့ မေမေ ထင်နေတဲ့ အတွက် ကြောင့်ပါ သားရယ်...."

"သည်မှာ မေမေ.... သားသားရဲ့ စိတ်ကတော့.... သွားရောက် ကြောင်းလမ်းတဲ့အတွက် ဘုရင်ကြီးက အမျက်ထားပြီး၊ သားသားကို သတ်ပစ်မယ် ဆိုရင် သားသား ပျော်ပျော်ကြီး အသေခံရဲပါတယ်.... နို့ပေမဲ့.... သားသား အတွက်နှင့်တော့ မေမေ့အပေါ် ဘာအပြစ်မှ မဖြစ်စေချင်ပါဘူး...."

"သားသားဟာ... မုဋ္ဌန္တာအပေါ် သည်လောက်ပဲ စွဲလန်းနေသလား ဟင်...."

"စွဲလန်းတာကတော့ သူ့မှ မရရင် သားသားဟာ သေတာနဲ့ အတူတူပါဘဲ မေမေ...."

"ကဲ.... သည့်ကလောက် သားသားရဲ့ စိတ်မှာ စွဲလန်း နေရင် ဘာဖြစ်ဖြစ် နက်ဖန်ခါ မေမေ နန်းတော် ဝင်ပြီး ဘုရင်ကြီးကို သံတော်ဦး တင်ပေးမယ်....သားသားရဲ့ စိတ်ကိုသာ ပျော်အောင် ထားပေတော့...."

**သမီးတော်ကို ရလိုသော်** ပြဟ္မာရ မင်းကြီးသည် နံနက်အခါ မင်္ဂလာ ညီလာခံတွင် မုဆိုးမ တင်လျှောက်သော စကားကြောင့် များစွာ အရှက်ရတော် မူလေသည်။

ရှက်တော်မူခြင်းကြောင့် ဒေါသတရားသည် တကိုယ်လုံး ဖုံးလွှမ်းလျက် တုံတဆတ်ဆတ် ဖြစ်တော် မူလာသည်။ သို့သော် ရာဇဗ္ဗန္ဒြေတော်ကိုငဲ့၍ ပညာရှိ အမျက် အပြင်သို့ မထွက်စေပဲ မျက်နှာတော်ကို ချိုသာစွာထား၍....

"မှူးတော်, မတ်တော်များ...."

"ဘုရား...."

"မုဆိုးမ တင်လျှောက်တဲ့စကား ကြားကြ မဟုတ်လားဗျား...."

"ကြားပါကြောင်းဘုရား...."

"မှူးတော်, မတ်တော်များ...."

"ဘုရား...."

"အာရေးဗိုးယား ပုံပြင်မှာ ထူးဆန်း အံ့ဘွယ်ကောင်းသော သူငယ်တယောက်ရဲ့အကြောင်း ကိုယ်တော်မြတ် ကြားရဘူးသဗျား...."

"အမိန့်ရှိတော်မူပါ ဘုရား...."

"သူငယ်ရဲ့ အမည်ကတော့ (အာလာဒင်)တဲ့.... သူ့မှာ ထူးဆန်းတဲ့ မီးအိမ်တလုံးရှိထယ်၊ မီးအိမ်ကို ပွတ်တိုက်လိုက်ရင် ဂူဏ္ဍာသယ ဘီလူးပေါ်ပေါက်လာပြီး လိုတာကို ခိုင်းစေလို့ ရသတဲ့၊ သူငယ်ဟာ မီးအိမ်ကို အားကိုးပြီး ဘုရင့်သမီးတော်ကို တောင်းရမ်း ခဲ့တယ်၊ ဒီလို တောင်းရမ်းတော့ ဘုရင်မင်းမြတ်က သူ့အိမ်နှင့် နန်းတော် အထိ ရွှေတံတား, ငွေတံတား ညချင်းပြီး ခင်းရမယ် အကယ်၍ ခင်းလို့ ပြီးစီးခဲ့လျှင် သမီးတော်နှင့် လက်ထပ်မယ်၊ ခင်းလို့

မပြီးစီးလျှင် သတ်ရမယ်လို့ အမိန့်တော် ထုတ်ပြန်လိုက်တယ်၊ အလာဒင်ဟာ မီးအိမ်ရဲ့ တန်ခိုးနဲ့ ညတွင်းပြီး ရွှေတံတား ငွေတံတား ခင်းနိုင်တဲ့အတွက် သမီးတော်နဲ့ လက်ထပ်ရသတဲ့၊ ယခု မုဆိုးမရဲ့သား အိုက်ခေါ်တော်ဟာလဲ အလာဒင်လိုဘဲ သမီးတော်ကို ရချင်ပြန် သတဲ့၊ သည်တော့ ရှေးထုံးစံနှင့် အညီ မုဆိုးမအိမ်နှင့် ကိုယ်တော်မြတ် နန်းတော် မုခ်ဦးအထိ ရွှေတံတား, ငွေတံတား ညတွင်းပြီး ခင်းစေဗျား.... ညတွင်းပြီး ရွှေတံတား, ငွေတံတား ခင်းနိုင်ပါက သမီးတော်နှင့် လက်ဆပ်၍ အိမ်ရှေ့ရာထူး အပ်နှင်းတော် မူမယ်.... ညတွင်းပြီး ရွှေတံတား, ငွေတံတား မခင်းနိုင်ပါက အိုက်ခေါ်တော်ကို လည်ပင်းအထိ မြေထိပ်ခတ်ပြီး သတ်စေဗျား.... ဘယ့်နှယ်လဲ မှူးတော်, မတ်တော်များ.... ယခု အမိန့်တော်ဟာ ရှေးဟောင်း ကျမ်းဂန်နှင့် ညီညွတ်သည် မဟုတ်ပါလားဗျား...."

"လွန်စွာ ညီညွတ်ကြောင်းပါ ဘုရား...."

တဲ့.... မုဆိုးမ၊ အမိန့်တော်မြတ် နာခံလျက် မဟုတ်လား...."

"နာခံလျက် ရှိကြောင်းပါဘုရား...."

"နာခံလျက်ဖြစ်လျှင် ယခု အိမ်ပြန်ပြီး သင့်သားထံ ပြောစေဗျား...."

## သားအတွက် မေ့မျက်ရည်

ခက်ကပြီ မျက်ရည် တဖိုင်ဖိုင်နဲ့၊ မဖြေ
နိုင် မိန့်တော်မှတ်တာမို့၊ ကြံတတ်ပြီဘဲ။ ။
မသက်သာ ထက်အလွှာ မက်တဲ့ သားရယ်
ကြောင့်၊ မွေးမေမေ ရတက်ပွား ရတယ်....
အားလျော့လို့လဲ။ ။

ရွှေနန်းတော်ကြီးမှ မိန့်တော်ချက်ကြောင့် မုဆိုးမ
သည် မျက်ရည်စက်လက်နှင့် တဘက်ကလေး ခေါင်းပေါ်
တင်ပြီး ငြိုငြင်စွာ ပြန်ခဲ့ရရှာသည်။

မိခင် အပြန်ကို မြှော်နေသော အိုက်ခေါတော်သည်
မျက်ရည် စက်လက်ဖြင့် ပြန်လာသော မိခင်ကြီးကို မြင်လေ
သော်....

"မေမေ.... ဘာလို့ ငိုခဲ့ရ တာလဲဟင်.... နန်းတော်
ကြီးက မေမေ့ကို နှိပ်စက်ပြီးမှ လွှတ်လိုက်သလား?"

"မေမေ့ကို ဘာမှ မလုပ်ကြပါဘူးသားရယ်...."

"နို့-မေမေက ဘာလို့ ငိုခဲ့ရတာတုန်း....?"

"ငိုရပါသော်ကော သားရယ်.... ဘုရင်ကြီးကလေ....
သူ့သမီးကို လိုချင်ရင် ဟောသည်အိမ်က နန်းတော် မုခ်ဦး
အထိ၊ ရွှေတံတား၊ ငွေတံတား ညတွင်းပြီး ခင်းရမယ်တဲ့

သားရဲ့၊ အဲဒါ ခင်းနိုင်လျှင် သမီးတော်ကို ပေးမယ်တဲ့ မခင်းနိုင်လျှင် သားသားရဲ့ လည်ပင်းအထိ မြေထိပ် ခတ်ပြီ သတ်တော်မူမတဲ့ သားသားရဲ့....”

“ရွှေတံဘား, ငွေတံတား မခင်းနိုင်ရင် သားသားကို သတ်မယ်ပေါ့လေ.... ဟုတ်လား မေမေ?....”

“ဟုတ်တယ်.... သားသားကို သတ်မယ်တဲ့—”

“မေမေ့ကိုတော့ ဘာမှ မလုပ်ဘူးလား....?”

“မေမေကိုတော့ ဘာလုပ်မယ်လို့ အမိန့်တော်မှာ မပါဘူး သားရဲ့”

“မေမေ့ကို ဘာမှ မလုပ်ရင် သားသား ကိုတော့ သတ်ချင်လဲ သတ်ပါစေ.... သူတို့ သတ်လဲ သားသားက သေ ချင် မှ သေ မှာ ပါ... တ ကယ် တော့ သား သား ဟာ မုဋ္ဌန္ဒာနဲ့ ကေန် ပေါင်းရလိမ့်မယ်လို့ ယုံကြည် ထားပါတယ် ဒါကြောင့် သားသား ဘာဘဲဖြစ်ဖြစ် မေမေ ငိုငိုပြီး မနေ နဲ့နော်.... အချိန်တန်ရင် သားသားနဲ့ မေမေ ပြန်ပြီး တွေ့ကြ ရမှာပါ....”

“သားသားက မငိုနဲ့ ဆိုရအောင် ရွှေတံတား, ငွေတံတား ညတွင်းပြီး သားသားက ခင်းနိုင်လို့လားဟင်?”

“သားသားဘယ်မှာ ခင်းနိုင်ပါ့မတုန်း မေမေရဲ့....”

"ရွှေတံတား ငွေတံတား မခင်း နိုင်ရင် မေမေ မငိုလို့ မဖြစ်ဘူး.... ငိုရမှာဘဲ.... ငိုရမှာဘဲ...."

အိုက်ခေါ်တော်၏မိခင် မုဆိုးမသည် သားငယ်အတွက် ရတက်မအေး ပူဆွေးခြင်းဖြင့်သာ တနေ့ပတ်လုံး ငိုရှိုက်လျက် ရှိလေသည်။

**ဘုရင်မင်းမြတ် အမိန့်မှတ်**

အချိန်သည်ကား မရပ်မဆိုင်း၊ တရွေ့ရွေ့ကုန်လွန်ခဲ့လေရာနေဝင်ပြီးနောက် မိုးသောက်ချိန်သို့ ဆိုက်ရောက်ခဲ့လေပြီ။ ဗြဟ္မာရမင်းတရား အမိန့်တော် ထုတ်ခဲ့သော ရွှေတံတား ငွေတံတားကား ဖြစ်ပေါ်၍ မလာပါချေ။

ဗြဟ္မာရမင်းသည် အလာဒင် ပုံပြင်ကဲ့သို့ ညတွင်းပြီး ရွှေတံတား ငွေတံတားကြီးများ ဖြစ်ပေါ်လာမည်လားဟု နံနက် စက်ရာထတွင် ပြူတင်းဝမှ ရှုကြည့်တော်မူလိုက်သည်။ ရွှေတံတား ငွေတံတား ဖြစ်ပေါ်လာသည်ကို မမြင်သဖြင့် မှူးမတ်များအား ခေါ်တော်မူ၍....

"မှူးတော် မတ်တော်များ...."

"ဘုရား...."

"ယမန်နေ့က အိုက်ခေါ်တော်က သမီးတော်ကို ရလို ကြောင်း အတောင်းအရမ်း လာတဲ့အတွက် မင်္ဂလာလက်ဆောင် အလို့ငှါ ညတွင်းပြီး ရွှေတံတား ငွေတံတား ခင်းလုပ်ရန် အိုက်ခေါ်တော်ရဲ့ မိခင်ကို ကိုယ်တော်မြတ် အမိန့်တော် ထုတ်ပြန်လိုက်တယ်...."

"အသိ ဖြစ်ကြောင်းပါဘုရား...."

"ယခု.... ရွှေတံတား၊ ငွေတံတားများ ခင်းလုပ်လို့ ပြီးပါပြီလား မင်းကြီးများ...."

"မှန်လှပါ.... မြေခွေးယုတ်သည် ရာရာစစ ခြင်္သေ့မယ်ကို ကြင်ဘွယ်စကား အပြောမှားသလို၊ ကိုယ့်အားကို မမြင် အရှင်သခင်ကို စော်ကားတဲ့ မုဆိုးမသား အိုက်ခေါ်တော်သည် ရွှေကိုယ်တော်မြတ် အမိန့်တော်မှတ်တဲ့ ရွှေတံကား၊ ငွေတံတား ဆိုသည်များကို ယခုအထိ ရာထား ခြင်းမျှ မရှိသေးကြောင်းပါ ဘုရား...."

"မှူးတော်၊ မတ်တော်များ...."

"ဘုရား...."

"ယမန် နေ့က.... ကိုယ်တော် အရှင်မြတ် ဘယ်လို အမိန့်တော် မှတ်လိုက် ပါသလဲဗျား...."

"ညတွင်းပြီး ရွှေတံတား၊ ငွေတံတား မခင်းနိုင်ပါက အိုက်ခေါ်တော်ကို လည်ပင်းအထိမြေထိပ်ခတ်ပြီး သတ်စေလို့ အမိန့်တော် ထုတ်ပြန်ကြောင်းပါဘုရား...."

"မှူးတော်၊ မတ်တော်များ...."

"ဘုရား...."

"မိုးကြိုး တချက်၊ မင်းစက် တခွန်းတဲ့ ဗျာ့နော်.... ထွက်ပြီးတဲ့ ဆင်စွယ် ဝင်တယ်လို့ မရှိ ဆိုတာလို ချမှတ်ပြီး အမိန့်တော်ကိုလဲ ပြန်လည် ရုတ်သိမ်းရိုး ထုံးစံ မရှိဘူး မဟုတ်လား မင်းကြီးများ.... ဒါ့ကြောင့် အိုက်ခေါ်တော်ကို မြေထိပ်ခတ်ပြီး သတ်စေဗျား...."

## ဈေးပန ပြာကျမှ ပြန်ပါ
### တေးထပ်

ချစ်ရသူ ခင်ခင်ငဲ့၊ ဘဝင်မြင့် သက်ညှာ၊
ဆင်မသင့် ခက်ပါသော်... သက်သာရာ မရ။
တကယ်လို့ တိမ်းဇဲ့ ချော်လျှင်၊ စိမ်းနဲ့နော်
ဘုန်းခင့် လာပါ့။ ကလာပ်စု ရုပ်ကြွင်းကိုယ်
ပြုတ်ယွင်းယိုကာယ၊ ဖုတ်သင်္ဂြိုဟ် ဈေးပန....
ပြာကျမှ ပြန်ပါ။ ဝဇီရာ့ စိန်သံလျှင်းငယ်
နှင့်၊ တရှိန်ခြင်း လှမ်းချင်လို့မှာ။ ဝတိန်ဆင်း
နန်းကိန္နရာလို လျှမ်းထိန်ဝါ့ ဧဝဝင်းနှင့်၊
ရွှေပယင်း ငွေလက်တော်... ဘုန်းကိုင်လှဲ့
နော်။ အသုဘ ကမ္မဋ္ဌာန်းတော်ကို၊ ကြင့်နှန်း
ပျော် အို.... ရှုလှဲ့လေး... ။ ။

ဗန်းမော်မြို့တွင် အသတ် ခံရသော တောင်သမန်
လယ်စား ဦးဖေငယ် ရေးစပ်သော ဤတေးထပ်သည်ကား
အိုက်ခေါ်တော်၏ အတွက် များစွာ ဆီလျော်၍ နေတော့
သည်။

မှောင်တကာ့ မှောင်တွင် ဤမှောင် အမိုက်ဆုံး
ဆိုသည့် အတိုင်း၊ ဤခရီးသွားလျှင် ဤဘေး ထိလိမ့်မည်ကို
ကြိုတင် သိမြင် ပါလျက် သိကောင်းလျက်နှင့် အကျင့်ခက်
ကာ သက်သက် လည်စင်း ပေးသော သိုးငယ် အလား၊
အိုက်ခေါ်တော်ကား ရာဇဝတ်တော် အလျောက် လည်ပင်း
အထိ မြေထိပ်ခတ်ခြင်းကို ခံနေရရှာလေပြီ။

ပြည်သူ ပြည်သားတို့သည် ဤမျှ အတင့်ရဲစွာ သမီးတော်ကို တောင်းခံ့သော အိုက်ခေါတော်အား ဘယ်လိုလူစား ဖြစ်ပါလိမ့်ဟု သိလိုကြသဖြင့် အုတ်အုတ်ကျက်ကျက်လာရောက် ကြည့်ရှုကြလေသည်။

အိုက်ခေါတော်ကား ရာဇဝတ် အပြစ်ဒဏ်ကို ခံနေရပါသော်လည်း အနည်းငယ်မျှ မျက်နှာ ညှိုးငယ်ခြင်း မရှိဘဲ လာလာသမျှသော လူတို့အား....

"အို... အဆွေတို့ တဆင့် စကား တဆင့်နားဖြင့် သမီးတော် ကြားသိအောင် ပြောပြတော်မူကြပါ၊ ကျွန်ုပ်သည် သမီးတော် မဟူဒ္ဒွာအား မြင်လျှင် မြင်ခြင်း အလွန် အမင်း ချစ်ခင်လှသဖြင့် ကျရောက်မည့် ဒုက္ခကို သိပါလျှက် အသက်အသေခံ၍ မိခင်ကြီးကို တောင်းရမ်း ပေးရန် တိုက်တွန်း ပူဆာခဲ့ပါသည်...."

"ဤမျှ မိုက်လုံးကြီးလှသော အကျွန်ုပ် သေဆုံးသည့်အတွက် မည်သူကမျှ သနား ကြင်နာ လိမ့်မည် မဟုတ်ပါ၊ မည်သူ၏ သနားကြင်နာမှုကိုမျှလည်း မလိုလားပါ၊ သို့သော် မဟူဒ္ဒွာကိုတော့ အကျွန်ုပ်အား သနားစေချင် ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည်မဟူဒ္ဒွာအတွက် အသက်စွန့်လွှတ် ရသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အကျွန်ုပ်

ကွယ်လွန်သော အခါ သမီးတော် မဉ္ဇူဒ္ဓါသည် အကျွန်ုပ်၏ အလောင်းကောင်ကို အသုဘ ရှုရန်အတွက် ကြွရောက်တော်မူပါဟု တဆင့်စကား၊ တဆင့်နားဖြင့် ပြောကြားတော်မူကြပါ....”ဟု ပြောကြားလေ၏။

ထိုအခါ လာရောက် ကြည့်ရှုကုန်သော သူတို့သည် ဤသူကား လွန်စွာ ရဲရင့်လှ၏၊ ဤမျှအပြစ်ဒဏ် ခံနေရသည် ဖြစ်ပါလျက် ဤသို့သော စကားကို ဆိုရဲသေး၏။ ငါတို့ ဤ၌ ကြာကြာ နေခဲ့သော် ထိုသူ၏ စကားအတွက် ငါတို့ပင် မင်းပြစ် မင်းဒဏ် ကျရောက်ရန် ရှိသည်ဟု စိုးရွံ့ကုန် သဖြင့် ထိုနေရာမှ ထွက်ခွါ သွားကြလေသတည်း။

**ပြဿနာ့တွက် ဘုရင်ခက်** အိုက်ခေါ်တော် အား မြေထိပ်ခတ်သော နေ့၌ ပင်လျှင် ဂန္ဓာလရာဇ်တိုင်း ဥဒည်မင်းထံမှ စမ္ပာနဂိုရ်ပြည့်ရှင်ထံ သံတမန်သုံးထောင် ဆိုက်ရောက် ခဲ့လေသည်။

ထိုသံတမန်တို့သည် စမ္ပာနဂိုရ်ပြည့်ရှင် ဗြဟ္မာရဘုရင်မင်းမြတ်အား ထူးဆန်းသော ရွှေကြုတ်ကြီးနှင့် ရွှေသဝဏ်လွှာ တစောင်ကို ဆက်သကြလေသည်။ ထိုရွှေသဝဏ်လွှာ၌ ပါရှိသည်ကား....

ချစ်လှစွာသော အကြည်တော် စမ္ပာနဂိုရ်မင်း....

ရေမြေသေဌ်မင်းတို့မည်သည် အားငါးပါးနှင့် ပြည့်စုံရမြဲ ဓမ္မတာ ဖြစ်ချေသည်။

အားငါးပါး ဟူသည်ကား....

(၁) ဗာဟုဗလ = လက်ရုံး အင်အား၊
(၂) ဘောဂဗလ = စည်းစိမ် အင်အား၊
(၃) အမစ္စဗလ = မှူးမတ် အင်အား၊
(၄) အဘိဇစ္စဗလ = မျိုးရိုး အင်အား၊
(၅) ပညာဗလ = ပညာ အင်အားတို့ ဖြစ်ချေသည်။

ထိုငါးပါးသော အင်အားတို့တွင် ဗာဟုဗလဟူသော လက်ရုံး အင်အားသည် အလုံးစုံအောက် ယုတ်လေသည်။ ဗာဟုဗလထက် ဘောဂဗလသည် အားကြီး၏၊ ဘောဂဗလထက် အမစ္စဗလသည် အားကြီး၏၊ အမစ္စဗလထက် အဘိဇစ္စဗလသည် အားကြီး၏၊ အလုံးစုံသော အင်အား တို့ထက် ပညာဗလသည် အားအကြီးဆုံး ဖြစ်လေ၏။ **(စတ္တာလီသနိပါတ်၊ တေသကုဏဇာတ်)**

ဤသို့ကျမ်းဂန်လာသောကြောင့် အကြည်တော်တို့၏ တိုင်းနိုင်ငံ၌ ထက်မျက်သော ပညာရှင် ရှိမရှိ သိလိုသောကြောင့် ယခု တမန်တော်များနှင့်အတူ ရွှေကြုတ် တလုံးကို လက်ဆောင်အဖြစ် ပေးအပ်လိုက်ပါသည်။

ဤရွှေကြုတ်ကို ဖွင့်လှစ် ကြည့်ရှုခြင်း မပြုမှီ၌ အတွင်း၌ မည်သည့် ပစ္စည်း ပါသည်ကို ဉာဏ်ပညာဖြင့် ချင့်ချိန်၍ ဖြေဆို စေချင်ပါသည်။

အကယ်၍ ဖြေဆိုနိုင်ပါလျှင် အကြည်တော် စိုးစံရာ စမွာနဂိုရ်ပြည်နှင့် ဆက်စပ်၍ နေသော အကျွန်ုပ်တို့ပိုင် ကောသမ္ဗီနယ်ကို ဉာဏ်ပူဇော်ခ အဖြစ် ပေးအပ် ပါမည်။ ခုနစ်ရက်အတွင်း မဖြေဆိုနိုင်ပါက အကြည်တော် ပိုင်ဆိုင်သော စမွာနဂိုရ်ပြည်ကို အကျွန်ုပ်တို့အား ပေးအပ်ရမည် ဖြစ်ပါသည်။

ဥဒည်မင်း
ဂန္ဓာလရာဇ်တိုင်း၊ စိန့်ပြည်

ပြဟ္မာရမင်းကြီးသည် ရွှေသဝဏ်လွှာကို နာကြားတော် မူပြီးလျှင် ရွှေကြုတ်ကို သေချာစွာ ကြည့်သည်။ ရွှေကြုတ်၌ စစ်သည်တော် တဦးသည် စုလျားကို ရင်မှာ သိုင်း၍ လေးကို ပြစ်ခွင်းဟန် ပြုနေသည်။ စစ်သည်တော်၏ ရှေ့မှာမူကား လူတယောက် မြှားထိမှန် သဖြင့် မြေပြင်၌ လဲကျကာ ညာလက်ဖြင့် ထိမှန်သော မြှားကို ကိုင်ထားဟန် ထုလုပ် ထားသည်။ ရွှေကြုတ်ကား လွန်စွာ လက်ရာ မြောက်လှ၏။ အရုပ်များမှာ အသက် ဝင်ဘိ သကဲ့သို့ ထင်ရလေသည်။

ဗြဟ္မာ့ရမင်းကြီးသည် ထိုရွှေကြုတ်နှင့် အရုပ်များကို သေချာစွာ ကြည့်သည်၊ သို့သော် မည်သို့မျှ အဓိပ္ပါယ် မပေါက်ခဲ့ချေ။ ထို့ကြောင့် မှူးမတ်များလက်သို့ ရွှေကြုတ်ကို ကမ်းတော်မူလိုက်ပြီးနောက် “ဘယ့်နှယ်လဲ မှူးတော် မတ်တော်များ....၊ ရွှေကြုတ် အတွင်း မည်သည့် ပစ္စည်း ပါသည်ဟု ယူဆကြပါသလဲဗျာ....”ဟု အမေးတော် ထုတ်ခဲ့ လေသည်။

မှူးမတ်များလည်း ရွှေကြုတ်ကို တယောက်တလက် ကမ်းဆင့်ကာ စေ့စပ်စွာ ကြည့်ရှုကြ သော်လည်း အတွင်း၌ မည်သည့်ပစ္စည်း ပါမည်ဟု မလျှောက်တင် တတ်ကြလေကုန်၊ ထို့ကြောင့် မှူးမတ်များက “ဤပြဿနာကို ယခုချက်ချင်း ဖြေဆိုရန် မလွယ်ကူ ပါသဖြင့် တရက်၊ နှစ်ရက် ဖြေဆိုခွင့် ပြုပါရန် အခွင့် တောင်းခံ ကြရ လေ၏။ မှူးမတ်များ တောင်းခံသည့်အတိုင်း မင်းတရားကြီးက အခွင့် ပေးသနား တော်မူသည်။ သို့သော် တောင်းခံသောရက် ကုန်ဆုံးသော အခါ၌လည်း တဦးတယောက်မျှ မဖြေဆိုနိုင်ကြ လေကုန်။ ထို့ကြောင့် မင်းတရားကြီးသည် ဤပြဿနာကို ဖြေဆိုနိုင် ပါလျှင် ယောကျ်ား ဖြစ်သော် သမီးတော်နှင့် လက်ထပ်၍ အိမ်ရှေ့ရာထူး ပေးသနားတော် မူမည်။ မိန်းမ ဖြစ်ပါလျှင် ငွေအသပြာ တသိန်း ပေးသနားတော် မူမည်ဟု လေးပြင် လေးရပ် မောင်းခတ် ကြေငြာတော် မူရ လေသတည်း။

## ရွှေဖူးစာကံ ပြုစီမံသော်

ငွေမေတ္တာ ပန်ပန္နက်ကယ်ကြောင့်၊
သွေလာ့စ်ကာ တရန်ဘက်သော်လဲ၊ ကံအဆက်
မကုန်လျှင်။ မယ်တမြို့ မောင်တို့ တပြေစံလဲ၊
ရွှေနှစ်တန် ဂဟေ ကိုက်သည့်သို့၊ ပဝေကာ
အခြေဆိုက်တာမို့၊ ချစ်ကြိုက်ဘို့ပင်။ ။
မယ်ဟာရီ သဇင်နုတ်ကိုဖြင့်၊ တနယ်စီ မမြင်
အပ်သော်လဲ၊ အကြင်ဇာတ် ယခုဆင်၊ သုဓနု
အရှင်ရယ်နဲ့ ကြုံလေတောင်း။ ဤထုံးပမာ
ကြည်ပြုံးဘွယ် တူနှစ်ဖြာပ၊ ကြူစရာ တကံ
သစ်ပြန်တော့၊ နှမူနာ ကြံဘန်လို့ ဖြစ်ရ
တယ်.... (ကွယ်—) ရှေးခေတ် ဇာတ်
ဟောင်း။ ။

သတ္တဝါတို့၏ ကုသိုလ်ကံ၊ အကုသိုလ်ကံသည် အလွန်
မြင်နိုင်ခဲသော တရားဖြစ်၏။ ဆင်းရဲနွမ်းနယ်သော ဘဝမှ
လည်း ချမ်းသာခြင်းသို့ ရောက်တတ်၏။ ချမ်းသာသော
ဘဝမှလည်း ဆင်းရဲခြင်းသည် ဖြစ်တတ်၏။

(၁) ဆင်းရဲခြင်းကို အကြောင်းပြု၍ ဆင်းရဲခြင်း၊
(၂) ဆင်းရဲခြင်းကို အကြောင်းပြု၍ ချမ်းသာခြင်း၊
(၃) ချမ်းသာခြင်းကို အကြောင်းပြု၍ ဆင်းရဲခြင်း၊
(၄) ချမ်းသာခြင်းကို အကြောင်းပြု၍ ချမ်းသာခြင်း၊ဟု
မျက်မှောက် ဘဝ၌ပင်လျှင် အမျိုးမျိုးဖြစ်ချင်သလို ဖြစ်တတ်
လေရာ၊ သတ္တဝါတို့၏ဘဝ အတိမ်အနက်ကို သဗ္ဗညုဘုရားရှင်
မှတပါး မည်သူမျှ ဝေဘန်ခြင်းငှါ မစွမ်းနိုင်ပါချေ။

ဤရာဇဝင် ဝတ္ထု၌ အိုက်ခေါ်တော်အား မြေထိပ်ခတ်၍ ထားခဲ့သည့်မှာ သုံးရက်မျှ ကြာရှိခဲ့ လေပြီ။ အိုက်ခေါ်တော်အတွက် မြေ့ာ်လင့်ချက် မရှိတော့ ပါပြီ။ သူအလွန် ချစ်လှသော မဥ္ဇူသာနှင့် တစတစ ဝေးကွာလျက် သူမုန်းလှစွာသော ရှင်မသောမင်းနှင့် တစတစ နီးကပ်ခဲ့လေပြီ။ ထို့ကြောင့် သူ၏ ကိုယ်သည် တစတစ မြေကြပ် လာ၏။ မြေကြပ်သည်နှင့်အမျှ အသက်ရှူလည်းကြပ်လာ၏။ သို့သော် ဗုဒ္ဓ၏ အဘိဓမ္မာအရ အဓိပတိ ဟူသော တရားသည် မိမိနှင့် စပ်ဆိုင်ကုန်သော တရားတို့၏ အရှင်သခင် ဘုရင် ဖြစ်လေ၏။

ဘုရင်မင်းမြတ်သည်တတိုင်းပြည်လုံး၌ ထိပ်ပါးတည်းသာ ရှိသဖြင့် မိမိတိုင်းပြည် ကိစ္စ၌ သူတပါးအလိုသို့ မလိုက်နာရဘဲ မှူးမတ်စသော သူတပါးကသာ ဘုရင်မင်းမြတ်၏ အလိုတော်သို့ လိုက်နာကြရသည်။

အဓိပတိဖြစ်သော တရား သည်လည်း တပါးတည်းသာ ထူးကဲ ချွန်တက်၍ မိမိနှင့် စပ်ဆိုင် ကုန်သော တရားအားလုံး ညွှတ်ရန်း လိုက်ပါစေနိုင်သော သတ္တိထူး ရှိလေ၏။

ထိုအဓိပတိသည်—

(၁) ဆန္ဒာဓိပတိ = လိုချင်ဆန္ဒ အားကြီးခြင်း၊
(၂) ဝိရိယာဓိပတိ = လုံ့လအားထုတ်မှုအားကြီးခြင်း၊
(၃) စိတ္တာဓိပတိ = စိတ်ဓါတ်အင်အားကြီးမားခြင်း၊
(၄) ဝိမံသာဓိပတိ = ဉာဏ်ပညာ အားကြီးခြင်း ဟူ၍

လေးမျိုး ပြားလေသည်။ ထိုလေးမျိုးသော အဓိပတိ တို့တွင် အိုက်ခေါ်တော်၌ ဆန္ဒာ ဓိပတိဟု ဆိုအပ်သော မုဠန္ဒာ မင်းသမီးအား လိုချင်ဆန္ဒ အားကြီး၍ နေလေသည်။

လိုချင်ဆန္ဒ အားကြီးလျှင် လိုသောဝတ္ထုကို ရရမည် ဆန္ဒအားကြီးသူအား မရနိုင်သော ပစ္စည်းမည်သည် မရှိချေ။ ထို့ကြောင့် အများ၏ အမြင်၌ အိုက်ခေါ်တော် အတွက် မြော်လင့်ချက် မရှိသော်လည်း အိုက်ခေါ်တော်၏ ဆန္ဒမှုကား အသက်သေသည်အထိ မြော်လင့်ချက် ကုန်ဆုံးမည် မဟုတ်ပါ ချေ။ ထိုမြော်လင့်ချက်ဖြင့် ရွှေရုပ် သဘွယ် တင့်တယ် လှပသော မုဠန္ဒာ၏ ရုပ်ပုံကို ထင်တွေးရင်း မျက်စိကို မှေးလျက် ရှိနေစဉ် မြည်ဟည်းလာသော စည်အသံ မောင်း အသံတို့ကို သဲ့သဲ့မျှ ကြားလိုက်ရသဖြင့် အတွေးကို ဖြတ်ကာ အသံလာရာသို့ နားစွင့်လိုက်သည်။ သူကြားရသော မောင်းသံ စည်ကြီးသံတို့ကား ဝေးလှသေး၏။ သို့သော် တိုင်းပြည် အတွင်း အရေးအခင်း ရှိသဖြင့် လှည့်လည်သော စည်သံ၊ မောင်းသံ ဟူ၍ကား သူသည် ကျက်မှတ်မိလေ၏။

သူသည် စည်သံ၊ မောင်းသံ တို့ကို နားစွင့်ရင်း.... ဤစည်သံ မောင်းသံ တို့သည် ငါနှင့် ဆက်စပ်လေသလော ငါ့ကို သတ်တော့မည် ဖြစ်၍ စည်လှည့်သော အသံ ဖြစ်လေ သလောဟု တွေးတော စဉ်းစားနေစဉ် တီးတိုး ပြောဆို နေကြသော အသံများကို ဦးခေါင်းအထက်မှ ကြားရသဖြင့် အထက်သို့ မော်၍ ကြည့်လိုက်သည်။ သူမြေထိပ် ခတ်ခံနေ

ဝေသော နေရာသည် စမ္ပာနဂိုရ်မြို့၏ အနောက် မျက်နှာ ရောဝတီမြစ်၏ ကမ်းနဖူး ဖြစ်လျက် သူ့အနီးတွင် သဖန်း ပင်ကြီး တပင် စည်ကားစွာ ပေါက်လျက် ရှိလေသည်။

တီးတိုး ပြောဆိုနေကြသော စကားသံ များကား ထိုသဖန်းပင်ကြီးပေါ်မှ ဖြစ်သော်လည်း သူသည် အသံရှင်ကို မမြင်ရသေးချေ။

အသံရှင်ကိုမမြင်ရသဖြင့် ဟိုဟိုသည်သည် ကြည့်လိုက် သောအခါ သူအလွန်တရာ အံ့သြသွားသဖြင့် သူ၏မျက်လုံး များပင် ကျယ်လာကာ သူ၏ လည်ပင်းသည်လည်း ရှည်၍ လာလေသည်။

သစ်ပင်ထက်၌ လူတို့ ဘာသာဖြင့် စကား တီးတိုး ပြောဆို နေကြသူ တို့ကား လူများ မဟုတ် ကျေးသား မောင်နှံ တို့သာ ဖြစ်ကြလေသည်။

သူသည် ကျေးသား မောင်နှံတို့ ပြောဆို နေကြသော စကားကို နားစွင့်၍ ထောင်နေမိသည်။

ကျေးမ။ ။ "ဟို.... မြို့တွင်းက စည်လည်သံ ကြားပါ ကလား ဘာစည်သံ များလဲ မောင်မောင်?"

ကျေးဖို။ ။ "နှမ မသိသေးဘူး ထင်ရဲ့ကော...."

ကျေးမ။ ။ "မသိလို့ မေးတာပေါ့ မောင်ရဲ့...."

ကျေးဖို။ ။ ဂန္ဓာလရာဇ် တိုင်းပြည်က အမေးပုစ္ဆာ တခု ရောက်လာသတဲ့...."

ကျေးမ ။ ဘာအမေး ပုစ္ဆာများပါလိမ့်?...."

ကျေးဖို ။ ဒီလိုလေကွယ်.... အမေး ပုစ္ဆာက ရွှေကြုတ် တခုပါဘဲ... အဲဒီ ရွှေကြုတ်ထဲ ဘာပစ္စည်း ပါသလဲ ဆိုတာ ဖြေရမတဲ့၊ ဖြေဆိုနိုင်ရင် ဂန္ဓာလရာဇ်မင်းက ကောသမ္ဗီ ပြည်နယ်ကို ပေးမတဲ့။ မဖြေဆိုနိုင်ရင် ဂန္ဓလရာဇ်မင်းကို တိုင်းပြည် အပ်ရမတဲ့...."

ကျေးမ ။ ဒီလိုဆို.... မဖြေနိုင်ရင် အခက်ပါ ကလား မောင်ရဲ့...."

ကျေးဖို ။ အေး.... မဖြေနိုင်ရင်တော့ ခက်တာပေါ့...."

ကျေးမ ။ နို့ ကျုမတို့ ဘုရင်ကြီးက ဖြေနိုင်ရဲ့တဲ့လား"

ကျေးဖို ။ မဖြေနိုင်လို့ ခုစည်လည်တာပေါ့ကွဲ့၊ ဒီပုစ္ဆာ ကို ဖြေနိုင်ရင်ယောကျ်ားဖြစ်က သမီးတော်နဲ့ ထိမ်းမြားပြီး အိမ်ရှေ့ရာထူး ပေးမယ်တဲ့....၊ မိန်းမဖြစ်က ဆုငွေတသိန်း ပေးမတဲ့...."

ကျေးမ ။ ဖြေမဲ့လူ မပေါ်ရင်တော့ ခက်တော့ မှာပဲ.... မောင်ကော ဒီပုစ္ဆာကို မဖြေဆို နိုင်ဘူး လား...."

ကျေးဖို ။ ပြဿနာက ခက်ခဲတာ မဟုတ်ပါဘူးကွယ်.... လူတွေက လျှံနေကြ လို့ပါ ရွှေကြုတ်ကို ကြည့်ရင် အရုပ်နှစ်ခု ပါတာကို ရတွေ့တယ်၊

အရုပ်တခုက စုလျားရင်စီးပြီး လေးပစ်နေတဲ့ စစ်သားရုပ်ကွဲ့၊ အဲဒီ အဓိပ္ပါယ်က စုလျား ရင်စီးတာ ထောက်ပြီး အထဲမှာ ပိတ်တအုပ် ပါတယ်လို့ ဆိုလိုတာဘဲ....၊ လေးပစ်နေတဲ့ အဓိပ္ပါယ် ကတော့ ပိတ်အုပ် အတွင်းမှာ လက်နက်တခုပါတယ်လို့ ဆိုလိုတာပါဘဲ....၊ အရုပ်တခုကတော့ မြှားမှန်ပြီး လဲကျနေတဲ့ လူရုပ်ဖြစ်သကွဲ့၊ အဲဒီလူရုပ်ကလဲ လဲရုံလဲတာ မဟုတ်ဘူး မြှားကို လက်တဖက်နဲ့ ကိုင်ထား သေးတယ်၊ ဒီ အဓိပ္ပါယ်က လက်နက်ရဲ့ အတွင်းမှာ သံချွန်တခု ပါတယ်လို့ ဆိုလို တာပါဘဲ ပုစ္ဆာအဖြေကတော့ မခက်ပါဘူး ဒါပေမဲ့ ဒီကိစ္စက လူ့ကိစ္စတွေပဲ တို့ကိစ္စ မဟုတ် ပါဘူး၊ တို့ကိစ္စက တောင်ပံ နှစ်ခု အားကိုးပြီး အစာရှာ ဘို့ဘဲ မဟုတ်လား.... ဒါကြောင့် အတောင်ပံအားကိုးပြီး အစာရှာ သွားကြစို့ရဲ့...."

ကျေးသား မောင်နှံတို့သည် ဤသို့ တီးတိုး စကား ပြောကြားပြီးနောက် အရှေ့အရပ်သို့ ပျံတက် ပျောက်ကွယ် သွားကြလေသတည်း။

**ကျေးစကားတွက် တအားတက်** ကျေးဖိုနှင့်ကျေးမ ပျံထွက် သွားသည်ကို အိုက်ခေါ်တော်သည် မျက်စိတဆုံး ကြည့်လိုက် မိသည်။ ကျေးဖိုနှင့် ကျေးမတို့ မျက်စိအာရုံမှ ပျောက်ကွယ် သွားသော အခါ သူသည် အိပ်စက်ရာမှ နိုးလာဘိသကဲ့သို့ စိတ်၌ တမျိုးဖြစ်၍ သွားလေသည်။

ကျေးဖိုနှင့် ကျေးမ လူတို့ဘာသာဖြင့် စကားတီးတိုး ပြောဆို သွားကြသည်မှာ အမှန်ပင် ဖြစ်သလော၊ သို့မဟုတ် ငါ၌ သွေးလေချောက်ခြား ငိုက်မြည်းသွားသဖြင့် အိပ်မက်ပင် ဖြစ်လေသလော.... ဤသို့ဖြင့် သို့လော, သို့လော တွေးတော ရင်းပင် စည်လည်သောအသံသည် နီး၍,နီး၍ လာလေသည်။

ထိုအခါ အိုက်ခေါ်တော်သည် မင်းအမိန့်ဖြင့် မိမိအား စောင့်ကြပ်နေသော စစ်သူရဲအား....

"နောင်ကြီး, နောင်ကြီး ... အို ... နောင်ကြီး.... မြို့တွင်းက စည်လည်သံ ကြားရ ပါတယ်၊ ဘယ်လို အရေး အခင်းများ ဖြစ်လို့ စည်လည်ပါသလဲ နောင်ကြီးခင်ဗျား...." ဟု ယဉ်ကျေးစွာ မေးမြန်း လိုက်လေသည်။ စစ်သူရဲသည် အိုက်ခေါ်တော်၏ အမေးကို ကြားလျှင် မြို့ဘက်သို့ငေးလျက် နေရာမှ အိုက်ခေါ်တော်ဘက်သို့ လှည့်ကာ ပြုံးပြီး—

"စည်လည်တာက တခြား ဟုတ်ပါရိုးလား မောင် ရယ်.... ဂန္ဓာလရာဇ် ပြည်က သံတမန် များနဲ့ အတူ ရွှေကြုတ်တခု မင်းကြီးထံ ဆက်သလိုက်သတဲ့၊ အဲဒီရွှေကြုတ်

အတွင်း ဘယ်လိုပစ္စည်းပါတယ် ဆိုတာ ခုနစ်ရက် အတွင်း ဖြေဆိုရမယ်၊ ဖြေဆိုနိုင်ရင် ဂန္ဓာလရာဇ်မင်းက ကောသမ္ဗီပြည်နယ်ကို ပေးပြီး၊ မဖြေဆို နိုင်ပါက ငါတို့ မင်းကြီးက တိုင်းပြည် အပ်ရမတဲ့ကွဲ့၊ အဲဒါ.... ဘယ်သူမှ မဖြေဆိုနိုင်ကြလို့ ဖြေဆိုနိုင်သူ ပေါ်က၊ ယောကျ်ားဖြစ်လျှင် အမောင်အင်မတန် ချစ်တဲ့ သမီးတော် မဒ္ဒြဘနဲ့ လက်ထပ်ပြီး အိမ်ရှေ့ရာထူးအပ်မတဲ့၊ မိန်းမ ဖြေဆိုနိုင်လျှင်တော့ အသပြာငွေတသိန်း ပေးသနားတော် မူမတဲ့ဗျား....၊ အဲဒါ အမောင် ဖြေနိုင်လဲ ဖြေပေရော့၊ ဒီဟာ မောင့်အတွက်အကွက်ကောင်းကလေး တချက်ပဲ....ဟဲ....ဟဲ...."

"နေပါအုံး နောင်ကြီးရဲ့ အဲဒီ ရွှေကြုတ်မှာကော ဘာရုပ်, ဘာရုပ်တွေ ပါသတဲ့လဲဗျာ.... အမိန့်ရှိစမ်းပါအုံး"

"အေး.... အဲဒါတော့ နောင်ကြီးလဲ အသေ အချာ မသိဘူး.... သူတကာ ပြောကြ တာတော့ လူတယောက်ကလေးနဲ့ ပစ်လို့ လူတယောက် လဲကျ နေပုံ ပါတယ်လို့ ဆိုတာပါဘဲ၊ ဘာလဲ.... မောင်က ဖြေဆို နိုင်လို့လား...."

"ဖြေဆိုခွင့်ရလျှင်.... ကျွန်တော် ဖြေဆိုချင် ပါတယ်၊ ဒီအကြောင်း နောင်ကြီး ဘုရင်မင်းမြတ်ထံ သံတော်ဦး တင်မပေးနိုင်ဘူးလား...."

"ဟဲ့.... ခလေးရဲ့.... အမောင်ဟာ, တမူပေါ် နှစ်မှုဆင့် မလုပ်ပါနဲ့ကွယ်....၊ ခုဘဲ ရာဇဝတ်တော် သင့်လို့ မြေထိပ်ခတ် ခံနေရပြီ၊ ဒီတခါတော့ ဒါးနဲ့ အပိုင်းခံရရှာဘဲ မောင်ရေ့...."

"ဒီအတွက် မပူပါနဲ့ နောင်ကြီးရယ်.... ယောကျ်ားဆိုတာ သေတနေ့ မွေးတနေ့ ပါဘဲ၊ သေမှာကို တွေးပြီး ပူဆွေး ကြောက်ရွံ့နေဘို့ မလိုပါဘူးဗျာ.... ကျွန်တော်သာ ဖြေဆိုခွင့် ရလျှင် အမှန် အကန် ဖြေဆိုပါ့မယ်၊ ကျွန်တော် ဖြေဆိုတာ မမှန်လျှင် ခေါင်းကိုဘဲဖြတ်ဖြတ်၊ ဗိုက်ကိုဘဲ ခွဲပြီး အသဲကိုဘဲ ထုတ်ထုတ် လုပ်သမျှ ကျွန်တော် ခံယူပါ့မယ်..."

"ဟုတ်ပါ့ မလားဟဲ့.... ခလေးရဲ့ "

"ဟုတ်ပါတယ် နောင်ကြီး ခင်ဗျား— ကျွန်တော် လိမ်ညာပြီး မပြောတတ်ပါဘူး၊ ဒီပြဿနာကို ကျွန်တော် အမှန်ဘဲ ဖြေဆိုနိုင် ပါတယ်.... နောင်အခါ ကျွန်တော် ကောင်းစားလျှင်လဲ နောင်ကြီးရဲ့ ကျေးဇူးကို မမေ့ပါဘူး၊ ဒီအကြောင်း ဘုရင်မင်းမြတ်ထံ သံတော်ဦး တင်ပေးစမ်းပါ နောင်ကြီး ခင်ဗျာ...."

"အေးလေ.... ဒီလိုဆိုလဲ သံတော်ဦး တင်ပေးရမှာပေါ့..."

**မင်းကြီး၏ထံ အာမခံ** စမ္ပာနဂိုရ် ရွှေနန်းတော် အတွင်း၌ အရေးတကြီး ညီလာခံ ကျင်းပလျက် ရှိသည်။ စမ္ပာနဂိုရ်ပြည်ရှင် ဗြဟ္မာရမင်းကြီးသည် အနီး၌ ခစားလျက်ရှိသော စစ်သူရဲအားညွှန်ပြ၍ မှူးမတ်များအား....

"မှူးတော်, မတ်တော်များ...."

"ဘုရား...."

"ဟောဒီစစ်သူရဲက ယခုသံတော်ဦးတင် လာတယ် သမီးတော် ကိစ္စနှင့် ပတ်သက်ပြီး မြေထိပ်ခတ် ခံနေရတဲ့ အိုက်ခေါ်တော်က ဥဒည်မင်းရဲ့ ရွှေကြုတ် ပြဿနာကို ဖြေဆိုနိုင်တယ်လို့ သံတော်ဦးတင်ခိုင်း သတဲ့ဗျား။ အိုက်ခေါ်တော် လျှောက်တင်ခိုင်းတာနဲ့ ပတ်သက်လို့ ကိုယ်တော်မြတ် သံသယ ရှိနေတယ် မင်းကြီးများ...."

"အမိန့်ရှိတော်မူပါဘုရား...."

"အိုက်ခေါ်တော်ဟာ ရွှေတံတား, ငွေတံတား, မကည် ဆောက်နိုင်တဲ့ အတွက် မြေထိပ်ခတ်ခံ နေရတယ်၊ သူ့ဘဝ အထွက် မြှော်လင့်ချက် မရှိတော့ဘူး ဒါကြောင့် မထူးဘူးဆိုပြီး ရွှေကြုတ် ပြဿနာ ကိုဖြေဆိုမယ်လို့ ပြောသလား....ဒါမှ မဟုတ် တကယ်ဖြေဆိုနိုင်လို့ ပြောသလား ဆိုတာ ကိုယ်တော် မြတ်စိတ်မှာ ဒွိဟကွဲပြားတော် မမူဘူး၊ မင်းကြီးများရဲ့ သဘောကို လျှောက်တင် ကြစမ်းပါအုံး။...."

"မှန်လှပါ၊ အရှင်မင်းမြတ် ဒွိဟ ဖြစ်မယ် ဆိုလဲ ဖြစ်လောက်စရာ ရှိကြောင်းပါ၊ သို့သော် ယခု ရွှေကြုတ်ပြဿနာဟာ တရက်, တရက် နှင့် ငါးရက် ရှိသွားပါပြီ၊ အဖြေပေါ်ပေါက်ခြင်း မရှိသေးကြောင်းပါ ဘုရား.... ဒါကြောင့် နောင်ခါလာ နောင်ခါချေး ထားပြီး၊ အိုက်ခေါ်တော် ကို မေးမြန်း သင့်လှ ကြောင်းပါ ဘုရား...."

"ကောင်းလှပေါ့ မင်းကြီးများ....၊ အိုက်ခေါ်တော်ကို မြေတွင်းကထုတ် ကောင်းမွန်စွာ ရှင်းလင်းသုတ်သင် တန်ဆာ ဆင်ပြီး ရှေ့တော်သို့ သွင်းဆောင်ခဲ့ကြ မင်းကြီးများ...."

"ပြဟ္မာရမင်းကြီး၏ အမိန့်တော်အရ အိုက်ခေါ်တော်ကို မြေတွင်းမှ ထုတ်၍ ကောင်း မွန်စွာ သန့်ရှင်း သုတ် သင် တန် ဆာ ဆင်ပြီး ရှေ့တော်သို့ ဆောင်ယူ ခဲ့ကြလေသည်...."

"အိုက် ခေါ်တော် ရှေ့ တော်မှောက် သို့ အခ စား ရောက်ပြီ ဖြစ်ကြောင်းပါ ဘုရား...."

"အိုက် ခေါ်တော်ဆိုတာ....ဤသူငယ်လား...."

"မှန်လှပါ ဤသူငယ် ဖြစ်ကြောင်းပါ ဘုရား...."

"အိုက် ခေါ်တော် ဆိုတော့ လည်ကုတ် က တိုတို အသား ကမဲမဲ၊ သူရဲရုပ်, တစ္ဆေရုပ်လို့ ကိုယ်တော်မြတ် ထင်မှတ်ခဲ့တယ်.... ဤ အိုက်ခေါ်တော် က လည်ကုတ်လဲမတို အသားလဲ မမဲ၊ အရုပ်လဲမဆိုး ပါကလား.... ဘာ့ကြောင့် အိုက်ခေါ်တော် လို့ ခေါ်ကြတာလဲ...."

"မှန်လှပါ.... အိုက်ခေါတော်သည် သူ၏ အမည်ရင်း မဟုတ်ပါ၊ သမီးတော်များ ဥယျာဉ်ကစား ထွက်တော်မူရင်း လမ်းမှာဆုံတွေ့လို့ ကျီစယ် ကစား ခေါ်ဝေါ် သွားကြရာက တွင်ကျယ်လာတဲ့အမည်မျှ ဖြစ်ကြောင်းပါဘုရား...."

အမတ်ကြီး များ တင်လျှောက်သည်ကို ကြားတော်မူလျှင် ဖြူဟ္မာရ မင်းကြီးသည် အိုက်ခေါတော် ဘက်သို့ လှည့်တော်မူ၍....

"ဩော်.... အိုက်ခေါတော် ဆိုတာ မောင်မင်းရဲ့ အမည်ရင်း မဟုတ်ဘဲကိုး.... ရှိစေတော့၊ ယခု ရွှေကြုတ် ပြဿနာကို မောင်မင်း ဖြေဆိုနိုင်တယ် ဆိုတာ အမှန်ဘဲ ဖြစ်သလား၊ ကိုယ်တော်မြတ်ကို လှည့်စားတဲ့သဘောလား.... မှန်ရာ သံတော်ဦး တင်စမ်း မောင်မင်း...."

"မှန်လှပါ.... အရှင် မင်းတရားကို လှည့်စား ၀ံ့သော ကျေးကျွန် မဟုတ်ပါ...၊ အမှန် ဖြေဆိုနိုင်တဲ့ အတွက် သံတော်ဦး တင်ရန် စေခိုင်းရခြင်း ဖြစ်ပါကြောင်းပါဘုရား"

"ကောင်းလှပေ့ မောင်မင်း.... ပြဿနာရဲ့ အဖြေ မှန်ခဲ့လျှင် ကိုယ်တော်မြတ် ကတိအတိုင်း သမီးတော်နှင့် လက်ထပ်ပြီး အိမ်ရှေ့နန်းတော်မူမယ်.... အဖြေမှားခဲ့လျှင်လဲ မောင်မင်းနှင့် နောက်တကြိမ် စကားဆိုဘို့ မရှိတော့ဘူးနော်၊ သိရဲ့ မဟုတ်လား ..."

"အသိ ဖြစ်ကြောင်းပါ အဖြေမှားခဲ့လျှင် လူ့ပြည်၌ ထားတော် မမူပါနှင့် ဘုရား ..."

**အမေးပုစ္ဆာ ပြေသောခါ** အိုက်ခေါ်တော်ရဲဝန့်စွာ သံတော်ဦး တင်ချက်ဖြင့် ဗြဟ္မာရမင်းကြီးသည် ခြောက်ရက် မြောက်သောနေ့၌ ရွှေကြုတ် ပြဿနာကို ညီလာခံ အဆောင်တော်၌ ဖြေဆိုမည် ဖြစ်ကြောင်း တမန်တို့အား အကြောင်းကြားတော် မူလိုက်လေ၏။

ထိုအကြောင်းကြားချက်ဖြင့် ဂန္ဓာလရာဇ်တမန်တော်တို့သည် နီသော ဝတ်လုံများကို ဆင်မြန်း၍ ရွှေနန်းတော်အတွင်းသို့ ရွှေကြုတ်ကို ပိုက်ကာ ဝင်လာကြလေသည်။

ညီလာခံ အဆောင်၌ မင်းပရိသတ် တို့သည် စုံညီလေပြီ။

ပရိသတ်တို့၏ အလည် ခုံမြင့်၌ အနုပညာ လက်ရာမြောက်လှစွာသော ရွှေကြုတ်သည် အရောင် တလက်လက် ထွန်းပလျက် ရှိလေသည်။

ဖြေဆိုချိန် နီးကပ်လျှင် အိုက်ခေါ်တော်ကို မင်းကြီး၏ အမိန့်တော်ဖြင့် ရွှေချပ်, ရွှေမိန်ကိုကို ဆင်မြန်း စေလျက် ရှေ့တော်သို့ သွင်းခဲ့ကြသည်။

ပရိသတ် စုံညီလျှင် တမန်ခေါင်းဆောင် လုပ်သူသည် ထိုင်နေရာမှ ထလျက် "ဤ ရွှေကြုတ် အတွင်း မည်သည့် ပစ္စည်း ပါသည်ကို အတိအကျ ဖြေဆိုချိန် ရောက်ပါပြီ.... ဖြေဆိုတော် မူပါ အရှင် မင်းမြတ်...." ဟု လျှောက်တင်လေသည်။

တမန်တော်ထိုင်လျှင် အိုက်ခေါတော်နေရာမှထသည်၊ နေရာမှ ထပြီး ရာဇပလ္လင်ထက်၌ စံမြန်း နေသော ဗြဟ္မာရ မင်းကြီးအား လက်အုပ်ချီ၍ ဦးညွှတ်လိုက်သည်။ ထိုနောက် ပရိသတ်ဘက်သို့ လှည့်၍....

"ဤရွှေကြုတ် အတွင်း မည်သည့် ပစ္စည်း ပါဝင် သည်ကို မင်းတရားကြီး၏ ကိုယ်စား.... ယခု ကျွန်ုပ် ဖြေဆို ပါတော့မည်။ အားလုံးသော ပရိသတ်များ ရွှေကြုတ်ကို သေချာစွာ ရှုကြည့်တော် မူကြပါ....၊ ရွှေကြုတ်၌ လက်ရာ မြောက်သော လူရုပ်ပုံ နှစ်ခု ပါဝင်ပါသည်။ လူရုပ်ပုံ တခု သည် စုလျားကို ရင်သိုင်းပြီး လေးကို ပစ်ခွင်းနေဟန် ဖြစ်ပါ သည်၊ ဤလူရုပ်ပုံ၌ စုလျားနှင့် လေးသည် လူရုပ်နှင့်နှိုင်းယှဉ် ပါက အနည်းငယ် ကြီးနေ ပါသည်။ ဤအခိပ္ပါယ် အရ ရွှေကြုတ် အတွင်း၌ စုလျားအုပ် (ပိတ်အုပ်) နှင့် လက်နက် ပါရှိပါသည်။ ပဌမအဖြေ ဟုတ်, မဟုတ် တမန်တော်များ မိန့်စေချင်ပါသည်..."

အိုက်ခေါတော်၏အဖြေဆုံးလျှင် တမန်ခေါင်းဆောင် သည် နေရာမှထ၍...

"မှန်ပါတယ်... ဤရွှေကြုတ် အတွင်း၌ ပိတ်အုပ်နှင့် လက်နက် ပါပါသည်၊ ဤမှတပါး မည်သည့် ပစ္စည်းပါသေး သည်ကို ဆက်ပြီး အဖြေပေးပါဦး ..."ဟု ပြောဆို၍ နေရာ၌ ထိုင်လေသည်။

အိုက်ခေါ်တော်သည် လဲကျနေဟန်အရုပ်ကို ညွှန်ပြပြီး "ဤအရုပ်ကိုလဲ ကြည့်ကြပါအုံး.... လက်တဖက်က မြွေးကို ကိုင်ထားဟန်ဖြစ်ပါဘယ်၊ မြွေးဦးဟာအတွင်းကို မစူးဝင်ဘဲ ကိုင်ထားသော လက်ရဲ့ အဖျားမှာ ပေါ်နေ တာကို မြင်ရ ပါတယ်....၊ ဤအဓိပ္ပါယ်ကတော့ ပိတ်အုပ်ရဲ့ အတွင်းမှာ ချွန်ထက်သော သံချောင်း (သို့မဟုတ်) အပ် ပါတယ်လို့ ဆိုလိုပါတယ်၊ ဟုတ်မဟုတ် တမန်တော်များ အဖြေပေးစေ လိုပါတယ်...."

အိုက်ခေါ်တော်၏ အဖြေ ဆုံးလျှင် တမန်တော် အားလုံးထပြီး လက်ကို အထက်သို့ မြှောက်၍ "ဤသူသည် အကျွန်ုပ်တို့ ကိုးကွယ်သော စန္ဒိနတ်ပင် ဖြစ်တော့သည်....၊ သိရန်ခက်ခဲသော ပြဿနာကို မှန်ကန်စွာ ဖြေဆိုနိုင် သဖြင့် အကျွန်ုပ်တို့ ကတိအတိုင်း (ကောသမ္ဘီ ပြည်နယ်) ကို အရှင် မင်းကြီးအား ပေးအပ်ပါသည်...." ဟု တညီတညွတ်ထည်း ပြောဆိုကုန်လျက် တိုင်းပြည်သို့ ပြန်ကြလေသတည်း။

ဗြဟ္မာရ မင်းကြီးသည်လည်း ရွှေကြုတ် ပြဿနာကို မှန်ကန်စွာ ဖြေဆိုနိုင်သဖြင့် အိုက်ခေါ်တော်အား သမီးတော် မှုဠ္ဌန္ဒာနှင့် လက်ထပ်၍ အိမ်ရှေ့ရာထူး နှင်းအပ်တော် မူလေ သတည်း။

## ရှစ်လုံးတွဲ ကဗျာ

ရှေးကံ ဆိုမ၊ ကြုံရလေသော်
ရာဇဝတ်ဘေး၊ လွတ်ဝေး ပျော်ပျော်
ချစ်သူနှင့်တွဲ၊ အောင်ပွဲခြိမ့်ကျော်
အိမ်ရှေ့မင်း၊ ဘုန်းလင်း အိုက်ခေါ်တော်။ ၊

## ဖြစ်လျှင်ပျက်မြဲ မလွဲဓမ္မတာ

### တေးထပ်

သင်္ခါရာ့ အနိစ္စ ဘိဇ္ဇန မှန်တယ်၊ ပဋိစ္စ
သံသရာလယ်တယ်၊ ပြန်ကာလှယ့် ဘဝ။ ။
ဖြစ်ပြီးတော့ ပျက်ပြန်သည်၊ ရက်မခံ
ကြောက်ဘွယ့်၊ မရဏ။ ။ မပျက်မီ့
သည်ခန္ဓာကို၊ ရှည်အကြာ့ထင်ရ၊ မှိုတကျ
မာနနှင့်၊ ငါ့ ငါဟ စွဲကာ။ ။ နှစ်မပါ
ကာအတိ ပေမဲ့၊ ငါဖိလို့ ဒိဋ္ဌိကသာ။ ။
ဖြစ်ပျက်မြဲ ဓမ္မတာကို၊ ကိုယ့်ရှေ့မှာ့ မှန်
အနေ ပြသော်လဲ၊ သံဝေဂ မပိုက်လို့ မိုက်တဲ့
ရှကိုယ်။ ။ ငါမချလို့ စာဂ ညိုတယ်၊
ကာလ အဟို ကျွတ်လမ်းကွာကြလေး။ ။

အလုံးစုံကုန်သော ရုပ်နာမ် ဓမ္မ၊ သင်္ခါရ တို့သည် မြဲမြံ ခိုင်ခန့် တည်တံ့သော သဘော မရှိကြ လေကုန်။ အကြောင်းအားလျော်စွာ သတ္တဝါ ဟူ၍ ဖြစ်ပေါ် လာပြီး နောက် ထိုဘဝမှ မကြာမီ ကွယ်ပျောက် တတ်မြဲ ဓမ္မတာ ဖြစ်ကုန်၏။ ထို့ကြောင့် လူဟူ၍ ဖြစ်ခဲ့ကြရခြင်း သည်လည်း လူ့ပြည်သို့ ခေတ္တမျှ အလည် အပတ် လာကြခြင်း မျှသာ ဖြစ်ကုန်၏။ အချိန်တန်သော် သေမင်း၏နောက်သို့ ကောက် ကောက် လိုက်ပါ ကြရသည်ချည်း ဖြစ်ကုန်၏။

ပြဟ္မာရ မင်းကြီးသည် ရှေးကံ ထောက်မ သဖြင့် လူ့ဘဝ၊ လူ့လောက၌ လူဖြစ်လာရုံမျှမက၊ လူတို့သခင်၌နင်း မင်းလည်း ဖြစ်ခဲ့လေ၏။ သို့သော် ထိုမင်းဘဝ ဟူသည်လည်း ညှို့သည်သဘွယ်မျှသာ ဖြစ်သောကြောင့် အချိန်ရောက်သော အခါ သေမင်း၏နောက်သို့ လိုက်ပါတော် မူရလေ၏။

ပြဟ္မာရမင်းကြီး သေမင်းနောက်သို့ လိုက်ပါတော် မူသောအခါ အိမ်ရှေ့ဥပရာဇာ အိုက်ခေါ်တော်သည် မုဥ္စန္ဒာ ဒေဝီကို ရွှေလက်ဆွဲ၍ နန်းသိမ်းပွဲ ခံယူတော် မူလေ၏။

အိုက်ခေါ်တော် မင်းတရားနှင့် မုဥ္စန္ဒာ ဒေဝီ တို့မှ သားတော် ၂-ပါး ထွန်းကားတော် မူခဲ့လေရာ၊ သားတော် ကြီးကား စိတ္တရာဇာဖြစ်၍ သားတော်အငယ်ကား ဂုတ္တရာဇာ ဖြစ်လေသည်။

အခါတပါး ဖွန်းလူမျိုးတို့နေထိုင်ရာ တောရိပ်သာ၌ ကြီးစွာသော ပဒုမ္မာ ကြာအိုင်ကြီး ရှိခဲ့သည်။ ထိုကြာအိုင် အတွင်း တခုသော ပဒုမ္မာကြာပွင့် အတွင်းမှ ရွှေအဆင်း သဏ္ဍာန် တင့်တယ် လှပသော သတို့သမီးငယ် တဦးကို ဖွန်းလူမျိုးများရသဖြင့် မင်းကြီးထံ ဆက်သလာ၏။ မင်းကြီး သည် ထိုသတို့သမီးငယ်ကို (ပုပ္ဖဝတီ) ဟူသော အမည်ဖြင့် သမီးတော် အမှတ် မွေးမြူတော် မူခဲ့ ပြီးနောက် အရွယ်သို့ ရောက်လတ်သော် သားတော်ကြီး စိတ္တရာဇာနှင့် လက်ထပ်၍ အိမ်ရှေ့ရာထူး ချီးမြှင့်တော်မူ၏။

သားတော်အငယ် ဂုတ္တရာဇာကို မူကား စမ္ပာနဂိုရ် နေပြည်တော်မှ အရှေ့ဘက် ၁၂-မိုင် ဝေးသော (ကျောက်ဆီးမြို့)၌ ဘုရင်ခံ ခန့်အပ်တော် မူလေသတည်း။ မှတ်ချက် = (ယခု မိုးမောက်မြို့ဟု ခေါ်တွင်သော နေရာ ဖြစ်၏။)

**အိုက်ခေါ်တော် စေတီ** ထိုအချိန် အခါဝယ် မဇ္ဈိမဒေသ၌ ဗုဒ္ဓသျှင်တော် ဘုရား ထင်ရှားဖြစ်ပွင့်တော် မူပြီးနောက် သာသနာတော် နှစ်တရာ ခန့်တွင် ဝဇ္ဇီတိုင်းသား ရဟန်း များကို အကြောင်း ပြု၍ သာသနာ့ အရေးတော်ပုံတရပ် ဖြစ်ပေါ်၍ နေလေသည်။ အရေးတော်ပုံ

ဖြစ်ပေါ်လာရခြင်း၏ အကြောင်းသော်ကား ဝေသာလီ ပြည်၌ ဝဇ္ဇီတိုင်းသား ရဟန်း တို့သည် ဝိနည်း အမှန်ကို ပျက်ပြားစေသော ၁၀-ပါးသော အဓမ္မတရားတို့ကို ထင်ရှား ပြုမူကြလေသည်။ (အကျယ်ကို မဟာဝင်၌ကြည့်ပါ)

ထို အဓမ္မ တရားတို့ ထွန်းကား လာခြင်းကြောင့် သာသနာတော် ဝန်ထမ်း ရဟန်းများ ကွဲပြားလာလေသည်။ ထိုကွဲပြား မှုကြောင့် သာသနာတော် သန့်ရှင်း စေရန် ကာလာသောက မင်းကို အမှီ ပြု၍ ဝေသာလီ ပြည်၌ (ဒုတိယ သံဂါယနာပွဲ) ဖြစ်ပေါ်ခဲ့ လေသည်။

ဝေသာလီပြည် ဝါလုကာရုံ ကျောင်းတိုက် အတွင်း ကျင်းပ ပြုလုပ်သော သံဂါယနာ တင်ပွဲ၌ မပါဝင်လို ကုန်သော များစွာကုန်သော ရဟန်း တို့သည် ကောသမ္ဗီ ပြည်၌ စုရုံးလျက် သီးခြား သံဂါယနာ တင်ခဲ့ကြသည်။

မှတ်ချက်။ ။ ဤဝတ္ထု၌ ပါဝင်သော ကောသမ္ဗီပြည် ကား တရုပ်ကောသမ္ဗီပြည်ဖြစ်၍ ဒုတိယ စဉ်ပြိုင် သံဂါယနာတင်သော ကောသမ္ဗီ ပြည်ကား အိန္ဒိယ ကောသမ္ဗီပြည် ဖြစ်ပါ သည်။

ဤသို့ စဉ်ပြိုင် သံဂါယနာ တင်ခြင်းဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ ထေရ်ဂိုဏ်း၊ မြောက်ဂိုဏ်းဟု ဂိုဏ်းကြီး နှစ်ဂိုဏ်း ကွဲပြားခဲ့သည်။

တောင်ပိုင်း သာသနာကို (ထေရဝါဒဂိုဏ်း)ခေါ်တွင်၍၊ မြောက်ဂိုဏ်း သာသနာကို ( မဟာသံဃိကဂိုဏ်း ) ဟုခေါ်လေသည်။

မဟာသံဃိက ဂိုဏ်းသားတို့သည် သာသနာတော်မရောက်သေးသော တိဘက်၊ တရုတ်၊ ရှမ်း စသော မြောက်ပိုင်း နယ်မြေတို့သို့ သာသနာပြု စေလွှတ်ခဲ့ကြရာ မြန်မာနိုင်ငံတော် မြောက်ပိုင်းသို့လည်း သာသနာပြု ဆိုက်ရောက်ခဲ့သဖြင့် ပုဂံပြည်တိုင်အောင် မြန်မာနိုင်ငံ အတွင်း မဟာသံဃိက သာသနာ လွှမ်းမိုးခဲ့လေသည်။ မြန်မာရာဇဝင် တို့၌လာသော အရည်းကြီးဆိုသူများ ရှမ်းပြည်နယ်ရှိ ပွဲကျောင်းဘုန်းတော်ကြီးများကား ထိုမဟာသံဃိက ဂိုဏ်းဝင်များပင်ဖြစ်ကြလေသည်။

ဤသို့လျှင် မဟာသံဃိက ဂိုဏ်း သာသနာသည် မြန်မာပြည်မြောက်ပိုင်း စမ္ပာနဂိုရ်နယ် သို့လည်း ဝင်ရောက်အမြစ်တွယ်ခဲ့လေရကား အိုက်ခေါ်တော် မင်းတရားလည်း ဗုဒ္ဓသာသနာတော်ကို သက်ဝင် ယုံကြည်သော မင်းတပါးဖြစ်လာသဖြင့် မိမိမြေသိပ်ခတ် ခံရသော နေရာ၌ အထိမ်းအမှတ် စေတီတဆူ တည်ထားတော်မူခဲ့လေသည်။

ထိုစေတီတော်ကား ရွှေကျီးနား စေတီတော်မြတ်၏ အနီး၌ ရွှေအရောင် တို့ဖြင့် တပြောင်ပြောင် ထွန်းလင်းတောက်ပတော် မူသော (အိုက်ခေါ်တော်စေတီ) ဖြစ်လေသတည်း။

**စစ်မဖက်လို တော့ရိပ်ခို** အိုက်ခေါ်တော် မင်းကြီး နတ်သီး လုံတော်မူသော အခါ သားတော်ကြီးစိတ္တရာဇာသည် ပုပ္ပတီ မိဖုရားနှင့် နန်းသိမ်းပွဲ ခံတော်မူလေသည်။

ထိုရော အခါ ကျောက်ဆီး မြို့၌ စိုးစံ၍ နေသော ညီတော် ဂုတ္တရာဇာသည် စစ်သည် ဗိုလ်ပါ စုဆောင်း၍ အရေးဆိုခဲ့လေသည်။

စိတ္တရာဇာမင်းကြီးသည် မှူးမတ်များအား ခေါ်တော်မူ၍ "ငါသည် ဗုဒ္ဓ၏ တရားရင်နို့ သောက်စို့ ထားသော ဗုဒ္ဓ၏ သားတော်တပါး ဖြစ်ခဲ့၍ ဤစမ္ပာနဂိုရ် ပြည်ကြီးကို တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ဖြင့် သိမ်းပိုက် စိုးစံ နေသည် မဟုတ်၊ သတ္တဝါ အများ၏ ချမ်းသာရေးကို ရှေးရှုပြီး စိုးစံနေခြင်း မျှသာ ဖြစ်လေသည်။ ယခုညီတော် ဂုတ္တရာဇာသည် မသမာ သော သူတို့၏ စကားကို နားယောင်၍ တိုင်းပြည် ရလို ကြောင်းဖြင့် အရေးစကား ဆိုခဲ့လေသည်။ ဤအရေးစကား ကို တုံ့ပြန်ရန် ငါ၌ စစ်သည် သူရဲ အမြောက်အမြား ရှိ၏။ သို့သော် တိုင်းပြည်အတွက်နှင့် ညီနောင်နှစ်ပါး စစ်ဖြစ်ပါက များစွာ ကုန်သော တိုင်းသူ ပြည်သားများ ဆင်းရဲ ဒုက္ခ ဆိုက်ရောက်ကြ ပေတော့မည်၊ ယခု ကိုယ်တော်မြတ်၏ မိဖုရားကြီး၌လည်း သန္ဓေတော် နှတ်ငုံသည် ဖွားလု နီးနီး ဖြစ်၍နေသည်၊ စစ်တည်းဟူသော အကြောင်းဖြင့် တိုင်းသူ ပြည်သား လူအများလည်း မဆင်းရဲ စေလို၊ မိဖုရားကြီး

လည်း ဆင်းရဲတော် မမူ စေလို၊ ထို့ကြောင့် ညီတော် ဂုတ္တရာဇာသည် အရှေ့ တံခါးက ဝင်ရောက် လာသည် ဖြစ်ငြားအံ့၊ လုံးဝ ရန်ဘက် မပြုဘဲ အနောက် တံခါးက ထွက်ခွါ သွားမည် ဖြစ်သည်၊ ထို့ကြောင့် မင်းကြီးတို့သည် မင်းသစ်မင်းလွင် လက်ထက်၌ တိုင်းပြည် မညစ်နွမ်းရအောင် အစွမ်းကုန် ထိမ်းသိမ်း နေရစ်ကြစေလိုသည်....”ဟု မိန့်တော် မူလေ၏။

မင်းကြီး၏ မိန့်တော်သံကို ကြားရလျှင် မှူးမတ်များ သည် အလွန် ဝမ်းနည်းကြသဖြင့် ယိုစီးသောမျက်ရည်တို့ဖြင့် “အို.... အရှင်မင်းမြတ်၊ အရှင်မင်းမြတ်၏ စိတ်ဓာတ်သည် ဗုဒ္ဓ၏ သားတော် ပြီသစွာ လွန်စွာ မြင့်မြတ်လှပါပေသည်၊ သို့သော် လောကဓံ ဝါဟာရအရ ဆိုပါလျှင် အရှင်မင်းကြီးကို ကြောက်၍ ထွက်ပြေးလေပြီ.... မင်းက မွေးလျက် မင်းသေ့ မရှိဟု အများက အပြစ်တင်ကြပါ လိမ့်မည်.... ထို့ကြောင့် အရှင်မြတ် နှစ်ပါးသည် ရွှေနန်းထက်၌ နှစ်သက် ကြည်ဖြူ စံနေတော်မူ ကြပါ၊ ကျွန်တော်မျိုး ကြီးများ ကြည့်ရှု၍ ဤပုန်ကန်မှုကို အေးငြိမ်းအောင် စီမံပါမည်ဟု...” လျှောက် တင်ကြလေ၏။

ထိုအခါ မင်းကြီးက “အို.... မှူးတော်, မတ်တော်တို့ သင်တို့ လျှောက်တင်ကြသော စကားသည် လွန်စွာ အားရ ဘွယ် ကောင်းလှပေသည်၊ သို့သော် ငါသည် မင်း၏အဖြစ် ကိုလည်း အလိုမရှိ၊ စစ်ဟူသော အသံမျှကိုလည်း ကြားနာလို

စိတ်မရှိ၊ ငါ့အား ကြောက်၍ပြေးသည် မင်းသွေး မရှိဟု ဆိုလိုက ဆိုကြပါစေ၊ သတ္တဝါအများ ချမ်းသာ ရေးကို ရှေးရှု၍ ကိုယ့်ဘေးကို မတွက်တာဘဲ ငါတို့နှစ်ဦး တောနက်ရာသို့ ထွက်ခွါတော်မူမည်၊ သင်တို့ အားလုံး ကောင်းမွန်စွာ နေထိုင်ရစ်ကြကုန်လော့....”ဟု အဆုံးအမ ပေးတော် မူခဲ့ပြီးလျှင် လိုက်ပါလိုသဖြင့် ငိုကြွေးတောင်းပန်ကုန်သော မှူးမတ်များအား စွန့်ခွါတော်မူလျက် မင်း-မိဖုရား နှစ်ပါးထည်း မြောက်တံခါးမှ ထွက်၍ တာပင် ချောင်းကို ဖြတ်ကူးစဉ် ညီတော်၏ စစ်တပ်သည်လည်း မြို့တော်ကို ဝန်းပတ်မိလေသတည်း။

စိတ္တရာဇာမင်း ထွက်ပြေးသည့် အခါမှာ ဆင်တော်နှင့် ပြေးသည်။ အဝတ်စို၍ လှမ်းသောနေရာကို နောင်းတာလိုက်ဟု ခေါ်သည်။ ၎င်းမှ တဖန် သွားပြန်သော် တောင်ကြားကျဉ်း၍ ဆင်တစ်သော နေရာကို စန့်ကပ်ဟု ခေါ်သည်။ ၎င်းမှတဖန် သွားပြန်သော် တိမ်းဖါ။ ၎င်းမှ တဖန် ဆင်ခလောက် ကျရာကို ခလောက်အင်း။ ၎င်းမှတဖန် ဆင်လွတ်သော နေရာကို ဆင်တော်ဟု ခေါ်သည်။ ၎င်းမှ ခြေလျှင် သွားတော်မူသည်။

## ထီးနန်းစွန့်ခွါ ထွက်ခဲ့ရာ

ထောင်သောင်းယယ်ညံ၊ အောင်မောင်းသံ
တဒူဒူနဲ့ လူသံတွေ ကြား။ ဝိုင်းဟဲ့လို့ အော်
ဆိုင်းလင့်လျှင် ပုံမပေါ်ဘူး၊ ရဂုံပေါ် နယ်
တကျေးကို (ကွယ်) ပြေးရ ခက်သား။ ။

စမ္ပာနဂိုရ် မြို့တော်ကို စစ်တပ် ဝိုင်းမိ၍ အခု အခံ မရှိ ထီးနန်းကို သိမ်းပိုက်နိုင်သော်လည်း စိတ္တရာဇာ မင်းကြီးနှင့် ပုပ္ဖဝတီ မိဖုရားကြီးတို့ကို လက်ရမမိလိုက် သဖြင့် ဂုတ္တရာဇာ သည် မကျေမနပ် ဖြစ်၍ နေလေသည်။

"ဗိုလ်မှူးများ...."

"ဘုရား...."

"နောင်တော်နှင့် မရီးတော်ကို လက်ရ မမိ လိုက်တဲ့ အတွက် ကိုယ်တော်မြတ်စိတ်ချမ်းသာတော် မမူဘူး၊ တိုင်းသူ ပြည်သား လူအများဟာ နောင်ဘုရားအပေါ်မှာ စိတ်ညွတ် ပြီး နေကြတယ်၊ နောင်ဘုရားကို လက်ရ မမိဘဲ ရွှေနန်းကို သိမ်းပိုက်ခဲ့ပါလျှင် နောက်မီးအေးဘွယ်ရာ မရှိဘူး၊ဒါကြောင့် နောင်တော်မြတ် ထွက်ခွါရာကို တပ်နှင်းပြီး ရှာကြရမယ် ဗျား...."

ဂုတ္တရာဇာ၏ အမိန့်ဖြင့် ဗိုလ်မှူး များသည် မိမိတို့ တပ်ဖြင့် မင်း-မိဖုရား သွားရာ နောက်သို့ ခြေရာကောက်၍ လိုက်ကြလေသည်။

ပုပ္ဖဝတီ မိဖုရားကြီးသည်ကား မြေကိုမသက် ရွှေနန်း ထက်ဝယ် ကြီးပြင်းတော် မူခဲ့ရသည်မျှမက သန္ဓေတော်လည်း အရင့်အမာနှင့် ဖြစ်သောကြောင့် ခြေလှမ်းတော် သွက်လက် စွာ မလှမ်းနိုင်ရှာချေ၊ နောက်မှ လိုက်ခဲ့သော တပ်သံများ လည်း နီးကပ်၍ လာခဲ့ ချေပြီ။ ဤသို့ အရေး တကြီး


ပြေးလွှားတော် မူရဆဲတွင် မိဖုရားကြီး စီးနင်းတော်မူသော ရွှေဘိနပ်သည် ခြေမှ ကျွတ်ကျန်ရစ် ပြန်လေ၏။ သို့သော် နောက်မှ ရန်သူ့တပ် နီးကပ်လှ သဖြင့် ကျွတ်ကျန် ရစ်သော ဘိနပ်တော်ကို ပြန်လည်ကောက်ယူခြင်း မပြုနိုင်ဘဲ ရှေ့သို့သာ ပြေးတော်မူရလေရာ ကျကျန် ရင်သော ဘိနပ်သည် ရန်သူ မတွေ့စေရန်ဟု အညွန့်အတက်ပေါက်၍ ဘိနပ်ရုပ်ကို ဖျောက် လိုက်ရလေသည်။

ဤသို့ မိဖုရားကြီးဘိနပ်မှ မျိုးစေ့ဖြစ်၍ ပေါက်သော အပင်ကို (ဘိနပ်ပင်)ဟု ခေါ်ဝေါ် ကြလေသည်။

မှတ်ချက်= ထိုဘိနပ်ပင်ဆိုသည်ကား ပျဉ်းပင်တမျိုးသာလျှင် ဖြစ်၏။

မင်းနှင့်မိဖုရားတို့သည် ရန်သူ့လက်တွင်းမှ လွတ်ကင်း ရန် အတွက် ဆက်လက် ပြေးခဲ့ကြရာ မကြာမီ ချောင်းတခု ဆီးကာနေသည်ကို တွေ့ကြရ ပြန်လေ၏။ မိဖုရားကြီးကား လွန်စွာ မောလှရှာချေပြီ။ ထို့ကြောင့် မင်းကြီးအား....

"နှမတော်တော့ ရှေ့ဆက်ပြီးလှမ်းရန် အားကုန်ခမ်း ခဲ့ပါပြီမောင်မောင်၊ ဟို... ရှေ့မှာလဲ ချောင်းတခုကကန့်လန့် ကာဆီးပြီး နေတဲ့ အတွက် ရန်သူ့ လက်က လွတ်ထွက်ဘို့ မမြင်တော့ပါဘူး၊ ဒါကြောင့် နှမတော်ကို ပစ်ထား ခဲ့ပြီး မောင်ဘုရားသာ လွတ်အောင် ပြေးတော်မူ ပါတော့...."ဟု နွမ်းလျစွာ သံတော်ဦးတင်လေ၏။



စမ္ပာနဂိုရ်ပြည်ရှင် ဘုရင်အိုက်ခေါတော် တည်ထားခဲ့သော
စေတီဟောင်းကို ရွှေကျီးနား ဆရာတော်ဘုရားကြီး -ဦးနန္ဒဝံသ
သက်တော် ၈၁-နှစ်ဘ အမျှားကောင်းမှုဖြင့် အသင်္ငံ့၍ ပြုပြင်
လှူဒါန်းထားပါသော အိုက်ခေါတော် စေတီခေါ်
**ခေတ်ပေါင်းစုစေတီတော်ပုံ။**

**(B)**

"အားငယ်တော် မမူပါနဲ့ နှမတော်.... နှမတော်ကို ပစ်ထားပြီး မောင်ဘုရား တကိုယ်ထည်း ပြေးသွားဘို့ ထပ်ပြီး သံတော်ဦး မတင်လိုက်ပါနဲ့ သေလဲအတူ ရှင်လဲအတူ ဒီချောင်းကို ကူးကြတာပေါ့၊ နှမတော်ကိုပိုးပြီး မောင်ဘုရား ကူးပါ့မယ်၊ ဘာမှ အားငယ်တော်မမူပါနဲ့ မိမိရယ်...."

"မလွယ် ပါဘူး မောင်မောင်.... သည့်ထိအောင် ဆင်းရဲ ရှာတော် မမူချင်ပါနဲ့ လောကမှာ သေကွဲ၊ ရှင်ကွဲ ဆိုတာ ကြုံရမြဲ ဓမ္မတာမို့ မောင်ဘုရားက နှမတော်နဲ့ ဘယ်တော့မှ မခွဲဘူး ဆိုသော်လဲ ကွဲချိန်တန်လျှင် ကွဲကြရမည် ဖြစ်ပါတယ် ဒါကြောင့် နှမတော်ကို ထားခဲ့ပြီး မောင်ဘုရားသာ လွတ်အောင် ကူးတော် မူပါတော့...."

မင်းနှင့်မိဖုရား ချောင်းကမ်းပါး၌ ဤသို့ ပြောဆို နေကြစဉ် ကူးတို့လှေတစင်း အရှိန်သင့် ဆိုက်ရောက်လာသဖြင့် ထိုကူးတို့လှေဖြင့်ပင် အလွယ်တကူ ချောင်းကို ဖြတ်ကူးတော် မူကြရလေ၏။ ဤသို့ မင်းနှင့်မိဖုရား ကူးတို့လှေဖြင့် ဖြတ်ကူး ခြင်းကို စွဲ၍ ထိုချောင်းကို ယနေ့တိုင် (ကူးတို့ချောင်း)ဟု ခေါ်ဝေါ်ကြလေသည်။

မင်းနှင့် မိဖုရား ကူးဘို့ချောင်းကို ဖြတ်ကူးမိသော် သည်း ရန်သူ၏ တပ်များကား မျက်ခြေပြတ် မခံဘဲ တအား လိုက်ဆဲ ဖြစ်လေ၏။

သို့အတွက် မင်းနှင့် မိဖုရားတို့ တအားသွန်၍ လှမ်းခဲ့ကြရာ မကြာမီ ချောင်းကြီး၏ အဝသို့ ဆိုက်ရောက် လာကြပြန်၏။ ရှေ့သို့ဆက်ရန်လည်း ကြယ်ပြန့်သော ရေပြင်ကြောင့် ခက်လှ၏။ မိဖုရားလည်း နွမ်းနယ်လှ ချေပြီ။ ထို့ကြောင့် မင်းနှင့် မိဖုရား အားကုန်လျက် ရှိကြစဉ် တောတွင်းမှ....

"ဤဘက်ကို တိမ်းပါ.... ဤဘက်ကို တိမ်းပါ...."ဟု အသံတသံ ထွက်ပေါ်၍ လာလေသည်။

မင်းနှင့်မိဖုရားတို့သည် ဤတော ဤတောင်၌ ဤသို့ ပြောဆိုရန် လူဟူ၍ မရှိ သောကြောင့် ဤအသံသည် ကိုယ်စောင့်နတ်များ၏ အသံသာ ဖြစ်လိမ့်မည်ဟု ယုံကြည်သဖြင့် အသံကြားရာ တောင်ထက်သို့ ပြေးတက် ပုန်းအောင်းကြလေ၏။ ထိုသို့ နတ်များက တိမ်းပါဟု ပြောဆိုသော နေရာကို (တိမ်းပါရွာ)ခေါ်ဝေါ်ရာမှယခုအခါ(တိမ်းဖါရွာ) ဟု အမည်တွင်လျက် ရှိလေသည်။ ထိုတိမ်းဖါရွာကား မိုးလဲချောင်း၏ အဝ၌ တည်ရှိသောရွာ ဖြစ်လေ၏။ မင်းနှင့်မိဖုရား ပုန်းအောင်းသော တောင်သည်လည်း (ပုန်းတောင်) ဟု တွင်လေသည်။

မင်းနှင့် မိဖုရား ပုန်းအောင်း၍ မကြာမြင့်မီ ညီတော်၏ တပ် ဆိုက်ရောက်လာ၏။ ပုန်းအောင်းသော နေရာနှင့် တပ်သားများ ရှာဖွေသော နေရာ မကွာဝေးလှ သဖြင့် ပုန်းတောင်မှ တဆင့် ကျော်ဆင်းကာ အခြား တောင်သို့

ကူးပြေးကြပြန်သည်။ ထိုတောင်မှ နှားထောင် လိုက်သော် တပ်မှ အော်ဟစ်သံများကို ကြားရသေးသဖြင့် ထိုတောင်ကို (ကြားတောင်)ဟု သမုတ်ပြန်လေသည်။

ထိုကြားတောင်တွင် ညီတော်၏ စစ်တပ် ဝေးကွာ ကျကျန်ရစ်ပြီ ဖြစ်၍ မင်းနှင့်မိဖုရားတို့သည် မိုးလဲချောင်းကို ဖြတ်ကူးပြီး တောတောင် ထူထပ်ရာသို့ တရွေ့ရွေ့ ခရီးတော် မူကြရာ တခုသော တောင်တွင် အလွန် ဆန်းကြယ်သော ကျောက်လိုဏ်ဂူကြီးကိုတွေ့ကြသဖြင့် ဤအရပ်ကား ညီတော် ၏ ဘေးရန်မှ စိတ်ချလောက်ပေပြီ၊ ဤတွင်ပင် စခန်းချ၍ ချမ်းမြစွာ နေထိုင်ကြကုန်အံ့ဟု တိုင်ပင်ကာ တောသစ်သီး လျှင် အာဟာရရှိသည် ဖြစ်၍ ကျောက်လိုဏ်ဂူ၌ပင် နေထိုင် တော် မူကြလေသတည်း။

**ညီတော့်လက်တွင်း သက်ဆင်းရရှာ မင်းရာဇာ**

စိတ္တရာဇာမင်း တိမ်းရှောင်ထွက်ခွါ သွားပြီးနောက် မကြာမီပင် ဂုတ္တရာဇာသည် ဘိသေကသဘင် ဆင်ယင်ခဲ့သည်။ သို့သော်ဂုတ္တရာဇာမင်းသည် နောင်တော်ကို လက်ဆုပ် လက်ကိုင် မရလိုက် သဖြင့် တရက် ရက်တွင် နောင်တော်သည် မိမိအား အနှောင့်အယှက် ပေးလိမ့်မည်ဟု စိုးရွံ့သျက် ရှိသောကြောင့် နောင်တော်မင်းမြတ် တိမ်းရှောင် ရာ တောတောင်ကို ကျွမ်းကျင်သော မုဆိုးအများ စေလွှတ်၍ မပြတ် ကင်းထောက်လျက် ရှိလေသည်။

နေ့တနေ့တွင် စိတ္တရာဇာ မင်းကြီးသည် ပုပ္ဖဝတီ မိဖုရားကို ကျောက်ဂူ၌ ထားလျက် အစာအာဟာရအလို့ ငှါ တောတွင်းသို့ တပါးတည်း ထွက်ခွါတော် မူခဲ့လေသည်။

မင်းကြီးသည် တတောင်တက်, တတောင်ဆင်းဖြင့် ကောင်းနိုးရာရာ သစ်သီးများကို ဆွတ်ခူး နေသည်ကို ဂုတ္တရာဇာမင်း ကင်းထောက်ချထားသော မုဆိုးများ တွေ့မြင် သဖြင့် မင်းကြီး မပြေး သာအောင် တိတ်တဆိတ် ဝိုင်း၍ ဘမ်းဆီး ကြလေသည်။

စိတ္တရာဇာ မင်းကြီးသည် ရန်သူ့ လက်တွင်းသို့ သက်ဆင်း ကျရောက် ငြားလည်း လောကဓံ တရားဖြင့် စိတ်တော်ကို ဖြေတော်မူလျက်....

"အို....မုဆိုးများ.... ငါ့ကို သင်တို့ ဘယ့် အတွက် ဘမ်းကြသနည်း....."ဟု မေးတော် မူလေ၏။

"မှန်လှပါ.... အရှင့်ညီတော် အမိန့်ဖြင့် ဘမ်းရပါ သည်။ နေပြည်တော်သို့ အသာတကြည် လိုက်ပါတော် မူပါ အရှင်မင်းကြီး...."

"ကောင်းလှပြီ မောင်မင်းများ.... ကိုယ်တော်မြတ် အသာ တကြည် လိုက်တော် မူမည်၊ သို့သော် မိဖုရားကြီး ပုပ္ဖဝတီသည် တောင်ယံ ကျောက်ဂူ၌ တဦးတည်း ကျန်ရစ် ခဲ့လေသည်၊ မိဖုရားကြီးကို ပြန်လည်ခေါ်ငင်ရန် အခွင့်ပြုစေ ချင်သည်...."

မင်းကြီး၏အမိန့်သံကို ကြားသောအခါ မုဆိုးတို့သည် အချင်းချင်း တိုင်ပင်ကြလေသည်။

"မင်းဆိုတာ ပရိယာယ် အလွန်များတယ် အဆွေတို့ မိဖုရားကြီးဆီကိုရယ်လို့ ကျွန်ုပ်တို့ကို ခေါ်သွားပြီး ဟိုကျသူ့ဘက်သား လူတွေနဲ့ ကျွန်ုပ်တို့ကို ရန်ရှာလျှင် ကျွန်ုပ်တို့ဟာ ဖွတ်မရ, ခါးမဆုံး ဆိုတာလို ကိုယ်ပါ ဒုက္ခဖြစ်ရဘို့ ရှိတယ်.... မင်းကြီးအလိုရှိတာက နောင်တော် စိတ္တရာဇာသာ ဖြစ်တယ်....၊ မိဖုရားကြီးကို မလိုဘူး ဒါ့ကြောင့် မင်းကြီးရဲ့ ခွင့်တောင်းချက်ကို ကျွန်ုပ်တို့လိုက်နာဘို့ မလိုဘူး မင်းကြီးကို ချက်ချင်းခေါ်မှ ဖြစ်လိမ့်မယ်...."

မုဆိုးများသည် အချင်းချင်း ဤသို့ တိုင်ပင်ကြပြီး....

"ကျွန်တော်မျိုးများကို အရှင့် ညီတော် အမိန့်ထုတ်လိုက်တာက နောင်တော်ကို အရအမိ ဖမ်းဆီး ခေါ်ဆောင်ခဲ့ဘို့ ဖြစ်ပါတယ် ဘုရား .... အရှင့် မိဖုရားကြီး ကိုပါ ခေါ်ဆောင်ခဲ့ရမယ်လို့ အမိန့်တော် မပါပါဘူး၊ဒါကြောင့် အရှင့် ခွင့်တောင်းချက်ကို ကျွန်တော်မျိုးများ ခွင့်ပေးဘို့ မလွယ်ကူတဲ့အတွက် ယခုပင် နေပြည်တော်သို့ အသာတကြည် လိုက်ပါတော်မူပါ အရှင်ဘုရား...."

စိတ္တရာဇာ မင်းကြီးသည် မုဆိုး များ၏ စကားကို ကြားတော်မူသော အခါ မိဖုရားကြီး အတွက် လွန်စွာ စိတ်မချမ်းမသာ ဖြစ်တော်မူရှာသည်။

မိဖုရားကြီးသည် အချိန်တန်၍ ငါပြန်မရောက် ပါက ငါ့အဘွက် လွန်စွာ စိုးရိမ်ရှာပေလိမ့်မည်။ တောကြီးမျက်မဲ၌ တဦးထည်း ကျန်နေရစ်မည် ဖြစ်၍ လွန်စွာ အားငယ်ရှာပေ လိမ့်မည်။ သို့သော် ယခု ငါသည်ကား ရာဇဝတ်ကောင် ဘဝသို့ ကျရောက်နေပြီ ဖြစ်၍ မည်သို့မျှ မတတ်နိုင်တော့ပါ တကား....။

ရွှေးကုသိုလ်, ကြမ္မာ ဖက်လာတော့၊
လေးနှုပျို ညာတခက်ထံသို့ စာမဆက် မကြား
သာ။ မေအဘွက် ဆွေးလှ ချည်ရဲ့ ရေစက်
ဝေးအောင် တခါ ကြုံပေါ့ထင့်၊ ကြမ္မာနှံ
စိတ္တာမင်းမှာဖြင့် ရာဇာဂုဏ် စိတ်မှာ မတင်း
နိုင်ဘူး၊ သင်းကြောင့် ခက်တာ။ မေကိုယ်မှာ
သန္ဓေ့ရင့်ရယ်နှင့် နေညိုလျှင် ဖေကိုလင့်နေကြ
ရွှေပျိုခင့် ခင်ကညာ၊ ရင်နာနာနှင့် မျက်ရေ
ရွဲ (ဩဘ်...) လင်မလာလျှင်ဖြင့် ခက်လေ
နဲ့။ ဖိုသည်း ငဲ့တုံ ကိုယ်ထည်းကွယ်မြိုင်ရဂုံ၌
ခိုင်ပဒုံ ပူမဲ့ရေးကိုဖြင့်၊ မကြုံသာ ပြန်ကာ
တွေးမိပြန်တော့ လေးတမိ ပူလဲရယ်ကြောင့်၊
(မောင့်မှာကွယ်) ဆွေးရိအမြဲ။ ။

စိတ္တာရာဇာ မင်းကြီးသည် မိဖုရားကြီးထံသို့ ပြန်လည် ပြောဆိုခွင့် မရသောအခါ မိမိကို ရန်သူများ ဘမ်းဆီးခြင်း ခံရ၍ စမ္မာနဂိုရ် ပြည်သို့ လိုက်ပါ သွားရပြီ ဖြစ်ကြောင်း

အသက် မသေ ပါလျှင် ပြန်လည် တွေ့ဆုံ ရလိမ့်ဦးမည်ဟု မြှော်လင့်ကြောင်းများကို လက်မောင်း သွေးဖြင့် သစ်ရွက်များ အပေါ် စာရေးသားပြီး ခရီးအကြား၌ ချထားတော်မူခဲ့ရရှာလေသတည်း။

**တောရိပ်မြိုင်လယ် နန်းမိမယ်** ပုပ္ပဝတီ မိဖုရားကြီးသည် မောင်တော်ဘုရား ပြန်လည် ဆိုက်ရောက်သင့်သော အချိန်၌ မရောက်လာသဖြင့် များစွာ ပူပန်လှသောကြောင့် ဂူဝသို့ ထွက်ကာ မြှော်နေမိရှာသည်။

ဂူဝမှ မြှော်ကြည့်လိုက်လျှင် တောင်ခြေ၌ လူသဏ္ဌာန်ကို မြင်ရသဖြင့် မောင်တော်ပြန်လာလေပြီဟူသော အမှတ်ဖြင့် ဆီးကြိုရန် ဂူဝမှ ထွက်ခဲ့ လေသည်။ သို့သော် မိဖုရားကြီး မြင်ရသော လူသဏ္ဌာန်ကား မင်းကြီးမဟုတ်ပါချေ။ အသက်အရွယ် အတော်ကြီးမားသော ယောကျ်ားကြီးနှင့် မိန်းမကြီး နှစ်ဦးတို့သာ ဖြစ်လေသည်။ ထို့ကြောင့် မိဖုရားကြီးသည် ထိုမိန်းမ ယောကျ်ား နှစ်ဦးသားတို့၏ အခြေအနေကို သိစေရန် သစ်ပင်ကြီး တပင်ကို အကာအကွယ် ပြုကာ ကြည့်နေမိသည်။

မိန်းမကြီးနှင့် ယောကျ်ားကြီးတို့ကား ဟောင်းနွမ်းသော အဝတ်များဖြင့် တောသူတောသားများပင် ဖြစ်ဟန်ရှိလေ၏။ သူတို့သည် ဂဏှာမငြိမ်သော မျက်လုံး များဖြင့် ဟိုကြည့် သည်ကြည့်ကြည့်လျက် တဖြည်းဖြည်း တောင်ပေါ်သို့ တက်လာကြ၏။

မိဖုရားကြီး ပုန်းကွယ်ရာ အနီးသို ရောက်သော အခါ ယောကျ်ားကြီး ဖြစ်သူက....

"သမီးတော်ကြီးဘုရား.... ထွက်တော်မူခဲ့ပါ၊ အမိနှင့် အဘတို့ ဖြစ်ပါသည်—"ဟု အော်၍ ပြောလိုက်သည်။

မိဖုရားကြီးသည် ဤအသံကို ငါကြားဘူး ပါသည်ဟု စဉ်းစားရင်း သစ်ပင်မှ ခွါ၍ ထိုသူ နှစ်ဦးကို သေချာစွာ ကြည့်လိုက် လေသည်။ ထိုသူ နှစ်ဦးကား အခြား မဟုတ် မိမိအား ငယ်စဉ်ကစ၍ ချီပိုးသိမ်းယ ခဲ့ကြသော အထိမ်း တော်ကြီး ဇနီးမောင်နှံတို့ ဖြစ်နေ သည်ကို အံ့သြ ဘွယ်ရာ တွေ့မြင်တော် မူရလေတော့သည်။

မှတ်ချက်= ထိုအထိမ်းတော် ဇနီးမောင်နှံတို့ကား သားတော် ဝိလာသ မင်းသား ဘုန်းကံကြောင့် လူယောင် ဆောင်ထားသော နတ်များဟု သမိုင်း၌ ဆိုလေ သည်။

အထိမ်းတော်ကြီး ဇနီးမောင်နှံတို့ကို တွေ့မြင်တော် မူရသော မိဖုရားကြီးမှာ ငယ်ရှယ်စိတ် ဖြစ်ပေါ် လာလျက် အထိမ်းတော်ကြီးတို့အား ပြေးဖက်၍....

"ငယ်မယ်နှင့် ဘဘတို့ သည်ရောက်အောင် ဘယ်လို လာခဲ့ကြတာလဲ ဟင်....၊ လမ်းမှာကော မောင်တော်ဘုရားနဲ့ မတွေ့ခဲ့ကြဘူးလား...?"ဟု အငန်းမရ မေးမြန်းတော် မူလေ သည်။

"မယ်မယ်နဲ့ ဘဘတို့လဲ သားတို့ သမီးတို့ မရှိလေတော့ နေပြည်တော်မှာ နေလို့မဖြစ်ကြတော့ဘူး၊ ဒါကြောင့် သားတော်နဲ့သမီးတော်များရှိမယ်ထင်ရာကိုခြေရာကောက်ပြီး လိုက်ခဲ့ကြတော့တာဘဲ၊ လမ်းမှာ သားတော်ကြီး နဲ့တော့ မတွေ့ရဘူး၊ ဒါပေမဲ့ သားတော်ကြီးတော့ ရန်သူ့လက်ကို ပါသွားပြီနဲ့ တူတယ်.... လမ်းမှာ သွေးစွန်း နေတဲ့ ဟောဒီ သစ်ရွက်တွေ တွေ့ခဲ့တယ်.... သစ်ရွက်ပေါ်မှာ စာရေးထားလေရဲ့ သမီးတော်ကြီး ကြည့်စမ်းပါအုံး...."

မိဖုရားကြီးသည် အထိမ်းတော်ကြီးလက်မှ သစ်ရွက်ကို ယူပြီး သစ်ရွက်ပေါ်မှ စာကို ဘတ်လိုက်သည်။

အသက်တမျှ ချစ်လှစွာသော နှမတော် ပုပ္ဖဝတီ

ရန်သူ့လက်တွင်း သက်ဆင်း ကျရောက် ရသဖြင့် နှမတော်ထံ ပြန်လည်ခွင့် မရ၊ နေပြည်တော်သို့ လိုက်သွားရပါပြီ။ ကံမကုန်သေးပါက ပြန်လည် ဆုံတွေ့ရန် မြှော်လင့်လျက် ရှိပါသည်။

'စိတ္တရာဇာ'

မိဖုရားကြီးသည် စာကို ဘတ်ရင်း ရင်တွင်း ဆို့၍ သွားသဖြင့် မျက်ရည် တဖိုင်ဖိုင် စီးဆင်းလျက် ဝေးပြီ.... ဝေးပြီ.... မောင်တော်နှင့်တော့ ဝေးပြီ....၊ နှမတော် ဘယ်လို ဖြေနိုင်ပါ့မလဲ မောင်တော်ရယ်....

## ဒွေးချိုး ငိုချင်း

ဝေးပါပြီ ရှေးကြမ္မာ ပွေလီလို့ မေမဒ္ဒီ
မောင်နဲ့ ဖြင့်မနီးပြီဘူး တောင်ကြီးကွာခြား။
ပြေမလွယ်ပေါင် ရေလယ်သောင် လွှတ်တဲ့
ခွေးလိုမို့၊ သေလွယ်အောင် ဝဋ်ယှက်လို့
ထွေးခဲ့ပြန်တော့ လေးကရေ က် တပါးမှာဖြင့်
ဆွေးရတက်ပွား။ ။

ပုပ္ပဝတီ မိဖုရားကြီး ဤသို့ငိုကြွေး ပူဆွေးနေသည်ကို မြင်လျှင် အထိမ်းတော်ကြီးက....

"သမီးတော်ကြီး ဘုရား....လောကမှာ နာနာဘာဝတဲ့ အသက်ရှင်လျက်လဲ ကွဲတတ်ပါတယ်.... ဝိနာဘာဝတဲ့ ရှင်ကွဲ မကွဲသော်လဲ၊ သေကွဲ ကွဲတတ်ပါတယ်၊ အညထာဘာဝတဲ့ အတူဖြစ်၊ အတူသေ၊ သေလဲ မကွဲ၊ ရှင်လဲမကွဲ တတွဲတွဲ ဖြစ်သော်လဲ နောက်ဘဝကျရင် သူကတခြား၊ကိုယ်ကတခြား ကွဲပြားတတ်ကြ ပါတယ်၊ သည်အကွဲကြီး သုံးကွဲနဲ့ တရက် မဟုတ် တရက်ရက်တော့ ကေန် ကြုံကြရမယ် ဆိုတဲ့ ဗုဒ္ဓ သျှင်တော် ဘုရားရဲ့ တရားဒေသနာတော်ကို သမီးတော် ကြီးလဲ အသိပဲ မဟုတ်လား၊ သည်တော့ ရှင်ကွဲ ဆိုတာ တရက်ရက် တွေ့ရလိမ့်အုံးမယ်ဆိုတဲ့ မြှော်လင့်ချက် ရှိသေးတဲ့ အတွက် သေကွဲလောက်တော့မဆိုးလှသေးပါဘူး ဒါကြောင့် တရားကို ရှေးရှူပြီး ပူမှုကို သိမ်းတော်မူပါ သမီးတော်ကြီး ဘုရား...."ဟု တရားပြ ဖြောင်းဖျ ရလေတော့သည်။

"ဒီတရားတွေကို သမီးတော် အသိ ဖြစ်ပါတယ် ဘဘရယ်.... သို့သော် ယခု ဖြစ်ရတဲ့ အရေးက 'တွေးလေ တွေးလေ၊ ဝေးမပြေ' ဆိုတာလို ဘယ်လိုမဖြေလို့မှ ပြေနိုင်ဘွယ် မရှိအောင် အကိုဒုက္ခကြုံတွေ့နေရတော့ တရားဘော်ကို ဘယ်လိုတင်ပြီး သမီးဘော် ဆင်ခြင်ရမှန်း မသိအောင် ဖြစ်ရပါတယ် ဘဘရယ်...."

"သမီးဘော်ကြီး အမိန့်ရှိတာလဲမှန်ပါရဲ့ လောကဓံ တရားဆိုဘာ ဒီလိုဖြစ်တတ်မြဲပဲ သမီးဘော်ကြီးရဲ့၊ သို့သော် စိတ် ဆင်းရဲဘော့ ကိုယ်ဆင်းရဲတယ်၊ ကိုယ် ဆင်းရဲတော့ ကိုယ်ကို အမှီပြုနေတဲ့ သန္ဓေတော်လဲ ဆင်းရဲပါဘယ်ဘုရား၊ ဒါကြောင့် ဝမ်းတွင်းက သန္ဓေသားကလေး ကရုဏာသားပြီး စိတ်အားငယ်မှုကို ပယ်တော်မူပါ ဘုရား.... မယ်မယ်နဲ့ ဘဘ တို့လဲ သေအတူ ရှင်မကွာ သမီးတော်ကြီးကို ပြုစုပြီး ဘောမြိုင်မှာ နေပါ့မယ်၊ ဘာမျှ အားငယ်တော် မမူပါနှင့် ပြီးတော့ ဒီနေရာ ဒီဌာန ဆိုဘာလဲ ဘေးရန် အန္တရာယ် မကင်းဝေးပါဘူး ဒါကြောင့် သည်ဌာနက တိမ်းတော်မူပြီး သည်က မြင်ရတဲ့ ဟိုတောင်ညို့ညို့ စခန်းကို ကြွလှမ်းကြပါစို့ သမီးတော်ကြီးဘုရား...."

ပုပ္ပဝတီ မိဖုရားကြီးသည် အထိမ်းတော်ကြီး လျှောက်တင်ချက်ကို နာယူပြီး ထိုဌာနမှ တိမ်းတော်မူ၍ ဝိလာသာတောင်မြဘ်သို့ ချဉ်းကပ် ကြွချီတော်မူလေသည်။ မိဖုရားကြီး တိမ်းတော်မူသည်ကို စွဲ၍ ထိုအရပ်ကို တိမ်းတော်ခေါ်ရာမှ ကာလ ရွေ့လျော၍ (တိမ်းသော်) ဟု အမည်တွင်လေသည်။

မိဖုရားကြီးသည် ထိုဝိလာသ တောင်မြတ်၌ ရှိသော ကျောက်ဂူအတွင်း မှီတင်း နေထိုင်တော်မူရင်း ဘုန်းပညာ လက္ခဏာနှင့် ပြည့်စုံသော သားတော် (**ဝိလာသ**) ကို ဘွားမြင်တော်မူလေ၏။ ဝိလာသမင်းသား ဘွားမြင်ရာ ဖြစ်၍ ထိုတောင်တန်းကို ဝိလာသ တောင်တန်းဟု ယနေ့တိုင် ခေါ်ဝေါ် ကြလေသည်။ ထိုဝိလာသတောင် ကျောက်ဂူ၌ ဝိလာသ မင်းသား အတွက် နတ်များ ဆက်သ အပ်သော ကျောက်အိုး၊ ကျောက်ရေမှုတ်၊ ကျောက်ပုခက် တို့သည် ယခုအထိ ထင်ရှား တည်ရှိလေသတည်း။

**အကျဉ်းတိုက်ဝယ် စမ္ပာယ်ရရှာ မင်းရာဇာ**

ဂုတ္တရာဇာ မင်းသည် မုဆိုးများ ဆောင်ယူတော် မူခဲ့သော နောင်တော် စိတ္တရာဇာအား အကျဉ်းတိုက်၌ ချထား စေပြီး မင်းတိုင်ပင် အမတ်ကြီး နန္ဒကကို ခေါ်တော်မူ၍....

"ဘယ့်နှယ်လဲ အမတ်ကြီး နောင်တော်မြတ်တော့ ကိုယ်တော်မြတ် လက်တွင်း သက်ဆင်း ကျရောက်တော်မူခဲ့ပြီ၊ နောင်တော်ကြီးကို ဘယ်လို စီရင်သင့်တယ် ဆိုတာ အကြံ ဉာဏ်များ ပေးပါအုံး...."

"သည်ဟာ လောက်တော့ လွယ်ပါတယ် အရှင် မင်းမြတ်.... လောကဝေါဟာရမှာ မီးကိုလဲ အကြွင်း မထား ကောင်းပါဘူး၊ မီးကြွင်းထားခဲ့လျှင် ဒီမီးကြွင်းက တောက်

ပွားပြီး ကြီးမားသော မီးကြီး ဖြစ်ခဲ့တတ်ပါတယ်၊ ပြီးတော့ ကြေးကိုလဲ အကြွင်း မထားကောင်းပါဘူး၊ ကြေးကြွင်း ထားခဲ့လျှင် သည်ကြေး ကြွင်းက တိုးပွားပြီး မြို့စားကို မြို့တတ်ပါတယ်ဘုရား၊ ပြီးတော့ရန်ကြွင်းလဲမထားကောင်းပါ ဘူး၊ရန်ကြွင်းထားခဲ့လျှင်သည်ရန်ကြွင်းကတိုးပွားပြီးတရက်ကျ မိမိအား သတ်တတ်ပါတယ်.... ဒါ့ကြောင့် ရန်သူ အဖြစ် ရောက်နေတဲ့ နောင်တော်မင်းမြတ်ကိုလဲ ရန်ကြွင်း မထား တော့ပဲ ထုံးစံအတိုင်း စီရင်လိုက်ခြင်း ဖြင့်သာ ရန်ညွန့်ကို ပျက်ပြိုစေမည် ဖြစ်ကြောင်းပါဘုရား...."

"မင်းကြီး သံတော်ဦး တင်တဲ့ အရေးကိုလဲ ကိုယ်တော်မြတ် ကြံတွေးမိတယ်... သို့သော်လဲ နောင်တော် မြတ်ဟာ ယနေ့ အထိ ကိုယ်တော့် အပေါ် ရန်သူလို သဘောထားတဲ့ အမူအရာကို မတွေ့ရဘူး၊ တိုင်းပြည်ကြီးကို ပြန်လည်ယူမည့် လက္ခဏာလဲ မတွေ့ရဘူး၊ ကိုယ်ကသူ့အပေါ် ဆိုးပေမဲ့ သူ့ဘက်က ကောင်းနေတာတွေ မြင်တွေ့ နေရ ပါလျက်နှင့် ဒီလို ရက်ရက် စက်စက် စီရင်ဘို့ ဆိုတာ ကိုယ်တော့် အနေနှင့် အခက်ကြီး ခက်နေတယ် မင်းကြီးရဲ့"

"ဒါကတော့ဒီလိုရှိပါတယ်အရှင်မင်းမြတ်မြုံနေတဲ့အနာဟာ ထကြွနေတဲ့ အနာထက် ကြောက်စရာ ကောင်းလှပါတယ်.... အရှင်မင်းကြီးလဲ သိတော်မူတဲ့အတိုင်း တိုင်းသူ ပြည်သား တွေဟာ လက်နက်တော် ကြောက်လို့သာ အရှင်မင်းကြီးရဲ့ အာဏာတော်အောက်မှာ ငြိမ်ဝပ်နေကြခြင်း ဖြစ်ပါတယ်....

သူတို့ အားထား ယုံကြည် တာက နောင်တော် မင်းမြတ် ဖြစ်တော်မူတယ်မဟုတ်လားဘုရား.... နောင်တော်မင်းမြတ်က မျက်စိ တဖက် မှိတ်ပြလိုက် ရုံနဲ့ ကျွန်တော်မျိုး ကြီးများ အုပ်မရ, ထိမ်းမနိုင် ဆူပူလာနိုင်တဲ့ အရေးဟာ ဗေဒင်မေး စရာ မလိုအောင် အခြေအနေက ဖြစ်နေပါတယ်၊ ဒီတော့ အရှင့် နောင်တော်မြတ်ကတော့တဲ့၊ သူဟာ ရဟန္တာမဟုတ်တဲ့ အတွက် အရှင့်အပေါ်မှာ အရှင်ထင်တော် မူသလို ကောင်း နေဘို့ ဆိုတာလဲ အင်မတန်ခဲယဉ်းလှပါတယ်၊ မြုံနေတဲ့အနာ သဘောမျိုးလို ကျွန်တော်မျိုးကြီးထင်ပါတယ်၊အဲဒါကြောင့် အနာကိုလဲ အကြွင်းမထားဘဲ ငန်းမန်းပါ ကုန်သွားအောင် ဖေါက်ခွဲကုသလိုက်ခြင်းဟာ အကောင်းဆုံးဘဲလို့ ကျွန်တော် မျိုးကြီး ထင်မြင်မိပါတယ်ဘုရား...”

“မင်းကြီး တင်လျှောက်တဲ့ စကားရပ် ဟာလဲ ဘွေးတော စရာ အချက်ပါပေပဲ၊ နို့ပေမဲ့ နောင်တော်ကြီး အပေါ်မှာတော့ မြုံနေတဲ့ အနာလို့ ကိုယ်တော်မြတ် ယူဆတော်မမူပါဘူး၊ သဘောရိုးနှင့်ဘဲ သည်းခံခြင်း တရား လက်ခံထားတယ်လို့ ယူဆမိပါတယ်....”

“ဒါကတော့ အရှင် မြတ်တို့ မှာတော့ သွေးရင်း သားရင်းပေကိုး ဘုရာ့၊ သံယောဇဉ် မကင်းတော့ ဒီလိုဘဲ ကောင်းဘက်က တွေးပေမပေါ့၊ သို့သော်လဲ အရေး ဆိုတာ အင်မတန် ခက်ပါတယ်....၊ ခတ်ပေါ့ပေါ့ တွေးပြီးတော့ အရှင့်နောင်တော်ကိုတော့ ခတ်လျှော့လျှော့ မထားလိုက် ပါနှင့်၊အကယ်၍ အဆုံးမစီရင်လိုသည့် တိုင်အောင် ကြပ်တီး စွာ ချုပ်နှောင်ထားပါမှ သင့်တော်မည် ထင်ကြောင်းကို ကျွန်တော်မျိုးကြီး အကြံဉာဏ်ပေးပါရစေ....”

"ကောင်းလှပြီ မင်းကြီး နောင်တော်မြတ် ဘယ်ကိုမျှ လှုတ်ထွက် မသွားနိုင်အောင် သံနှောင်အိမ်အတွင်း အကျဉ်း ချပြီး နေ့ညမလပ် စောင့်ကြပ်ကြစေ မင်းကြီးများ...."

ဂုတ္တရာဇာမင်းသည် ဤသို့အမိန့်ထုတ်ပြီး နောင်တော် မင်းမြတ်အား သံနှောင်အိမ် အတွင်း အကျဉ်း ချထားတော် မူလေသတည်း။

## သားအတွက် ကျမျက်ရည်

မဟာရဝိ အသွင်ပါကို၊ သာကိဝင် ခိုင်
စံပယ် အညွှာက်ပေမဲ့၊ မှိုင်လယ်မျောက်လို
နန်းမြေဖြင့် မနီးရပါကလား၊ ကမ်းခြခရီး
မြောင်အထက် ဂူမှာဖြင့် တကောင်ကြွက်
လူကလေး။ ဩော်....တရက်တရက်နဲ့ ဝေးခဲ့
ပါပေါ့၊ အခက် အခက် အရေး ဖြေရန်
မလွယ်ဘူး၊ ရဝေပျိုလယ် နှစ်ပါး ပျော်လို့
မပြုံးရတာမို့၊ ဘွဲ့ဝန်လယ်မှာ သားတော်
ဖြင့် ဟုန်းပေလိမ့်၊ ဩော်.... အပူလုံး ကြွလှ
ချည့် ဒုက္ခမကြည်စရာ အရေးတွေကြောင့်
ယူကြုံးမရပြီဘူး ပုပ္ပဝတီမှာဆွေး။ ။

ဝိလာသတောင်ယံဝယ်ဝိလာသမင်းသား ဖွားမြောက် ခဲ့သည်မှာ နေ့မှ-လ-ဆက်၊ လ-မှ-နှစ်ကူးလျက် ခုနစ်နှစ် အတွင်းသို့ သက်ဆင်းကျရောက်ခဲ့လေပြီ။

ဝိလာသ မင်းသားငယ်မှာ တောတောင် အတွင်း ကြီးပြင်းပေါက်ဖွားလာရသူ ဖြစ်သည်အားလျော်စွာ လွန်စွာ ဖျပ်လပ်သန်မာလျက် ကိုယ်ခန္ဓာမှာ အသက်နှင့် မလိုက်အောင် ကြီးထွား လှပေသည်။

မင်းသားငယ်သည် ငယ်စဉ်ကစ၍ အဘိုး၊ အဖွားများ ဖြစ်ကြသော အထိန်းတော်ကြီးတို့နှင့်အတူ တော၌ ကျက်စား သွားလာရင်း တောမှရသော ဆင်ငယ်၊ ဆတ်ငယ်၊ စိုင်ငယ်၊ ပြောင်ငယ်၊ သမင်ငယ်တို့ကို ယုယစွာကျွေးမွေးပြုစုလာသဖြင့် ထိုတောတိရစ္ဆာန်ငယ်တို့ကား မင်းသားငယ်နှင့် ကစားဘော် ကစားဘက် ဖြစ်ခဲ့ကြလေ၏။ မိဖုရားကြီး ပဒ္မဝတီသည် တိရစ္ဆာန်ငယ် တို့နှင့် မြူးတူးပျော်ပါး ကစား၍နေသော သားတော်ကို ကြည့်ရင်း.... " သားတော်သည်ကား နန်းညွန့် နန်းသွေးပင် ဖြစ်ပါသော်လည်း၊ ရွှေနန်းတော်၌ မွေးဖွား ကြီးပြင်းခဲ့ရသည်မဟုတ် တောအုပ် ကျောက်ဂူ အတွင်း မွေးဖွား ကြီးပြင်း လာရသည် အားလျော်စွာ ထီးဟန် နန်းဟန်နှင့် ကွာဝေးပြီး တောသွေးဝင်ရောက် တောမျောက် ပမာ ဖြစ်၍လာချေပြီ။ ဤသားတော်သည်ကား ခမည်းတော် ၏ အမွေ၊ နန်းရပ်မြေနှင့် ကြာလေဝေးလေ ဖြစ်ခဲ့ရှာရလေပြီ တကားဟု" သားတော်၏ ရှေ့ရေးကို တွေးတောပူပန်လျက် မဆည်နိုင်အောင် မျက်ရည် ကျမိ ရှာလေသည်။ ဤသို့ မယ်တော်ဘုရား ပူဆွေးငိုကြွေးနေသည်ကို ဝိလာသမင်းသား မြင်လေသော် မယ်တော့်ထံပါး ချဉ်းကပ်၍....

"မယ်မယ်ဘုရား.... ဘယ်အတွက်ရွှေမျက်ရည် ယိုစီး၍ ငိုညည်းတော်မူရပါသလဲဖျာ့...."ဟု မေးမြန်းလေ၏။

"မယ်မယ်ငိုတာက သားတော်ရဲ့ ရှေ့ရေးကို တွေး-တွေးပြီး မအေးနိုင်လို့ ငိုတာပေါ့ သားတော်ရဲ့...."

"သားတော်ရဲ့ ရှေ့ရေးက ဘာမအေးနိုင်စရာရှိသလဲ မယ်မယ်ရဲ့...."

"သားတော်ရဲ့ ရှေ့ရေးဆိုတာကို မယ်မယ် ပြောပြမယ် နားထောင်နော်.... မယ်မယ်တို့ဟာ ဆင်းရဲသားများ မဟုတ်ကြဘူး၊ ဟောဒီ တောင်ထိပ်က တောင်အရပ်ဆီကို လှမ်းမြော် ကြည့်လိုက်လျှင် မှိုင်းမှိုင်း ညို့ညို့ မြင်နေရတဲ့ နေရာဟာ မယ်မယ်တို့ စံရာ စမ္ပာနဂိုရ်ပြည်ကြီး ဖြစ်တယ်.... သားတော်ရဲ့ခမည်းတော်ကို အဲဒီပြည်ကိုအစိုးရတဲ့ စိတ္တရာဇာ မင်းကြီးလို့ ခေါ်ကြတယ်၊ မယ်မယ် ကတော့ မိဖုရားကြီး ပေါ့၊ တနေ့ကျတော့ ကျောက်ဆီးမြို့မှာ နေထိုင်တဲ့ ညီတော် ဂုတ္တရာဇာက ပုန်ကန်တဲ့အတွက် မယ်မယ်နဲ့ ခမည်းတော် နှစ်ပါးထည်း နန်းတွင်းက ထွက်ပြေးခဲ့ ကြရတယ်၊ အဲဒီလို ပြေးလို့ မကြာခင်အတွင်းမှာဘဲ သားတော်ရဲ့ ခမည်းတော် ကို ရန်သူများ ဘမ်းမိသွားကြတယ်၊ ယနေ့အထိ သေသည် ရှင်သည် ဆိုတာ မယ်မယ်တို့မသိကြရဘူး.... အကယ်လို့သာ မယ်မယ်တို့ဟာ နန်းတွင်းမှာ အခြေမပျက် နေထိုင် ကြရရင်

သားတော်ဟာ ခုလို တောတွင်းသား ဖြစ်မှာ မဟုတ်ပေဘူး၊ ခုတော့ မယ်မယ်တို့ အကုသိုလ် ဖိစီးသလို သားတော်လေးလဲ နန်းမြေနဲ့ ဝေးခဲ့ရပြီ.... ဒါတွေတွေးမိလို့ မယ်မယ်ငိုမိတာဘဲ သားတော်ရဲ့...."

"အို... ဒီလိုဆို ဘာအရေးလဲ မယ်မယ်ရယ်.... အဲဒီ မယ်မယ်တို့စံရာ စမ္ဗာနဂိုရ်ကို သွားကြတာပ၊ အဲဒီကျရင် ခမည်းတော်ဘုရားနဲ့လဲ တွေ့ရမယ်မဟုတ်လား မယ်မယ်ရဲ့"

"မသိလိုက်လေ သားတော်ရယ်.... မယ်မယ် တို့က ရာဇဝတ်သားတွေပါကို၊ ဘယ်သွားလို့ဖြစ်ပါ့မတုန်းသွားလို့ ဟိုရောက်ရင်မယ်မယ်တို့ကိုသတ်ပစ်မှာပေါ့ကွဲ့၊ သားတော်ရဲ့ ခမည်းတော် ဘုရားလဲ ခုလောက်ကြာရင် လူ့ပြည်မှာ ရှိမယ်လို့ မယ်မယ် မထင်ပါဘူး သားတော်ရယ်...."

"သားတော်တို့ပိုင်တဲ့ပြည်ကြီးကိုလဲ လုယူသေးတယ်၊ သားတော်တို့ကိုလဲ သတ်ပစ်အုံးမယ်ဆိုရင် ဘထွေးတော်ဟာ တိရစ္ဆာန်တွေထက်တောင်တရားမဲ့နေအုံးမှာပါဘဲဒီလောက် တော့ တရားမဲ့လိမ့်မယ်လို့ သားတော် မထင်ပါဘူး၊ ဒါကြောင့် သတ်လိုရင်လဲ သတ်ကရော့ သားတော်တော့ စမ္ဗာနဂိုရ်ပြည်ကိုဘဲ သွားချင် နေပြီမယ်မယ်...."

"လာမဲ့ဘေး အဝေးက ရှောင်ရမတဲ့ သားတော်ရဲ့ ဟိုရောက်ရင် သားတော်ရဲ့ ဘထွေးတော်က ညှာတာမှာ မဟုတ်တဲ့ အတွက် မီးရဲ့ အတွင်းမှာ သားတော် ဆင်းမှာ ကိုတော့ မယ်မယ် မကြည့်ပါရစေနဲ့ကွယ်...."

"မယ်မယ်ဘုရား ဟို... စောစောတုန်းကလို ဘာမျှ မသိရရင်လဲ အကောင်းသား... ခုတော့ သားတော် စိတ်မှာ ခမည်းတော်ကိုရော၊ ဘထွေးတော်ကိုရော အင်မတန်မှမြင်ဘူး ချင်နေပါတယ်၊ စမ္ပာနဂိုရ်ဆိုတဲ့ ပြည်ကြီးကိုလဲ အင်မတန် ရောက်ချင်နေပါတယ်....ဒါ့ကြောင့်ဘာဘဲဖြစ်ဖြစ် သားတော် သွားပါရစေ မယ်မယ်...."

"မယ်တော် ပုပ္ဖဝတီသည် သားတော်အား စမ္ပာနဂိုရ် ပြည်သို့ မသွားရန် အတန်တန် ပြောကြား တားမြစ်ပါ သော်လည်း သားတော်၏ သွားလိုသော ဆန္ဒကို မလွန်ဆန် နိုင်တော့သဖြင့်—

"ကဲ—ကဲ.... သားတော် သည်ကလောက် သွားလိုစိတ် ပြင်းထန်ရင်လဲ သတိတမန် ညဏ်မြေ ကတုတ်၊ ပညာစွမ်း ချွန်းကဲ့သို့ အုပ်၍သာ သွားပေရော့.... ဟိုကျရင် ဘုရင့် သားတော်ဆိုတာ ထင်ရှားပြသနိုင်အောင် မယ်မယ့်လက်မှာ ဝတ်ဆင်ထားတဲ့ ပတ္တမြားလက်စွပ်တော်ကို သက်သေအဖြစ်နဲ့ ဆောင်ယူသွား— မယ်ဘုရားတော့ သည်တော သည်တောင် အကြားမှာဘဲ တရားနဲ့ပျော်မွေ့ပြီး နေရစ်တော့မယ်....ဟု ပြောဆိုကာ ခွင့်လွှတ်တော်မူလိုက်ရလေ၏။

မယ်တော်၏ထံမှ အခွင့်ရလျှင် ဝိလာသမင်းသားသည် ရောင်းရင်းဘက်များ ဖြစ်ကြသော ပြောင်၊ ဆင်၊ စိုင်၊ ဆတ် တို့ ခြံရံလျက် စမ္ပာနဂိုရ်ပြည်သို့ ရှေးရှု ထွက်ခွါတော် မူလေ သည်။

ဝိလာသ မင်းသား စမ္ပာနဂိုရ်သို့ ချီတက်ကြောင်း သတင်းဖြစ်ပွားသဖြင့် အနီးအပါး ရပ်ရွာမှ လူအများလည်း မင်းသားကို ခြံရံကာ လိုက်ပါကြလေသတည်း။

**သားနှင့်အဘ ကြုံတွေ့ကြသော်** စမ္ပာနဂိုရ် နန်းပြသာဒ်အတွင်း၌ အရေးပေါ် ညီလာခံတရပ် ကျင်းပလျက် ရှိလေသသည်။ ဂုတ္တရာဇာမင်းသည် ပလ္လင်တော်ထက်၌ ငြိမ်သက်စွာစံလျက် နန္ဒကအမတ်၏ လျှောက်တင်ချက်ကို စဉ်းစားလျက် ရှိသည်။

"အရေးတော်က ဒီလို ဖြစ်နေတာကိုးဘုရား.... အရှင်မြတ်ရဲ့ တူတော်ဟာယခုဆင်တပ်၊ မြင်းတပ်နဲ့ ရွှေမြို့တော်ဆီကို ရှေးရှုပြီး ချီတက်လာပြီလို့ အထောက်တော်များက သတင်းပို့ပါတယ် ဘုရား...."

"သည်စကား ဟုတ်မှန်ပါ့မလား အမတ်ကြီးရဲ့.... နောင်တော် စိတ္တရာဇာမှာလဲ သားသမီးရယ်လို့ မရှိခဲ့ပါဘူး၊ သည်တူတော်ဆိုတာက ဘယ်သူကမွေးလို့ ဘယ်ဆီက ပေါ်လာတာတဲ့တုန်း...."

"မှန်လှပါ.... နောင်တော်မြတ်မှာသားသမီး မရှိခဲ့ဘူးသော်လည်း တိုင်းပြည်က ထွက်ခွါစဉ်ကာလက မိဖုရားကြီးမှာ သန္ဓေတော်အရင့်အမာနှင့် ဖြစ်ကြောင်းပါ၊ ယခုတူတော်ဆိုသည်မှာ မိဖုရားကြီးက ဖွားမြင်သော သားရတနာဖြစ်နိုင်ကြောင်းပါ ဘုရား...."

"ကဲ.... ရှိပါစေတော့....သည်ကိစ္စ အတွက် ဘယ်လို စီမံရင် သင့်ပါ့မတုန်း သံတော်ဦး တင်စမ်းပါအုံး...."

"ယခု ကိစ္စမှာ ချီတက်လာသူဟာ တူတော် အမှန် ဖြစ်ရင် အသက်အရွယ် လွန်စွာနုငယ်သူ မျှသာ ဖြစ်ပါလိမ့် ဦးမယ်၊ ချီတက်လာရာ အရပ်ကလဲ လူသူခေါင်းပါးတဲ့ အရပ် ဖြစ်ကာမို့ နောက်လိုက်နောက်ပါ များစွာ ပါလာနိုင်ဘွယ် မရှိပါဘုရား၊ ဒါကြောင့် ချီတက်လာတဲ့ ရန်သူ တပ်ကို တိုက်ဖျက်ဘို့ အရေးမထားလောက်ပါဘူး၊ သို့သော် အပြင် ရန်ထက်၊ အတွင်းရန်ကို ပိုမိုလို့ ကြောက်ရပါတယ် အကျဉ်း ထောင်တွင်းမှာ နောင်တော်ကြီး ရှိနေပါတယ်၊ နောင်တော် ကြီးကို ပြရုပ်ထားပြီး အတွင်းဘက်က ထောင်ထား လာမှာ လွန်စွာ စိုးရိမ်ရပါသဖြင့် နောင်တော်ကြီးကို အပြီး အပိုင် သုတ်သင်သင့်ပါကြောင်းကို အကြံပေး တင်လျှောက် ဝံ့ပါ သည် ဘုရား...."

"အေးလေ.... ကိုယ်မချို့အမိသော်လဲ သားတော်ခဲတဲ့ အရေးက ဖြစ်ပေါ် လာမင့်ကိုး... မင်းကြီး ကြည့်ပြီးသာ နောင်တော်ကြီးကို ဇာတ်သိမ်းလိုက်ပေတော့...."

မှူးမတ်များသည် ဂုတ္တရာဇာမင်း ထံမှ အမိန့်ရသော် စိတ္တရာဇာ မင်းကြီးအား သုတ်သင်ရန် အကျဉ်း ထောင်မှ ထုတ်၍ သုသာန်မြေသို့ ဆောင်ယူစေလေသည်။

ထိုရောအခါ ဝိလာသ မင်းသားသည် နောက်လိုက်နောက်ပါ တို့နှင့်တကွ တောတွင်းတိရစ္ဆာန်တို့ကို မြစ်တဘက်ကမ်းကွင် ထားခဲ့ပြီး တဦးထည်း စမ္ပာနဂိုရ်မြို့သို့ ချီတက်လာလေ၏။

တိုင်းသူပြည်သားများလည်း စိတ္တရာဇာ မင်းကြီးကို သတ်ရန် ထုတ်ခဲ့သည်ဟုသတင်းကြားကြသဖြင့် မင်းကြီးအား ဖူးမြင်ရန် ဝိုင်းအုံ၍ လာခဲ့ကြသည်။

ထိုလူထုနှင့် ဝိလာသ မင်းသား ဆုံတွေ့ ကြသော် 'အကြောင်း အသို့နည်း'ဟု ဝိလာသမင်းသားက မေး၏။ 'စိတ္တရာဇာမင်းကြီးကို သတ်ရန် ထုတ်ခဲ့သဖြင့် မင်းကြီးအား ဖူးမြော်ရန် လာကြကြောင်း' လူထုက ပြန်ပြောလျှင် မင်းသားလည်း ထိုလူထုနှင့်အတူ သုသာန်မြေသို့ လိုက်ခဲ့လေသည်။ သုသာန်မြေသို့ ရောက်၍ ခမည်းတော်ကို ဖူးတွေ့ရလျှင် သွေးခုတ်၏ နှိုးဆော် ချက်ဖြင့် ခမည်းတော်မှန်း သိလျက် လူထုမှထွက်ခွါကာ ခမည်းတော်ထံပါးသို့ ချဉ်းကပ်လာလေသည်။ ထိုအခါ အာဏာပါးကွက်တို့သည် မင်းသားငယ်အား ဟန့်တားကုန်၍....

"ဟဲ့ သူငယ်.... ရာဇဝတ်သားရဲ့ အနီးအပါး မချဉ်းကပ်ရဘူးဆိုတာ မသိဘူးလား.... ချက်ချင်းနောက်ဆုပ်လိုက်" ဟု တင်းမာစွာ ပြောဆိုကုန်၏။

သို့သော် မင်းသားငယ်ကား ကြောက်ရွံ့ဟန် မရှိဘဲ "ကျွန်တော် ခဏလောက် စကားပြောစရာရှိလို့ ခွင့်ပြုပါ ခင်ဗျာ...."ဟု တောင်းပန်ခြင်းကို ပြုလေ၏။

"ခွင့်ပြုရအောင် သူငယ်နဲ့ မင်းကြီး ဘာသက်ဆိုင် လို့လဲ...."

"သက်ဆိုင်ဆို သည်မင်းကြီးဟာ ကျွန်တော့် ခမည်းတော် ဖြစ်ပါတယ်...."

"ဟေ.... သည်လိုဆို ဆင်တပ်၊ မြင်းတပ် တွေနဲ့ ချီတက်လာတဲ့ ဝိလာသမင်းသား ဆိုတာ အမောင်လား?...."

"ဟုတ်ပါတယ်.... ဝိလာသဆိုတာ ကျွန်တော်ပါဘဲ"

အာဏာသားတို့နှင့် မင်းသားငယ် ပြောဆိုသံ ကြား သဖြင့် မင်းကြီးက ကြားဖြတ်ပြီး ပြောလိုက်လေသည်။

"နေကြစမ်းပါအုံး၊ နေကြစမ်းပါအုံး.... ကိုယ်တော် မြတ်မှာ သားသမီးရယ်လို့လဲ ဘယ်တော့တုန်းကမျှ မရှိခဲ့ ပါဘူး.... သူငယ်က ကိုယ်တော့်အပေါ် ဘယ့်နှယ် ခမည်း တော်ပါရယ်လို့ စွပ်စွဲနေရတာလဲ...."

"မှန်လှပါ.... ဖျော့သားတော်ဟာ ခမည်းတော် မင်းမြတ်ရဲ့ သားအရင်း မှန်ပါတယ်ဘုရား ... ဖျော့မယ်တော် ကတော့ ပုဏ္ဏဝတီ ဖြစ်ကြောင်းပါဘုရား...."


မင်းသားငယ် လျှောက်တင် သဖြင့် အဖြေမှန်ကို မင်းကြီး စဉ်းစားမိလေပြီ။ သို့သော် သားတော် ရာဇဝတ်မှ သင့်ရောက်မည် စိုးရိမ်တော်မူသဖြင့်....

"မဟုတ်လိုက်လေ လူကလေးရယ်.... ကိုယ်တော်မြတ်နဲ့ မိဖုရားကြီး ကွဲကွာနေတာကဘဲ နှစ်ပေါင်း အတော်ကြာခဲ့ပြီ ဘယ်ကသား ဖြစ်ပွားလာနိုင်ပါ့မလဲ.... စဉ်းစားပါအုံး လူကလေးရဲ့၊ ကိုယ်တော်မြတ်ဟာ သင့်ခမည်းတော် မဟုတ်ပါဘူး၊ မဟုတ်တာကို အဟုတ် လုပ်ခဲ့လျှင် လူကလေးပါ ရာဇဝတ်ဘေး သင့်သွားလိမ့်မယ်၊ သတိထားပြီး ပြောပါ လူကလေးရဲ့...."

"ရာဇဝတ် အပြစ်ဒဏ်ကိုခံယူဘို့သားတော် ဝန်မလေးပါဘုရား၊ ဟောဒီမှာ မယ်မယ်ဘုရားပေးအပ်တော် မူလိုက်တဲ့ ပတ္တမြား လက်စွပ်ကို ရှုတော် မူပါ၊ ဖျာ့ သားတော်ဟာ ခမည်းတော်ရဲ့ သားတော် အရင်း မှန် လှ ကြောင်း ပါ ဘုရား—"

**မင်းကြီး....ငို**

အကြောင်း ငယ်ဆိုင်.... နှစ်လောင်းပြိုင်
သေရွာလိုက်ချင်တဲ့ လူမိုက်ကလေး—။ ။
အပွေငယ်ဖြာ— အဖေရှာ လာမမှားချင်နှင့်၊
သေရွာကိုတခါသွားရလိမ့်မယ် (အမယ်မင်း)
သားကြောင့်ခက်သေး။ ။



ရွှေကျီးနွားဘုရားတွင် တည်ထားသော
ကျိုက်ထီးရိုးစေတီတော်ပုံ။

(D)

မင်းကြီးသည် သားတော် ထုတ်ပြသော ပတ္တမြား လက်စွပ်တော်နှင့် သားတော်၏ မျက်နှာကို ကြည့်ရင်း မျက်ရည်ရစ်ဝဲ ငိုပွဲဆင်မိရှာသည်။

ထိုအခါ သားတော် ဝိလာသ မင်းသားက "ခမည်းတော်သည် ခန္တီတရားလက်ကိုင်ထားသော သူတော်ကောင်းကြီး မှန်သဖြင့် တိုင်းပြည်ကို ပြန်လည် သိမ်းပိုက်ရန်လည်း စိုးစဉ်းမျှ အကြံတော်ရှိသည် မဟုတ်ပါ၊ ထို့ကြောင့် တရားရှင် ဖြစ်သော မင်းကြီးကိုလွှတ်၍ ခမည်းတော်၏ ကိုယ်စားကျွန်ုပ်အား သတ်ကြပါ"ဟု အာဏာသား တို့ထံ အသနား ခံလေ၏။

အာဏာသားတို့ကလည်း၎င်းအကြောင်းကို ဂုတ္တရာဇာ မင်းကြီးအား သံတော်ဦး တင်ကြလေရာ၊ ဂုတ္တရာဇာမင်းကြီး သည် မူလကပင် နှောင်တော်အား ငဲ့ကွက်ခြင်း ရှိသည့်အတိုင်း စိတ္တရာဇာမင်းကြီးကို လွှတ်၍ ဝိလာသ မင်းသာ ကို သတ်စေဟု အမိန့်ထုတ်တော် မူလေသတည်း။

## မေတ္တာအကျိုး ဆယ့်တမျိုး

ဓားနဲ့ထိုး၊ဓားကျိုးလို့ လှံချွေ။ အဆိပ်
ရေ၊ မီးလျှံခတ် ကယ်နှင့် သတ်လို့ မသေ။
ဆင်နဲ့နင်း ဆင်မင်းတဲ့ ရှောင်ခွါသွေ၊
တောင်ဗွေက ချငြား။ ပြစ်မပါ ချစ်သဒ္ဒါ
မေတ္တာ အကျိုးပေမို့ တန်ခိုးတော် ပိုလို့
မြူးခဲ့တယ် ထူးတဲ့ ယောကျ်ား။ ။

မေတ္တာတရား၏ တန်ခိုးတော်သည် လွန်စွာ အံ့ဘွယ် ကောင်းလှ၏။ လောကဥ္စသတ္တဝါတို့၏အသားကို ဖေါက်စား တတ်သော လှ ၊ ခါး၊ လေး၊ မြှားတို့သည် မေတ္တာ တရား ထုံပျံ့ နေသော ပုဂ္ဂိုလ်အား ဖေါက်စား ခြင်းငှါ မစံ့ကြ လေကုန်။

ဥတေနမင်းသည် သာမာဝတီ အမှူးရှိသော မောင်းမ ငါးရာတို့အား အဆိပ်လူးသော မြှားဖြင့် ပစ်ခဲ့၏။ ထိုသော် မြှားသည် မေတ္တာရှင် သာမာဝတီထံသို့ မသွားစံ့ဘဲ လေး၌ ကပ်လျက်သာ ပုန်းအောင်း နေရလေ၏။

သိရိမာ မည်သော ပြည့်တန်ဆာမသည် မေတ္တာရှင် ဥတ္တရာအား လောလောပူသော ထောပတ်ဆီဖြင့် ဦးခေါင်း ထက်၌ သွန်းလောင်းခဲ့၏။ ဥတ္တရာ၏ မေတ္တာ တန်ခိုးကြောင့် ထောပတ်ပူသည် နံ့သာရည် တမျှ ဧမြ ခဲ့ရ၏။ မေတ္တာ၏ အာနုဘော်ကား ကျွမ်းမျှသာ မကသေး ဆယ့်တပါးသော အကျိုးတရားကိုလည်း တိုးပွား နိုင်ကြောင်းဖြင့် အင်္ဂုတ္တရ ကောဒသနိပါတ်၌ ဗုဒ္ဓဘုရား ဟောကြားတော် မူခဲ့၏။

### မေတ္တာအကျိုး ၁၁-မျိုး၊ ၈-လုံးဘွဲ့

(၁) ချမ်းသာစွာပ၊ အိပ်ရ ပျော်ရွှင်
(၂) ကောင်းစွာ နိုးကြား၊ တိုးပွားကြည်လင်
(၃) မကောင်း အိပ်မက်၊ ဝေးလျက် ရှောင်ကြဉ်
(၄) လူအများ၊ သနား လွန်ချစ်ခင်။ ။

(၅) မိတ္ထာနတ်လည်း၊ ချစ်တတ် သည်ပင်
(၆) အမြဲမပြတ်၊ စောင့်ကြပ် ကိုယ်တွင်
(၇) အဆိပ် လက်နက်၊ မီးစက် မဝင်
(၈) သမာဓိ၊ တည်ဘိ စိတ်ကြည်လင်။ ။
(၉) မျက်နှာ ပဝင်း၊ လမင်း အသွင်
(၁၀) မခတွေဝေပဲ၊ သေမြဲ အစဉ်
(၁၁) ဗြဟ္မာနန်းမ၊ မြန်းရ ပျော်ရွှင်
( × ) မေတ္တာကျိုး မည်သူး ဆယ့်တစ်ထင်။ ။

မေတ္တာ၏ အကျိုးတရားသည် ဤရွှေ့ဤမျှ ကြီးမားသည် အားလျော်စွာ ဘထွေးတော် ဂုတ္တရာဇာ မင်းကြီးနှင့်တကွ အလုံးစုံကုန်သော သတ္တဝါတို့ အပေါ်ဝယ် မေတ္တာတရား ထုံပွားလျက်ရှိသော ဝိလာသမင်းသားအား မင်းအမိန့်ဖြင့် မြို့ပြင် ထုတ်၍ သုတ်သင် သတ်ဖြတ်ကြ သော်လည်း ခုတ်သောဓားတို့သည် ထက်ပိုင်းကျိုး၍ လွင့်ကုန်၏၊ ထိုးသောလှံတို့သည် အဖျား ခွေ၍ ယိုင်ကုန်၏။ မင်းသားငယ်ကား ရေစင်ဖြန်းသော ကြာပန်းကဲ့သို့ ရွှင်လန်းလျက်သာရှိလေ၏။ ထိုအခါ အာဏာသားတို့သည် မင်းသားငယ်ကား သတ်၍ မသေပါကြောင်း မင်းကြီးထံ သံတော်ဦး တင်ကြရလေသည်။ ထိုအခါ ဂုတ္တရာဇာမင်းကြီးက "လောကမှာ သတ်၍ မသေသော သတ္တဝါဟူ၍ မရှိ စကောင်းချေ၊ ဓားလှံဖြင့် မသေသော် ရေမှာ ချဘိလော့...." ဟု အမိန့် ထုတ်ပြန်လေ၏။

အာဏာသားတို့သည် အမိန့်တော်အတိုင်း မင်းသား ငယ်အား အိတ်၌ သွတ်သွင်းပြီး ဧရာဝတီမြစ်နှင့် တာပင်မြစ် တို့၏ ဆုံရာ ရေစဲ့၌ ပစ်ချကြလေကုန်၏။ သို့သော် ရေသို့ ကျသော မင်းသားငယ်ကား ရေ၌ မနစ်မြုပ်ပဲ ဖယောင်းရုပ် ပမာ ပေါလော ပေါ်လျက်သာ ရှိလေ၏။

ထိုအကြောင်းကို ဂုတ္တရာဇာသိလေသော် ဤမင်းသား ငယ်ကား လွန်စွာ ထူးခြားလှဘိသည်။ အသက်မသေ တည် နေပါက ငါ့အား ကြီးစွာသော ဘေးရန်ကို ပြုလိမ့်မည်ဟု ကြံတွေး ကြောက်ရွံ့ သဖြင့် ရေ၌ မသေသော မင်းသား ငယ်အား မီးပုံအတွင်း ပစ်ချရန် အမိန့်ထုတ်ပြန်လေ၏။

အမိန့်တော် အတိုင်း မီးပုံ၌ ပစ်ချ ပြန်သော အခါ အလျှံငြီးသော မီးသည် မင်းသား ငယ်ကို မလောင်ပဲ ရေသွန်းလောင်း သကဲ့သို့ ဖြစ်ပြန် ရကား၊ ဖျာယိုင် အုပ်၍ ဆင်တော်ဖြင့်နင်းသတ်ရန် အမိန့်ထုတ်ပြန်လေ၏။ ထို့ကြောင့် အာဏာသား တို့သည် မင်္ဂလာ ဆင်တော်ကို မူးယစ်သည် တိုင်အောင် အရက်သေစာ တိုက်ကျွေး၍ အမိန့်တော်အတိုင်း မင်းသားငယ်အား နင်းစေပြန်၏။

မင်္ဂလာဆင်သည် အဟုန်ပြင်းစွာ ပြေးလာပြီးနောက် မင်းသားငယ်အနီးသို့ ရောက်သောအခါ ဖုံးအုပ်ထားသော ဖျာယိုင်တို့ကို ဖယ်ရှား၍ မင်းသားငယ်အား နှာမောင်းဖြင့် ပွေ့ယူကာ ဦးထိပ်၌ တင်ထားလိုက်လေသည်။

ထိုအကြောင်းကို သိသော ဂုတ္တရာဇာ မင်းကြီးသည် မင်းသားငယ်အပေါ် လွန်စွာ စိုးရိမ်ခြင်းဖြစ်ခဲ့သဖြင့် နန္ဒက အမတ်ကြီးကို ခေါ်တော်မူ၍....

"ဘယ်လိုတုန်း အမတ်ကြီးရဲ့ တူတော်မောင်ကဖြင့် သတ်မသေအောင် ဖြစ်နေပါပေါ့ကလား.... ဘယ်လိုများ လုပ်သင့်ပါသေးသလဲ အကြံဉာဏ်များ ပေးစမ်းပါအုံး ..."ဟု တိုင်ပင်တော် မူလေ၏။

"လူသတ်တယ် ဆိုတာ ခက်ခဲတဲ့အလုပ် မဟုတ်ပါဘူး အရှင်မင်းကြီး၊ အရှင့်တူတော်ဟာ သေချိန်မရောက်သေးလို့ မသေတာ ဖြစ်ပါတယ်၊ သေအောင်သတ်ရင် ကေန် သေရှာ မှာပါ ဘုရား ..."

"သေအောင်လို့ သတ်တာပဲ မင်းကြီးရဲ့.... အဲဒါ မသေဘူး၊ ဘယ်လိုသေအောင် သတ်ရမယ်ဆိုတာ သံတော်ဦး တင်စမ်းပါအုံး...."

"ဟောဒီ စမ္ပာနဂိုရ်က ရောဝတီမြစ်လမ်း အတိုင်း အောက်အကြောကိုစုန်ချသွားရင် မကြာမီအင်မတန်မြင့်မားတဲ့ ကျောက်ကမ်းပါးကြီး တွေ့ရပါတယ်ဘုရား၊ အဲဒီတောင်ပြတ် ကမ်းပါးကြီးကို နတ်မျက်နှာတောင်လို့ လူတွေက အမည် ပေးထားကြပါတယ်၊ အရှင့်တူတော်ကို အဲဒီ တောင်ပြတ် ကမ်းပါးထိပ်က ပစ်ချလိုက်ရရင် သေမသေတော့ မသိဘူး အရိုးအသား ရှာမရမှာတော့ သေချာလှပါတယ် ဘုရား...."

"ဒီလိုဆိုရင် မင်းကြီးကြည့်ပြီး စိမံလိုက်စမ်းပါအုံး၊ ကိုယ်တော်မြတ်တော့ သည်ကလေး မသေတာနဲ့ဘဲ စိတ်မချမ်းမသာ ဖြစ်နေပြီ ..."

"မှန်လှပါ စိတ်ချမ်းသာစွာ စံနေတော်မူပါ၊ သည်သူငယ် သေဘို့အတွက် ဘာမျှ စိတ်ရတက် ဖြစ်တော်မမူပါနှင့် ကျွန်တော်မျိုးကြီး ကိစ္စပြီးအောင် အလုံးစုံ စီရင်၍ ပေးပါ့မယ် ဘုရား...."

နန္ဒက အမတ်ကြီးသည် ဤသို့လျှောက်တင်ပြီးနောက် မင်းသားငယ်အား နတ်မျက်နှာ တောင်ထိပ်သို့ တင်ဆောင်စေ၍ တောင်ထိပ်မှ အောက်သို့ ပစ်ချလိုက်လေသည်။

ထိုခဏ၌ တခဲနက်သော အမိုက်တိုက်ကြီး ဖြစ်လျက် မိုယ်းကြီး သည်းစွာ ရွာချခဲ့သည်။ မိုးကြိုးလည်း အကြိမ်များစွာ ပစ်လေ၏။ မဟာပထဝီမြေကြီးသည်လည်း ကြီးစွာသော အသံကိုပြု၍ သွက်သွက်ခါအောင် လှုပ်ရှားခဲ့လေ၏။

ဤသို့ မဟာပထဝီမြေကြီး တုံလှုပ်မှုကြောင့် ပကတိ စီးဆင်းမြဲ ဖြစ်ကုန်သော ရေဝတီစသော မြစ်တို့သည်လည်း မြစ်လမ်းကြောင်း ပြောင်းရွှေ့ကုန်၏။ တောင်ထွတ်များလည်း ပြိုကျကုန်၏။ မြေပြင်လည်း ကွဲအက်၍ ရေပွက်ပွက် လျှံကုန်၏။ ဤသို့သောအခါ၌ မင်းသားအား စောင့်ကြပ်နေကုန်သောသမ္မာဒေဝနတ်တို့သည်မင်းသားကို ဘေးရန်မဖြစ်စေဘဲ ကြိမ့်သော့ မိုးကောင်းကင်ကို ခံယူ ကုန်၏။

နတ်တို့မှတဆင့် နတ်မျက်နှာ တောင်အောက်၌ ကျက်စား နေထိုင်ကုန်သော နဂါးတို့ထံ အပ်နှံလိုက် သဖြင့် မင်းသား ငယ်အား နဂါးတို့က နဂါးပြည်အထိ ဆောင်ယူ သွားကြ လေကုန်၏။

ထိုစဉ်က နတ်များ လက်ရှက် ခံသော နေရာကို (လက်ရှက်ခံ)ဟု ခေါ်တွင်ရာမှ ယခုအခါ (လက်ဆောင်ခံ) ဟု ပြောင်းလဲ ခေါ်ဝေါ်ပြီး အထိမ်းအမှတ် အဖြစ်ဖြင့် စေတီငယ်တဆူ တည်ထားကိုးကွယ်ကြ လေသတည်း။

"သူတော်ပြစ်မှား ဆယ်ပါးဒဏ်ထိ"

ဥစ္စာ,ဆွေ,ကိုယ်၊ ပျက်,ပြို,ရှူး,နူ,
သူကစွပ်စွဲ၊ မီးစွဲ,နာဖျား၊ ဒဏ်ထား,ရှုံးမှတ်,
ဤဆယ်ရပ်.... သူမြတ်ပြစ်မှားဒဏ်။ ။

(ဒဏ် ၁၀-ပါး ဆောင်ပုဒ်)

သတ္တဝါတို့၏ သန္တာန်၌ စိတ်ဆိုးသည်ရှိ၏၊ စိတ်ကောင်း သည်ရှိ၏။ စိတ်ဆိုးကိုမှီ၍ ပြုအပ်သော မကောင်းမှုသည်ရှိ၏။ စိတ်ကောင်းကိုမှီ၍ ပြုအပ်သော ကောင်းမှုများသည် ရှိ၏။ ထိုကောင်းမှု မကောင်းမှုတို့ကို အကြောင်းပြု၍ ကောင်းကျိုး ဆိုးကျိုးတို့သည်လည်း ရှိကုန်၏။ ထိုကောင်းကျိုး, ဆိုးကျိုး တို့တွင် အချို့ကုန်သော ကောင်းကျိုး,ဆိုးကျိုးတို့သည်ကား

ယခုဘဝ၌ ထင်ထင်ရှားရှား မသိသာကြကုန်။ အချို့ကုန်သော ကောင်းကျိုး, ဆိုးကျိုးတို့သည်ကား ယခုဘဝ၌ပင် ထင်ရှားသိသာကြကုန်၏။ ထိုကောင်းကျိုး, ဆိုးကျိုးတို့တွင် မိမိအပေါ် စိတ်ကောင်း ထားသူအား ပြစ်မှားခြင်းသည် သူတော်ကောင်းကို ပြစ်မှားသည် မည်၏။ ထိုသို့သော သူတော်ကောင်းကို ပြစ်မှားမိပါလျှင် ယခုဘဝ၌ပင်လျှင် ဒဏ် ၁၀-ပါးတည်း ဟူသော မကောင်းကျိုးသည် ထင်ရှား ပြသ တတ်လေသည်။ ဂိုတ္တရာဇာမင်းကြီးသည် မိမိအပေါ် မေတ္တာစိတ်ထားသော သူတော်ကောင်း မင်းသားငယ်အား ကြိမ်ဒဏ် များစွာ ပြစ်မှား သတ်ဖြတ် ခိုင်းခဲ့လေသည်။ ထို မကောင်းမှုသည် ယခုပင်လျှင် အကျိုးပေးချိန် ကျရောက် လာရကား မကြုံစဖူး မှောင်ကြီးကျ၍ နန်းတော်သို့ မိုးကြိုး အကြိမ်များစွာ ခြင်း, မြေလျှင် တုန်လှုပ်ခြင်းတို့ကြောင့် မင်းကြီး၏ နှစ်လုံးသွေးသည် ဖေါက်ပြန်ခဲ့လေသည်။ နှစ်လုံး သွေး ဖေါက်ပြန်မှုကြောင့် စိတ် သည် လည်း ဖေါက်ပြန် တုန်လှုပ်လျက် "ဤစမ္ပာနဂိုရ်ပြည်၌ ငါမနေလိုပြီ....ကျောက် ဆီးမြို့ကို ပြန်တော့မည်"ဟု နောက်လိုက်နောက်ပါ အနည်း ငယ်နှင့် စမ္ပာနဂိုရ်မှ ထွက်ခွါလာခဲ့ရာ၊ မိုးမောက်မြို့သို့ရောက် လျှင် တကိုယ်လုံး ပူလောင်ခြင်း ဖြစ်ခဲ့လေသည်။

ထိုသို့ ပူလောင်ခြင်းဒဏ်ကို မခံရပ်နိုင်သဖြင့် မိုးမောက် အနီး စမ်းချောင်းတွင်းသို့ ဆင်းသက် ရေစိမ်ရာတွင် မြေမြို၍ နတ်ရွာစံတော်မူလေသည်။



ရွှေကျီးနှား စေတီတော်ကြီးကို ပြုပြင်စောင့်ရှောက်လျက်
ရှိတော်မူသော
**ရွှေကျီးနှားဆရာတော်ဘုရားကြီး (ဦးနန္ဒဝံသ) ပုံတော်။**

ထိုသို့ ဂုတ္တရာဇာမင်းကြီး မြေမြှုပ်သော ဌာနဖြစ်၍ မိုးမောက်ချောင်း ဘဲသောင်တို့ကို တူးယက်လျှင် အငွေ့တခြောင်းခြောင်းဖြင့် ရေပူများ ယနေ့တိုင် ထွက်လာသည်ဟု လူတို့ ယူဆ ပြောဆိုကြလေသည်။

ဂုတ္တရာဇာမင်း မြေမြှုပ်ခြင်း ခံရပြီးနောက် စမ္မာနဂိုရ်ပြည်၌ မင်းမဲ့လျက်နေသောကြောင့် တိုင်းသူ ပြည်သားမှူးမတ်များသည် စိတ္တရာဇာမင်းကြီးအားပြန်လည်၍ ထီးနန်းအပ်နှင်းကြလေသည်။

စိတ္တရာဇာမင်းကြီး ထီးနန်းကိုပြန်လည် ဆက်ခံသောနေ့၌ပင် နတ်,နဂါးတို့သည် ဝိလာသ မင်းသားကို ခမည်းတော်ထံ ပြန်လည် ပေးပို့ကြလေသည်။

ထိုသို့ သားတော်ကိုပြန်လည်ပေးပို့သဖြင့် စိတ္တရာဇာမင်းကြီးသည် လွန်စွာ ကျေးဇူးတော် တင်လှသောကြောင့် ငါပိုင်ဆိုင်သော နယ်ပယ်အတွင်း နဂါးများ အလိုရှိတိုင်း ပျော်ပါးနေထိုင်ကြစေဟု အမိန့်တော် ထုတ်ပြန်လေသည်။ ထိုအမိန့်တော် အရ နဂါးများ ပျော်မြူးသဖြင့် ဗန်းမော်မြို့ပတ်ဝန်းကျင် မိုင် ၂၀-အတွင်း ကျင်း, ကုန်း, ချောင်း, မြောင်းများဖြစ်၍လာလေသည်၊ အဆိပ်မဲ့ နဂါးများလည်း ယနေ့အထိ ဗန်းမော်နယ်၌ ကျက်စား နေထိုင်ကြလေသည်။

မှတ်ချက်=ထို အဆိပ်မဲ့ နဂါးများကို လူတို့က (နဂါးပုပ်)ဟု ခေါ်ကြ၏။ ထိုနဂါးပုပ် များသည် ရောဝတီမြစ် ဒုတိယ မြစ်ကျဉ်း၊ နတ်မျက်နှာတောင်ခြေ တဝိုက်၌ နေထိုင်၍ တရံတခါ လုံးပတ် အတောင် နှစ်ဆယ်ခန့် အထိ ရေ၏ အထက်၌ ကောက်ကောက် ကွေးကွေး ပေါ်၍ ပြတတ် ကြသည်။ နတ်စောင့်ရှောက်သော နဂါးများဖြစ်၍ တံငါတို့ ဘမ်းဆီး ရမိခြင်းလည်း နည်းပါးလှသည်၊ လူတို့ကိုလည်း အန္တရာယ်မပြုတတ် ကြပေ။

**မိဖုရားစံရာ လိုက်သောခါ** စိတ္တရာဇာမင်းကြီးသည် ဘေးရန် ကင်းကွာစွာ စမ္ဘာနဂိုရ် ရွှေနန်း၊ သိမ်းမြန်း စိုးစံတော်မူပြီးနောက် မကြာမီရက်အတွင်း မိဖုရား ကြီးအား ခေါ်ဆောင်ရန် သားတော် ဝိလာသနှင့် အတူ စစ်သည်ဗိုလ်ပါ အခြံအရံဖြင့် ဝိလာသတောင်သို့ ချီတက် တော်မူလေသည်။ဝိလာသတောင်အတွင်း ချဉ်းနင်းဝင်ရောက် မိလျှင် အခါတိုင်း စိမ်းလန်း စိုပြေ၍ အသီး အပွင့် ဝေ၍ နေသော တောကြီးသည် ဤယနေ့တွင် ညှိုးနွမ်းသော အရွက် တို့ဖြင့် အခက်ပြိုင်းပြိုင်းဖြစ်၍နေသည်ကို မြင်တော်မူရသဖြင့် စိတ္တရာဇာမင်းကြီးသည် များစွာ ကြေကွဲ ဝမ်းနည်းတော်မူ လေသည်။

မိဖုရားကြီးစံရာ ကျောက်ဂူသို့ ရောက်သော အခါမှာ လည်း ကျောက်ဂူမှာ မှောင်ဖြင့် မဲမဲဖြစ်လျက် သစ်ရွက်၊ သစ်ခက်၊ ပင့်ကူမြွေးတို့ဖြင့် ထွေးရှက် ရှုပ်ပွေနေသည်ကို မြင်တွေ့ရလေ၏။

သားတော် ဝိလာသ မင်းသားသည်ကား ငယ်ရွယ်သူ ဖြစ်သည့်အလျောက် ဤအခြင်းအရာများကို စဉ်းစားခြင်း မရှိဘဲ၊ အများသော သူတို့ထက် ရှေးဦးစွာ အလျင်အမြန် ဂူတွင်းသို့ ပြေးဝင်ပြီး....မယ်မယ်ဘုရား....မယ်မယ်ဘုရား....ဟု တကျော်ကျော် ဟစ်ခေါ်လိုက်လေ၏။ မင်းသား၏ ခေါ်ငင် သံသည် ဂူတွင်းမှ ပဲ့တင်သံဖြစ်၍ ပြန်ခဲ့သည်။ ပြန်လည် ထူးသံကိုကား မကြားရချေ။ ထို့ကြောင့် မင်းသားငယ်သည် ဂူတွင်းသို့ဝင်ရောက်၍ မယ်တော် အိပ်စက်နေကျ ဖြစ်သော ကျောက်ကုတင်ထက်သို့ကြည့်လိုက်ရာ ကျောက်ကုတင်ထက်၌ မယ်တော် အိပ်စက်နေသည်ကို မြင်ရသဖြင့် မယ်မယ် ဘုရား.... သားတော် ပြန်ခဲ့ပြီလေ....” ဟု ပြောရင်း မယ်တော်အား ပြေး၍ ဖက်လိုက်လေသည်။ သို့သော် မယ်တော်၏ အတွေ့ ကား ခါတိုင်းကဲ့သို့ ပူနွေးခြင်း, ပျော့ပျောင်းခြင်း မရှိဘဲ အေးစက်တောင့်တင်း၍နေသောကြောင့် မင်းသားငယ်သည် ပွေ့ဖက်ရာမှ ကိုယ်ကိုခွါလိုက်ပြီး....

“ ဟင်....မယ်မယ်....ဘယ့်နှယ် ဖြစ်ပါလိမ့်မတုန်း.... လာကြပါအုံး....မယ်မယ်ကို ကြည့်ကြစမ်းပါအုံး”ဟု အော် လိုက်မိလေသည်။

မင်းသား၏ အော်သံကြောင့် စိတ္တရာဇာမင်းကြီးနှင့် တကွ လူအများ ဝိုင်းအုံ ကြည့်ရှုကြသောအခါ ပုပ္ဖာဝတီ မိဖုရားကြီး နတ်ရွာစံ ကံတော်ကုန်နေပြီကို ကြုံတွေ့ရကြလေ

၏။ ထိုအခါ စိတ္တရာဇာ မင်းကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါတို့သည် ဆောက်တည်ရာမရ တမ်းတပူဆွေး ငိုကြွေး မြည်တမ်းကြကုန်၏။

"သားတော် ဝိလာသ မင်းသားမှာမူကား မယ်တော်၏အလောင်းကို ပွေ့ဖက်၍....

"မယ်မယ်ဘုရား....ခုလိုဖြစ်ရတာ သားတော်ကြောင့်ပါဘဲ၊သားတော်ကို မသွားပါနဲ့မသွားပါနဲ့လို့ အတန်တန်တားလျက်နှင့် သားတော်က မယ်မယ်ကို မချစ်လို့ ရက်ရက်စက်စက် မယ်မယ့်ကို ခွဲထွက်ခဲ့တယ်....မတတ်နိုင်လို့ မယ်မယ်ခွင့်ပေးလိုက်တယ် မဟုတ်လား — မယ်မယ့် ဝမ်းတွင်းမှာမချိဘူးလေ....ဒါကို သားမိုက်က အရေးမစိုက်ခဲ့ဘူး....ခုတော့ခုတော့ သားမိုက်ကို လွမ်းနာ့ဆွေးနာကျပြီး — မယ်မယ်မျက်နှာလွှဲတော့တာပေါ့ .... ကောင်းကြသေးရဲ့လားဟင်....သားတော်လဲ မနေရစ်ဘူး....မယ်မယ့်နောက်ကို လိုက်မယ်....မယ်မယ့်နောက်ကို လိုက်မယ်ဟု ဆိုမြည်၍ သည်းထန်စွာငိုကြွေးရှာလေ၏။

ထိုအခါ စိတ္တရာဇာမင်းကြီးသည် မိမိ၏ပူဆွေးခြင်းကိုဖြေဖြောက်၍ သားတော်အား ချော့မော့ကော်မူပြီး မှူးမတ်ဗိုလ်ပါတို့အား မိဖုရားကြီး အလောင်းတော်ကို(အဂ္ဂိစျာပန)ပြုလုပ်ရန် အမိန့်ပေးတော်မူလိုက်လေ၏။

မှူးမတ် ဗိုလ်ပါတို့လည်း မိဖုရားကြီး အလောင်းတော်ကို ရွှေတလား၌ ထည့်သွင်း၍ မီးသင်္ဂြိုဟ်ခြင်း ပြုလုပ်ကြသောအခါ သားတော် ဝိလာသမင်းသားသည် မီးသင်္ဂြိုဟ်ရာသို့ ပြေးလာကာ မယ်တော်၏ အလောင်းကို ရှိခိုးဦးချ၍ "မယ်မယ်ဘုရား...မယ်မယ့်ကို သတ်တာဟာဟောဒီသားမိုက်ပါဘဲ ဒီအပြစ် ပပျောက်အောင် မယ်မယ့် အလောင်းကို ကျောပေါ်မှာတင်ပြီး သားတော် ပူဇော်ပါရစေ.... သားတော်ကို မယ်မယ်ချစ်လျှင် သားတော်ရဲ့ ကျောထက်သို့ ကြွတော်မူပါ မယ်မယ်ဘုရား...ဟု မြေပြင်တွင်ဝတ်ပြီး ကျောကိုကုန်းလျက် လျှောက်တင်လေ၏။

မင်းသားငယ်၏ စကားဆုံးလျှင် မီးဟုန်းဟုန်း စွဲငြိလျက်ရှိသော မယ်တော်စံရာ တလားသည် ကောင်းကင်သို့ ပျံတက်၍ သားတော်၏ ကျောထက်သို့ ကျလေ၏။ ထိုခဏ၌ မယ်တော်နှင့် သားတော်တို့၏ ချစ်ခြင်းမေတ္တာကို အလေးပြုသော အားဖြင့် မဟာပထဝီ မြေကြီးသည်လည်း တုန်ဟည်းခါယမ်းလာလေ၏။

စိတ္တရာဇာမင်းကြီးနှင့်တကွ စစ်သည် ဗိုလ်ပါတို့လည်း မကြုံစဖူး ထူးဆန်းသော အခြင်းအရာကို မြင်ကြရ၍ အံ့အားသင့်ကာနေကုန်စဉ် မင်းသား၏ကျောကုန်းထက်မှမယ်တော်၏ အလောင်းတော်သည်လည်း သားတော်အား မီးအလျှံမငြိစွဲစေဘဲ ပြာကျ၍ သွားခဲ့လေသတည်း။

**အမှတ်တရ စေတီများ တည်ထားခြင်း** ပဗ္ဗဝတီ မိဖုရားကြီးအား သင်္ဂြိုဟ် ခြင်း အမှု ပြုစုကြ ပြီးနောက် ထိုသင်္ဂြိုဟ်ရာဌာနဝယ်(လွမ်းစေတီ) ဟူသော အမည်ဖြင့် စေတီ တဆူ တည်ထားကြ ကုန်၏။ သားတော်ဝိလာသမင်းသားလည်း မိမိပျော်ပါး အားစမ်းရာဌာန၌ (အားစမ်းစေတီ)ဟူသော အမည်ဖြင့် ကျောက်စေတီ တဆူ တည်ထား၏။

ထိုမှ ပြန်လည်ခဲ့ကြရာ တနေသော တောင်ထိပ်မှ ပြန်လည် ရှုမြော်၍ မယ်တော်အား လွမ်းဆွတ် ကျင်နာသဖြင့် သားတော် ဝိလာသ မင်းသား မျက်ရည်တော်ကျသောဌာန၌ (လွမ်းကျင်စေတီ)တဆူ တည်ထားလေ၏။ ထိုစေတီတော်ကို စွဲ၍ ထိုတောင်ကိုလည်း (လွမ်းကျင်တောင်) ဟု ခေါ်ဝေါ် ကြကုန်၏။

ထိုမှတဖန် မိုးလဲချောင်းဝသို့ ရောက်သော အခါ ခမည်းတော်နှင့် မယ်တော် နှစ်ပါးအား တိမ်းပါဟုလျှောက် ထားသော နေရာ၌ (တိမ်းပါဘုရား) တည်ထားပြီး နေပြည် တော်သို့ ပြန်လည်ကြလေသည်။

**စေတီတော် လေးဆူ တည်ထားခြင်း** ခမည်းတော် စိတ္တရာဇာ မင်းနှင့် သားတော် ဝိလာသ မင်းသားတို့ ထီးနန်းစိုးစံတော် မူသော အခါချိန်သည် သာသနာတော် သက္ကရာဇ် ၂၀၀-ကျော်ခန့် အချိန်နှင့် ညီမျှ လေသည်။

ထိုအခါက မဇ္ဈိမဒေသ ဇမ္ဗူဒီပ ဇမ္ဗုဒိယကြီး၌ မောရိယ မင်းမျိုးဖြစ်သော သီရိဓမ္မာသောကမင်းကြီး ဘုန်းပိုးနေလ ထွန်းတောက် ပလျက် ဗုဒ္ဓ သျှင်တော်မြတ်၏ သရီရဓာတ် မွေတော်မြတ်တို့ကို ရာဇဂြိုဟ်ပြည်မှ ဖေါ်ထုတ် ပင့်ယူလျက် ကမ္ဘာ မြေပြင်၌ စေတီပေါင်း ရှစ်သောင်း လေးထောင် တည်ထားတော် မူလေသည်။ (အကျယ်ကို မဟာဝင်၌ရှုပါ) စမ္ပာနဂိုရ်ပြည်သည် မဇ္ဈိမတိုက်နှင့် ဟူးကောင်းတောင်ကြား လမ်းမှ ဖြတ်သန်း၍ အဆက် အသွယ် ရှိခဲ့ သောကြောင့် သီရိဓမ္မာသောကမင်းထံမှ စေတီဘုရား တည်ထားကိုးကွယ်ရန် ဓာတ်တော်လေးဆူ ဝေစုရရှိခဲ့လေသည်။

စိတ္တရာဇာမင်းကြီးနှင့် သားတော် ဝိလာသ မင်းသား တို့သည် ထိုလေးဆူသော ဓာတ်တော်တို့ဖြင့်....

(၁) စမ္ပာနဂိုရ်မြို့ တာပင်မြစ်ဦး၌ = ပုထိုး ရွှေကျီးနား
(၂) မန်မော်ဌာန၌ = ပုထိုး ရွှေစေတီ
(၃) ကွမ်းတွန်းခေါ် ကောင်းဘုံဌာန၌ = ပုထိုး ရွှေစည်းခုံ
(၄) ဟာခန်းခေါ် ဆောင်းချမ်းဌာန၌ = ပုထိုး မြစေတီ

ဟု စေတီတော်လေးဆူ တည်ထားကိုးကွယ်တော်မူလေသည်။

စေတီလေးဆူ တည်ထားကိုးကွယ်တော် မူပြီးနောက် စိတ္တရာဇာ မင်းကြီးသည် သားတော်အား ထီးနန်း လွှဲအပ် တော်မူ၍ မြတ်သော ရသေ့ရဟန်းအသွင်ဖြင့် စမ္ပာနဂိုရ်မြို့မှ

မိုင် ၂၀ ဝေးကွာသော တာပင်မြစ်ကွေ့ တခုသော တောင်ယံ၌ ကမ္မဋ္ဌာန်းတရား ပွားများ နေထိုင်တော် မူလေ သည်။

**မြို့သစ်တည်ခန်း** ခမည်းတော်ဘုရား တောထွက်တော် မူပြီး နောက် သားတော် ဝိလာသ မင်းတရား လည်း ဤမြို့ဤနယ်တလျှောက်၌ နဂါးများမြူးတူး ပျော်ပါး သဖြင့် မြေနေရာ မညီမညွတ်ဖြစ်၍ နေလေပြီ။ ထို့ကြောင့် မြို့ပြအင်္ဂါနှင့် ပြည့်စုံလုံလောက်သော မြို့သစ်တခု တည်ထား ရန် မြေနေရာ ရှာရမည်ဟု အမတ်တို့အား အမိန့်တော်ပေး၍ မြေနေရာကို ရှာကြရာတွင် "ရှေးအခါ ကာလက ကပိလ ရသေ့၏ ကျောင်းနေရာ၌ ဘေးရန်ကို အောင်နိုင်ခြင်း အထိမ်းအမှတ်ဖြင့် ကပိလဝတ္ထုပြည်ကြီး တည်ထောင်သော ထုံးစံ"ကို ယူ၍ ခမည်းတော် စိတ္တရာဇာမင်းကြီး ရသေ့ပြု၍ ကမ္မဋ္ဌာန်း တရား ပွားများရာ ကျောင်းသင်္ခန်းကို တွေ့ကြ သဖြင့် ထိုကျောင်းသင်္ခန်းကို ဗဟိုပြု၍ မြို့သစ်မြို့ကို တည်ထောင် စံနေတော်မူလေသည်။

ခမည်းတော် တရားကျင့်ရာ ဌာန၌လည်း စေတီတော် တဆူ တည်ထား ကိုးကွယ်ခဲ့ လေသည်။ ထိုစေတီကား ဆုတောင်းတိုင်း ပြည့်သဖြင့် (ဆုတောင်းပြည့်)ဟု ခေါ်ဝေါ် ကြလေသည်။

ထိုမြို့သစ်ကို တည်ထောင် စံနေတော်မူပြီးနောက် ဝိလာသ မင်းတရားသည် လောကကြီး၏ မမြဲသော အဖြစ်၊ ဆင်းရဲသော အဖြစ်၊ အစိုးမရသော အဖြစ် တို့ကို သံဝေဂ

ထင်မြင်တော် မူသောကြောင့် ထီးနန်း စည်းစိမ်ကို မှူးမတ်တို့အား လွှဲအပ်၍ တောရပ်သို့ ဝင်တော်မူပြန်လေသတည်း။ (ဝိလာသာမင်း တောဝင်တော်မူ သဖြင့် မင်း အပေါင်း ကျန်ရစ်သည်ကိုစွဲ၍ **မင်းကျန်ရပ်**ဟု တွင်ခဲ့လေရာ၊ ကာလရွေ့လျော၍ ယခု **မင်းကြမ်းရပ်** ဟု ခေါ်လေသည်။)

ထိုအခါ ကျန်ရစ်ကုန်သော မှူးမတ်တို့သည် အချင်းချင်း ညှိနှိုင်း တိုင်ပင် ကုန်လျက် တိုင်းပြည်ကို စုပေါင်း အုပ်ချုပ်ခဲ့ကြလေ၏။

စမ္ပာနဂိုရ်မြို့ မြို့သစ်မြို့ တို့ကိုလည်း ဘုန်းတန်ခိုး ကြီးမားသော မင်းတို့၏ စံပျော်ရာ ဖြစ်၍ ထိုမင်းကောင်း မင်းမြတ်တို့အား လေးစားသောအားဖြင့် ထိုအရှင်သခင်တို့၏ နေရာထိုင်ရာ တို့၌ နေထိုင်ခြင်း မပြုကြပဲ မြို့တော် အနီး အိုးလုပ်သောသူတို့၏ နေထိုင်ရာဖြစ်၍ (မန်မော်)ခေါ်သော ရွှေစေတီမြတ် တည်ရာဌာနသို့ ပြောင်းရွှေ့ နေထိုင် ခဲ့ကြလေသည်။

## နယ်မြေ အပိုင်းအခြား

ထိုစဉ်ကာလက မန်မော် ခေါ်သော ဗန်းမော်မြို့၏ နယ်မြေ အပိုင်းအခြားမှာ....

(၁) အရှေ့အလား ။ ။ လွယ်လိုင် တောင်ရိုးထိ။
ရှမ်းမြေနှင့် ကျောခိုင်း။

(၂) အနောက်အလား။ ။ ရောဝတီအနောက် တကျည်း
ကုန်း မြေပုံအထိ။
မိုးညှင်းမြေနှင့် ကျောခိုင်း။

(၃) မြောက်အလား ။ ။ လွယ်ငိုဟက်တောင်ရိုးအထိ။
ခန္တီးမြေနှင့်ကျောခိုင်း။

(၄) တောင်အလား ။ ။ ရွှေလီမြစ်အထိ။
မိုးမိတ်မြေနှင့် ကျောခိုင်း။

(၅) အရှေ့မြောက်အလား။ ။ ဟဲမော်၊ တောင်လယ်၊
စာတီတောင် အထိ။
တရုပ်မြေနှင့် ကျောခိုင်း။

(၆) အရှေ့တောင်အလား။ ။ ရွှေညောင်ပင်၊ ပင်ခေါ
ကျောက်ပုံ၊ ဟိတ်ပုတ် ကျောက်တိုင်
အထိ။
မိုးမိတ်မြေနှင့် ကျောခိုင်း။

(၇) အနောက်တောင်အလား။ ။ ရွှေလီချောင်းဝ၊
ရောဝတီမြစ်လည်အထိ။
မိုးမိတ်မြေ ကသာမြေနှင့် ကျောခိုင်း။

(၈) အနောက်မြောက်အလား။ ။ ရောဝတီမြစ်ဖျား၊
ကျောက်အိုးကင်းအထိ။
မိုးကောင်းမြေနှင့် ကျောခိုင်း။

ဤကား နယ်ရှစ်ရပ် တို့ဖြင့် သတ်မှတ် အပ်သော ဗန်းမော်နယ်မြေ၏ အပိုင်းအခြားများ ဖြစ်ပါသတည်း။

**ဗန်းမော်မင်းဆက်များ** စမ္ဗာနဂိုရ်မြို့ မူလမင်း အဆက် ပြတ်သောအခါ ရှေးဦးစွာမှူးမတ်တို့သည် မန်မော်သို့ အုပ်ချုပ်ရေး ဌာန ပြောင်းရွှေ့၍ အုပ်ချုပ် ခဲ့ကြသည်။ ထိုသို့ အုပ်ချုပ်သော အစီ အစဉ်ကို ကောဇာသက္ကရာဇ် ၄၀၀-နှစ် အထိ အတိ အကျ သမိုင်း၌ ဖော်ပြခြင်း မရှိပါချေ။

ကောဇာ သက္ကရာဇ် ၄၀၀-ပြည့်နှစ်၌ မူကား (သိုလျင်ဘွား) အုပ်ချုပ်ခဲ့သည်။ ထိုစဉ်အခါက ပုဂံပြည့်ရှင် အနော်ရထာ မင်းစောသည် ဘုန်းမီး နေ့လ ထွန်းလင်း တောက်ပတော် မူသည် ဖြစ်၍ မြန်မာပြည် မြောက်ပိုင်း၌ သူတလူ ငါတမင်း အသင်း အစု ကွဲပြား၍ နေကုန်သော ရှမ်းစော်ဘွားတို့သည် အနော်ရထာ မင်း၏ လက်ရုံးတော် အောက်သို့ ဝင်ရောက်ခဲ့ကြပြီ ဖြစ်၍ သက္ကရာဇ် ၃၉၅-ခု တပေါင်းလဆန်း ၁၂-ရက် သောကြာနေ့တွင် "ကောင်းစင်၊ ကောင်းတုံ၊ ငရုန်း၊ ငရင်း၊ ရွှေဂူ၊ ယင်းခဲ၊ မိုးတား၊ ကသာ၊ ထီးချိုင့်၊ မြတောင်၊ ဘကောင်း စသော ၄၃-ဌာန တို့၌ တပ်မြို့တည်ထားတော်မူခဲ့သည်။ ထို့ကြောင့် ဗန်းမော်မြို့စား သိုလျင်ဘွားကား သီးခြား မင်းတပါး မဟုတ် တော့ဘဲ အနော်ရထာမင်း၏ လက်အောက်ခံ စော်ဘွားတဦး မျှသာ ဖြစ်ခဲ့လေသည်။ သိုလျင်ဘွား၏နောက် စော်ဘွား အစဉ် အဆက်တို့ကို သမိုင်းအရ ဤသို့ သိမှတ်ရလေသည်။

| သက္ကရာဇ် | စိုးအုပ်သောမင်း | စော်ဘွားအမည် |
| --- | --- | --- |
| ၄၀၀ | အနော်ရထာ | သိုလျှင်ဘွား |
| ၄၁၂ | ၎င်း | သိုဟိုင်း |
| ၄၁၅ | ၎င်း | သိုဟုန် |
| ၄၅၈ | ကျန်စစ်သား | သိုစွန် |
| ၅၁၃ | အလောင်းစည်သူ | သိုတူ |
| ၅၆၈ | နရပတိစည်သူ | သိုခွန် |
| ၅၈၇ | ဇေယျသိင်္ခ | သိုရှဲ |
| ၅၉၃ | ၎င်း | သိုစွန် |
| ၆၀၈ | ကျစွာမင်း | သိုဆိုင် |
| ၆၂၆ | နရသီဟပတေ့ (တရုပ်ပြေး) | သိုဆက် |
| ၆၄၅ | ၎င်း | သော်ခန်း |
| ၆၄၆ | ၎င်း | သိုလျှင် |

၎င်းစော်ဘွားလက်ထက် တရုပ်စစ်အများ ရောက်ရှိ ငဆောင်းချမ်းအရပ်၌ မြန်မာတို့နှင့် တိုက်ပွဲဖြစ်ပွားရာ မြန်မာ တို့ ရှုံးနိမ့်၍ နရသီဟပတေ့မင်း ပုသိမ်အထိ ထွက်ပြေးလေ သည်။

၆၈၀ သိုငေါက်

၎င်းသိုငေါက် ကွယ်လွန်သော အခါ စော်ဘွားရိုး ပြတ်၍ ၁၀-နှစ်ခန့် လစ်လပ်သည်။

၆၉၁ ပင်းယ-ဥဇနာ မြင်းခေါင်း ရာဇသင်္ကြန်အောင် ဝန်ခန့်သည်။

| | | |
|---|---|---|
| ၆၉၆ | ၎င်း | ငမြတ်သနွှေ ဝန်ဖြစ်သည်။ |
| ၇၁၇ | ကျော်စွာငယ် | သိုပြည့် |
| ၇၂၀ | သတိုးမင်းဖျား | ငနေထွန်း |
| ၇၂၉ | ၎င်း | ငပေါဦး |
| ၇၂၉ | မင်းကြီးစွာစော်ကဲ | သိုမှိုင်း |
| ၇၃၆ | ၎င်း | ငတွန်ငယ် |
| ၇၄၃ | ၎င်း | မိုးလဲ့စား-ဟော်ကျစ် |
| ၇၅၀ | ၎င်း | ငတွန်ငယ် ဆက်ခံပြန်သည်။ |

စမ္ပာနဂိုရ် သမိုင်း အရ သက္ကရာဇ် ၇၅၀ - အထိ စော်ဘွားမြို့ဝန်ပေါင်း ၂၃-ဦး ရှိလေသည်။ ၎င်းစော်ဘွားနှင့် ဝန် ၂၃-ဆက်၏ နောက်၌ ဗန်းမော် မြို့မှာ စော်ဘွား ဆက် ဝန်ဆက် မရှိတော့ပဲ ပေါ်မိုင်း ၄-ဆက်နှင့် ရှမ်းအမတ်များ အုပ်ချုပ်လာခဲ့ကြပြီးနောက် သက္ကရာဇ် ၁၁၁၃-ခုနှစ်တွင် (ဦးမြတ်အောင်) အုပ်ချုပ်ခဲ့လေသည်။

၁၁၁၅-ခုနှစ်တွင် အလောင်းဘုရား မင်းအဖြစ်သို့ ရောက်သဖြင့် ၎င်းဦးမြတ်အောင်သည် သမီးကညာ ဆက်၍ ကျွန်တော်ခံခဲ့သည်။

| | | |
|---|---|---|
| ၁၁၁၃ | ဆင်ဖြူရှင် | ဝေလုသာရဘွဲ့ခံ ဦးရွှေရေး |
| ၁၁၅၅ | ဘိုးတော်ဘုရား | နေမျိုးမင်းလှ-ဦးကံ |
| ၁၁၅၇ | ၎င်း | ဝေလုသာရ |

| | | |
|---|---|---|
| ၁၁၇၀ | ၎င်း | နေမျိုးမင်းလှ-ဦးကော်<br>တွဲဘက်ဝန်-ဦးဖိုး |
| ၁၁၇၁ | ၎င်း | တွဲဘက်-မဟာသူရဘွဲ့ခံ<br>ဦးပုလဲဝန်ခန့် |
| ၁၁၇၄ | ၎င်း | မင်းကြီးမင်းခေါင်ဘွဲ့ခံ<br>မင်းစန္ဒသီရိ |
| ၁၁၇၅ | ၎င်း | မဟာသေနသင်္ခယာဘွဲ့ခံ<br>ဦးတက်တိုး |
| ၁၁၇၇ | ၎င်း | မဟာမင်းလှကျော်ဘွဲ့ခံ<br>ဦးရေး |
| ၁၁၇၈ | ၎င်း | မဟာသီရိသိဟသူဘွဲ့ခံ<br>ဦးအိုး |
| ၁၁၈၀ | ဘကြီးတော် | မင်းကြီးမဟာမင်းလှ<br>ရာဇာဘွဲ့ခံ ဦးရှိန်း |
| ၁၂၀၀ | သာယာဝတီမင်း | မဟာသီဟသူရဘွဲ့ခံ<br>ဦးရွှေအိုး |
| ၁၂၀၄ | ၎င်း | မိုးကောင်းစော်ဘွား<br>တပန်းရာဇာကို<br>ခေတ္တ ဝန်ခန့် |
| ၁၂၀၇ | ၎င်း | မင်းကြီးမဟာမင်းလှ<br>ရာဇာဘွဲ့ခံ ဦးမောင် |

ကို ဝန်ခန့်၍ ၎င်းနှစ်တွင် မဟာမင်းတင်စည်သူဘွဲ့ခံ ဦးဘွားကို ဝန်ခန့်ပြန်သည်။

၁၂၁၀ ပုဂံမင်း မင်းကြီးမဟာမင်းလှ
ရာဇာဘွဲ့ခံ ဦးရွှေတုတ်

၁၂၁၂ ၎င်း မင်းကြီးမဟာမင်းတင်
စည်သူဘွဲ့ခံ ဦးမှိုင်း

၁၂၁၄ မင်းတုန်း မင်းကြီးမဟာမင်းခေါင်
ရာဇာဘွဲ့ခံ ဦးတုတ်

၁၂၁၉ ၎င်း မင်းကြီးမဟာသီလဝဘွဲ့ခံ
ဦးဘွား

၁၂၂၂ ၎င်း မဟာမင်းလှကျော်ခေါင်
ဘွဲ့ခံ ဦးဘူး

၁၂၂၃ ၎င်း မင်းကြီးမဟာမင်းခေါင်
ရာဇာ ဦးတုတ်ကိုဖန်ပြန်ခန့်

၁၂၂၈ ၎င်း မဟာမင်းတင်ရာဇာကို
ဝန်ခန့်

၁၂၂၉ ၎င်း ဗန်ကျီတိုက်ဝန်
ဗိုလ်ချုပ်မင်းကြီး မဟာ
မင်းတင် မင်းခေါင်ဘွဲ့ခံ
ဦးနက်ပြာ

၁၂၃၀ ၎င်း မဟာမင်းခေါင်ကျော်စွာ
ဦးတုတ်

၁၂၃၃ ၎င်း လယ်မြို့စား
လှေတော်အုပ်မင်းကြီး
မဟာမင်းလှရာဇာ

၁၂၃၇ ၎င်း သိန္ဒိပန်ထောက်မင်း
ဦးရွှေကြူ

၁၂၃၈ ၎င်း ၃-မြို့ဝန်
မင်းလှသီရိသင်္ခယာ

၁၂၄၁ သီပေါမင်း ၃-မြို့ဝန်
မဟာမင်းခေါင်မင်းကျော်ရဲတင်
ဦးကံ

၁၂၄၃ ၎င်း ဂါးနွယ်ကုန်းမြို့စား

၁၂၄၅ ၎င်း ရွှေနန်းရိုး လမိုင်းဝန်

၁၂၄၆ ၎င်း လွှတ်တော်စာရေးကြီး
ဦးလူကြီး

၁၂၄၇ ၎င်း ဦးလူကြီးကို မန္တလေးသို့ ခေါ်ယူ၍ မလွန် ၃-မြို့ဝန် လွှတ်တော်ဝန်ထောက် ဦးဖိုးလှ ဗန်းမော်၌ ရပ်တန့်စီရင်၍ စစ်ကဲ ဦးထွန်းကြွယ်၊ ဦးဖိုးထွန်း နားခံ ဦးကြီး၊ ဦးဖေ၊ မြို့စာရေး ဦးချိန်တို့နှင့် မြို့ကိုထိမ်းသိမ်း အုပ်ချုပ်စဉ် အင်္ဂလိပ် မင်းများ ၁၂၄၇-ခု နတ်တော်လ အတွင်း ဆိုက်ရောက်၍ ဗန်းမော်မြို့ကို သိမ်းသည်။

အင်္ဂလိပ်မင်းများ ဗန်းမော် မြို့ကို သိမ်းယူပြီးသည့် နောက် နေမျိုးမင်းကျော်သူရိန် ဘွဲ့ခံ စစ်ကဲ-ဦးထွန်းကြွယ် အား ဗန်းမော်မြို့အုပ်အဖြစ် ခန့်အပ်လေသည်။

၁၂၆၆-ခုနှစ်သို့ရောက်သောအခါ ၎င်းဦးထွန်းကြွယ် အား အမှုထမ်းကောင်း (A.T.M.) ဘွဲ့ ချီးမြှင့်၍ ရွှေကူမြို့ နယ်ပိုင် ဝန်ထောက် အဖြစ်ဖြင့်၎င်း၊ ဗန်းမော်မြို့ နယ်ပိုင်



သီရိမ္မာ သောကမင်းကြီး ကောင်းမှု၊ စမ္ပာနဂိုရ်ပြည်ရှင် - ဘုရင် အိုက်ခေါ်တော်, သားတော် ဘုရင် စိတ္တရာဇာ, မြေးတော် ဝိလာသ မင်းသားကလေးတို့ တည်ထား ကိုးကွယ်ခဲ့ပါသော ဗန်းမော်မြို့နယ် သာသနာ့တံခွန် အိုက်ခေါ်တော်စေတီတော်နှင့် ရွှေကျီးနားစေတီတော်ကြီးပုံ။

(၁)

ဝန်ထောက်အဖြစ်ဖြင့်ရင်းခန့်အပ်လေသည်။ ၎င်းဦးထွန်းကြွယ်သည် မြန်မာမင်း အဆက်ဆက် ဗန်းမော်မြို့ ရုံးအရာရှိတို့ လက်စွဲပြု၍ မှတ်သား ထားသော ( စမ္ဘာနဂိုရ်ရာဇဝင် ) ကို ခရစ်နှစ် ၁၉၂၀-ပြည့် နှစ်တွင် ပုံနှိပ် ဝေငှခဲ့ဘူး လေသည်။

**ရွှေကျိုးနားဘုရား ပြောင်းရွှေ့ တည်ထားခြင်း**

စိတ္တရာဇာ မင်းကြီးနှင့် သားတော် ဝိလာသ မင်းသားတို့ တည်ထား ကိုးကွယ် ခဲ့သော ရွှေကျိုးနား စေတီတော်သည် သက္ကရာဇ် ၁၁၈၀-ပြည့်နှစ်သို့ ရောက်သောအခါ တာပင်မြစ်ရေစား၍ ကမ်းပါးပြိုကျသဖြင့် ရေသို့ကြွမည့် အခြေသို့ ဆိုက်ရောက်ခဲ့လေသည်။

ထိုအခါ မြို့ဝန်မင်း ဦးအိုးနှင့်တကွ ဘဒ္ဒန္တသီလဝံသဓဇ မဟာ ဓမ္မရာဇဂုရု တံဆိပ်တော်ရ သာသနာပြု နွယ်ငြိမ်း ဆရာတော်၊ ကုန်းခါးဆရာတော်၊ ကောင်းစင်းဆရာတော်၊ ညောင်ပင်သာ ဆရာတော်၊ ကျွန်းကြီး အလည်ကျောင်း ဆရာတော်၊ ကမ်းနီဆရာတော်၊ စင့်ကင်ဆရာတော်၊ မံနေ့ာင် ဆရာတော်၊ မြို့ဟောင်းဆရာတော်၊ တာပင်ကျွန်းဆရာတော်၊ ရေရှင်ဆရာတော်၊ တောင်လေးလုံးဆရာတော်၊ ပန်းပဲကုန်း ဆရာတော်၊ တပ်တွင်း ဆရာတော် စသော သံဃာတော် အရှင်မြတ်တို့သည် ဒါယကာ, ဒါယိကာမတို့အား တိုက်တွန်း နှိုးဆော်တော်မူကြ၍ စေတီတော်ကို ကုန်းမြင့်ဌာန အိုက်ခေါ တော် စေတီ အနီးသို့ ပြောင်းရွှေ့ တည်ထားကြလေ၏။

ထိုသို့ တည်ထားစဉ် ကာလက ဗန်းမော် မြို့ဝန်မင်း ဦးအိုးက ဒါယကာ ပြုလုပ်၍ နတ်မုခ်၊ နတ်လှေခါး၊ အုဋ္ဌ ပြသာဒ် တန်ဆောင်း တို့ကိုပါ တည်ထား လှူဒါန်းခဲ့ လေသည်။

**မင်းတုန်းမင်းတရားကြီး ပြုပြင်ခြင်း** ရတနာပုံ နေပြည်တော် ထီးနန်းကို ဘန်ဆင်း တည်ထောင်တော်မူသော ပဉ္စမ သံဂါယနာတင် ဘဝရှင် မင်းတုန်း မင်းတရားကြီးသည် သက္ကရာဇ် ၁၂၂၇-ခုနှစ်မှစ၍ ရွှေကျီးနှားစေတီတော်ကို ဘိနပ်တော် ပေ-၉၀, ဥဏှာတော် အမြင့် သံတောင် ၆၀, ဆန်းကြယ်စွာ မြို့ငုံ၍ အသစ်တည် ထားတော်မူစေသည်။

ထိုသို့ တည်စေ၍ မွမ်းမံ ခြယ်လှယ်၍အပြီး ရွှေထီး မတင်ရမီ ၁၂၂၈ - ခုနှစ် ဝါဆို လဆုတ်(၇)ရက်နေ့မှ စ၍ သားတော်မြင်ကွန်းအရေးတော် ဖြစ်ပေါ်လာသဖြင့် ရွှေထီး မတင်ရဘဲ ခေတ္တ ဆိုင်းငံ့ ထားရလေသည်။

မြင်ကွန်း အရေးတော်ပုံကြောင့် မင်းတရားကြီး၏ ညီတော် ကနောင်မြို့စား အိမ်ရှေ့ ဥပရာဇာသည် သူပုန်တို့၏ ဘက်သား (ဖြေ့သီး) လုပ်ကြံသဖြင့် နတ်ရွာစံတော်မူလေရာ ဥပရာဇာ၏သားတော်များဖြစ်ကုန်သော "ပန်းတိမ်းမင်းသား, ကြေးမြင့်မင်းသား, တိုင်တားမင်းသား, တောင်ပုံမင်းသား" တို့သည် ခမည်းတော် နတ်ရွာစံပြီဟူသော သတင်းမျှကိုသာ

ကြားရ၍ အကြောင်းရင်းအမှန်ကို မသိသောကြောင့် ခမည်းတော်ကို မင်းတုန်းမင်း၏ အမိန့်ဖြင့် သတ်လေပြီ....ငါတို့လည်း တန္ဓယ်ငင်၊ တစင်ပါ ရာဇဝတ်မှ လွင်းလွတ်တော့မည်မဟုတ်ဟု ယုံမှားခြင်းဖြင့်၊ ထို ဒုတိယ ဝါဆိုလဆုတ်(၇)ရက်နေ့ လေးသံ့ မြွားသံမစဲမီ စံနန်းတော်က ရုပ်ဖျောက် ထွက်ပြေးပြီး၊ ရွှေမြို့တော် အနောက်မြောက် စက်ရှိရှိ အမှုထမ်း လူခြောက်ဆယ် ကျော်ခန့်နှင့် မတ္တရာလမ်းမှ ရွှေဘိုအရောက် ချီတက်၍ ရွှေဘို တပယင်း၊ မြေတူး၊ ပဥ္စလမြို့များနှင့် အနီးအစပ် ကျေးရွာ လူထုကို စည်းကြပ်လျက် တပယင်း မြို့ဝန် မောင်မှန်းကို ဗိုလ်မှူးခန့်ပြီး ရွှေမြို့တော်သို့ ချီလာလေသည်။

ဝါခေါင်လဆန်း (၁၀)ရက်နေ့ တိုက်ပွဲ ဖြစ်ပွားရာ သူပုန်တို့ အရေးနိမ့်လေ၏။ မင်းတုန်း မင်းတရားကြီးသည် တရားရှင်ဖြစ်သည့် အားလျော်စွာ အထင်မှား၍ ဖြစ်ရသည့် အတွက် အပြစ်ယူမည် မဟုတ်ကြောင်း လက်နက်ချစေလို ကြောင်း အမိန့်ထုတ်ပြန်သော်လည်း မနာခံသဖြင့် ဆက်လက် တိုက်ခိုက်စေရာ သူပုန်တို့ သေကြေပျက်စီးကုန်လျက် မင်းသား လေးယောက်တို့ကို ကျောက်မြောင်းမြို့ ဥယျာဉ် အတွင်းမှ ဘမ်းဆီးရမိလေတော့သည်။

ထိုရမိသော မင်းသားတို့တွင် နောင်တော် ဖြစ်သူ ပန်းတိမ်း မင်းသားကိုသာ ဖျောက်တော်မူ၍ ကျန်မင်းသား ၃-ပါးတို့ကိုမူကား ရာဇဝတ်အပြစ်ဒဏ်မှ ချမ်းသာပေးတော်မူလေသည်။

ထိုအရေးတော် ဖြစ်ပေါ်စဉ်က ရွှေကြေးမြင့်မင်းသားသည် ရွှေကျီးနားဘုရားကို ရွှေထီး တင်လှူနိုင်ပါက ဘုရင်ဖြစ်လိမ့်မည်ဟု သတင်းစကား ဖြစ်ပွားလာသဖြင့် ရွှေလှံဗိုလ်မှူးအား အရံတပ်သား ငါးရာပေးအပ်၍ ရွှေကျီးနားစေတီတော်အား ရွှေထီးအထွတ်အပြီးမြောက်အောင် တင်လှူတော်မူစေသတည်း။

**လျောင်ခ,ခြင်း** သက္ကရာဇ် ၁၂၅၇ - ခုနှစ်တွင် မြေလျောင်တုန်လှုပ်ရာ ရွှေကျီးနား စေတီတော်သည် ခရာသီးမှစ၍ ကွဲအက်ခဲ့လေသည်။

ထိုအခါ မြို့အုပ်မင်း ဦးထွန်းကြွယ်နှင့်တကွ ဗန်းမော်မြို့ ရွှေကျောင်းဂိုဏ်းချုပ် ဆရာတော်ဦးဇောတ, မင်းစည်ဂိုဏ်းအုပ် ဆရာတော် ဦးပရမ,ရွှေကျီးနား ဆရာတော် ဦးမုတ်ဆိတ်တို့ကြပ်မတ်၍ မြို့ရှေ နယ်ပါ ဒါယကာ - ဒါယိကာမ တို့၏ အကူအညီဖြင့် ကြေးစလောင်းအထူး စိန်ဖူးတော် မကျူန်ထပ်မံ ပြုပြင်ခဲ့ကြလေသည်။

သက္ကရာဇ် ၁၂၉၃-ခုနှစ်တွင် လျောင်တဖန် တုန်လှုပ်ပြန်ရာ၊ ရွှေကျီးနားဘုရား ထီးတော်မြတ် ယိမ်းယိုင်သဖြင့် A.T.M. ဝန်ထောက်မင်း ဦးထွန်းကြွယ်နှင့် ရေရှင်ဂိုဏ်းအုပ်ဆရာတော် ဦးအာလောကတို့ ခေါင်းဆောင်လျက် ကျောင်းဒါယကာ ဦးခင်, ဇရပ်ဒါယကာ ဦးကြံ စသော သူတော်ကောင်းတို့သည် ရွှေထီးတော်ကို တင့်တယ်စွာ ပြင်ဆင်၍

ခရာသီးမှ ခေါင်းလောင်းနားအထိ ရွှေဆိုင်းပေါင်းတထောင်ဖြင့် ၁၂၉၄-ခုနှစ်တွင် ရွှေသင်္ကန်း ဆက်ကပ် လှူဒါန်းခဲ့ကြလေသည်။

**ဒုတိယ ကမ္ဘာစစ်မီးကြီး** သက္ကရာဇ် ၁၃၀၁-ခုနှစ်တွင် ဥရောပတိုက်၌ ဒုတိယ ကမ္ဘာစစ်မီးသည် စတင် လောင်ကျွမ်းခဲ့လေသည်။ ထိုကမ္ဘာစစ်မီးသည် တစတစ တိုးချဲ့လောင်ကျွမ်းလာသဖြင့် ၁၃၀၄-ခုနှစ်သို့ရောက်သောအခါ ထိုစစ်မီးသည် မြန်မာနိုင်ငံသို့ ဆိုက်ရောက်စွဲငြိလာလေသည်။ ထိုစစ်မီးဒဏ်ကြောင့် အင်္ဂလိပ်မင်းတို့သည် မြန်မာနိုင်ငံမှ ဆုတ်ခွါရလျက် ၎င်းတို့၏ နေရာဝယ် ဂျပန်များ ဝင်ရောက်လာလေသည်။

၁၃၀၆-ခုနှစ်သို့ ရောက်သောအခါ အင်္ဂလိပ်တို့သည် ရုရှား,အမေရိကန်တို့နှင့် မဟာမိတ်ပြု၍ ပြန်လှန် ထိုးစစ်ဆင်ခဲ့သဖြင့် မြန်မာနိုင်ငံ တဝှမ်းလုံး နေ့ ညဉ့်မစဲ တသဲသဲ ဗုံးမိုးစက်သေနပ်မိုး ရွာသွန်းဖြိုးလျက် ရှိချေသည်။

၁၃၀၆-ခု၊ ဝါခေါင်လဆုတ်(၈)ရက်နေ့ နေ့(၁၁)နာရီအချိန်တွင် မဟာမိတ်တို့၏ ဗုံးဒဏ် ဘန်ခိုးကြောင့် ရွှေကျီးနား စေတီတော်သည် ခေါင်းလောင်းနား အထိ ပြိုအက်ပျက်စီးတော်မူရလေသည်။

ဤသို့ ပျက်စီးရာ၌ ရွှေထီးသံတိုင်သည် ဗုံး၏ဒဏ်ကြောင့် စေတီမှ ပျံတက်၍ တခေါ်သာသာ ဝေးကွာသောတာပင်ချောင်းကမ်းဦး၌ ကျရောက်သွားသည်။ စေတီတော်

လည်း အထက်ပိုင်းတခုလုံး ပျက်စီးသွားလေသည်။ သို့သော် ရွှေထီးတော်မှာမူကား လုံး၀ အထိအခိုက်မရှိဘဲ ပျက်စီးလေပြီးသော စေတီတော်၏ အထက်၌ ပကတိအတိုင်း တည်နေတော်မူသည်။

မဟာမိတ်တို့၏ ဗုံးဒဏ်ကြောင့် ပျက်စီးသော စေတီတော်မြတ်ကို "ရွှေကျီးနားဂိုဏ်းအုပ် ဆရာတော် ဦးနန္ဒဝံသ, ကိုယ်တော်တိုင် လုံ့လစိုက်ထုတ်တော်မူ၍ ဗန်းမော်မြို့ သံဃာတော်များ, မြို့နယ် ဒါယကာ-ဒါယိကာမများ အကူအညီဖြင့် ၁၃၀၉-ခုနှစ်မှစ၍ ကျပ်ငွေပေါင်း (၃၇၀၄၃° — ၁၄ပဲ) ကုန်ကျသည်တိုင်အောင် ပြုပြင်တော်မူခဲ့ရာ၊ ၁၃၁၀-ခုနှစ်တွင် အလုံးစုံ ပြီးစီး အောင်မြင်တော်မူသဖြင့် မူလ ထီးတော်ကို ရွှေ့ကျောက်တို့ဖြင့် မွမ်းမံ ချယ်လယ်လျက် တပေါင်းလပြည့်နေ့တွင် ထီးတော်တင်ပွဲ ကျင်းပ ပူဇော်ခဲ့ပါသတည်း။

## "ရွှေကျီးနား မြန်မာကဗျာ"

လောင်းတော် ကျေးမင်း၊ ပျော်ခင်းမှန်စွာ
အိုင်ခွတ်တော်အား၊ ကျေးသားပြောရာ
ရွှေကျေးနားဟု၊ ဘုရားမြတ်စွာ
တည်ကာထား၊ အများပူဇော်ရာ။ ။
ရှေးက ရွှေကျေး၊ မည်ပေး သာယာ
နှစ်ရှည်ကြာငြား၊ စကားပျက်ခါ
ကျေးသံပျောက်ပြီး၊ ရွှေကျီးဖြစ်လာ
ရွှေကျီးနား၊ ဘုရားဘွဲ့သညာ။ ။

## ဗန်းမော်မြို့ ရွှေကျီးနား ဘုရားပွဲတော် စတင်ကျင်းပခဲ့ခြင်းနှင့် ဘုရားဂေါပက အဖွဲ့ဝင် လူကြီးများ

ဗန်းမော်မြို့ ရွှေကျီးနား မဟာစေတီတော်ကြီးကို ၁၂၃၄ - ခုနှစ် တပေါင်း လပြည့်နေ့မှစ၍ နှစ်စဉ် နှစ်တိုင်း ဗန်းမော်မြို့နှင့် ကျေးလက်တောရွာ ဒါယကာ, ဒါယိကာမ အပေါင်းတို့သည် ဘုရားပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲမျှ ဇာတ်ရုပ်စုံ ခင်းကျင်း၍ ဘုရားပူဇော်ပွဲကြီး ကျင်းပခဲ့ ပါသည်။ ၁၂၅၀ - ခုနှစ်တွင် ဗန်းမော်မြို့ နယ်ပိုင်ဝန်ထောက်မင်း ဦးထွန်းကြွယ်(A.T.M.)ဦးစီးနာယကပြုလုပ်၍ ခရိုင် မြို့နယ် ကျေးလက် တောရွာရှိ သူကြီး လူကြီးများ ဖြစ်ကြသော ဦးပွင့်ဦး၊ ဦးခင်၊ ဦးတိုး၊ ဦးဖြူ၊ ဦးပိန်၊ ဦးဖိတ်၊ ဦးမိုးအုံ၊ ဦးဘိုးဝ၊ ဘုရာ့တကာညီ ဦးထီးဆိုင်၊ ဆရာအောင် တို့အား ဘုရားဂေါပက ဖွဲ့စည်းပြီးလျှင် ရွှေကျီးနား မဟာစေတီတော်ကြီးနှင့်တကွ ဘုရားပွဲတော်ကြီးကို နှစ်စဉ် မပျက် မကွက် ကြိုးစား ဆောင်ရွက်ခဲ့ကြပေသည်။

(အထက်ပါအဖွဲ့ဝင်လူကြီးများ ကွယ်လွန်သွားကြပြီးနောက်)


ရွှေကျီးနား ဆရာတော်ဘုရားကြီး ( ဦးနန္ဒဝံသ ) က ဦးစီးနာယကပြု၍ အောက်ပါ ဂေါပက အဖွဲ့ကို ဖွဲ့စည်းပြီး ယခုတိုင် ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။

## ယခုလက်ရှိ ဂေါပကအဖွဲ့

၁။ ဦးဘခင် အငြိမ်းစား တောအုပ်ကြီး (ဥက္ကဋ္ဌ)
၂။ ဦးလူတင် ကုန်သည် (ဒုတိယ-ဥက္ကဋ္ဌ)
၃။ ဦးလွန်းပြေ ကျောင်းအုပ်ဆရာကြီး (အတွင်းရေးမှူး)

အထက်ပါ အဖွဲ့မှစ၍ ယခုတိုင် ဆောင်ရွက်ဆဲ။

| | | |
|---|---|---|
| ၄။ | ဦးလှဖေ ကျောင်းဆရာ | (တွဲဖက်အတွင်းရေးမှူး) |
| ၅။ | ဦးလှမောင် ၎င်း | (အမှုဆောင်လူကြီး) |
| ၆။ | ဦးလှဖေ ကုန်သည် | (၎င်း) |
| ၇။ | ဦးကောက် နေခင်ခို သူကြီး | (၎င်း) |
| ၈။ | ဦးဆန့်ကြီး စမ္ပါရွာ | (၎င်း) |
| ၉။ | ဦးစံရှင် ရွှေကျီးနား | (၎င်း) |
| ၁၀။ | ဦးကြီးမောင် ။ | (၎င်း) |
| ၁၁။ | ဦးချစ်ရိုး ။ သူကြီး | (၎င်း) |
| ၁၂။ | ဦးသိန်းဖေ ။ | (၎င်း) |
| ၁၃။ | ဦးလှတင် ။ | (၎င်း) |
| ၁၄။ | ဦးဖေ ။ | (၎င်း) |
| ၁၅။ | ဦးစိ ။ | (၎င်း) |
| ၁၆။ | ဦးသန့် ။ | (၎င်း) |
| ၁၇။ | ဦးခန့်လေး ။ | (၎င်း) |
| ၁၈။ | ဦးစံတင့် စစ်ကဲကုန်း | (၎င်း) |
| ၁၉။ | ဦးထွန်းသိုင်း စင့်ကင် | (၎င်း) |



သီရိမင်္ဂလာ လောကမင်းကြီး ကောင်းမှု စမ္ပာနဂိုရ်ပြည်ရှင် ဘုရင်စိတ္တရာဇာ တည်ထား၍၊ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီး သွားရာ၊ ပြည်သူပြည်သား အများကောင်းမှုဖြင့် အသစ် ပြန်လည် ပြုပြင် လှူဒါန်း ထားပါသော ဗန်းမော်မြို့နယ် သာသနာ့တံခွန် ရွှေကျီးနား စေတီတော်ကြီးပုံ။

(A)

| | | | | | |
|---|---|---|---|---|---|
| ၂၀။ | ဦးစံတုတ် | နန့်ဖါး | ( | ၎င်း | ) |
| ၂၁။ | ဆရာငြိမ့် | ။ | ( | ၎င်း | ) |
| ၂၂။ | ဦးလွန်းကျော် | ။ | ( | ၎င်း | ) |
| ၂၃။ | ဦးသက်ရှည် | ။ | ( | ၎င်း | ) |
| ၂၄။ | ဦးဘိုးရ | ။ | ( | ၎င်း | ) |
| ၂၅။ | ဦးစံခိုင် | ။ | ( | ၎င်း | ) |
| ၂၆။ | ဦးစိန်မောင် | ညောင်ပင်ရပ် | ( | ၎င်း | ) |
| ၂၇။ | ဦးစိန် | မင်းကျောင်းကုန်း | ( | ၎င်း | ) |

( ရွှေကျီးနဒး စေတီတော်အကြောင်း ပြီးပြီ။ )

---

# မန်မော် သိမ်တော်ကြီး၊ ရွှေစေတီ အကြောင်း

စိတ္တရာဇာမင်းတရားနှင့် သားတော် ဝိလာသတို့သည် သီရိဓမ္မာသောကမင်းထံမှ ဝေစုရသော ဓာတ်တော် ၄-ဆူဖြင့် စေတီတော် ၄-ဆူ တည်ထားတော်မူခဲ့ရာ ရွှေစေတီတော်၏ တည်ရာ မန်မော်ဆိုသည်ကား စမ္ပာနဂိုရ်မြို့အနီး အိုးလုပ်သော သူတို့၏ နေရာဖြစ်၍ ယခုအခေါ် (ဗန်းမော်မြို့)ပင် ဖြစ်လေသည်။

ရွှေစေတီ ဆိုသည်မှာလည်း စေတီတော် တည်စက ရွှေသင်္ကန်း မွမ်းမံ ထားခြင်းကို စွဲ၍ ရွှေစေတီ တွင်ရာမှ စေတီတော်အနီး သိမ်တော်ကြီး ဖြစ်ပေါ်လာသဖြင့် ယခု အခါ သိမ်တော်ကြီး (သို့မဟုတ်) သိမ်မဟာ စေတီတော်ဟု ခေါ်ဝေါ်ကြလေသည်။

မူလ ရွှေစေတီတော်ကို မြှိုင့်၍ ထို သိမ်မဟာ စေတီတော်ကို ထပ်ဆင့် တည်ထား ခဲ့သော ဒါယကာ ကား စော်သွားကြီး ဦးကံ ဖြစ်လေသည်။

**ကံနှစ်ကံ** ဦးကံအမည်ဖြင့် ဗန်းမော်မြို့ကို ဘုသားစားရသော ပုဂ္ဂိုလ်ကား နှစ်ဦး ရှိလေသည်။ (ဗန်းမော် မင်းဆက်များ အခဏ်းကို ပြန်ကြည့်ပါ) ထို ၂-ဦးသော ဦးကံတို့တွင် သိမ်မဟာစေတီတော်ကို တည်ထားသော ဦးကံကား ဘိုးတော်မင်းတရားလက်ထက် ဗန်းမော်မြို့ကို ၂-ကြိမ် တိုင် အသနားတော် ခံရသော နေမျိုးမင်းလှဘွဲ့ခံ ဦးကံ ဖြစ်လေသည်။

နေမျိုးမင်းလှဘွဲ့ခံ ဦးကံ ဗန်းမော်မြို့ကို ဘုသားစား ရသော အကြောင်းနှင့် သိမ်မဟာစေတီ ထပ်မံ တည်ထား သော အကြောင်း တို့ကို အနည်းငယ် ဖွင့်ဆို ရေးသားပါ ဦးမည်။

**သံတမန်များ ရောက်ခြင်း** သက္ကရာဇ် ၁၁၄၉-ခု တန်ခူး လပြည့်ကျော် ၁-ရက် အင်္ဂါနေ့ တရုပ်ပြည်မှ သံတမန်များ သိန္နီမြို့သို့ ဆိုက်ရောက် လာလေ သည်။ သံတမန်အကြီးကား (အေဆော်ရဲ) ဖြစ်၍ လူသုံးရာ ကျော် ပါလေ သည်။ ၎င်း တို့နှင့် အတူ ရွှေပေ ရာဇသံ၊ လက်ဆောင်တော် များနှင့် တရုပ် နန်းဦး၌ ကိုးကွယ်သော ရွှေဗြဟ္မာရုပ် ရှစ်ရုပ်လည်း ပါလေသည်။

တရုပ်ပြည်မှ သံတမန် ရောက်လာသဖြင့် ဘိုးတော်မင်းတရားကြီးသည် တရုပ်စကား၊ ရှမ်းစကား တတ်ကျွမ်းနားလည်သော ဗန်းမော်စော်ဘွား ဝေလုသာရဘွဲ့ခံဦးရွှေရေးအား တရုပ် သံတမန် တို့နှင့် ညှိခံ ပြောဆိုရန် အတွက် ခြေတော်ရင်းသို့ ဆင့်ခေါ်တော်မူသည်။

ထိုအခါ ဝေလုသာရ ဦးရွှေရေးကလည်း တရုပ်စကား ရှမ်းစကားများအပြင် စကား အပြောအဆို ခြေင် ပြေပြစ်လှသော မြို့စာရေးကြီးဦးကံကို ခြေတော်ရင်းသို့ ခေါ်ဆောင်သွားလေသည်။

တရုပ် သံတမန်များသည် ၁၁၄၉-ခု နယုန်လဆန်း ၁၃-ရက် အင်္ဂါနေ့ အမရပူရ နေပြည်တော် ဘိုးတော်ဘုရား ထံတော်ရင်းသို့ ရောက်၍ တရုပ်မင်းထံမှ ရာဇသံ ရွှေပေလွှာ တို့ကို ဆက်သသည်။

ရာဇသံ ရွှေပေလွှာကား မဟာမိတ် ပြုရန် ဖြစ်၍ ရာဇသံရွှေပေလွှာနှင့်အတူ အာဘဿရာ ဗြဟ္မာရုပ် ရှစ်ရုပ်၊ ကမ္ဗလာရှစ်၊ ရွှေဖျဉ်တဆယ်၊ မြင်းတဆယ် ပါ၍ မိမိ တမန်များနှင့်အတူ အပြန်၌ သံတမန် ဖက်၍ ထည့်လိုက် စေလိုကြောင်းလည်း ပါလေသည်။

ရာဇသံရွှေပေလွှာကို နာခံတော် ကျော်စွာနော်ရထာ ဘတ်လျှောက် ပြီးလျှင် ဘိုးတော်ဘုရားသည် စကားပြန် ဝေလုသာရမှ တဆင့် သံတမန်တို့နှင့် စကားပြောဟောတော်မူသည်။

ဘိုးတော်။ ။ တရုတ်ပြည်က အမရပူရ အထိ ရက်ပေါင်း မည်မျှ လာရသလဲ?...."

တရုတ်သံ ။ ။ ရက်ပေါင်း ၁၆၄-ရက် လာရ ပါသည် ဘုရား...."

ဘိုးတော်။ ။ အသင်တို့ လာစဉ်က အကြည်တော် ဥဒည် မင်းနှင့်၊ မိဖုရား၊ သားတော်၊ သမီးတော် များ ကျန်းမာကြပါရဲ့လား?...."

တရုတ်သံ။ ။ ကျန်းမာစွာ ရှိကြပါသည်ဘုရား...."

ဘိုးတော်။ ။ ကောင်းလှပေါ့ မောင်မင်းများ.... သည်က အကြောင်းအရာများကိုလဲ အကြည်တော် သိလိုလှပေလိမ့်မယ်.... ဒါကြောင့် မကြာမီ နေရပ်ကို ပြန်ကြ မောင်မင်းများ...."

ဘိုးတော်မင်းတရားသည် ဤသို့ မိန့်ဟတော် မူပြီး သံအကြီး အေဆော်ရဲကို ငွေ ငါးပိဿာ၊ ငွေဖလားတစ်၊ အချိန် ၁၁ိ၊ ပတ္တမြား လက်စွပ် တစ်၊ ကြိုးကစုံ မြင်းတစ်၊ သက္ကလပ်နီ၊ ပုဝါအုပ်၊ သရက်ထည် ပိတ်အုပ်နှင့်၊ ယွန်းအစ်ကြီး၊ ယွန်းအစ်ငယ် ပေးသနားတော်မူ၍၊ သံလတ် လေးဦးတို့ကို ငွေသား သုံးပိဿာ၊ ငွေဖလားတစ်၊ အချိန် ၁၁ိ၊ ပတ္တမြားနီတစ် လက်စွပ်တစ်၊ သက္ကလပ်နီ၊ ပုဝါ ပိတ်အုပ်၊ သရက်ထည်ပိတ်အုပ်၊ ကြိုးကစုံ မြင်းတစ်၊ ကော်ဇော၊ ယွန်း အစ်များ ပေးသနားတော် မူလေသည်။

သက္ကရာဇ် ၁၁၄၉-ခု နယုန်လပြည့်ကျော် ၁၀-ရက် တနင်္ဂနွေနေ့ တရုပ်သံတို့နှင့်အတူ မြန်မာသံ ဖက်၍ လက်ဆောင်တော် အဖြစ် ဆင်ပေါက် နှစ်စီး၊ ဆင်မ နှစ်စီး၊ ဆင်စွယ် အချိန် တရာ၊ ပတ္တမြား အထွတ်တပ် ဆင်စွယ် ခမောက်တစ်၊ ပတ္တမြားလက်စွပ်နှစ်၊ နီလာ လက်စွပ် တစ်၊ မိုးပြေးကျောက် တပိဿာ၊ သက္ကလပ်ဝါ၊ သက္ကလပ်နီ၊ သက္ကလပ် စိမ်း၊ သရက်ထည် ပိတ်အုပ် တဆယ်၊ ပုဝါ ပိတ်အုပ် တဆယ်၊ ကော်ဇော တဆယ်၊ ရွှေဆိုင်း တရာ၊ ငွေဆိုင်းတရာ၊ နံ့သာဖြူ အချိန် တဆယ်၊ ရှမ်းအစ်ကြီး လေးဆယ်၊ ရှမ်းအစ်ငယ် ငါးဆယ် ပေးတော်မူ လိုက်သည်။

ချစ်ကြည်ရေး ရာဇသံလည်း ပြန်တော်မူလိုက်သည်။ ထိုစဉ်က ဖက်လိုက်သော မြန်မာသံ တို့တွင် သံအကြီးမှာ ဗန်းမော်စော်ဘွား ဝေလုသာရနှင့် အမတ် နေမျိုးရွှေတောင် သီဟကျော်ခေါင်တို့ ဖြစ်လေသည်။

ဗန်းမော် စော်ဘွား ဝေလုသာရ တရုတ် ပြည်သို့ သံတမန် အဖြစ် လိုက်ရ သောကြောင့် မြို့စာရေး ကြီး ဦးကံလည်း သံငယ်အဖြစ်ဖြင့် လိုက်ပါရလေသည်။

ဤသို့ တရုတ်ပြည်သို့ ချစ်ကြည်ရေး သံတမန် အဖြစ် သွားကြစဉ် ဗန်းမော်စော်ဘွား ဝေလုသာရသည် လမ်းခရီး၌ အဖျားရောဂါ စွဲကပ်၍ ကွယ်လွန်သဖြင့် ကျန်သော သံတမန်ကြီးတို့သည် တရုပ် စကား မတတ် သောကြောင့် ဦးကံကို ရှေ့ဆောင်ပြု၍ ဥဒည်မင်းနှင့် စကားဆိုကြရလေသည်။


တရုတ် ဥဒည်မင်းသည် စကားအပြောအဆို ပြေပြစ်သော ဦးကံအား လွန်စွာ နှစ်သက်သဖြင့် ဆုလာဘ် များစွာ ချီးမြှင့်ခဲ့သည်။ သွားရောက်ရသော ချစ်ကြည်ရေး ကိစ္စလည်း ချောမောပြေပြစ်ခဲ့လေသည်။

ထို့ကြောင့် နေပြည်တော်သို့ ပြန်လည် ဆိုက်ရောက်သောအခါ ဦးကံအား (နေမျိုးမင်းလှ) ဘွဲ့ဖြင့် ဗန်းမော်စော်ဘွား ခန့်၍ တွဲဘက်ဝန်အဖြစ် ဦးဖိုးကို ခန့်အပ်တော်မူလေသည်။

နေမျိုးမင်းလှ ဘွဲ့ခံ ဦးကံသည် ဗန်းမော် စော်ဘွားအဖြစ်သို့ ရောက်သောအခါ ရွှေစေတီကို မှီငုံ၍ သိမ်တော်ကြီးခေါ် (သိမ်မဟာစေတီ) ကို တည်ထားလေသည်။

**စေတီတော် ပုံသဏ္ဍာန်များ** သိမ်မဟာ စေတီတော် တည်ထား ခြင်းနှင့် စပ်၍ စေတီပုံသဏ္ဍာန်များကို အကျဉ်းမျှ ထုတ်ဖော် ရေးသားပါဦးမည်။ (**ထူပေါတု စေတိယံ ဘဝေ**)ဟု မဂဓ အဘိဓာန်၌ မိန့်ဆိုသည့်အတိုင်း (**ထူပါသဒ္ဒါ၊ စေတီသဒ္ဒါ**) တို့သည် လူတို့ ပူဇော်အပ်သော စေတီဟူသော အနက်ကို ဟောသည်။

လူတို့ပူဇော်အပ်သော ဌာနကို စေတီဟု ဆိုသောကြောင့် (နတ်ကွန်း၊ နတ်သစ်ပင်နှင့် ဆင်းတုတော်) တို့ကိုလည်း စေတီဟု ခေါ်ကြောင်း ရဒ္ဒကျမ်းကို အကိုး အကားပြု၍ အဘိဓာန် ဋီကာ၌ ဆိုလေသည်။



၁၃၂၈-ခုနှစ် ၂၉-ခုနှစ်၌ သိမ်မဟာစေတီတော်ကြီးတဆူလုံး
ထီးတော်, ငှက်မြတ်နားများပါ, အသစ်ထပ်မံ၍
ပြည်သူ-ပြည်သား အများကောင်းမှုဖြင့် ငွေ ၃၀၀၀၀ိ/
သုံးသောင်းကျပ်ကုန် မှန်စီရွှေချ ရွှေဆိုင်း သင်္ကန်း ဆက်ကပ်
ထား၍ ရွှေရောင်ရွှေမှုန်တို့ဖြင့် ဝင်းပြောင်တောက်ပ
ကြည်ညိုဘွယ်ရှိလှသော
ဗန်းမော်မြို့ သိမ်မဟာ စေတီတော်ကြီးပုံ။ H

သို့သော် ယခုခေတ်၌ စေတီဟု ဆိုလျှင် ဓာတ်တော် ဌာပနာ၍ တည်ထား အပ်သော အုဋ္ဌစေတီ၊ ကျောက်စေတီ စသည်တို့ကိုသာ စေတီဟု အသိအမှတ် ပြုကြလေသည်။

ထိုစေတီသည် လိုဏ်မုခ်ရှိသော စေတီနှင့်၊ လိုဏ်မုခ် မရှိသော စေတီဟု ၂-မျိုး ကွဲပြားရာ လိုဏ်မုခ်ပါလျှင်(ထူပ) ဟု ခေါ်ဝေါ်ကြောင်း၊ လိုဏ်မုခ် မပါသော် စေတီ ဟူ၍ ခေါ်ဝေါ်ကြောင်း အဘိဓာန်ဋီကာ၌ ဆိုလေသည်။

လိုဏ်မုခ်ပါသော ထူပစေတီမျိုးကို (ဂူ) ဟူ၍လည်း ခေါ်ကြ သေး၏။ ထိုဂူသည် မြောက်အရပ်သို့ မျက်နှာ ပြုပါလျှင် (တဝဂူ) အမည်ရ၍ ထိုဂူဝ၌ လောကီ ဆေးဝါး မန္တရားများ စီရင်ဘတ်ကြလေသည်။

ထို ဂူ၊ ပုထိုး၊ စေတီ တို့ကို ကမ္ဘာ ပေါ်ဝယ် ဗုဒ္ဓ သျှင်တော် ဘုရား မပွင့်မီ ရှေးပဝေသဏီက ပင်လျှင် လူတို့ တည်ထား ပြုစုခဲ့ဘူးလေသည်။ အသွင်သဏ္ဌာန်တို့သည်လည်း လူတို့၏ စိတ်ဓာတ် ဆန်းကြယ် သလောက် ဆန်းကြယ်ကြ ကုန်၏။

ဗုဒ္ဓစေတီများကို မူကား ရှေးအခါကာလက ခိုင်ခန့် မှုကို ရှေးရှု၍ စပါးပုံ သဏ္ဌာန် အောက်ခြေ ကားကား တည်ထားကြသည်။ ၎င်းစပါးပုံသဏ္ဌာန်ကို (ဓညာကာရ)ဟု ခေါ်သည်။

ဤစပါးပုံသဏ္ဌာန်မှတပါး ရေပွက်သဏ္ဌာန် ရှိသော ပုဗ္ဗုဠ္ဌာကာရ စေတီ၊ ကြာဖူး ကြောင့် သဏ္ဌာန်ရှိသော ပဒုမာကာရ စေတီ၊ အောက်၌ လေးထောင့်တိုက်ခံ၍ တိုက်အထက် ဝယ် မကိုဠ် သဏ္ဌာန် အရင်းကား အဖျား သွယ်သော မကုဋ္ဌာကာရစေတီ၊ ပစ္စယာ သုံးဆင့် ခံ၍ ခေါင်းလောင်း ပုံသဏ္ဌာန် ရှိသော ဃဏ္ဌာကာရ စေတီ စသည်ဖြင့် မိမိတို့ ဉာဏ်အားလျော်စွာ စေတီပုံ အမျိုးမျိုး တည်ထားကြ လေသည်။

ထိုစေတီပုံ အမျိုးမျိုး တို့တွင် ဃဏ္ဌာကာရ ခေါင်း လောင်း ပုံသဏ္ဌာန်စေတီသည် အောက်ခြေ၌ ပလ္လင်ပုံ ၃-ဆင့် ခံ၍ တည်သော (စည်းခုံစေတီ)၊ ပလ္လင် သဏ္ဌာန် အတိုး အဆုတ် တင်းမခံဘဲ အဝန်း အဝိုင်း ပစ္စယာ သုံးဆင့် ခံ၍ တည်သော (ပွတ်စေတီ)ဟု ၂-မျိုး ရှိပြန်လေသည်။

## စေတီ အခေါ်အဝေါ်များ

ထိုစေတီတော် တို့၏ အဆင့်ဆင့်ကို လိုက်၍လည်း အမည် အမျိုးမျိုး မှည့်ခေါ်ကြလေသေးသည်။

(၁) အောက်ခြေကို — ဘိနပ်တော်
(၂) ဘိနပ်တော် အထက် — ပန်းတင်
(၃) ပန်းတင်အထက် — ပစ္စယံ ၃-ဆင့်
(၄) ပစ္စယံ အထက် — ရှစ်မြှောင့် (သို့မဟုတ်) အဝန်း၊ ကြေးဝိုင်း

(၅) ကြေးဝိုင်း အထက် — ကြာအုံ
(၆) ကြာအုံ အထက် — ခေါင်းလောင်း

ထို ခေါင်းလောင်းကို ၃-ပိုင်းပြု၍ အောက်အဖို့ကို ခေါင်းလောင်းနား၊ အလည်ကြိုးပတ်ကို ရင်ဖွဲ၊ အထက်အဖို့ကို သပိတ်မှောက်ဟု ခေါ်လေသည်။

(၇) သပိတ်မှောက်အထက် — ဖေါင်းရစ်
(၈) ဖေါင်းရစ်အထက် — ကြာမှောက်
(၉) ကြာမှောက်အထက် — ကြာလန်

၎င်း ကြာမှောက် ကြာလန် တို့၏ အကြား ရှိလုံး သဏ္ဍာန် ထည့်၍ ၎င်းကို (ရွဲ) ဟူ၍ပင် ခေါ်သည်။

(၁၀) ကြာလန်အထက် — ခရာသီး (သို့မဟုတ်) ငှက်ပျောဖူး

ငှက်ပျောဖူး၏ အထက်၌ ထီးအထွတ် တင်သဖြင့် ဂဏ္ဍာကာရ စေတီမျိုး၌ အဆင့် ဆယ်ဆင့် ရှိကြောင်း သိအပ်ပေသည်။

**သိမ်မဟာစေတီ ပုံသဏ္ဍာန်** ထိုစေတီပုံ အမျိုးမျိုး တို့တွင် ဗန်းမော်မြို့ သိမ်မဟာ စေတီတော်ကြီး သည်ကား ဂဏ္ဍာကာရ ခေါ် ခေါင်းလောင်း ပုံသဏ္ဍာန်စေတီတော် ဖြစ်လေသည်။ စေတီတော်၏ ခေါင်းလောင်းပုံသဏ္ဍာန်သည်မြန်မာမှုအားဖြင့်ဆိုသော် အောက်ခြေ

ကားလျက် ကော့ပျံတက်ပြီးလျှင် မကိုဋ္ဌသဏ္ဍာန် ညွှတ်မြဲ ဖြစ်လေသည်။ သိမ်မဟာ စေတီတော်၏ ခေါင်းလောင်း ပုံသဏ္ဍာန်ကား မြန်မာ့မူ ခေါင်းလောင်းမဟုတ်ဘဲ၊ တရုတ် ခေါင်းလောင်း ပုံသဏ္ဍာန် ဖြစ်လေသည်။

စော်ဘွားကြီးဦးကံသည် သိမ်မဟာစေတီ တည်သော အခါ မြန်မာ့မူ ရိုးသည်ဟု မိမိ ပီကင်းသို့ ရောက်ခဲ့ စဉ်က မြင်တွေ့ခဲ့ရသော ခေါင်းလောင်းကြီး သဏ္ဍာန်ကို စေတီတော် ခေါင်းလောင်း၌ ထည့်လုပ်စေခဲ့လေသည်။

ပီကင်း ခေါင်းလောင်းကြီးနှင့် စပ်၍ ကမ္ဘာကျော် ခေါင်းလောင်းကြီး ၅-လုံး အကြောင်းကို အကျဉ်းမျှ ဖေါ်ပြပါဦးမည်။

**ခေါင်းလောင်းကြီး ငါးလုံး** ကမ္ဘာပေါ်၌ ထင်ရှား ကျော်ကြား သော ခေါင်းလောင်းကြီး ငါးလုံး ရှိလေသည်။ ပဌမ အကြီးဆုံး ခေါင်းလောင်းမှာ ရုရှနိုင်ငံ မော်စကိုမြို့၌ ရှိသော (ဇာကိုလို ကော) အမည်ရှိသော ခေါင်းလောင်းဖြစ်၍ တန်ချိန် နှစ်ရာ ကျော် အမြင့် ၁၉-ပေ၊ ၃-လက်မ။ အဝန်းပေ ၉၀၊ ၉-လက်မ အထူ ၂-ပေ ရှိသည်။

ထိုခေါင်းလောင်းကြီး၏ နခန်းသည် ပဲ့သွားရာ ထို အပဲ့သည်ပင်လျှင် အလေးချိန် ၁၁-တန် ရှိသည်။

ဒုတိယအကြီးဆုံးခေါင်းလောင်းသည်လည်း မော်စကို မြို့၌ပင်ရှိ၍ တန်ချိန် (၁၂၈)တန် လေးလေသည်။

ထိုရုရှ ခေါင်းလောင်းကြီးများ၏ ပုံသဏ္ဍာန်ကား မြန်မာတို့၏ ခေါင်းလောင်းနှင့်ပင် တူလေသည်။

တတိယအကြီးဆုံး ခေါင်းလောင်းမှာ မြန်မာနိုင်ငံရှိ မင်းကွန်းခေါင်းလောင်းကြီးဖြစ်၍ အလေးချိန် ၉၀.၂၅-တန် ရှိလေသည်။

စတုတ္ထ အကြီးဆုံး ခေါင်းလောင်းမှာ တရုတ်ပြည် ပီကင်းမြို့၌ ရှိသော ခေါင်းလောင်းကြီး ဖြစ်၍ အလေးချိန် ၅၃-တန် ရှိလေသည်။

ပဉ္စမ ခေါင်းလောင်းကြီးကား တရုတ်ပြည် နန်းကင်း မြို့၌ရှိ၍ ၂၂-တန် အလေးချိန်စီးလေသည်။

ထိုခေါင်းလောင်းကြီးတို့တွင် တရုတ်ခေါင်းလောင်း ကြီးများကား မြန်မာ ခေါင်းလောင်းကဲ့သို့ မကိုင်း၍သဏ္ဍာန် ညွတ်၍ မတက်ဘဲ အောက်ခြေအနည်းငယ် ကား၍ သစ်စည် (ကုလားဘက်)ကဲ့သို့ ခတ်မတ်မတ် တက်လေသည်။

ထို့ကြောင့် တရုတ်ခေါင်းလောင်း ပုံသဏ္ဍာန် တည် ထားအပ်သော သိမ်မဟာ စေတီတော်သည်လည်း အခြား စေတီတော်များနှင့် မတူဘဲ ဟန်နမူနာ တမျိုးခြားလေသည်။

**သိမ်မဟာစေတီ တည်သက္ကရာဇ်** နေမျိုးမင်းလှ ဘွဲ့ခံ ဗန်းမော် စော်ဘွားကြီး ဦးကံ သည် တရုတ်ပြည်မှ ၁၁၅၀-ပြည့်နှစ်တွင် နေပြည်တော်အမရပူရသို့ ပြန်ရောက်လျက် ၁၁၅၅-ခုနှစ်တွင် ဗန်းမော်စော်ဘွားရာထူး ခန့်အပ်ခြင်းကို ခံရသည်။

၁၁၅၆-ခုနှစ်တွင် ဗန်းမော်ရွှေစေတီကိုင်း၍ သိမ်မဟာ စေတီတော်ကို တည်လေသည်။

သိမ်မဟာစေတီတော် တည်ထားကြောင်း ဘိုးတော် ဘုရားထံ လျှောက်ထားသဖြင့် ဘိုးတော်ဘုရားထံမှ ဓါတ်တော် မွေတော်များ, မင်း, မိဖုရား, သားတော်, သမီးတော် တို့၏ ရွှေကိုယ်လေးရုပ်တုများ, ရွှေဗောဓိပင်နှင့် ရွှေဆင်းတု, ငွေ ဗောဓိပင်နှင့် ငွေဆင်းတုများ စသော ဌာပနာရန် ဝတ္ထုများ ကို ပေးပို့တော်မူခဲ့လေသည်။

စေတီတော် ပြီးဆုံးခြင်းသို့ရောက်သော ၁၁၅၇-ခုနှစ် တွင်မူကား စော်ဘွားကြီးဦးကံကို ရွှေဘဝါးတော်အောက် ပြန်လည်ခေါ်ယူ၍ တရုတ်ပြည်အသွား ကွယ်လွန်သူ ဗန်းမော် စော်ဘွား ဝေလုသာရ ဦးရွှေရေး၏ညီ ဦးရွှေအေးဆိုသူအား နောင်တော်၏ဘွဲ့ ( ဝေလုသာရ ) ဟူသော အမည်ဖြင့်ပင် ဗန်းမော်စော်ဘွား ခန့်အပ်၍ ဦးကံအား တွဲဘက်ဝန်အဖြစ် ခန့်အပ်ခဲ့သည်။

၁၁၇၀ - ပြည့်နှစ်တွင် ဦးရွှေအေး ကွယ်လွန်သော အခါ နေမျိုးမင်းလှ ဦးကံကို ဗန်းမော်စော်ဘွား အဖြစ် ပြန်လည်ခန့်အပ်ပြန်ရာ ၁၁၇၁-ခုနှစ်တွင် နေမျိုးမင်းလှ ဦးကံ ဗန်းမော်မြို့၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့လေသည်။

မြင်မြင်သမျှ အနိစ္စ၊ မချမြဲတာ မရှိပါ၊
ဖြစ်လျှင်ပျက်မြဲ မှန်မလွဲ၊ ငါလဲဖြစ်လာ ပျက်ဦးမှာ။

**ဘိုးတော်ကြီးနတ်စင်** သိမ်မဟာစေတီတော်ကြီး၏ ဒါယကာ နေမျိုးမင်းလှ ဘွဲ့ခံ ဗန်းမော် စော်ဘွားကြီးဦးကံ.... ကွယ်လွန် အနိစ္စ ရောက်သွားပြီးသည်နောက်၊ နောင်လာ နောက်သားတို့ အမှတ်တရ သိကြစေရန် ၎င်း၊ စေတီတော်ကြီး နှင့် တကွ မြို့သူ မြို့သား, နယ်သူ နယ်သား အပေါင်းတို့ကို အမြဲ စောင့်ရှောက် ပေးနိုင်စေရန် ၎င်း ရည်ရွယ်၍၊ မင်းကုန်းရပ်ကွက် အလယ်ရပ် - လက်ပန်တန်း ရပ်ကွက် မြို့ထိပ် မြို့ဦး ဖြစ်သော ကန်တော်ကြီး အနီး ကုန်းတန်း စွယ်၏ အထိကရ သစ်ပင်ကြီး အရင်းတွင်၊ ရှေးလူကြီးများ က (ဘိုးတော်ကြီး နတ်ကွန်း နတ်နန်း) ဆောက်လုပ်တည် ထားကြသည်ကို ယနေ့ထက်တိုင် ထင်ရှား တွေ့မြင်ရ၍ နှစ်စဉ် နတ်ကန်တော့ပွဲများ ပေးနေ ကြပါသည်။

စော်ဘွားကြီး ဦးကံ၏ သားတော် နှစ်ပါး ဒါးလေး မောင်မောင် ကိုလည်း နိုင်ငံတော် ပုန်ကန် ခြားနား မှုကြောင့် ဘိုးတော်ဘုရား အမိန့်နှင့် ကွပ်မျက် အဆုံးစီရင်

လိုက်ရာ မင်းကျောင်းကုန်းရပ်ကွက်၊ ညောင်ပင်ရပ်ကွက်အနီး ကုန်းစွယ်တွင် နတ်ကွန်း နတ်နန်း ၂-ခု ဆောက်လုပ်ပေး ထားကြလေသည်။

**ဆွမ်းတော်ကြီးပွဲ နှစ်စဉ် ကျင်းပခြင်း**

ဗုဒ္ဓသျှင်တော် မြတ်ဘုရား၏ ကိုယ်စား ဓာတ်ပုံ သွင်းနှံ တည်ထား အပ်သော "ရွှေကျိုးနား စေတီတော်၊ သိမ်မဟာ စေတီတော်မြတ်တို့ကို ဗန်းမော်မြို့နယ် ဒါယကာ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့သည် နှစ်စဉ်မပြတ် ဆွမ်းတော် ကြီး ဆက်ကပ်ပွဲ ကျင်းပပူဇော်ခဲ့ကြလေသည်။

ထိုဆွမ်းတော်ကြီး ဆက်ကပ်ပွဲ (ဝါ) ဘုရားပွဲတော် သည် အထက်အောက် မြန်မာပြည်မှစည်ကားစွာ လာရောက် ပူဇော်ကြသဖြင့် ဗန်းမော်နယ်တွင် ထင်ရှားကျော်ကြားသော ပွဲတော်တရပ် ဖြစ်ခဲ့လေသည်။

ဤ ဆွမ်းတော်ကြီး ဆက်ကပ်ပွဲနှင့် စပ်၍ ဝန်ထောက် မင်း ( A.T.M ) ဦးထွန်းကြွယ် လျှောက်ထား၍ မကာရ လောပ အကျော် မန်လည်ဆရာတော် ရေးသားတော်မူသော စည်တော်သံ ကဗျာများကို ဖေါ်ပြပါဦးမည်။

## စည်တော်သံ ကဗျာများ

၁။ နေ နှုန်းပြောင် ဘုန်းရောင် ပ ဝင်း။ ။ ငါးဘွဲ့ မာရ်နှိမ် အောင်ပွဲတော် ဇေယျာချိန်မို့၊ မာရဇိန် အောင်သံရိုက်တယ်.... သုံးတိုက် ခေတ်တွင်း။ ။



ဟင်္သာတခရိုင် မြန်အောင်မြို့နယ် ဘုရားကုန်းရွာဇာတိ ဗန်းမော်မြို့
သိမ်တော်ကြီးကျောင်းတိုက်ကြီးတွင် စာသင်တိုက်ကြီး တည်ထောင်ကာ ပရိယတ္တိ
သာသနာ့ နုဂ္ဂဟအသင်း ဖွဲ့စီး၍၊ ပရိယတ္တိဓမ္မများ ပို့ချ၊ **စာပြန်ပွဲကြီးများ**
ကျင်းပ ပေးပြီးလျှင် **စာအုပ် စာတန်းများ** ရေးသား ထုတ်ဝေလျက်
နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောပြောခါ၊ ဒုတိယ ကမ္ဘာစစ်ကြောင့်
ပျက်စီးသွားသော သိမ်မဟာ စေတီတော်မြတ်ကြီးအား အသစ်ပြန်လည်
တည်ထား ဆောင်ရွက်တော်မူ၍၊ ၁၃၁၉-ခုနှစ်က ဘဝနတ်ထံ စံလွန်တော်မူသော

**ဦးဝါသဝါဘိဝံသ - သိမ်ဆရာတော်ဘုရားကြီး ပုံတော်**


I သက်တော် ၆၆-နှစ်၊ သိက္ခာတော် ၄၆-ဝါ။



သိမ်မဟာ စေတီတော်မြတ်ကြီးနှင့် သိမ်တော်ကြီးကျောင်းတိုက်
အသက် ၉၉-နှစ်ရှိ ဘုရားအမ - ကျောင်းအမကြီး-ဖေါ့ဖေါ့ရှိ တို့အား
ဆက်လက်၍ စောင့်ရှောက် ထိန်းသိမ်း သာသနာပြုလျက်ရှိသော
သိမ်တော်ကြီး ဘုရားဂေါပက ရက္ခိတ အဖွဲ့ နာယက
**သိမ်မဟာ ဆရာတော် အသျှင်-ဦးဇန္ဒောဘာသ ၏ ပုံ။**

း ဂုံး င ါကြ ငွီ ဃ ယှ င ထ ၁ ဃ

ဘှ်ုံးယြွျှ ထ၁ယွ စ၁ ငဟကဂ္ဂုလ လဂီ ဂြုုကး းနှ္ဂ ငထ၁ ြဂး ငထိး ဇ္ဗုယါဂ ဘှုံ င ယြ၁ ယှဒး နှ်ဲ
းငါကြနှ္ဲယ ဗွ်က၁ ဃ ယး ဘုဟိဃ းယြွ္ဇငဂိယ ဟွိုင် ဂှုဟိ ဂ၁ ယှုငဃ၁ း ဘုငဟ၁ ဇှုြဂ်း ဗ်၁



၂။ ကိုးဂုဏ်တော် နဝရတ်နှင့်၊ လောကခေတ် သုံးခွင်၊ နှုန်းယှဉ် ရှိဘဲ။ ။ သောင်းတိုက် နယ်ကုန်၊ ဘဝဂ် တိုင် လျှံဝေ တုန်လို့၊ ခြောက်ရောင်ဟုန်၊ မီးရေ ပွင့်တယ်.... ဘုန်းတော်ဆင့်ကဲ။ ။

၃။ ခြောက်ရောင်ခြည်, မီးရေပွင့်လို့၊ ငါ မာရ်လွှင့် မာရဇိန်၊ ဘုန်းတော်ပထိန်။ ။ ရွှေဘုန်း အာဟိန်၊ မြတ်သိရိန် ခေါင်ဆုံး။ ။ ပြိုင်တိုင်းငယ် အောင် တော်မူလို့၊ အောင်သူတွင် မှန်ကူမြတ် ပါတဲ့၊ သယမ္ဘူ သျှင်တော်နတ်ကို၊ ဆည်းကပ် အုံလုံး။ ။

၄။ သယမ္ဘူ, သျှင်တော်မြတ် ကိုလ၊ ဆည်းကပ်ကြ သရဏဂုံ၊ မျှားလူ နတ်အုံ။ ။ လွန်ကြည်ယုံ၊ ပါယ်ဘုံနှင့် လွတ်ဝေး။ ။ ရွှေဘုန်းတော် အလျှံ ပြောင်လို့၊ နိဗ္ဗူသောင် ရွှေဖေါင်ပို့တယ်.... ငြိမ်းစေ ဘို့လေး။ ။

၅။ နိဗ္ဗူသောင်, ရွှေဖေါင်ပို့တော့၊ မျှား-ငါတို့ ပါရ အောင်၊ ကြိုးကြံကြဆောင်။ ။ မယ်နှင့်မောင်၊ မကွာအောင် လက်ဦး။ ။ ရွှေဖေါင်မှာ, မယ်- မောင် စီးရန်ပို့၊ ဇနိုး တူနှစ်ဖေါ်ပ၊ ထံတော်မှာ ပန်ရော် ညောင်းတယ်.... တောင်းစို့ဆုဘူး။ ။

၆။ ရွှေဇင်ကို ကေသျှင် ထက်မှာလ၊ မေခင်လက် မြှောက်
ပူဇော်၊ တောင်းဆု ရည်ရော်။ ။ တူပျော်ပျော်
မယ် နှင့် မောင် စုံနှစ်ပေါ်တို့၊ ဘောင်တော်နှင့်
သောင်မော် ဆိုက်အောင်.... စီးလိုက်ဖို့လေး။ ။

၇။ သရဏာ သီလနှင့်၊ လှူဒါန မြတ်ထိုထို၊ ကြိုးကြ
ပျိုအို။ ။ ဇောစိတ်ကြည်ညို၊ သည်ကုသိုလ်အကျိုး။
ထက်နတ်ပြည် ဝတိန်သာနှင့်၊ နိမ္မာမှာ, ဗုန္ဒာနတ်
တို့လို၊ လွန်မြတ်စွာ ပျော်စံရမယ်— ကြီးသုခမျိုး။ ။

၈။ ကြည်သဒ္ဓါ စေတနာဇောလို့၊ ရွှေဘောက ဆီထိ
သွင်၊ ဇောပီတိရွှင်။ ။ မြတ်ရှေ့တော်ခွင်၊ တူစုံ
လင် ဆုတောင်း။ ။ မြို့ကြီးသူ ခင်ရွှေမော်တို့၊
ပြည်ကျော်အောင်၊ စည်တော်ရွှမ်းပါလို့၊ တင်ဆွမ်း
တော်၊ ပူဇော်ကပ်တယ်.... မိုးရပ် ခြိမ့်ငြောင်း။ ။

။ ပန်းမျိုးစုံစီ ရေကြည်မြတ်၊ ဆွမ်းတော် ပိဏ္ဍပါတ်
မြိန်သြဇာ။ ။ ဆီမီး တန်ဆောင်၊ ပြောင်ပြောင်
ဝင်း၊ လင်းထိန်လို့ဖြာ။ ။ ဆယ်လီ လေးထိုက်
မျိုးဂန္ဓာ၊ ဆီမွှေးနံ့သာ နှင်းရေ ပေါင်းနှင့်၊ ကြိုင်
လှောင်း ထုံပျံ့ ပျိုအို တဖေါ်၊ ဦးခိုက်ပူဇော်။ ။
ဝမ်းမြောက်ရွှင်ပျော်၊ ရွှေစည်တော် ဆော်ငြောင်း။
သည်ကုသိုလ် ဝတိန်ကျော်လို့၊ နတ်ခြေးက်ပေါ်၊
နိမ္မာ ထိအောင်၊ ကြားသိစေကြောင်း။ ။

၁၀။ နိဗ္ဗူကို စိတ်တူ မြန်းရန်ပို့၊ မှန်းရှယ်လို့ ရည်ရော်၊ ပျော်ပျော်ပလေး။ ။ များ တို့တဖေါ်၊ ရွှေစည် ဆော်လို့၊ ဆွမ်းတော်ကပ်တယ်၊ မိုးရပ်ကြော်ကြွေး။

၁၁။ လောင်းတော် ကုမ္မာ ဝိလာသမင်း၊ ပျော်ရင်းဌာန ရွှေဘုံအောင်ချာ၊ တိုင်းသိ ကြေငြာ။ ။ လွန်ထူး သာယာ၊ မည်သညာ ထင်လင်း။ ။ ဥဒါန်းငယ် စဉ်မက္ခာနှင့်၊ ရွှေစမ္ဗာ့ နဂိုရ်မြို့ငယ် မင်းတို့စံခင်း။ ။

၁၂။ စမ္ဗာနဂိုရ် မြို့တော် ဟောင်းက၊ မြောက်စောင်းတဲ့ နီးရပ်ခွင်။ ။ ကျေးမင်း လောင်းတော် ပျော် ကျက်စား၊ နားတဲ့ ကုန်းပြင်။ ။ ရော မြစ်ဆိပ် ကမ်းငူတွင်၊ သယမ္ဘူရှင် မွေတော်စစ်နှင့်၊ သိရှိ ဓမ္မရာဇ်၊ လောက မှန်ကူ၊ မင်းတည်တော်မူ။ ။ မြတ်ဖျား တဆူ၊ သောင်းဇမ္ဗူ ကျော်ကြား။ ။ များနတ်လူ ကြည်ပူဇော်လို့၊ စေတီတော် ခြောက် ရောင် ပယော်.... ပွဲရထင်ရှား။ ။

၁၃။ မြို့ဟောင်းစမ္ဗာ မြောက်ရပ်ဖျားက၊ ရွှေကျီးနားမြတ် စေတီတော်။ ။ ရှေ့ရပ် ပုဗ္ဗေ၊ သိမ်တော်ကြီး၊ ဝေးနီးထင်ပေါ်။ ။ မြတ်နှစ်ဌာန ဟိုးဟိုးကျော်၊ တန်ခိုး နုဘော် တေဇာ မြတ်ကြောင့်၊ ဘေးရန် ဥပဒ်၊ ဆံခြည်မျှသွင်၊ သန်းမို့မထင်။ ။ ထူးသာ စည်ပင်၊ မြတ်ဘုရင် စံခင်း။ ။ မြို့ရွှေမော် ကျော် တပါး ဟာမို့၊ သိကြားတွင် နေရာချွန်တဲ့၊ ဝေဿဝဏ် ယက္ခိန္ဒင့်၊ စံဌာနီ ဝိသာဏလို နှိုင်းဆမယှဉ်။ ။

## မြန်မာမင်းလက်ထက်က လက်နက် တိုက်စိုးကြီး အင်္ဂလိပ်မင်းလက်ထက် ဗန်းမော်မြို့ မင်းကုန်းရပ် အရပ်အုပ် ဗိန္ဒောဆရာကြီး ဦးကြီး ရေးသောစာ

သိမ်တော်ဆို စိန္တေယျ၊ ပွဲသဘင် တည်အာစ ကိုလ၊ နောင်သောအခါ သိသာရအောင်၊ စာစီကာ မှာပုံသ ခဲ့ပ၊ ထောင့်နှစ်ရာ ငါးဆယ်ကျော်၊ သတ္တ ခေါ်သည့် နှစ်တွင်း၊ အရင်းတည် အစပေပ၊ ဝသန္တတူရာသီ၊ ဆန်းပက္ခာပုဏ္ဏမီနှင့်၊ ကျော်ပက္ခ ခြောက်ရက်စွန်းတွင်ဖြင့်၊ နောင်အရှည် တည်ရစ် ထွန်းအောင်၊ ရည်ညွှန်းသူ ဝန်ထောက်မင်းပေပ၊ ဧဉ့ဆော်ရ မောင်ရွှေရဲ၊ အမြဲစိမ်ဘို၊ ဆင့်ဆိုရန် ဆရာကြီး ဦးထွန်းကြီး၊ ကျောင်းတကာတို၊လေးယောက်ကယ်ကူညီညာလို့၊ ရပ်ဒီသာ လူအပေါင်းတို့ကို၊ လမ်းကြောင်းရယ်အထွေထွေနှင့်၊ အရှေ့ကို အနေကျရစ်အောင်၊ ဓမ္မကို သမေန ငယ်နှင့်၊ ရပ်ရွာသူ လာသမျှတို့ကို၊ ဟောပြခါ အခြေကျသောအခါ၊ စေတနာ ညွှတ်ခါ ကြွသော်ကြောင့်၊ ဆွမ်းဒါန, ဆွမ်းတော်ကြီး၊ ဆီမီးရယ် တံခွန်နှင့်၊ တမလွန် ဘဝ ပြောင်းသောခါ၊ သောင်းဗိုလ်ထု တို့တတွေ၊ ဒါနရယ် သည်အခြေကြောင့်၊ ပရမေ စိန္တေယျ ငယ်နှင့်၊ မိတေးရှင် ပွင့်ကာလ ကိုကွယ်.... ဖူးရစေကြောင်း။ ။

**သိမ်မဟာ စေတီကြီး စစ်ဒဏ်ခံခြင်း**

ကောဇာ သက္ကရာဇ် ၁၃၀၄-ခု နှစ်မှ စ၍ ၁၃၀၆-ခုနှစ် အထိ ဤသုံးနှစ်အတွင်း သည်ကား မြန်မာ နိုင်ငံ၌ ဒုတိယကမ္ဘာစစ်မီး တငြီးငြီးတပြောင်ပြောင် တောက်လောင်နေသော အခါ ဖြစ်လေ၏။ ထိုဒုတိယ ကမ္ဘာ စစ်ဝယ် သက်ရှိသက်မဲ့ ပစ္စည်းပေါင်း မြောက်မြားစွာ ပျက်စီး ခဲ့ရလေရာ သာသနာတော် ဝန်ထမ်း ရဟန်းတော် များနှင့်၊ သာသနာ့ အဆောက်အဦကြီးများ သည်လည်း ထိုပျက်စီးရာ၌ ပါဝင်တော် မူကြရလေသည်။

၁၃၀၅-ခု ဝါခေါင် လပြည့်ကျော် ၉-ရက်နေ့ နံနက် ၁၁-နာရီအချိန်တွင် အင်္ဂလိပ်၊ အမေရိကန် မဟာမိတ် လေယာဉ်ပျံ များသည် ဗန်းမော်မြို့ကို လာရောက် ဗုံးကြဲခဲ့သည်။ ထိုသို့ဗုံးကြဲရာ၌ စစ်နှင့်လုံးဝပတ်သက်ခြင်းမရှိသော (သိမ်မဟာစေတီတော်) ကြီးနှင့်တကွ (မဟာသိမ်တော်ကြီး) ကျောင်းတိုက် တို့ကိုပါ ဗုံးကြဲ ဖျက်ဆီးခဲ့ကြလေသည်။

ထိုသို့ဗုံးကြဲဖျက်ဆီးမှုကြောင့် သိမ်မဟာစေတီတော်ကြီးသည် ထီးတော်မှ ခေါင်းလောင်းပုံအထိ ပြိုကျ ပျက်စီးတော် မူရသည်၊စေတီတော် ပတ်ဝန်းကျင်ရှိဇရပ်တန်ဆောင်း ရုပ်ပွါးတော် များနှင့် တကွ သိမ်တော်ကြီး ကျောင်းတိုက် သည်လည်း ညွှန်ပြစရာ မကျန်အောင် လုံးဝ ပျက်စီး ခဲ့ရလေတော့သည်။

မဟာမိတ်တို့၏ လက်နက် ဘေးကြောင့် ဆရာတော် သံဃာတော်များနှင့် တကွ မြို့သူ မြို့သား လူအများလည်း သင့်တော်ရာ ဌာနသို့ ပြောင်းရွှေ့ နေထိုင် ကြရ လေရာ သိမ်မဟာ စေတီတော်မြတ် ပတ်ဝန်းကျင်ဝယ် မြက်တောအတိ ဖုံးလွှမ်း၍ နေလေတော့သည်။

**ဝိသာခါမကြီး, ဖွားဖွားရီ** ဤကဲ့သို့ အဓိကရ သာသနာ့ အဆောက်အဦးကြီးများပျက်စီး ယိုယွင်းလျက် ရှိသည်ကို ကျောင်းအမကြီး ဖွားဖွားရီသည် မြင်တိုင်း, မြင်တိုင်း သံဝေဂ ရမိ ရှာသည်။ ဤနေရာ၌ ဖွားဖွားရီ ဆိုသည်ကား အသက် ၂၆-နှစ်အရွယ်မှစ၍ ယခု အသက် ၁၀၀-နီးပါးခန့် အရွယ် တိုင်အောင် ကိုးပါးသီလ ကို အမြဲနိစ္စ ခံယူကျင့်သုံး ဆောက်တည်လျက် ဗန်းမော်မြို့ သာသနာ့ကိစ္စ အဝဝတို့ကို သက်စွန့် ကြိုးပမ်း အားထုတ် ဆောင်ရွက်ခဲ့သူ ဝိသာခါ ဥပါသိကာမကြီး ဖြစ်လေသည်။

ထို ဥပါသိကာမကြီး ဖွားဖွားရီသည် ဗုံးဒဏ် ခံ၍ မရှုမလှ ပျက်စီး၍ နေတော်မူသော သိမ်မဟာ စေတီတော် ကြီးကို အသစ်တဖန် ပြုပြင်ရန်အတွက် စဉ်းစားလိုက်သော အခါ ဗန်းမော်မြို့ ဆရာဝန်ကြီး တန်ကြည်လင့်ကို ထင်မြင် လာလေသည်။

ဆရာဝန်ကြီး တန်ကြည်လင့်ကား ဆေး ဆရာဝန် ဖြစ်သည့် အားလျော်စွာ ဆရာ့ဂုဏ် သမားဂုဏ်ဖြင့် မြို့ရွာ အပေါ်၌ လူချစ်လူခင်များသူ ဖြစ်သည်၊ ဥစ္စာပစ္စည်းလည်း

အသင့်အတင့် ရှိသည်၊ သဒ္ဓါတရားလည်း ပြည့်ဝသူဖြစ်သည်၊ ဤအကြောင်း များကြောင့်၊ ဆရာဝန် တန်ကြည်လင့်ကို နှိုးဆော်ရပါမူ ဖြစ်မြောက် နိုင်ဘွယ်ရာ ရှိသည်ဟု ထင်မြင်ယူဆမိသည့် အားလျော်စွာ ဆရာဝန်ကြီးနှင့် တွေ့တိုင်း ကြုံတိုင်း တိုက်တွန်း နှိုးဆော်ခဲ့လေသည်။

ထိုသို့ တိုက်တွန်း နှိုးဆော်သည့် အတိုင်း ၁၃၀၉-ခု တော်သလင်း လဆန်း ၁၃-ရက် နေ့တွင် သိမ်တော်ကြီး ဆရာတော် ( ဘဒ္ဒန္တဝါသဝထေရ် ) အား အမှူး ထား၍ သိမ်တော်ကြီး ကျောင်းတိုက်၌ မြို့မပေါ်ရှိ လူကြီး လူကောင်းတို့နှင့် စည်းဝေး တိုင်ပင် ခဲ့ကြသည်။ ထိုအစည်း အဝေးမှ ဗုံဒ္ဓဂေါပက လူကြီးများ အဖြစ်ဖြင့်....

ခွန်သာရပ်ကွက် အတွက်

(၁) ဦးတင်အောင်၊ (၂) ဦးထွန်းတင်၊

လက်ပံတန်း ရပ်ကွက် အတွက်

(၃) ဆရာ-လွန်းမြေ၊ (၄) ဦးစိုးမောင်၊

မြေနု ရပ်ကွက် အတွက်

(၅) ဦးမင်းခေါင်၊ (၆) ဆရာအုံ၊

အလယ်ရပ် အတွက်

(၇) ဦးစောရှိ၊ (၈) ဦးအောင်ဘ၊ (၉) ဦးကြည်လင့်၊

တရုတ်တန်း အတွက်

(၁၀) ဦးလောတုံး၊ (၁၁) ဦးကြံရ၊

မင်းကုန်း၊ သာစည်ရပ် အတွက်

(၁၂) ဦးဘအောင်၊ (၁၃) ဦးဟိန်း၊ (၁၄) ဦးသာဝ၊
(၁၅) ဆရာချို၊ (၁၆) ဦးဘစော၊ (၁၇) ဦးမောင်ကို၊

ကန်တော်ရပ် အတွက်

(၁၈) ဦးပု၊


ညောင်ပင်ရပ် တောင်ပိုင်း၊ မြောက်ပိုင်း အတွက်

(၁၉) ဆရာထီ၊ (၂၀) ဦးဘခင်၊ (၂၁) ဦးထွန်းတင်၊
(၂၂) ဦးစိန်းမောင်၊ (၂၃) ဦးသီလှ

မင်းကျောင်းကုန်းရပ် အတွက်

(၂၄) ဦးဘရှင်၊ (၂၅) ဦးအောင်စိ၊
အားဖြင့် လူကြီး ၂၅-ဦး တင်မြှောက်၍

ပဌမ-ဥက္ကဋ္ဌ = ဦးဘခင်
ဒုတိယ-ဥက္ကဋ္ဌ = ဦးသာဝ
အတွင်းရေးမှူး = ဦးသီလှ
ငွေထိမ်း = ဦးကြည်လင့်



တီယကမ္ဘာစစ်ကြီးပြီး၍ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီးသောအချိန်အခါ
“သိမ်ဆရာတော်ကြီး ဦးဝါသဝ” ကျောင်းအမကြီး-ဖေါ့ဖေါ့ရီ ကျောင်းတကာ
ဆရာဝန်ကြီး-ဦးကြည်လင့်တို့၏ ဟောပြောစီမံ လုပ်ကိုင်ဆောင်ရွက်မှုဖြင့်
ပြည်သူပြည်သား အများကောင်းမှု၊ ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် ထီးတော်လာရောက်
[illegible]

တို့အား သိမ်မဟာ စေတီ တော်ကြီး ပြန်လည် တည်ဆောက်ရေး ဗုဒ္ဓဂေါပက အဖြစ် ဖွဲ့စည်း ပြီးနောက် ဆရာဝန်ကြီး တန်ကြည်လင့်က ငွေအား၊ လူအား စိုက်ထုတ်၍ ၎င်းနှစ် တပေါင်းလတွင် ဘုရားပွဲတော် ကျင်းပ ပြုလုပ်ရာ ဗုဒ္ဓရုံပုံငွေအဖြစ် အလှူတော် ငွေပေါင်း ၄၇၀၉-ကျပ် ၁၂-ပဲ ရရှိခဲ့လေသည်။ ထိုအလှူငွေကို မတည်လျက် စေတီတော် ပြန်လည် ပြုပြင်ရန်အတွက် ဆရာဝန်ကြီး တန်ကြည်လင့်အား လူရော သံဃာတော်များ ကပါ လွှဲအပ်ကြသဖြင့် ၎င်းနှစ် တပေါင်းလပြည့်ကျော် ၅-ရက်နေ့ စေတီတော်၏ ပြိုကျသော အုဋ္ဌမျှားကို ရှင်းလင်းရာ ဗုံးဒဏ်သည် စေတီတော်ကို တိုက်ရိုက် ထိမှန်သောကြောင့် ဘိနပ်တော်အထိ ကွဲအက်၍ နေသည်ကို မြင်တွေ့ကြရ လေသည်။

ထို့ကြောင့် အင်ဂျင်နီယာ မစ္စတာမာ့တင်ကို ပြသ၍ ဆွေးနွေးကြည့်သောအခါ စေတီတော်ကို သာမန်မျှ မွမ်းမံ ပြုပြင်ပါက ခိုင်ခန့်မည် မဟုတ်၊ ဘိနပ်တော် အထိ ဖျက်၍ အသစ်တည်မှသာ ခိုင်ခန့်လိမ့်မည်ဟု အကြံဉာဏ် ပေးသည့် အတိုင်း သိမ်တော်ကြီး ဆရာတော် ဘဒ္ဒန္တဝါသဝမဟာထေရ် ကြီးမှူး၍ စေတီတော်ကို ဘိနပ်တော် အထိ ဖြိုဖျက် ရလေသည်။

**ရွှေးဟောင်းဌာပနာပစ္စည်းများ** ထိုသို့ ဖြိုဖျက်သော အခါ ပဌမ ပစ္စယံ ဌာပနာ တိုက် ၅-ဌာနမှ၊ ဓါတ်တော်၊ မွေတော်၊ ရွှေဗောဓိ၊ ငွေဗောဓိ၊ ရွှေဆင်းတု၊ ငွေဆင်းတု၊ ရွှေကိုယ်လေးမျှား ရွှေပေလွှာ၊

ငွေပေလွှာ၊ သတ္တဌာနမျှားနှင့်၊ ကျောက်မျက် ရတနာများကို ရရှိသဖြင့် သိမ်တော်ကြီး ကျောင်းဆောင်ထက်သို့ ပင့်ဆောင်ကာ လူထုပူဇော်ရန် အတွက် ခင်းကျင်း ပြသထားခဲ့ပေသည်။

စေတီတော်ကို ဖြိုဖျက်၍ ဒုတိယ ပစ္စယံ ကုန်ခါနီးတွင် စော်ဘွားကြီး ဦးကံ မှိုင့်၍ တည်ထား ခဲ့သော၊ မူလ (မန်မော်ရွှေစေတီ) ကိုလည်း၊ ပုံတော် မပျက် ဖူးတွေ့ကြရလေသည်။

**သိမ်မဟာ စေတီတော် ထပ်မံတည်ခြင်း** မူလ စေတီတော်ဟောင်း ရှင်းလင်း ပြုပြင်၍ ပြီးသောအခါ သိမ်တော်ကြီး ဆရာတော် ဘဒ္ဒန္တဝါသဝ မဟာထေရ်မြတ်၏ ဆန္ဒတော်အရ မူလဘိနပ်တော် အပြင် ပတ်လည် ၇-ပေ တိုးချဲ့၍ အနက် ၅-ပေ အနံ ၂-ပေ မြေတွင် တူးပြီး အုဋ္ဌ ကွန်ကရစ် ခံလေသည်။

၁၃၁၀-ခုနှစ် နယုန်လပြည့်ကျော် ၃-ရက် နေ့တွင် ဗန်းမော်မြို့ ရွှေကျီးနား ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ- တပ်တွင်း ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလ၊ သိမ်တော်ကြီး ဆရာတော် ဘဒ္ဒန္တဝါသဝ မဟာထေရ်မြတ်တို့ ကြီးမှူးတော်မူကြ၍ သံဃာ ပရိသတ်၊ လူပရိသတ် မြောက်မြားစွာ တို့ဖြင့်၊ ရွှေအုဋ္ဌ ချပွဲ သဘင် ဆင်ယင် ကျင်းပ ခဲ့ကြလေသည်။

**ရွှေအုဋ္ဌ ချပွဲ အစီအရင်** ထိုရွှေအုဋ္ဌချပွဲ ကျင်းပရာ၌ရှေးဦးစွာ အရပ် ၈-မျက်နှာ တို့၌ နေ့သား အလိုက် သံဃာတော်များ စောင့်ရှောက်၍ ပရိတ်တော်ရွတ်ဘတ် သရဇ္ဈာယ် ရသည်။ ရွတ်ဘတ်သရဇ္ဈာယ်ပြီး၍ အောင်မင်္ဂလာ

အချိန် အချက်ပေးသောအခါမှ ရွှေအုဠ်၊ ငွေအုဠ်၊ မြအုဠ်၊ ဖလ်အုဠ် တို့ကို တပြိုင်နက် စီ၍ ချရလေသည်။

**ပဌမ ဥဒ္ဒပနာပွဲ** ၎င်းနှစ် ပဌမ ဝါဆိုလပြည့်နေ့တွင် ရဟန်း ပရိသတ်၊ လူပရိသတ် အစုံ အညီ ဥဒ္ဒပနာ ပစ္စည်းများကို တပျော်တပါး ဦးခေါင်းထက် တင်ဆောင်၍ အတီး အမှုတ် အက, အခုန် တို့ဖြင့် စေတီတော်မြတ်အား လက်ျာရစ် ၃-ပတ် လှည့်လည်ကာ ခရိုင်ဝန် ဦးဘထွန်း ကိုယ်တိုင် ကြီးကြပ်၍ သေနပ် အချက်ပေါင်း များစွာ ပစ်ဖေါက်ပြီး နံနက် ၁၀-နာရီ အချိန်တွင် ပဌမ ဥဒ္ဒပနာပွဲ သဘင် ဆင်ယင်လေသည်။

ထိုသို့ ဥဒ္ဒပနာစဉ် ဗန်းမော်မြို့ ဓမ္မစကြာ ကုမ္မာရီ ဝတ်အသင်းက အာရုံခံ တန်ဆောင်းမှ နေ၍ ဓမ္မစက္ကပဝတ္တန သုတ်၊ အနတ္တလက္ခဏသုတ်များကို ရွတ်ဘတ်ပူဇော်လေသည်။

သိမ်ဆရာတော်ဘုရားကြီး အသျှင် ဦးဝါသဝ ကလည်း အလျား ၁၈-လက်မ၊ အနံ ၃-လက်မ ရှိသော ငွေပေတော် ၁၇-ချပ်ဝယ် သိမ်မဟာစေတီတော်ကြီး၏ သမိုင်းချုပ်ကို ပါဠိ ဘာသာဖြင့် စီကုံး ရေးသား၍ ဥဒ္ဒပနာတော် မူသည်။

ထိုပါဠိဘာသာ သမိုင်းချုပ်ကို နောင်လာ နောက်သားတို့ လွယ်ကူစွာ သိနိုင်ရန် အတွက်လည်း ကျောက်ထက် အက္ခရာ ထုထွင်း၍ စေတီတော်ကြီး၊ အနီး၌ စိုက်ထူထားလေသည်။

**ဒုတိယနှင့် တတိယ ဥဒ္ဒပနာပွဲ** ပဌမ ဥဒ္ဒပနာပွဲ သဘင် ဆင်ယင်ပြီးနောက် ဒုတိယ ဥဒ္ဒပနာပွဲတော်ကို ဝါခေါင်လဆန်း ၁၀-ရက်နေ့၊ တတိယ ဥဒ္ဒပနာပွဲတော်ကို ဝါခေါင်လဆန်း ၁၁-ရက်နေ့ သိုက်မြိုက် စည်ကားစွာ ကျင်းပ ပူဇော်ခဲ့ပြီး၊ ဝါခေါင် လပြည့်ကျော် ၁၀-ရက်နေ့တွင် စေတီတော်ကြီး အုဋ္ဌရိုး စီခြင်း ကိစ္စ ပြီးမြောက်ခဲ့လေသည်။

စေတီတော်ကြီး အုဋ္ဌရိုး စီခြင်း ကိစ္စ ပြီးပြီးနောက် သီတင်းကျွတ်လဆန်း ၁၀-ရက်နေ့မှ စ၍ အရံ စေတီတော် ၈-ဆူကို တနင်္ဂနွေထောင့် (အရှေ့မြောက်ထောင့်) စေတီမှ စ၍ စတင် တည်ထားရာ ပြာသို လဆန်း ၁၁-ရက်နေ့တွင် စေတီတော်ကြီးနှင့် တကွ အရံစေတီတော် များပါ အင်္ဂတေ အချောကိုင်၍ ပြီးစီးခဲ့လေသည်။

**ထီးတော်တင်ခြင်း** စေတီတော်ကြီး အလုံးစုံ ပြီးမြောက် ခဲ့သည် ရှိသော် မန်စီရွာ ဘုရား-ဒါယကာကြီးဦးညိုအိနှင့် သား-ကိုထွန်းတင်တို့က စေတီတော် မြတ်၏ အထွတ် ရွှေထီးကို ဒါယကာ ပြုလုပ် လိုကြောင်း သိမ်တော်ကြီး ဆရာတော် ဘုရားထံ လျှောက်ထား ကြလေ သည်။

ဗန်းမော်မြို့ သာစည်ရပ် တိုင်းမင်းကြီး ဦးလဘန် ဂရောင်၏ မိခင် ဒေါ်ဒေါ်အေးကလည်း ငှက်မြတ်နား ဒါယကာ ပြုလုပ်လိုပါကြောင်း လျှောက်ထားလေသည်။

ထို လျှောက်ထား ချက် များ ကို သိမ်တော်ကြီး ဆရာတော် ဘုရားနှင့် တကွ သံဃာတော် အရှင် မြတ်များ ဂေါပကအဖွဲ့ လူကြီး များက သာဓု အနုမောဒနာ ပြုကာ ခွင့်ပေးခဲ့ကြလေသည်။

၁၃၁၁-ခုနှစ် သိမ်မဟာ စေတီတော်ကြီး ထီးတင် ပွဲတော် သည်ကား ခါတိုင်း ကဲ့သို့ ဆွမ်းတော်ကြီး တင်ရုံ ပွဲတော် ဖြစ်ရုံမျှ မဟုတ် သဖြင့် ပွဲတော် ပြုလုပ် နေကြ သီတင်းကျွတ်လတွင် မကျင်းပဘဲ တန်ဆောင်မုန်း လဆန်း ၈-ရက် နေ့မှ စတင်ကာ ၂၅-ရက် တိုင်တိုင် ကုန်းပွဲ၊ ရေပွဲ ခြိမ့်ခြိမ့်သဲမျှ အောင်ပွဲခံယူ ကျင်းပခဲ့သည်။

ထိုထီးတော် တင်လှူ ပွဲသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုနှင့်၊ ကချင်ပြည်နယ် ဥက္ကဋ္ဌကြီး ဆမားဒူးဝါး ဆင်ဝါ နောင် တို့လည်း တန်ဆောင်မုန်း လဆန်း ၁၄ - ရက်နေ့ တက်ရောက်လာ၍ လပြည့်နေ့တွင် ဦးနုကိုယ်တိုင် ပန်း၊ ဆီမီး၊ အချို၊ အချဉ်၊ ခဲဘွယ် ဘောဇဉ် တို့ဖြင့် သိုက်မြိုက်စွာ ခင်းကျင်း၍ ဘုရားကိုးဆူ ဆက်ကပ်ခြင်း၊ ဗာလိ နတ်စာ ကျွေးခြင်း၊ သံဃာတော် ၄၅-ပါး တို့အား ဆွမ်းကျွေးခြင်း အမှု ပြုလုပ်ခဲ့သည်။

**ရွှေသင်္ကန်း ဆက်ကပ်ခြင်း** သိမ်မဟာ စေတီတော် မြတ်ကြီး သည် ကား သိမ် ဆရာ တော် ဘုရားကြီးဘဒ္ဒန္တဝါသဝ မဟာထေရ်နှင့် ဖွားဖွားရီတို့၏ ဆန္ဒ အရ ဆရာဝန်ကြီး တန်ကြည်လင်နှင့် တကွ ဂေါပက လူကြီး

များ၏ ကြိုးပမ်းချက်၊ မြို့နယ် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့၏ သဒ္ဓါ ယုံကြည်ချက်တို့ဖြင့် အလုံးစုံ ပြီးပြည့်စုံခဲ့လေပြီ။ သို့သော် ပါသာဒိက ဟု ဆိုအပ်သော ကြည်ညိုဘွယ်ထက် ကြည်ညိုဘွယ် ဖြစ်အောင် ရွှေသက်န်းဆက်ကပ်ရန် ရှိသေးသည့် အတိုင်း ဝန်ကြီးချုပ် ဦးနုက မတည်၍ ရွှေဆိုင်း ရေ (၁၀၀) တရာ ပါဝင်လှူဒါန်းလေသည်။

သိမ်မဟာ စေတီတော်မြတ် ကြီးကို ရွှေသက်န်း ဆက်ကပ် လှူဒါန်း ရာ၌ အားလုံး ၂-လက်မ ရွှေဆိုင်းရေ ပေါင်း (၁၄၅၇) တထောင် လေးရာ ငါးဆယ့် ခုနှစ်ဆိုင်း ကုန်ကျလေရာ၊ ကျန်သော လိုသော ရွှေဆိုင်းများကို ဘုရား အမ၊ ကျောင်းအမကြီး ဖေါ့ဖေါ့ရှိန်နှင့်၊ ကျောင်းတကာ ဆရာဝန်ကြီး တန်ကြည်လင့် စသည် တို့၏ ငွေကုန်၊ လူပမ်း ခံယူကာ ဟောပြော ဆောင်ရွက်ကြခြင်းဖြင့်....

၁၃၁၅-ခု နှစ်တွင်....

ရွှေအဆင်းရောင်၊ ဝေလင်း ပြောင်လျှက်
မှောင်မခံစံ့၊ ထောင်ခြည်ကွန့်သည်၊ အမွန်ရတနာ၊ နေစကြာ ကဲ့သို့၊ မြေထက်မှာ၊ ထိန်ထိန် ဖြာသော၊ သိမ်မဟာ စေတီ
မြတ်သည်၊ လူနတ်ပြဟ္မာ၊ သတ္တဝါဝေနေယျ တို့ကို၊ ခေမ့ တည်း ဟူသော နိဗ္ဗာန်ကို၊ စိတ်အကြံ အမြင်မမှားရအောင်၊ ထင်ရှားစွာ တန်ခွန် တမျှဖြင့်၊ ညွှန်ပြတော်မူလျှက် ရှိပါ သတည်း။ ။

# နောက်ဆက်တွဲ ဘော်ပြခြင်း

ဗန်းမော်မြို့

( သိမ်တော်ကြီး ဘုရား ကျောက်စာရုံ၌ )

၁၂၅၄-ခုနှစ်က စိုက်ထူထားသော ကျောက်စာဟောင်း

## သိမ်တော်ကြီး ဘုရားကို နောက်ထပ်မံ ပြင်ဆင်သည့် ကမ္ပည်းကျောက်စာ

ဇေယျတု။ ။ အလောင်းမင်းတရားကြီး ဘုရားသားတော် ဗဒုံမြို့စား၊ အမရပူရ ပဥ္စမ မြို့တည် နန်းတည် မင်းကွန်း ဘုရားကြီး ဒါယကာ, ဘိုးတော် မင်းတရားကြီး ဘုရား လက်ထက်တော် သက္ကရာဇ် (၁၁၅၅) ခု၊ တထောင် တရာ ငါးဆယ့်ငါးခုနှစ်နှင့် (၁၁၇၀) တထောင် တရာ ခုနှစ်ဆယ်ပြည့်နှစ် နှစ်ကြိမ်မြောက် ဗန်းမော်မြို့ကိုဘွားစားသူ စော်ဘွားကြီး ဦးကံသည် ရတနာသုံးပါးကို အလွန် ရှိသေ

ကိုင်းရှိုင်းသော မနောပဏီဓိ ရှိ၍ မနောင်လာ နောက်သားတို့ ရှည်လျားသဖြင့် ကိုးကွယ် ပူဇော်ကြရန် ရည်သန်တော် မူပြီးလျှင် (မန်မော် ရွှေစေတီတော်ကို ငံ့၍ ခေါင်းလောင်းကြီးပုံ) တည်ထား ကိုးကွယ်တော် မူခဲ့သော သိမ်မဟာ စေတီတော် မြတ်ကြီးနှင့် တကွ၊ အုဋ္ဌတိုက်သိမ်၊ ၎င်းသိမ် အတွင်းရှိ အုဋ္ဌရိုး ဆင်းတုတော်ကြီး များသည် နှစ်လ ရှည်ကြာ လူသူ အထူး အရောက် နည်းပါး၊ တောခြုံ နွယ်ယှက် ကွဲအက် ရှိနေသည့်ပြင်၊ ရုပ်တုတော်တွင်လည်း နှာသီးတော်၊ နားရွက်တော်၊ လက်တော်မှ စ၍ ယိုယွင်း ပျက်စီး ရှိသည် များကို ဗန်းမော်မြို့နယ်ပိုင် မြို့အုပ်မင်း ဦးထွန်းကြယ်နှင့် မြို့ရွာလူကြီး များသည် တွေ့ရှိသဖြင့် အများ ကြည်ညိုကြစေရန် မင်္ဂဖိုလ် နိဗ္ဗာန်ကို ရည်သန်ပြီးလျှင် ပြင်ဆင်ရန် အကြံ ဖြစ်ကြသည့် အတိုင်း၊ ဗန်းမော်မြို့ရှိ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ဆရာတော်များကို လျှောက်ထားရာ ဆရာတော် ဘုရားများ ကလည်း အားရ နှစ်သက် ပွင့်မည့် ကြာသည် နေအရုဏ်နှင့် ကြိမ်ကြိုက်သကဲ့သို့ ဆက်လက်ပြင်ဆင်ရန် အကြောင်းများကို သဘောရတော် မူကြသည့် အတိုင်း မြို့ရွာနေ လူဒါယကာ ဒါယိကာမတို့ကို ဗန်းမော်မြို့ဂိုဏ်းအုပ် ဆရာတော်ဘုရားကြီး ဦးပရမသည် ကိုယ်ထူ ကိုယ်ထ ဥဿဟ စိုက်ထုတ်တော် မူပြီးလျှင် တရားဓမ္မကျိုးကြောင်းပြသ ဆုမ္မသြဝါဒပေးတော် မူ၍၊ ဗန်းမော်မြို့တွင် မြို့သူမြို့သားတို့၏အမိ ပြုလုပ်ခဲ့ဘူးသည့် စစ်ကဲ၊ နားခံ၊ မြူနီစီပါယ် အသင်းဝင် ကော်မီတီ လူကြီး၊ ဘုရားတကာ၊ ကျောင်းတကာ တို့နှင့် တကွ အရပ်လူကြီးမင်း ဗန်းမော်မြို့နယ် အရုံကျေးရွာ ထမ့် သူကြီးမင်းတို့က ဆိုင်ရာ



ဗန်းမော်မြို့ သိမ်တော်ကြီးဘုရား ဥပုသ်ဇရပ်တွင်
အသက် ၃၀-ကျော်ကစ၍ ကာမဂုဏ်တောမှ ထွက်ကာ၊
သက်သတ်လွတ် စား၍ ၉ ပါး၊ ၁၀-ပါးသီလ စောင့်ထိမ်း ပြီးလျှင်
ဗုဒ္ဓ-ဓမ္မ-သံဃ ကိစ္စများကို ဆောင်ရွက် ဟောပြော
လှူဒါန်းနေသော
ပါရမီရှင် အရိယာနွယ်ဝင် သူတော်စင်
သာသနာပြု မယ်တော် ဘုရားအမ - ကျောင်းအမကြီး
ဒေါ်ဖေါ့ရီပုံ၊ အသက် ၉၉-နှစ် ၂

ဆိုင်ရာ အသီးသီးတို့တွင် ဦးစီး ဦးကိုင် ပြုလုပ် နိုးဆော်ကြ သဖြင့် သက္ကရာဇ် ၁၂၅၁-ခု၊ တထောင်နှစ်ရာ ငါးဆယ်တခု နှစ်ကစ၍၊ ၁၂၅၄-ခု၊ တထောင်နှစ်ရာ ငါးဆယ်လေးခုနှစ် အထိ ကုသိုလ် ပါဝင် ကြသည့် ကြေးငွေနှင့် တကွ ဘုရား ပြင်ဆင် ပြီးမြောက်သည်ကို သားမြေး စဉ်ဆက် ဆက်လက် သိကြား ရှုည်လျား သဖြင့် သဒ္ဓါတရား တိုးပွား ကြည်ညို ကြစေရန် ရည်သန်၍ ကမ္ပည်း ကျောက်စာ ရေးထား ခဲ့ပါ သည်။ ။ နတ်လူ သာဓု၊ သာဓု၊ သာဓု ခေါ်စေသောဝ်။ ။

## အကြီးအမှူး ပြုလုပ် အားထုတ်ပြင်ဆင်

## ကျောက်စာရေးမှတ်ထားခဲ့သူ

## ဦးထွန်းကြွယ်

ဗန်းမော်မြို့ နယ်ပိုင် မြို့အုပ်၊ အမှုထမ်းကောင်း တံဆိပ်ရမင်း။

**ပဋ္ဌမကျောက်စာဟောင်း ကျောက်ဘက်တွင်ပါရှိသည်မှာ**

ဘုရားပြင်ဆင်ရာ ကုသိုလ်ပါဝင်ကြသူများ အနက်

မှတ်သားမိသမျှ စာရင်းများကို ရေးမှတ်ထားခဲ့သည့် စာရင်း

ဗန်းမော်မြို့ မြို့အုပ်မင်း ဦးထွန်းကြွယ်
သမီး ခင်ပွန်း လှူငွေ ၃၀၀-ကျပ်

။ တရုပ်တန်းရပ် ကုန်သည်ကြီး
ဦးလောဆိုက် ။ ၁၀၀၀ ။

။ ကော်မီတီလူကြီးဦးတိုး ။ ၃၀၀ ။

။ ကော်မီတီလူကြီး ဦးဝ ။ ၂၀ ။

။ စစ်ကဲတော်မင်း ဦးဘူးခေါင် ။ ၂၀ ။

။ ကျောင်းတကာ ဦးခို ။ ၅၇၀ ။

။ ကျောင်းတကာ ဦးထွန်းကြီး ။ ၂၀ ။

။ ကျောင်းအမ မဝါသီး ။ ၂၀ ။

။ မြို့အုပ်မင်းအမိ
ဇရပ်အမ မယ်ပေါ ။ ၁၀၀ ။

။ စာရေးကတော် မမြ ။ ၁၀၀ ။

။ သစ်တောစာရေးကြီး
ဦးဘိုးသင်း ။ ၅၀ ။

။ စစ်ကဲတော်မင်း ဦးခါ ။ ၅၅၀ ။

။ အရေးပိုင်ကတော် မမြမိတ် ။ ၁၀၀ ။

။ ကျောင်းတကာ ဦးအုံ ။ ၁၀ ။

။ စာရေးကြီး ဦးနှင်း ။ ၅၀ ။

| | | |
|---|---|---|
| ဗန်းမော်မြို့ တောအုပ် ဦးချစ်လောက် ။ | | ၁၀-ကျပ် |
| ။ | ဦးလုံး ။ | ၁၀ ။ |
| | | |
| ခွန်သာရပ် | အများလှူငွေ | ၁၁၅-ကျပ် |
| အလယ်ရပ် | ။ | ၁၄၂ ။ |
| တပ်ကလေးရပ် | ။ | ၅၅ ။ |
| တရုတ်တန်းရပ် | ကုန်သည်များ | ၁၈၀ ။ |
| ကျွန်းကြီးရွာ အောက်စု | | ၃၃ ။ |
| | | |
| ကျွန်းကြီး ညောင်ကုန်း | လှူငွေ | ၃၃ ။ |
| တိန်းသော်ရွာ | ။ | ၃၀ ။ |
| နောင်ဖေါင်ရွာ | ။ | ၁၉ ။ |
| ချောင်းဝရွာ | ။ | ၃၃ ။ |
| ကောင်းစင်းရွာ | ။ | ၁၄ ။ |
| မလူလာရွာ | ။ | ၆ ။ |
| သိန်လင်ရွာ | ။ | ၃၅ ။ |
| မန်ရွတ်ရွာ | ။ | ၂၀ ။ |
| | | |
| မြေနုရပ် | အများလှူငွေ | ၂၀၅ ။ |
| ညောင်ပင်ရပ် | ။ | ၈၅ ။ |
| ပေါက်ကုန်းရပ် | ။ | ၆၀ ။ |
| စင့်ကင်ရွာ | ။ | ၅၅ ။ |
| ကျွန်းကြီး အလည်ရွာကျောင်းစု | | ၃၃ ။ |
| ငှက်ပြောတောရွာ | | ၂၇ ။ |

| | | |
|---|---|---|
| ဟဲလုံရွာ | လူငွေ | ၂၃-ကျပ် |
| မံနေဘင်ရွာ | ။ | ၃၃ ။ |
| ကမ်းနီရွာ | ။ | ၁၀ ။ |
| မအူပင်ရွာ | ။ | ၃၀ ။ |
| မန်ရေးရွာ | ။ | ၂၂ ။ |
| ဏန်ကြီးရွာ | ။ | ၂၃ ။ |
| မံသဲရွာ | ။ | ၁၉ ။ |
| ခိုကျင်၊ မံဘာ၊ ကမ္ဘားဏီ၊ စည်ဟဲ ၄-ရွာ ကုသိုလ် | | ၇၅ ။ |

ဤကား ဦးရေ (၄၄) နှင့် အလှူတော်ငွေ (၄၆၃၃) လေးထောင် ခြောက်ရာ သုံးဆယ့် သုံးကျပ် ဖြစ်သည်။

မှတ်ချက်။ ။ သက္ကရာဇ် ၁၂၅၄-ခုနှစ်က ဝန်ထောက်မင်း ဦးထွန်းကြွယ် စိုက်ထူ ထားခဲ့သော ပဌမ ကျောက်စာ တွင်းပြင် နှစ်မျက်နှာ ရေးသား ချက် ပြီး၏။ ။

## ဗန်းမော်မြို့

## ( သိမ်တော်ကြီး ဘုရားအတွင်း ကျောက်စာရုံ၌ )

၁၂၇၁-ခုနှစ်က စိုက်ထူ ထားသော ဒုတိယ ကျောက်စာဟောင်း

# ၁၂၇၁-ခုနှစ် ထီးတော်တင်၍ အမြန်တလင်း ခင်းကျင်း လှူဒါန်း ကြသော ကျောက်စာ

သရီရဓါတ် မွေတော် မြတ်တို့ ကိန်းဝပ် စံပျော်တော်မူရာ သိမ်မဟာစေတီတော်မြတ်ကြီး၏ ရှေးထက်မူလ ကာလ ရှည်ညောင်း ထီးတော် အဟောင်း မကောင်း ပျက်စီးသည့် အရာကို သဒ္ဓါပသန္န ရှိကြသူ အပေါင်း တို့က ထပ်လောင်း မြှင့်ဆင်ရန်ကြံရွယ်ကြပြီးလျှင်၊ ၁၂၆၉-ခုနှစ်က ကြော်ငြာကြသော်လည်း အထမမြောက်၊ ၁၂၇၁-ခုနှစ်တိုင် ရောက်သော အခါ မင်းစေကျောင်း ဒါယကာ မံသဲရွာ ဦးလုံးသို့ ဗန်းမော်မြို့ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းသင်္ဘော၊ မြို့ရွာ ဂိုဏ်းအသရေရှိ လူကြီးလူကောင်းတို့သည် တောင်းပန် ဟောပြော တိုက်တွန်းကြရာ၊ သဒ္ဓါဇော ထက်သန်စွာနှင့် ကြေးအဝါ ဇာတိကို ပြကတိ ရွှေမှုန်း၍ ထွန်းလင်း ထင်ရှား စွာဖြင့် ထီးတော်အသစ် တင်မြောက် လှူဒါန်းလေသတည်း။

ထို့ပြင်တ၀ ပဌမ မဟာရာမ် အတွင်း သန့်ရှင်းခြင်း နည်းပါးသည့် အရာကို သဒ္ဒါဖြောင့်စင်း ၀န်ထောက်မင်း ဦးထွန်းကြွယ် သမီး ခင်ပွန်း နှင့် တကွ၊ ပင်စင်ရ ရွှေကူ မြို့အုပ်ကတော် သိမ်တော်ကြီး ကျောင်းအမ မမရီ တို့သည် မင်္ဂဖိုလ်ကို ရွယ်ရည် နှစ်လုံး သွင်းပြီးလျှင် အုဌသမန်တလင်း ခင်းကျင်း လှူဒါန်းကြလေ သတည်း။

ထိုအရာ နှစ်ဌာနတွင် သဒ္ဒါဗလ၀ ဇောပီတိ တက်ကြွ၍ ဌာန အသီးသီး အရာရှိကြီးငယ်တို့နှင့်တကွ မြို့ရွာ လူကြီး ၀ေးနီးမဟူ ကူညီထောက်ပံ့ကြသော အရာကို စဉ်လာမပျက် ဆင်းသက်မှတ်သား ဆထက်ပွား၍ အများ ကြည်ညို ကြရန် ရည်သန် နှစ်လုံး သွင်းပြီးလျှင် ထိုစာ၏ ကျောက်က ကျောက်ထက် အက္ခရာ ထင်လျားစွာ ရေးမှတ်ခဲ့ပါကြောင်း။

ဤသို့ပြုရ မြတ်ပုညကို
အမျှ-အမျှ ရကြသည် ဖြစ်စေသောဝ်။ ။

---

## ကျောက်စာ ရေးမှတ် လှူဒါန်းသူ

၁၂၄၁-ခုနှစ် ဗန်းမော်မြို့စာရေး၊ နေမျိုး မင်းကျော် သူရိန် ဘွဲ့ခံ၊ ထိုနောက် ၁၂၄၅-ခုနှစ် ဗန်းမော်၊ မိုးညှင်း၊ ရွှေကူ၊ ကောင်းတုံ လေးမြို့ စစ်ကဲ၊ မင်းကျော် မင်းထင်သူရိန်

ဘွဲ့ခံ၊ ထိုနောက် ၁၂၄၇-ခုနှစ် ဗန်းမော်မြို့အုပ် အမှုထမ်းကောင်း တံဆိပ်ရ ဘွဲ့ခံ၊ ထိုနောက် ၁၂၆၄-ခုနှစ် ရွှေကူမြို့နယ်ပိုင်ဝန်ထောက် ရာထူးနှင့် တကွ ဒေသီမြို့ ဒါပါ မင်းပွဲအဝင်အပါဖြစ်သော တံဆိပ်နှင့် ခြီးမြှောက်ခံရသူ၊ ထိုနောက် ၁၂၆၄-ခုနှစ်တိုင်ရောက်ကာလ ဗန်းမော်နယ်ပိုင်ဝန်ထောက် ရာထူးတိုင် သူကောင်းပြု ခံပြီးမှ၊ ယခု ပင်စင်ရ ဖြစ်သော ငယ်မည် ဦးထွန်းကြွယ်သည် နောင်လာ နောက်သားတို့ အများကြည်ညို ကြစေရန် ရည်သန် မှတ်သား ခဲ့ပါသည်။

**အ**များနတ်လူ သာဓု-သာဓု ခေါ်စေသောဝ်။ ။

## ၁၂၇၁-ခုနှစ်
## ကျောက်စာဟောင်း ကျောဘက် မျက်နှာမှ

(၁) သိမ်မဟာစေတီတော်ကြီး ထီးတော်ဒါယကာ၊
မံသဲရွာ မင်းစေကျောင်းဒါယကာ ဦးလုံး ကျောင်းအမ
မဆွဲမိတို့ ထီးတော်အဖိုး.... လှူငွေ ၅၅၀-ကျပ်

(၂) ငှက်မြတ်နား ဒါယကာ၊
မြေနုရပ် ငွေတိုက်စိုး ဦးဘိုးအို-မလှိုင်တို့ ငှက်မြတ်နား
အတွက်.... လှူငွေ ၂၅-ကျပ်

(၃) စိန်ဖူးတော် ဒါယကာ၊
မင်းကုန်းရပ် အရပ်အုပ် ဦးဘိုးလှိုင်-မကျေးရုံတို့
စိန်ဖူးတော်အတွက်.... လှူငွေ ၂၀-ကျပ်

(၄) ရွှေဆိုင်းသက်နှိုး လှူသူ ဒါယကာများ၊

ဗန်းမော်မြို့ တရားဘက်၊ ပညာဘက် အရာရှိ
ကြီးငယ်တို့ ကောက်ခံ လှူဒါန်း
သည့် ရွှေဆိုင်းရေ (၈၀) လှူငွေ ၂၄၀-ကျပ်
" ရာဇဝတ်ဘက်၊ အရာရှိကြီးငယ်တို့
ကောက်ခံလှူဒါန်းသည့် ရွှေဆိုင်း
ရေ (၄၀) " ၁၂၀ "
" စာတိုက်ဗိုလ်မင်း ဦးကောက်ချိပ်
မင်းကုန်းရပ် ကောက်ခံလှူဒါန်း
သည့် ရွှေဆိုင်းရေ (၄၀) " ၁၂၀ "

ဗန်းမော်မြို့ တရုတ်တန်းရပ် သိမ်တော်
ကျောင်းအမ ဒေါ်ရီ လှူဒါန်း
သည့် ရွှေဆိုင်းရေ (၁၀) လှူငွေ ၃၀-ကျပ်
" မင်းကုန်းရပ်အမိန့်တော်ရရှေ့နေ
ဦးပွင့် လှူဒါန်းသည့် ရွှေဆိုင်းရေ
(၅) " ၁၅ "
" မြို့သူ မြို့သားတို့ အသီးသီး
လှူဒါန်းသည့်ရွှေဆိုင်းရေ(၆၀) " ၁၀၀ "

(၅) သိမ်တော်ကျောင်း ဆရာတော်၊
မင်းစေတီဂိုဏ်းအုပ် ဆရာတော် တို့ထံ လှူဒါန်းကြသည့် စာရင်း

| | | |
|---|---|---|
| ဟန်းတဲရွာမှ | လှူငွေ | ၁၁-ကျပ် |
| ပန်ခမ်းခရိုင် ပန်ခမ်းမြို့ | " | ၂၀၀ " |
| ကျွန်းကြီးရွာ | " | ၂၅ " |
| မိုးဖိန်းရွာ | " | ၆၀-ဂဲ |
| လေးမြို့နယ် ဝိုင်းမော်ရွာ | " | ၅ " |
| မိုင်းခတ်ရွာ | " | ၁၀ " |

(၆) သမန်တလင်း ခင်းကျင်းရာ ပါဝင်သူတို့ စာရင်း
မင်းကုန်းရပ် အငြိမ်းစား ဝန်ထောက်မင်း
ဦးထွန်းကြွယ် သမီး ခင်ပွန်းတို့
လှူငွေ ၄၂၀-ကျပ်
" အငြိမ်းစား မြို့အုပ်ကတော်
မမငွေး " ၄၂၀ "
တရုတ်တန်းရပ် သိမ်တော်ကျောင်းအမ မမယ်ရီ
အမိ တာမာကြီး " ၄၂၀ "

| | | | | |
|---|---|---|---|---|
| ရွှေကူမြို့ | ပြည်သာဒ်အမ ဒေါ်ခသောင် | လှူငွေ | ၁၀၀-ကျပ် | |
| ဗန်းမော်မြို့ | မြေနုရပ် ပညာဝန်ထောက်မင်း ဦးစော | ။ | ၅၀ | ။ |
| ပကိုးမြို့ | လမ်းဝန်ထောက် ကတော် အမိ မမြ | ။ | ၅၀ | ။ |
| ခမြနုရပ် | လှေသရင်း စာရေးကြီး ဦးဘိုး-မမအု | ။ | ၂၅ | ။ |
| ဗန်းမော်မြို့ | တရုတ်ဘန်းရပ် မယ်ကြင် | ။ | ၂၅ | ။ |
| | မှုထမ်းကောင်း တံဆိပ်ရ သစ်တော ဝန်ထောက်မင်း ဦးခန့်ကြီး | ။ | ၁၀ | ။ |

| | | | | |
|---|---|---|---|---|
| တရုတ်တန်းရပ် | တာမာစိုး | လှူငွေ | ၁၀-ကျပ် | |
| ။ | မလောဖုန် | ။ | ၁၀ | ။ |
| ။ | မောင်တဲဆွဲ | ။ | ၁၀ | ။ |
| ။ | ဝမ်ကျိုဆင့် | ။ | ၁၀ | ။ |
| ။ | မမပို | ။ | ၁၀ | ။ |
| အလယ်ရပ် | ဇရပ်အမ မသင်ဉ | ။ | ၁၀ | ။ |
| တရုတ်တန်းရပ် | မယ်ရင် | ။ | ၁၀ | ။ |
| မင်းကုန်းရပ် | ဦးအောင်ပန်း | ။ | ၁၀ | ။ |
| တရုတ်တန်းရပ် | မကျော့ကက်တီ | ။ | ၁၀ | ။ |
| မိုင်းကာရွာ | လူကြီး-လူငယ်များ | ။ | ၁၀ | ။ |
| မင်းကုန်းရပ် | မကျေးယုံနှင့် အပေါင်းပါ လူများ | ။ | ၈ | ။ |

အင်စပိတ်တော်မင်း

ဦးလူကလေးနှင့် မမမိ လှူငွေ ၅-ကျပ်

| | | |
|---|---|---|
| မြေနုရပ် | ဘုရားအမ ဒေါ်ချင် ။ | ၅ ။ |
| | တောအုပ် ဦးမြနု် ။ | ၅ ။ |
| တရုတ်တန်းရပ် | ဒေါ်ခက် ။ | ၅ ။ |
| | ကျောင်းဆရာကြီး ဦးပုတ် ။ | ၅ ။ |
| ညောင်ပင်ရပ် | ကျောင်းအမ မမခင် ။ | ၅ ။ |
| မန္တလေးမြို့ | ဦးဖြူ ။ | ၅ ။ |
| ကသာမြို့ | မယ်မြ ။ | ၅ ။ |
| ဆင်ဘိုရွာ | ကျောင်းတကာ ဦးခင် ။ | ၅ ။ |
| တရုတ်တန်းရပ် | ဆွင်ပင်ကန် ။ | ၅ ။ |
| ညောင်ပင်ရပ် | မရွှေကွယ် ။ | ၅ ။ |
| စဥ့်ကိုင်မြို့ | မြို့အုပ်ကတော် မမအိ ။ | ၅ ။ |
| တရုတ်တန်းရပ် | ဒေါ်ပုံ ။ | ၅ ။ |
| မန္တလေးမြို့ | မမတုတ် ။ | ၅ ။ |
| ညောင်ပင်ရပ် | ကျောင်းအမ မမေ ။ | ၃ ။ |
| ရွှေကူမြို့ | ကျောင်းတကာ ဦးမုံး ။ | ၂ ။ |
| မြေနုရပ် | စာရေးကြီး ဦးကျင် ။ | ၂ ။ |
| ညောင်ပင်ရပ် | ဘုရားအမ မမယ်ကြီး ။ | ၂ ။ |
| မန္တလေးမြို့ | ဒေါ်ချစ် ။ | ၂ ။ |
| အလယ်ရပ် | မရာသက် ။ | ၂ ။ |
| တရုတ်တန်းရပ် | မယ်အို ။ | ၂ ။ |
| ပိတောက်ချောင် | မယ်နန္တ ။ | ၁ ။ |
| ညောင်ပင်ရပ် | မအုံးပွင့် ။ | ၁ ။ |

| စစ်ကဲကျွန်း | ဒေါ်အု | လှူငွေ | ၁-ကျပ် |
|---|---|---|---|
| ရွှာသစ် | မဝိုင်း | ။ | ၁ ။ |
| တရုတ်တန်းရပ် | ဒေါ်ပိုးဇာ | ။ | ၁ ။ |
| လက်ပန်တန်းရပ် | မောင်ဘိုလင် | ။ | ၁ ။ |
| အလယ်ရပ် | မယ်သင် | ။ | ၁ ။ |
| အလယ်ရပ် | ဒေါ်ပေါ် | ။ | ၁ ။ |
| ညောင်ပင်ရပ် | ကျောင်းအမ မမပြန့် | ။ | ၁ ။ |
| | ရာဇဝတ်အုပ် ဦးဘိုး | ။ | ၁ ။ |
| | အင်စပက်ကတော် မထား | ။ | ၁ ။ |
| တရုတ်တန်းရပ် | မခ | ။ | ၁ ။ |
| မြေနုရပ် | သိမ်အမ မချို | ။ | ၁ ။ |
| အလယ်ရပ် | မဖူး | ။ | ၁ ။ |
| မန္တလေးမြို့ | မယ်ဆင့် | ။ | ၁ ။ |
| ။ | ဦး | ။ | ၁ ။ |
| ။ | ဦးသာပြော | ။ | ၁ ။ |
| ။ | မမြင့်ကလေး | ။ | ၁ ။ |
| ။ | ဒေါ်ရှင် | ။ | ၁ ။ |
| ။ | ကိုဆင့် | ။ | ၁ ။ |
| ။ | ကိုဘိုးလှိုင် | ။ | ၁ ။ |
| ။ | ဦးကြီးသာ | ။ | ၁ ။ |
| ။ | မယ်မြ | ။ | ၁ ။ |
| ။ | မဂွန်း | ။ | ၁ ။ |
| ။ | မဓမယ် | ။ | ၁ ။ |
| ။ | မဇုံ | ။ | ၁ ။ |

| | | | |
|---|---|---|---|
| မန္တလေး | မောင်ရှုံ့ရှိ | လှူငွေ | ၁-ကျပ် |
| ကုန်းခါးရွာ | ဦးမောင်ညီ | ။ | ၁ ။ |
| ။ | မကြော့ | ။ | ၁ ။ |
| တရွတ်တန်းရပ် | မငွေးကြီး | ။ | ၁ ။ |

**မှတ်ချက်။** ။ သက္ကရာဇ် ၁၂၇၁-ခုနှစ်က ဝန်ထောက်မင်း ဦးထွန်းကြွယ် ရေးခဲ့သော ဒုတိယ ကျောက်စာ ဟောင်း၏ တွင်းပြင် နှစ်ရပ် မှတ်သားချက်များ ပြီး၏။ ။

## ဗန်းမော်မြို့

## (သိမ်တော်ကြီး ကျောက်စာရုံ၌)

ဘုရားတကာ၊ ကျောင်းတကာ၊
ဘဏ္ဍာတော်ထိမ်း၊ ဆရာဝန်ကြီး ဦးကြည်လင့်
**၁၃၂၀-ပြည့်နှစ် စိုက်ထူထားသော ကျောက်စာသစ်ကြီး**

## မဟာသိမ်တော်ကြီး စေတီတော် သမိုင်းသစ်။

**1948။ ။ သိမ မဟာ စေတျဿ အထုပ္ပတ္တိ။ ။ ၁၃၁၀**

ဇိနသာသနံ စိရံ ဝတ္တတု။ ။ မရမ္မ ( မြမ္မာ-ဗမာ ) ရဋ္ဌံ ပန ယာဝ ပေါရာဏကာလတော ပဋ္ဌာယ မရမ္မရာဇေဟိ ရာဇဝံသဝသေန အဓိဝသန္တိ။ ဂေါတမ ဗုဒ္ဓဿ တိပိဋက သာသနမ္ပိ အဓိဝတ္တန္တိ။ ရဋ္ဌသဗ္ဗညု ဗုဒ္ဓဝါဒ ဒိဋ္ဌိကာ အဋ္ဌ သတေက သဟဿာဓိကာနံ ဘိက္ခုသံဃာနံ ကာသာဝပဇ္ဇော တေဟိ အတိဇောတေန္တိစေဝ ဝိရောစန္တိ စ။ အထာ ပရ ဘာဂေပန ပစ္ဆိမ ဥရောပ ဒေသတော ခရစ်ယာန် ဝါဒ ဒိဋ္ဌိကာ အင်္ဂလိပ် ရဋ္ဌကာ ENGLISH အင်္ဂလိပ် မနုဿာ ဝေဿဘာဝေန အာဂန္တွာ အတြိစ္ဆ လောဘေန အကာ ရဏံ ဆဋ္ဌာ သီတျာဓိက ကေသတေက သဟဿ ဝဿတော

(၁၁၈၆) ပဉ္စာယ ယာဝစုဒ္ဒသာ ဓိကဒွိသတေက သဟဿ ဝဿံ (၁၂၁၄) တတိယယုဒ္ဓံ မရမ္မရဋ္ဌကေဟိ သဟယုဇ္ဈန္တိ၊ ရညေနသဟ သဗ္ဗရဋ္ဌံ ဇိနိတွာ တေသံ ဒါသာ ရဋ္ဌဘာဝေန ကရိတွာ အတိသမ္ဗာဓ နာနုပဒေသဟိ အဓိဝသန္တိ။ ယေဘုယျေန မရမ္မရဋ္ဌကာ ဒုက္ခိတာ အဟေသုံ။ ရာဇာဏာ ယစ နာနာပရိယာ ယေနေစ တေသံလဒ္ဓံ ခရစ်ယာန် ဘာသာဝ ဝုဍ္ဎာပေန္တိ အနုဂ္ဂဟန္တိ။ တထာ ကရောန္တာပိ ရဋ္ဌကာနံ ဗုဒ္ဓ ဝါဒဒိဋ္ဌိံ ဘိန္ဒိတုံ နသက္ကောန္တိယေဝ။ တျာဓိက တိသတေက သဟဿဝဿေ (၁၃၀၃) အင်္ဂလိဈ်၊ အမေရိကန်၊ တရုပ္ပ မနုဿေဟိ သဟ ဒက္ခိဏ ဧရှ ဒေသတော ဂျပန် ရဋ္ဌကာ ဂျပန်မနုဿာ မဟာဘိယုဒ္ဓံ ကရောန္တိ။ (ဒုတိယ မဟာကပ္ပ ယုဒ္ဓေ) ဂျပန်သေနာ ဇိနိတွာ အင်္ဂလိဈ် တရုပ္ပသေနာ မရမ္မ ရဋ္ဌေ နဂရာ နဂရံ ဂါမာ ဂါမံ ဂေဟာ ဂေဟံ ဝိဟာရာ ဝိဟာရံ အဂ္ဂိနာ ဒယှိတွာ ဘိန္ဒိတွာ ဣန္ဒိယ မဇ္ဈိမရဋ္ဌံ ပလာယိံသု။ သတ္တာဓိက တိသတေက သဟဿဝဿေပန (၁၃၀၇) ဂျပန်သေနာ ပုနပရာဇိတွာ အင်္ဂလိဈ်၊ အမေရိကန် တရုပ္ပ သေနာ ဇိနိတွာ မရမ္မ ရဋ္ဌံ ပုနာဂစ္ဆန္တိ။ တေဟိ ဣန္ဒိယ ရဋ္ဌံ ပလာယနကာလတော ယာဝ ပုနာဂမန ကာလံ ဗုမ္ဗာဒိ (ဗုံး) အတိဘယာနက နာနာစက္က သတ္ထေဟိ နဂရ၊ နိဂမ၊ ဂါမ၊ ဂေဟ၊ ဝိဟာရ၊ ဗုဒ္ဓပိမ္ဗ၊ စေတိယေသု, ရဋ္ဌကာနံ သုဝဏ္ဏ ရဇတာဒိ ပစ္စယေသု, ဗဟူ မနုဿ၊ တိရစ္ဆာန၊ ဇီဝိတေ၊ မေတ္တာ ကရုဏာဒိ ဝိဂတစိတ္တေန ဘိန္ဒန္တိ စေဝ ဟနန္တိ စ။

ဥပရိ မရမ္မ ရဋ္ဌေ ဗန်းမော်တိ ဝိဿုတံ အတိရမ္မဏီယ နဂရံ ပန ဧကေဂေဟ၊ ဧက ဝိဟာရ မတ္တံ အဝသိဋ္ဌန္တိတိ အင်္ဂလိယာ နိဒ္ဒဿန မတ္တံပိ နတ္ထိယေဝ။ ဝိသေသတောပန ပဉ္စာဓိက တိသတေက သဟဿဝဿေ (၁၃၀၅) သာဝဏ မာသဿ ကာလ နဝမ ဒိဝသေ ဗန်းမော် နဂရတော ပဋ္ဌာယ သဗ္ဗနဂရေသု အတိပါကဋ္ဌ ဇောဇဝန္တံ ပေါရာဏ သိမ မဟာ စေတျံ အညဝါဒဒိဋ္ဌိကာ အင်္ဂလိ၍၊ အမေရိကန် တရုပ္ပသေနာ ဗုမ္မာဒိနာနာသတ္တေဟိစ, တေသံကာယပယော ဂေဟိစ, အကာရဏံ ဘိန္ဒန္တိ။ စေတျာ သန္နိဋ္ဌိတေ ဗဟူ မဟာသာလာယ ဝိဟာရာဒိ နာနာ ဒဗ္ဗ သမ္ဘာရေစ, ပုပ္ဖ၊ ဖလ၊ ခါရဏာဒိ နာနာ ရုက္ခေစ, ဘိန္ဒန္တိစေဝ အဂ္ဂိနာ ဒယှန္တိစ။ ဝိသေသတောပန ဒွါသီတိ ဒွိသတေက သဟဿ ဝဿတော (၁၂၈၂) ယာဝ တျာဓိက တိသတေက သဟဿဝဿကာလံ (၁၃၀၃) ဗန်းမော် နဂရ တရုတ်တန်း ပဒေသတော ကျောင်းအမကြီး ဒေါ်ဒေါ်ရီ၊ ဒေါ်ဒေါ်ကြင် ဉာတိနာမေဟိ သဒ္ဓါပသန္န ပုညကာမေဟိ ဥပါသိကာ စတု ပစ္စယ ဒါယိကေဟိ ဗဟူဓနာနိ စဇိတွာ ကတဝိဟာရေသု မဟာတာ သောဘတုဇ်န၊ ဘိက္ခူ၊ သာမဏေရ၊ ကပ္ပိယဒါယက ပရိဝါရေဟိ သဒ္ဓိံ ဂန္ထဝါစက၊ ဂန္ထကာရက၊ ဓမ္မကထိက ဘာဝေန ပါကဋ္ဌော တိပိဋကေဟိ ဘာဟ အဋ္ဌကထာ ဋီကာဒိ နာနာ ဂန္ထေသုစ, ပါဠိ၊ သက္ကတ၊ အင်္ဂလိ၍၊ သီဟ ဠာဒိဘာသာသုစ, ဗေဒ၂ာဒိ လောကိယ သိပ္ပေသုစ, သုဋ္ဌု ဆေကော ဗဟုဿုတ မရော အနန္တရ ဗုဒ္ဓုပ္ပါဒ ဒီပနီတျာဒိ ဂန္ထကာရကော ဉာနိန္ဒယရဋ္ဌ သီဟဠ ဒီပေသု နိဝါသ ပုဗ္ဗော

ဇာဘိယာ မြန်အောင် နဂရတော နာမေန ဘိက္ခု ဝါသဝါ ဘိစံသ သေရော စေတျာသန္န မဟာသိမ ဝိဟာရေ မဟာ နာယက ဘာဝေန အဓိဝသတိ။

ရဋ္ဌဝိပတ္တိယာနန္တရေ နဝါဓိက တိသတေက သဟဿ သက္ကရာဇေ ပန (၁၃၀၉) ဗန်းမော်နဂရ အလယ်ရပ် ပဒေသတော ရတနတ္တယ မာမက-သဒ္ဓါပသန္နေဟိ မဟာ တိကိစ္ဆက ဆရာဝန်ကြီး ဦးကြည်လင့် (L.M.P.) ဆရာဝန် ကတော် ဒေါ်ဒေါ် ကင်းလင် ဣတိနာမေဟိ သဒ္ဓါပသန္န စေတုပစ္စယ ဒါယကေဟိ ဆသဟဿ မိကာနိ မနာနိ စဇိတွာ သင္ဃုကတ နစံ သောဘဏ ဝိဟာရေ သတ္တတိံသ ဝဿိက မဟာထေရ ဘာဝေန ဝသိတွာ ရွှေကျိးနား ဝိဟာရက္ကဋ္ဌ ဘဒ္ဒန္တ နန္ဒဝံသ ထေရ, တပ်တွင်း ဝိဟာရက္ကဋ္ဌ ကုဏ္ဍလသာမိ ထေရာဒိ ဘိက္ခု သံဃေဟိစ, ဗန်းမော် နဂရတော ပဓာန ဒါယက-ဒါယိကေဟိစ, မန္တေတွာ ပေါရာဏ ဘိန္န သိမ်တော် ကြီး စေတိယံ ဘိန္ဒိတွာ၊ ဒသာဓိက တိသတေက သဟဿ ဝဿေ (၁၃၁၀) ဇေဋ္ဌမာသဿ ကာလပက္ခ တတိယ ဒိဝသေ၊ စေတိယင်္ဂဏတော ပဋ္ဌာယ နစံ ဣဋ္ဌက စိနသဘာဝံ မင်္ဂလသုတ္တ၊ မေတ္တသုတ္တ၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဂုဏာနိ ဘဏိတွာ ကာရေန္တိ။ ပုန ပထမ အာသဠှိ မာသဿ ဇုဏှ ပက္ခ ပန္နရသ ဥပေါသထ မင်္ဂလဒိဝသေပန မဟာထေရာဒိ ဘိက္ခု သံဃာ နာနာကုလတော အာဂတေဟိ ဗဟူပရိသေဟိ သန္နိ ပတိတွာ နစ္စာဒိ နာနာ တူရိယ သဘာဟိ သမဇ္ဇာဟိ ဝိသိဋ္ဌ မဟာ

ပူဇံ ကရိတွာ ပေါရာဏာ ဘိန္န သိမ်တော်ကြီး စေတိယတော ရဇတ ဗောဓိရုက္ခ ပလ္လင်္ကော်ဟိ သဟ လဒ္ဓ ဆဋ္ဌာဓိက သောဏ္ဏ ရဇတ မဃဲ၊ ဗုဒ္ဓ ပဋိ ပိမ္ဗေ ဟိစ, ရာဇ ဒေဝိယာဒိ သောဏ္ဏ ရဇတ ပိမ္ဗေဟိစ, ဓါတု ဓမ္မ ပရိဘောဂ ဥဒ္ဒိဿ စေတျာဒိ နာနာ ရတနေ ဟိစ, သဒ္ဓိံ စေတိယံ တိက္ခတ္တုံ ပဒက္ခိဏံ ကတွာ ဘိက္ခူ ဝါသဝါ ဘိဝံသ ထေရော၀ သဒ္ဒ ဝိတ္ထာရ စက္ကေန ဌာပနတ္ထုပ္ပတ္တိ ဓမ္မကထံကထေန္တော ပုန ဌာပနကိစ္စံ ကရောန္တိယော၀။ ဣမဿ သီမ မဟာ စေတျဿ ပုန နဝံ ပတိဋ္ဌာပနတ္ထုပ္ပတ္တိံ ပါဠိဘာသာနေစ, မရမ္မ ဘာသာနေစ, ဘိက္ခု ဝါသဝါ ဘိဝံသ ထေရော၀ ရဇတ ပဋ္ဋေ သုလိက္ခိတော။

ဧတေန ပုညာ ကမ္မေန၊ မေတ္တေယျဿ၀ သန္တိကေ။
ဟေ ဘိက္ခု အရဟန္တော၊ ဟောမိ သုခပ္ပဋိပဒေါ။ ။

ဗုဒ္ဓသာသနာတော်ထွန်းကားသော မြန်မာနိုင်ငံတော်ကို နှစ်ပေါင်း (၁၂၀)မျှလေးကျ် အုပ်ချုပ်ခဲ့သော အင်္ဂလိပ်လူမျိုးတို့နှင့် ဂျပန်လူမျိုးများသည် ( ၁၃၀၃ )ခု နှစ်တွင် ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားကြရာ၊ အင်္ဂလိပ်နှင့် တရုတ်တို့ စစ်ရှုံး၍ မြန်မာပြည်မှ ထွက်ပြေး သွားသော အခါ၌ရင်း (၁၃၀၆)ခု နှစ်တွင် တဖန် စစ်နိုင် ပြန်၍ မြန်မာ ပြည်သို့ ပြန်ဝင်သော အခါ၌ရင်း၊ အင်္ဂလိပ်၊ အမေရိကန်၊ တရုတ်၊ ကုလား စသော စစ်သား တို့သည် တရားမဲ့ ကင်းသော စိတ်ရိုင်းတို့ဖြင့် မြန်မာနိုင်ငံတဝှမ်းလုံးရှိ အိမ်၊ ကျောင်း၊ စရပ်၊

တန်ဆောင်း၊ စေတီ၊ ရုပ်ပွားတော် များကို အညှိုးမာန်ကြီးစွာဖြင့် မီးတိုက်ခြင်း၊ စက်သေနတ်၊ စက်အမြောက်၊ ဗုံးတို့ဖြင့် ပစ်ခတ် ဖျက်ဆီးခြင်း ပြုကြသည့် အပြင် အပြစ်ကင်းစင်သော မြန်မာတို့၏အသက်များနှင့်တကွ ဥစ္စာ ပစ္စည်းတိရစ္ဆာန်များပါ မကျန် အကြောင်းမဲ့ သတ်ဖြတ် ဖျက်ဆီးလုယက် ယူငင်ခြင်းများကို မေတ္တာ ကရုဏာ ကင်းမဲ့စွာပြုလုပ်ကြလေသည်။ (၁၃၀၅)ခု နှစ်၌ အထက် မြန်မာပြည်တွင် အလွန်ထင်ရှား ကျော်စော၍ မြို့ရွာကြက်သရေဆောင်သာသနာ့မဏ္ဍိုင် ဖြစ်တော် မူသော (ဗန်းမော်မြို့ သိမ်မဟာစေတီတော်ကြီး) ကို ဗုံး၊ အမြောက်၊ စက်သေနတ် တို့ဖြင့်ပစ်ခတ် ဖျက်ဆီး ပြီးလျှင် စရပ်၊ တန်ဆောင်း၊ ပြသာဒ်၊ အဆောက်အဦ၊ ပန်းဥယျာဉ် စသည်များနှင့် တကွ (မဟာသိမ်တော်ကြီး ကျောင်းတိုက်ကြီး) ကိုလည်း မီးတိုက်၍ဖျက်ဆီးကြလေသည်။

ထိုနောက် စစ်ကြီးပြီးဆုံး၍ မြန်မာပြည်ကြီး လွတ်လပ်ရေး ရပြီးသောအခါ (၁၃၁၀)ခုနှစ် နယုန်လ ဦးနုအစိုးရလက်ထက်တွင် ဗန်းမော်ခရိုင်ဝန် ဦးဘထွန်း၊ ကျောင်းတကာဆရာဝန်ကြီး ဦးကြည်လင့်နှင့် တကွ မြို့ရွာ ခေါင်းဆောင်ရဟန်းရှင်လူ အများ တို့နှင့် စည်းဝေး တိုင်ပင်၍ စစ်ကြီးဘေးဒဏ်ကြောင့် ပျက်စီး၍ အုဋ္ဌပုံ အတိ ဖြစ်နေသောသိမ်မဟာ စေတီတော်ကြီးကို သုတ်သင် ရှင်းလင်းခြင်း အမှုပြုကြသောအခါ....

သီရိဓမ္မာသောကမင်းကြီး၏ကုသိုလ်တော်၊ စမ္ပာနဂိုရ်ပြည်ရှင် ဘုရင် စိတ္တရာဇာနှင့် သားတော် ဝိလာသမင်းသားတို့က **မန်မော်ဌာနၷ် တည်ထား ကိုးကွယ်** ခဲ့သည် ဆိုသော **သမိုင်းစာ အရ (မန်မော်ရွှေစေတီ)** နှင့် တကွ ဓာတ်တော်များ၊ အဘိုး များစွာ ထိုက်တန် လှသော ဌာပနာ ပစ္စည်းများကို ဖူးမြော် တွေ့ရှိ ကြရသည်။ အုဋ္ဌခင်း၊ အုဋ္ဌစီ၊ အုဋ္ဌတံတိုင်း လေးဘက်ကာနှင့် ပျက်စီးနေသော လေးထောင့်ကန်ဟောင်းလည်း ရှိနေသဖြင့် စေတီပေါင်း ၈၄၀၀၀-ထဲ ပါဝင်ကြောင်း ထင်ရှားပါသည်။

ၚင်း မန်မော် ရွှေစေတီတော်ကို ငုံ၍ ဘိုးတော်မင်းတရားကြီး လက်ထက် နေမျိုးမင်းလှ ဘွဲ့ခံ ဗန်းမော်စော်ဘွားကြီး ဦးကံသည် မိမိ သံအမတ် အဖြစ် နှင့် သွားရောက်စဉ် ကာလက တွေ့မြင် ခဲ့ရသော တရုတ်ပြည်မှ ခေါင်းလောင်းကြီးပုံအတိုင်း သိမ်မဟာ စေတီတော်မြတ်ကြီးကို တည်ထား ခဲ့ခြင်း ဖြစ်ရာ ရှေးပုံမပျက် အသစ် တဖန် ပြန်လည် တည်ထားကြ ခြင်းငှါ စစ်ဘေး စစ်ဒဏ်ကြောင့် ပျက်စီး သည် များကို ပြုပြင် ရှင်းလင်းကြ ပြီးလျှင်၊ လူရှင်ရဟန်း ပရိသတ် စုံညီစွာဖြင့် မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ပရိတ်တော်၊ ဘုရားဂုဏ်တော်များ ရွတ်ပွားကြ၍ "အုဋ္ဌမြစ်ချ ပွဲတော်ကြီး" ကို စည်ကား သိုက်မြိုက်စွာ ကျင်းပ ခဲ့ကြပါသည်။

၁၃၁၀-ခုနှစ် ပဌမ ဝါဆိုလပြည့် မင်္ဂလာ အခါနေ့တွင် စေတီတော်ကြီး အတွင်းမှ ရရှိပါသော ဓာတ်တော်များ၊ ရွှေသား-ငွေသား ဆင်းတုတော် များနှင့် တကွ၊

ရွှေကိုယ်လေး၊ ငွေကိုယ်လေး၊ ပယင်းဆင်းတုတော် များပါ ဆင်းတုတော် (၇၀) ကျော်နှင့် နောက်ထပ် မြို့ရွာ ဒါယကာ ဒါယိကာမ အများတို့က စေတနာ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းကြသော စေတီ၊ ရုပ်ပွား၊ ဓာတ်တော်များ၊ အလှူငွေများ၊ ကျောက်သံပတ္တမြားစသော အဘိုးတန် လက်ဝတ် ရတနာပစ္စည်း အသုံးအဆောင်များ အားလုံး တို့ကို မြို့နှင့် နယ်ပါ ရဟန်းရှင်လူ အများတို့က ခမ်းနားစွာ ပွဲတော်ကြီး ကျင်းပပူဇော်ပြီးလျှင် ဌာပနာကြပါသည်။

၁၃၁၀-ခုနှစ် ဒုတိယ ဝါဆို လဆန်း (၁၀) ရက် ကြာသပတေးနေ့ တွင်လည်း ပဌမ အကြိမ်က ကဲ့သို့ ဌာပနာ သွင်း ပွဲတော်ပြုလုပ်ပြီးလျှင် ဒုတိယ အကြိမ်မြောက် ဌာပနာ ကြပါသည်။

၁၃၁၀-ခုနှစ် ဝါခေါင် လဆန်း (၁၁) ရက် တနင်္ဂနွေနေ့ မင်္ဂလာအခါတွင် ကျန်ရှိသမျှသော ဓာတ်တော်၊ ရွှေ-ငွေ-ပယင်း ဆင်းတုတော် များနှင့် တကွ အဘိုးတန် ပရိဘောဂ ပစ္စည်း ရတနာ များကို နောက်ဆုံး တတိယ အကြိမ်မြောက် ပွဲလမ်း သဘင် များဖြင့် ဆင်ယင် ကျင်းပ ပူဇော် ပြီးလျှင် ဌာပနာ ထားကြကာ စေတီတော်ကြီးကို ရှေးခေါင်းလောင်းကြီးပုံအတိုင်း စေတီရံ ရှစ်ဆူ၊ ဂူဟ် ဘုရား များပါ ထည့်၍ အသစ် တဖန် တည်ထားကြ ကြောင်းကို နောင်လာနောက်သား ရဟန်းရှင်လူအများတို့သိရစ်ကြစေရန်

၁၉၄၈-ခုနှစ် ဩဂုတ်လ ၁၅-ရက် တနင်္ဂနွေနေ့ ဘိက္ခု ဝါသဝါဘိဝံသထေရ် ငွေပေပြားပေါ်တွင် ရေးသားခဲ့ပါ သတည်း။ ။

ဇိနသာသနံ စိရံတိဋ္ဌတု။ သဗ္ဗေသတ္တာ သုခိတာဟောန္တု။ ဒုက္ခာ မုစ္စန္တု။ ။

## ကျောက်စာတွင် နောက်ဆက်တွဲ အဖြစ် ထည့်ထားသည်မှာ

နိုင်ငံတော် ဩဝါဒါစရိယ၊ မဟာသံဃ နာယက၊ ဗန်းမော်မြို့နယ် ခရိုင် ဝိနည်းဓိုရ် သံဃာ့ ညီညွတ်ရေး အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဖြစ်တော်မူသော ကျေးဇူးရှင် သိမ်တော် ကျောင်း ဆရာတော်ဘုရားကြီး ဦးဝါသဝ အရှင်သူမြတ်သည် သက်တော် (၆၆) နှစ်၊ သိက္ခာတော် (၄၆)ဝါ အရ ၁၃၁၉-ခုနှစ် သီတင်းကျွတ်လဆန်း (၈)ရက်၊ ၁၉၅၇-ခုနှစ် အောက်တိုဘာ (၁)ရက် အင်္ဂါနေ့ ညနေ ၅-နာရီ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရာ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို သာဓုကိဋ္ဌန စျာပန သဘင် ကောင်းမွန်စွာ ဆင်ယင် ကျင်းပ၍ အရိုးဓာတ်စေတီတော်များ တည်ထား ကြပါသည်။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ကိုးစွ အရပ်ရပ် များကို လွှဲအပ် သွားတော်မူသည့် အတိုင်း တပည့်ကြီးများ ဖြစ်ကြသော စိင်နံးဆရာတော် ဦးဒေဝိန္ဒ၊ မန္တလေး ဆရာတော် အသျှင်- ဦးဣန္ဒောဘာသ၊ ရွှေကျောင်း ဆရာတော် ဦးကုသလ တို့သည်

သိမ်တော်ကြီးဘုရား ဂေါပက၊ ရက္ခိတအဖွဲ့၊ ဘုရား ဘဏ္ဍာ တော် ထိမ်း၊ သာသနာ့ အကျိုးတော်ဆောင်၊ မြို့တော်ဝန်၊ ကျောင်းတကာ၊ ဆရာ ဝန် ကြီး ဦး ကြည် လင့် နှင့် တ ကွ ဂေါပက ဥက္ကဋ္ဌ တောအုပ်ကြီး ဦးဘခင်၊ အတွင်းရေးမှူး ဦးသီလ၊ တွဲဘက် ဦးစိန်းမောင်၊ စာရင်းစစ် ဦးဘတ္တရီး၊ ဆရာ-ဦးဘိုးချို၊ ဦးဘိုးခင်၊ ဦးသာဝ၊ အမိန့်တော်ရ ရှေ့နေ ဦး ဘိုး ထီ၊ ဦး စောရီ၊ ဦး ဘ အောင်၊ ဦး သစ်၊ အ သက် ၉ဝ - ကျော် မယ် တော် ကြီး ဘု ရား အ မ၊ ကျောင်း အ မ ဖေါ့ဖေါ့ရီ၊ ညဏ်ညဏ်ကြင် အစရှိသော သာသနာ ဒါယကာ ဒါယိကာမ အပေါင်းတို့၏ အကူအညီ အထောက် အပံ့ များ ဖြင့် သိမ်မဟာ စေတီတော်မြတ်ကြီးနှင့် မဟာသိမ်တော်ကြီး ကျောင်းတိုက်ကို အစွန့်ရှည်ကြာ သာသနာပြန့်ပွား စည်ကား တည် တန့် စေ ရန် ဆက် လက် ဆောင် ရွက် ထိမ်း သိမ်း စောင့်ရှောက်လျှက် ရှိကြပါသတည်း။ ။

၁၃၂၀-ပြည့်နှစ် ဒုတိယ ဝါဆိုလဆန်း (၁) ရက် ဗုဒ္ဓဟူးနေ့

ကျောက်စာ ကဗျည်း ရေးထိုးထား ပါသည်၊

နတ်လူ သာဓု ခေါ်စေသောဝ်။

**တတိယကျောက်စာပြီး၏။**

ကျောက်စာ ထုလုပ်သူ ဦးမြိုင်၊ ဘုရားကြီး-ကျောက်ဆစ်
မန္တလေး။


## နောက်ထပ် မွမ်းမံ ပြုလုပ် တည်ထားကြသည့် အကြောင်း

၁၃၂၂-ခုနှစ်တွင် သိမ်မဟာ စေတီတော်ကြီး၏ စေတီရံ ဖြစ်သော ဂူပြဲဘုရား ရှစ်ဆူ တို့ကို တဆူလျှင် ရွှေဆိုင်း သင်္ကန်းဘိုးငွေ ၃၅ဝိ၊ ၅ဝဝိ-ကျနှင့် ဘုရားတကာ ဘုရားအမများ ကောင်းမှုဖြင့် ကျပ်ငွေ ၃ဝဝဝိ သုံးထောင် ကျော်ကုန် ရွှေဆိုင်း သင်္ကန်းများ ကပ်လှူပူဇော်ကြပါသည်။

၁၃၂၄-ခုနှစ်၌ ဆီးနှင်း မှုလေ, နေပူ ဒဏ်များ ကြောင့် ပျက်စီးချွတ်ယွင်း အရောင်အဆင်း ပျက်၍နေသော ငှက်မြတ်နားတော်၊ ထီးတော်ကြီး၊ သပိတ်မှောက်၊ ခရားသီး ဌာနတို့ကို ပြည်သူပြည်သား အများ ကုသိုလ်ဖြင့် ရွှေဆိုင်း သင်္ကန်းဘိုးနှင့် တကွ လက်ခများပါ ကျပ်ငွေ ၅ဝဝဝ-ကျပ် ငါးထောင်ကျော်ကုန် ရွှေဆိုင်း သင်္ကန်းများ ထပ်မံ ကပ်လှူ ပူဇော်ကြပါသည်။

## ဦးဝါသဝ သံဃိကစာကြည့် ပိဋကတ်တိုက်ကြီးနှင့် အရိုးဓာတ်စေတီတော် ၃-ဆူ။

စစ်ဘေး စစ်ဒဏ်ကြောင့် ပျက်စီး သွားသော သိမ်မဟာ စေတီတော်ကြီး ပြန်လည် တည်ဆောက်ခြင်းနှင့် တကွ သာသနာတော်ကိစ္စ အရပ်ရပ်များကို စီမံဆောင်ရွက်၍ ဆုံးမဩဝါဒ အမြဲဟောပြော ပေးတော်မူခဲ့သော ကျေးဇူး တရားများထောက်ထားမြော်ခေါ်၍ ဘဝနတ်ထံ ပျံလွန်တော် မူသော ကျေးဇူးရှင် သိမ်ဆရာတော်ဘုရားကြီး ဦးဝါသဝ



ဘဝနတ်ထံ ပံ့ပိုးလှူဒါန်းတော်မူသော သိမ်ဆရာတော်ဘုရားကြီး အထိမ်းအမှတ်အဖြစ်ဖြင့်ပြည်သူ ပြည်သား အများကောင်းမှု ကျပ်ငွေ (၃၀၀၀၀ဝိ) သုံးသောင်းကျော်တန် သိမ်တော်ကြီး ရေကန်တော်အတွင်းရှိသော

အသျှင်သူမြတ်၏ အထိမ်းအမှတ် အဖြစ်ဖြင့် သိမ်တော်ကြီး ရေကန်တော် အတွင်းရှိ ရေလယ်ကျွန်း ကလေး ပေါ်တွင် အသက် ၁၀၀-တွင်းရှိ မယ်တော် ဘုရားအမ ကျောင်း အမကြီး ဖေါ့ဖေါ့ရီနှင့် ဘုရားဘဏ္ဍာတော်ထိမ်း ကျောင်း တကာ ဆရာဝန်ကြီးဦးကြည်လင့်၊ ကျောင်းအမ ဆရာဝန် ကတော် ဒေါ်ကင်းလင် တို့က အလှူငွေများ အရင်း မတည် ပြီးလျှင် တပည့်ကြီးငယ် ဒကာ-ဒကာမ အပေါင်း တို့အား ဟောပြော စီမံဆောင်ရွက် အလှူခံ၍ ရဟန်းရှင်လူ ပြည်သူ ပြည်သား အများကောင်းမှုကုသိုလ်ဖြင့် အလှူတော် ကျပ်ငွေ (၄၄၇၃၃) လေးသောင်း လေးထောင် ခုနစ်ရာ သုံးဆယ့် သုံးကျပ်ကျော် ကုန်၍ အလွန်လှပ တင့်တယ် ခိုင်ခန့်လှစွာ သော (ဦးဝါသဝ သံဃာက သိမ်တော်ကြီး စာကြည့် ပိဋကတ်တိုက်ကြီး) ကို စတုဒိသာသံဃာက အဖြစ် ရေစက် သွန်းချ တည်ဆောက် လှူဒါန်းခြင်းနှင့်....

(၁) ၁၂-မြို့ ဂိုဏ်းချုပ်၊ အဂ္ဂမဟာ ပဏ္ဍိတ သာသနာပြု ပဌမ ရွှေကျောင်း ဆရာတော်ဘုရားကြီး ဦးဇောတ အသျှင်သူမြတ် အရိုးခါတ် စေတီတော်။

(၂) ရောဝတီမြစ်စဉ် ဝဲ-ယာ ဂိုဏ်းချုပ်၊ အဂ္ဂမဟာပဏ္ဍိတ သာသနာပြု ဒုတိယရွှေကျောင်းဆရာတော်ဘုရားကြီး ဦးအာစာရ အသျှင်သူမြတ် (အာစရာဘိဓေသီရိပဝရ ရာဇာဓိ ရာဇဂုရု) အရိုးခါတ်စေတီတော်။

(၃) နိုင်ငံတော် ဩဝါဒါစရိယ၊ မဟာသံဃနာယက၊ မြို့နယ်ခရိုင် ဝိနည်းဓုရ၊ သံဃညီညွှတ်ရေး ဒု-ဥက္ကဋ္ဌ မဟာသိမ်တော်ကြီး ကျောင်းတိုက် အရှင် ဝေဠုဝန ဂဏိက ဦးဝါသဝါဘိဝံသ အသျှင်သူမြတ် အနိုးခေတ် စေတီတော်။

စေတီတော် ၃-ဆူမြတ်တို့ကိုလည်း ကျပ်ငွေ-၅၀၀၀ ငါးထောင်ကျော်ကုန် တည်ထား ကိုးကွယ်ခြင်း အမှု ပြုကြ ပါသည်။

## အဝိစိ စက်ရေတွင်းကြီး

သိမ်တော်ကြီးဘုရား အတွင်းသို့ ရောက်လာ နေထိုင် ကြသူ ရဟန်းရှင်လူ ပြည်သူ အများ တို့သည် ရေအတွက် အကြောင့်ကြ အခက်အခဲ မရှိ ပကတိ ချမ်းသာ လွယ်ကူစွာ သောက်ချိုး သုံးစွဲ လှူဒါန်း နိုင်ကြ စေရန် အင်္ဂလန်လုပ် ရေစုတ်စက် အကောင်းစား ၅၄၀၀-တန်နှင့် တကွ (သိမ်တော်ကြီး စတုဒိသာ သံဃိက အဝိစိ စက်ရေတွင်း) ကြီးကို စက်ရုံ အဆောက်အဦ၊ ရေတိုင်ကီကြီး၊ ရေစဉ်၊ ရေချိုးကန်ကြီး များပါ အရပ်ရပ် ကုန်ကျ ငွေပေါင်းမှာ (၁၆၄၃၅) တသောင်း ခြောက်ထောင် လေးရာ သုံးဆယ့် ငါးကျပ် ဖြစ်ပါသည်။

မိုးကုတ်မြို့ ရှမ်းစုရပ်နေ ပတ္တမြား စိန်ဖူးတော်ကြီး ဒါယကာ အဘ-ဦးထွန်းပေါ် နှင့် တကွ ကျောင်းတကာ ဦးဘမို၊ ကျောင်းအမ-ဒေါ်သန်းသန်း သားသမီး ဆွေမျိုး

တစုတို့က အေးနိဗ္ဗာန်ကို ရည်မှန်း၍ အဝီစိ စက်ရေတွင်းကြီး အတွက် အလှူတော်ငွေ (၉၄၆၅) ကိုးထောင် လေးရာ ခြောက်ဆယ် ငါးကျပ် လှူဒါန်းပါသဖြင့် ဂေါပက အဖွဲ့ကြီး နှင့် တကွ ရဟန်းရှင်လူ အပေါင်း တို့က ဝမ်းမြောက်စွာ သာဓု ခေါ်ကြပါသည်။

မိုးကုတ်မြို့ ရှမ်းစုရပ်နေ ဒါးတန်း ရေခဲစက် ပိုင်ရှင် ဘုရားအမ-အဖွားသန်းနှင့် သား-ကိုမြမောင် သမီး-မခင်မြင့် မစန်းစန်း တို့က ဥပုသ်သည်နှင့် သီလရှင်များ ရေချိုးရန် သီးသန့်ရေချိုးခမ်းအတွက် ငွေ၁၅၀၀ တထောင် ငါးရာကျပ် လှူဒါန်းပါသည်။

ရဟန်းရှင်လူ အများတို့ ရေမိုးချိုးရန် နောက်ထပ် ဆောက်လုပ်ထားပါသော ၃-ခမ်း ၂-ခမ်း သွတ်မိုးနှင့် သံဇကာများ ကာထား ပါသော ရေချိုးကန်ကြီး၏ အဆောက် အဦ သစ်မှာ ကျပ်ငွေ (၁၆၇၄) တထောင် ခြောက်ရာ ခုနှစ်ဆယ် လေးကျပ် ကုန်ကျရာ လှူဒါန်းသူ ဒါယကာ မရှိသေးပါ၍ စေတနာရှင်များ ကဗျည်းဆိုင်းဘုတ် ရေးကာ ကုသိုလ်ပြုနိုင်ပါသည်။

သိမ်တော်ကြီး အဝီစိ စက်ရေတွင်းကြီးကို မိုးကုတ်မြို့ ရှမ်းစုရပ် အဘ-ဦးထွန်းပေါ်နှင့် ဦးဘမို ဒေါ်သန်းသန်း သားသမီး ဆွေမျိုးတစုနှင့် အများ ကောင်းမှု အဖြစ် ဗုဒ္ဓပ မုခ စတုဒိသာသံဃိက အဖြစ် ရေစက်သွန်းချ လှူဒါန်းခြင်းမှု ပြုထားကြပါသည်။

## နှစ်ထပ် အုဌ်တိုက် ကျောင်းကြီး

ဗန်းမော်မြို့ အလယ်ရပ်နေ မြို့တော်ဝန်ဟောင်း၊ သိမ်တော်ကြီးဘုရား ဘဏ္ဍာတော်ထိမ်း၊ ကျောင်းတကာ၊ ဆရာဝန်ကြီး ဦးကြည်လင့်၊ ကျောင်းအမ ဆရာဝန်ကတော် ဒေါ်ကင်းလင်၊ သား ကိုလှဦး၊ သမီး မြင့်မြင့်သန်းကြည်တို့က မဂ်ဖိုလ်နိဗ္ဗာန်ကို အမြန်ရရန် ရောက်ရန် ရည်မှန်း၍ မဟာ သိမ်တော်ကြီး ကျောင်းတိုက်တွင် အလှန် လှပ တင့်တယ် ခေတ်ဆန်စွာသော (နှစ်ထပ်အုဌ်တိုက်ကျောင်းကြီး)ကိုလည်း သီတင်းသုံး သံဃာတော် အရှင်မြတ် များသည် စိတ်နှစ်လုံး ချမ်းမြေ့စွာ နေထိုင်သုံးစွဲ၍ ပရိယတ် ပဋိပတ် အကျင့်မြတ် များ ပွားများ အားထုတ်တော် မူနိုင်ကြပါရန်....

အိပ်ရာ နေရာ၊ ကော်ဇော၊ ခြင်ထောင်၊ ဗိုလ်စောင်၊ ကုတင်၊ ခန်းဆီး၊ စားပွဲ၊ ဘီယို၊ ကုလားထိုင်၊ အိုး ပန်းကန် ခွက်ရောက် အစုံအလင်၊ သင်ပြုဖျာ၊ လျှပ်စစ်ခေတ်မီး၊ မီးချောင်း၊ မီးပွင့်များ၊ ဆွဲပန်ကာကြီး၊ ရေပိုက်များ နှင့် ကြွေလက်ဆေးကန်-၂ စသော ကျောင်းသေနာသန သံဃာ့ အသုံးအဆောင် ပရိဘောဂ ပစ္စည်းများ၊ ကြွေအိုး ရေဆွဲ- ကုဋ္ဌ-၂လုံး၊ ရေပန်း တပ်ဆင်ထားသော ရေချိုးခမ်း၂-ခမ်း စသည်များနှင့် တကွ ကျပ်ငွေ (၄၀၀၀၀ဝိ) လေးသောင်း ကျော် အကုန်အကျခံကာ ဆောက်လုပ် လှူဒါန်း ထားကြ ပါသည်။

## ပတ္တမြား စိန်ဖူးတော်ကြီး

၁၃၂၄-ခုနှစ်တွင် သိမ်မဟာ စေတီတော်ကြီး၏ မှန်စီ ရွှေချ စိန်ဖူးတော် အဟောင်းကို ရွှေအသစ် ချရန် စီမံနေရာ ဗန်းမော်မြို့ မင်းကုန်းရပ်နေ ဆိုင်ထိုင်ကတော်ကြီး ဒေါ်ရီက စိန်ဖူးတော်အစစ် ဖြစ်မြောက်စေရန် ငွေ-၅၀၀ိ နှင့် ရွှေချိန် ၄-ကျပ် ၁-ပဲသား မတည် လှူဒါန်းပါသဖြင့် ဂေါပကအဖွဲ့ဝင် ဘဏ္ဍာတော်ထိမ်း ကျောင်းတကာ ဆရာဝန်ကြီး ဦးကြည်လင့် နှင့် ဘုရားအမ ကျောင်းအမကြီး ဖေါ့ဖေါ့ရီတို့၏ အစီအစဉ်ရ သိမ်မဟာ ဆရာတော် အသျှင် ဦးဣန္ဒောဘာသ၊ ရွှေကျောင်း ဆရာတော် ဦးကုသလတို့သည် ပတ္တမြားမြေ မိုးကုတ်မြို့ကြီးသို့ သွားရောက် ကြပြီးလျှင် အုဋ္ဌိဖို ဆရာတော် ဦးဥက္ကံသ၊ သုသာန်ကျောင်း ဆရာတော် ဦးကောသလ္လတို့အား စိန်ဖူး တော်ကြီး ဖြစ်မြောက်ရေးကို အကူအညီ တောင်း၍ ထိုဆရာတော် နှစ်ပါးနှင့် နိဗ္ဗာန်ဆော် ဒါယကာကြီး ဦးဆောင်တို့၏ ဆက်သွယ် ဟောပြော စီမံ ဆောင်ရွက်ပေးမှု များကြောင့် စေတနာ သဒ္ဓါတရား ထက်သန် စွာသော မိုးကုတ်မြို့တော်မှ သာသနာ့ပြု စိန်ဖူးတော် ဒါယကာများ ပေါ်ပေါက် လာရခြင်း ဖြစ်ပါသည်။

ပတ္တမြား စိန်ဖူးတော်ကြီး လှူဒါန်းသူ သာသနာ့ပြု ဒါယကာများ ဖြစ်ကြ ပါသော မိုးကုတ်မြို့ ရှမ်းစုရပ်နေ နိဗ္ဗာန်ဆော် ဒါယကာကြီး ဦးဆောင်နှင့်တကွ ဘုရားတကာ ကြီး ဦးထွန်းမေါ်၊ သား ကျောင်းတကာ ဦးဘမို၊ သမီး ကျောင်းအမ ဒေါ်သန်းသန်း, ဒေါ်စိန်တုတ်၊ ဦးသိန်းမောင်

ဒေါ်အုန်းခင်၊ ဦးဇီန၊ ဦးသာ-ဒေါ်မေ၊ ဒေါ်သက်တင်၊ မလှတင်၊ ဦးအုန်းခိုင်-ဒေါ်ပိုက်ပိုက်၊ မခင်မြင့်၊ မခင်စိန်၊ အစရှိသော သာသနာ့ဒါယကာ-ဒါယိကာမ အပေါင်းတို့က အဘိုး များစွာ ထိုက်တန်၍ တန်ဘိုး မဖြတ်နိုင် ပါသော ရွှေသား ကြာမှောက်၊ ကြာလှန်၊ ပန်းအောက်ခံနှင့် ပတ္တမြား ကျောက်မြက် ရတနာကောင်းများ တပ်ဆင်ကာ ရွှေသား အုပ်ဆောင်း၊ ရွှေသား ကွန်ရွက်များ အုပ်ဆောင်းလျက် ဘုရား ဓာတ်တော်စစ်များ ဌာပနာထားပါသော (ပတ္တမြား စိန်ဖူးတော်ကြီး) ကို ဗန်းမော်မြို့ သိမ်မဟာ စေတီတော်မြတ် ကြီး၌ အထွဋ်၌ တပ်ဆင် ပူဇော်ရန် ၁၃၂၅-ခုနှစ် ဝါဆို လဆန်း ၂-ရက် နေ့က ပတ္တမြားမြေ မိုးကုတ် ရွှေမြို့တော်မှ အတီး အမှုတ် စုံလင် စွာဖြင့် လူပရိသတ် ၇၀-ကျော်နှင့် ပင့်ဆောင်လာကြပါသည်။

## ပတ္တမြားစိန်ဖူးတော်တွင် ကျောက်မျက် ရတနာများ

၁။ စိန်ဖူးတော်အချိန် = ၂-ပိဿာ ၁၀-ကျပ်သား
၂။ စိန်ဖူးတော်ထိပ် တပ်ဆင်သော=
ကျောက်နီလုံးချော ပွင့်ရေ ၁ ရတီချိန် ၁၃-
၃။ ကျောက်နီတာပလာ ။ ၁၀၇ ။ ၁၁၂-၁၀
၄။ နီလာ တာပလာ ။ ၂၀ ။ ၁၆-
၅။ ကျောက်နီလုံးချော ။ ၂၃၉ ။ ၁၅၅-
၆။ နီလာလုံးချော ။ ၄၀ ။ ၃၉-

စိန်ဖူးတော်တွင် ပါဝင်သော

ရွှေချိန်..........................................၁၈-ကျပ်၊ ၈-ပဲ
ဘော်ချိန် ..........................................၃၇ - ကျပ်သား
ပတ္တမြား ကျောက်ပွင့်ရေ........................၄၀၇-ပွင့်
ရတီချိန်..........................................၃၃၅-၁၀

ပါဝင် လှူဒါန်းထား ပါသည်။

သပိတ်ကျင်းမြို့ ဆိပ်ကမ်းမှ စင်းလုံး ငှါးထားသော ပုညာသဘော်ဖြင့် အုတ္တဖို ဆရာတော် ဦးဥက္ကံသ၊ ရွှေကျောင်း ဆရာတော် ဦးကုသလတို့ ဦးစီးခေါင်းဆောင်ကာ လူပရိသတ် (၇၀)ကျော် တို့က ရောဝတီမြစ်ရိုးအတိုင်း အထက်အညာသို့ ပတ္တမြား စိန်ဖူးတော် ကြီးကို အတီး အမှုတ်၊ အက တို့ဖြင့် ခမ်းနားစွာ ပင့်ဆောင် လာခဲ့ကြရာ၊ သဘော် ရေလမ်း ခရီး ဖြစ်သော ထီးချိုင့်မြို့၊ ကသာမြို့၊ မိုးဒါးမြို့၊ ရွှေကူ စသော သဘော်ဆိပ်ကမ်းမြို့ တို့၌ အဖူးမြော် အပူဇော်ခံ၍ ဗန်းမော် မြို့ကြီးသို့ ဝါဆိုလဆန်း ၆-ရက်နေ့ တနင်္ဂနွေ အချိန်တွင် ကောင်းမွန်ချောမောစွာ ရောက်ရှိလာပါသည်။


ဗန်းမော်မြို့ သဘော်ဆိပ်ကမ်းမြေနုရပ်မှ မြို့ပေါ်ရှိ ကျောင်းထိုင် ဆရာတော် ရဟန်းသံဃာ အရှင်မြတ်များ၊ သိမ်တော်ကြီး ဂေါပက အဖွဲ့ဝင် ဘုရားလူကြီးများ၊ စစ်တပ်၊ ရဲတပ်၊ မီးသတ် အဖွဲ့ဝင်များ၊ ၁၄-ရပ်ကွက်မှ သူကြီးလူကြီး ခေါင်းဆောင်နှင့် ရပ်ရွာ ဒကာ-ဒကာမများ ကျွန်းဘက်နှင့်

တောနယ် ကျေးရွာ များပါ အားလုံး လုပ်သား ပြည်သူ ရှင်လူပရိသတ် တသောင်းခန့်တို့က အတီးအမှုတ် အက စုံလင်စွာ မော်တော်ယာဉ် များဖြင့် ခမ်းနားသိုက်မြိုက် ကြီးကျယ်စွာ ကြိုဆိုပေးကြပါသည်။

## စိန်ဖူးတော်၏ တန်ခိုး

ပတ္တမြား စိန်ဖူးတော်ကြီးတင် ပုညာ သင်္ဘောကြီး ဆိပ်ကမ်းသို့ ဆိုက်ကပ် ရောက်ရှိ လာပြီး ကုန်းပေါ်သို့ ပင့်ယူမည့် အချိန်တွင် အနောက်တောင် စနေဒေါင့်အရပ်က တမိုးလုံး မဲမှောင်လာပြီးလျှင် လေရောမိုးပါ ပြင်းထန်စွာ တိုက်ခတ် ရွာသွန်းမည့် အခြေအနေ ဖြစ်ပေါ်လာသဖြင့် လူပရိသတ်များမှာ ဘေးကင်း လုံခြုံရာ ထွက်ပြေးတိမ်းရှောင်ကြကာ ပင့်ဆောင်မည့် အခမ်းအနား အခြေအနေ ပျက်လုမျှ ရှိတ်ရှိတ်သဲသဲ ဖြစ်ခဲ့သော်လည်း ပတ္တမြား စိန်ဖူးတော်ကြီးကို လှပစွာ ပြုလုပ် ပြင်ဆင် ထားသော (ကရဝိတ်ဖေါင်) မော်တော်ယာဉ် ကားပေါ်သို့ သံဃာတော်များ ရှေ့ဆောင်ကာ ရိုသေစွာ ပင့်ယူလာ တင်ပြီး သည်နှင့် တပြိုင်နက် ထိုမိုးသား တိမ်နက်ခဲကြီး များသည် တခဏခြင်း လွင့်စင်ပျောက်ပျက် သွားကြပါသဖြင့် ပင့်ဆောင် ကြိုဆိုသူများ မိုး-လေ ဒဏ်မခံဘဲ အေးမြကြည်လင် မိုးသား ကောင်းကင်များ သာယာ လာပါသည်။

ပတ္တမြား စိန်ဖူးတော်ကြီးတင် ကရဝိတ်ဖေါင် မော်တော်ယာဉ် ကားကြီးကို လူပရိသတ် များစွာ တို့က စန္ဒယား မြားကြိုး များဖြင့် ရိုသေစွာ ဆွဲယူ ပင့်ဆောင်ကာ




မိုးကုတ်မြို့ ရှမ်းစုရပ် **ကျောင်းတကာကြီး- ဦးထွန်းဘော်နှင့်** သားသမီး ဦးဘမို-ဒေါ်သန်းသန်း၊ ဦးသိန်းမောင်-ဒေါ်အုန်းခင်၊ ဦးဇီနနှင့်ဇနီး၊ ဦးသာနှင့်ဇနီး၊ ဒေါ်မေ၊ ဒေါ်သက်တင်၊ မလှတင်၊ ဦးအုန်းခိုင် ဒေါ်ပိုက်ပိုက်၊ မခင်မြင့်၊ မခင်စိန့်၊နိဗ္ဗာန်ဆော်ကြီး ဦးဆောင်၊မိုးကုတ်မြို့မှ လူပရိတ်သတ်ပေါင်း (၇၀) ကျော်တို့ဖြင့် ဗန်းမော်မြို့နယ် သာသနာ့တံခွန် သိမ်မဟာ စေတီ တော်ကြီးသို့ လှူဒါန်းထားသော အဘိုးများစွာ ထိုက်တန်လှသည့်

M

ပတ္တမြား စိန်ဖူးတော်ကြီးပုံ။

ဆန့်ပန်း ပေါက်ပေါက်ကြဲ၊ ရွှေမိုး-ငွေမိုး ရွာ၍ ရှေ့ဆုံးမှ သိမ်တော်ကြီး ဓမ္မစကြာ ကုမ္မာရီ ဝတ်အသင်းသူ များက ပန်းသပြေ ညောင်ရေအိုးများကိုင်ပြီး ဓမ္မစကြာ သုတ်များ ရွတ်ဘတ်၍ လိုက်ကြကာ ကားကြီးကားငယ် အသွယ်သွယ် တို့ဖြင့် စီတန်းလှည့်လည် တီးမှုတ် ကခုံကြ ပြီးလျှင် တမြို့လုံး အပူဇော်ခံ၍ မဟာသိမ်တော်ကြီး ကျောင်းတိုက်၊ သိမ်မဟာ စေတီတော်မြတ်ကြီး၏ ယင်ပြင်တော် အာရုံခံ တန်ဆောင်း ကြီး အတွင်း မှန်ကျောင်းဆောင်တော်တွင် စိန်ဖူးတော်ကြီး ကို ရှိသေစွာ ပင့်တင် အပူဇော်ခံထားကြပါသည်။

မိုးကုတ်မြို့မှ စိန်ဖူးတော် ပင့်ဆောင် လာကြသော စိန်ဖူးတော် ဒါယကာ နိဗ္ဗာန်ဆော်ကြီး ဦးဆောင် နှင့် ကျောင်းတကာ ဦးဘမို၊ ကျောင်းအမ ဒေါ်သန်းသန်း၊ ဦးဇိနှ၊ ဦးသိန်းမောင်၊ ဒေါ်အုန်းခင်၊ ဦးသာ အစ ရှိသော သဘာသနာ့ ဒါယကာ-ဒါယိကာမ များက ကျောင်းထိုင် ဆရာတော်၊ သံဃာတော်ကြီးများ မျက်မှောက် ရှေ့တွင် ငါးပါးသီလ ခံယူကာ အဘိုး များစွာ ထိုက်တန် လှသော ဤပတ္တမြား စိန်ဖူးတော်ကြီးကို သိမ်မဟာ စေတီတော်မြတ် ကြီးအား ရေစက်သွန်းချ လှူဒါန်းပူဇော်ကြပြီးလျှင် နာယက သိမ်မဟာ ဆရာတော်နှင့် သိမ်တော်ကြီး ဘုရား ဂေါပက ရက္ခိတ အဖွဲ့ကြီးသို့ လွှဲအပ်ခြင်း ပြုကြပါသဖြင့် ကောင်းမွန် စွာ လက်ခံယူ၍ မိုးကုတ်-ဗန်းမော် မိတ်ဆက်မင်္ဂလာ ညဘာ

စာများကို ဉက္ကဋ္ဌကြီး ဆရာ-ဦးဘိုးချိုက ဘတ်ကြားပြီးလျှင် ကျေးဇူးတင်စကားများ ပြောကြားကာ အားလုံး သာဓု အနုမောဒနာ ပြုခေါ်ကြပါသည်။

ပတ္တမြားမြေ မိုးကုတ်ရွှေမြို့တော်မှ ပတ္တမြား စိန်ဖူး တော်ကြီးကို လာရောက် လှူဒါန်းကြပါသော မိုးကုတ်သူ မိုးကုတ်သား ဧည့်သည်တော် ၇၀-ကျော် တို့ ကိုလည်း ဗန်းမော်မြို့မှ ဧည့်ဝတ်ကျေပြွန် ကောင်းမွန်စွာ လိုလေသေး မရှိရအောင် အထူးစောင့်ရှောက် ဧည့်ခံကျွေးမွေး၍ အလိုရှိရာ အရပ်ဒေသများသို့လည်း မော်တော်ယာဉ်၊ မော်တော် များဖြင့် လိုက်လံကာ ပို့ပေးကြပါသည်။

## စိန်ဖူးတော်ပို့ မိုးကုတ် ဧည့်သည်တော်များ
## မိတ်ဆက်မင်္ဂလာ ဩဘာစာ

၁။ ဗန်းမော်မြို့နယ်၏ ကြက်သရေမင်္ဂလာ သာသနာ့မဏ္ဍိုင် ဖြစ်ပါသော သိမ်မဟာ စေတီတော် မြတ်ကြီးတွင် အထွဋ်ဌာတပ်ဆင် တင်လှူ ပူဇော်ရန် အဘိုးများစွာ ထိုက်တန်လှပါသော ဤ (ပတ္တမြား စိန်ဖူးတော်ကြီး) ကို ပတ္တမြားမြေ မိုးကုတ် ရွှေမြို့တော်မှ သာသနာပြုရန် စေတနာ သဒ္ဓါတရား ထက်သန်စွာနှင့် ကိုယ်စိတ်နှစ်ပါး အပင်ပန်းခံကာ ပင့်ဆောင်လာရောက်လှူဒါန်းကြပါသော အုဋ္ဌိုဆရာတော် ဦးဥက္ကံသ၊ သုသာန်ကျောင်း ဆရာတော် ဦးကောသလ္လ၊ နိဗ္ဗာန်ဆော် ဒါယကာကြီး ဦးဆောင် နှင့် တကွ၊ ဘုရား တကာကြီး ဦးထွန်းပေါ်၊ သား-ကျောင်းတကာ ဦးဘမို၊ သမီး-ကျောင်း အမ-ဒေါ်သန်းသန်း၊ အဒေါ်-ဒေါ်စိန်တုတ်၊ ဦးသိန်းမောင်၊ ဒေါ်အုန်းခင်၊ ဦးဇိန၊ ဦးသာ အမှူး ရှိသော သာသနာ့ ဒါယကာ ဧည့်သည်တော် (၇၀)ကျော်တို့အား ရှေးဦးစွာ မိတ်ဆက်မင်္ဂလာ အထူးပြုပါ၏။

၂။ လမ်းပန်းခရီး မသာယာသော အချိန် ကာလတွင် ဗန်းမော်မြို့ကြီးသို့ သာသနာပြုကာ အလှူဒါန်း လိုကြပါ၍ စေတနာ သဒ္ဓါ တရား စိတ်အား ထက်သန် ရဲရင့် မြင့်မြတ်စွာသော စိတ်ဓာတ်နှင့် မိမိတို့ မြို့ရွာမှ တွင်းထွက် အစစ် အဘိုးထိုက် အဘိုးတန် ပတ္တမြားရတနာတို့ဖြင့် သေချာ လုပခိုင်ခန့်စွာ မွမ်းမံပြုလုပ် စီမံလုပ်ကိုင်ပြီးလျှင် တန်ဘိုးငွေ မဖြတ်နိုင်လောက်အောင် ထိုက်တန်လှပါသော ဤပတ္တမြား စိန်ဖူးတော်ကြီးကို လာရောက် ပေးပို့ သာသနာပြု လှူဒါန်းကြပါ သောကြောင့် ဗန်းမော်မြို့နယ်ရှိ ကျောင်းထိုင် ဆရာတော် သံဃာတော်များ ကိုယ်စားအားဖြင့်၎င်း၊ ဗုဒ္ဓဘာသာဝင် သူတော်စင် ဒါယကာ - ဒါယိကာမများ ကိုယ်စားအနေဖြင့်၎င်း၊ သိမ်မဟာ စေတီတော် ဂေါပက ရက္ခိတ အဖွဲ့ဝင် ဘုရားလူကြီးများ ကိုယ်စား အနေဖြင့်၎င်း၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ အနေဖြင့်၎င်း လှိုက်လှိုက် လှဲလှဲ နှစ်ထောင်း အားရ ခရီးဦးကြို ပြုပါသည်၊ ကြိုဆိုပါသည်၊ ဂုဏ်ပြုပါသည်၊ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

၃။ သိမ်မဟာစေတီတော်မြတ်ကြီး၏ သမိုင်း အကျဉ်း ချုပ် အနည်းငယ်ကို အစီရင်ခံလို သည်မှာ.... မြန်မာဘုရင် ဘိုးတော် မင်းတရားကြီး လက်ထက်တော်က ဗန်းမော်၊ မိုးညှင်း၊ မိုးမိတ်၊ မိုးကုက် စသော နယ်ပယ်မြို့ရွာ များကို စော်ဘွားများ အုပ်ချုပ်၍ ဆွေတော်၊ မျိုးတော်၊ ညီအစ်ကို နေခင်ရင်းများ ဖြစ်ခဲ့ ကြပါသည်။ သက္ကရာဇ် ၁၁၅၅-ခု နှစ်က ဗန်းမော်၊ ရွှေကူ စသော မြို့နယ် များကို ဘွားစား

အုပ်ချုပ် နေထိုင်ခဲ့ ပါသော နေမျိုးမင်းလှ ဘွဲ့ခံ ဗန်းမော် စော်ဘွားကြီး ဦးကံသည် ဗုဒ္ဓဘာသာ သာသနာတော်ကြီးကို အစွန့်ရှည်ကြာ ထွန်းလင်း တောက်ပပါစေခြင်း အကျိုးငှါ၊ သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှု၊ စမ္ဗာနဂိုရ်ပြည့်ရှင် ဘုရင်စိတ္တရာဇာမင်းနှင့် သားတော် ဝိလာသမင်းသားကလေး တို့၏ အမွန်အစ ပဌမဘည်ထားခဲ့ပါသော မန်မော်ရွှေစေတီ တော်ကို မိမိသံအဖြစ်နှင့် သွားရောက်စဉ်က တွေ့မြင်ခဲ့ရသော တရုတ်ပြည်မှ ခေါင်းလောင်းကြီးပုံအတိုင်း အသစ်ထပ်မံငုံ၍ တည်လှူ ထားခဲ့ပါသော ဤသိမ်မဟာစေတီတော်မြတ်ကြီးနှင့် တကွ၊ သိမ်တော်ကြီးခေါ် မဟာခဏ္ဍသိမ်ကြီး၊ သိမ်တော်ကြီး ရေကန်တော်၊ အုဋ္ဌရှိုးစီ လေးဒေါင့်ကန်ဟောင်း တို့ကို အသစ် ပြုပြင်စီမံဖန်တည်း တည်ထား လှူဒါန်းခဲ့ပါသည်။ ဘုရား၏ ဘွဲ့အမည် နာမတော်ကို (ကောင်းမှု - မောင်ကံ) ဗန်းမော် စော်ဘွားကြီး ဦးကံဘုရားဟုပင် ယခု ထက်တိုင် လူအများ ခေါ်တွင်လျက် ရှိကြပါသည်။ ဗန်းမော်သို့ ရောက်ရှိလာကြ သော နိုင်ငံခြားသား ဧည့်သည်များက ခေါင်းလောင်းကြီး ပုံနှင့် တူ၍ ( BELL PAGODA ) ဘဲလ်ပဂိုးဒါး ခေါင်းလောင်း ဘုရားကြီးဟုပင် ခေါ်ဝေါ် နေကြပါသေး သည်။ နှစ်စဉ် ထာဝရတွင် သီတင်းကျွတ် လပြည့်ကျော် ၂-ရက်နေ့က စ၍ ကုန်းပွဲ၊ ရေပွဲ၊ အငြိမ့်၊ ဇာတ်၊ ရုပ်သေး ပွဲသဘင်တို့ဖြင့် နှစ်စဉ်ဘုရားပွဲတော်ကြီးကို ၁၀-ရက်တိုင်တိုင် ကျင်းပကာဆွမ်းတော်ကြီးကပ်လှူ၊ သံဃာတော် ၅၀၀-ကျော် ဗုဒ္ဓပမုခ သံဃာ့ဒါန ဆွမ်းကြီးလောင်းလှူ ပူဇော်လျက် ရှိကြ ပါသည်။

၄။ ဤကဲ့သို့ နှစ်စဉ်နှစ်တိုင်း ပူဇော်ကျင်းပလာခဲ့ရာမှ သက္ကရာဇ် ၁၃၀၃-ခု၊ ၁၃၀၇-ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ဘေး စစ်ဒဏ်၊ ဗုံးအမြောက် စသည်များနှင့် အပစ်အခတ် အဖျက်အဆီး ခံခဲ့ရပါသဖြင့် ဤ သိမ်မဟာ စေတီတော်မြတ်ကြီးနှင့် တကွ မဟာသိမ်တော်ကြီး ကျောင်းတိုက်၊ သီလရှင်များ ကျောင်း၊ အာရုံခံ တန်ဆောင်း ပြသာဒ်၊ စရပ် စသည် များပါမကျန် ရှိရှိသမျှ အဆောက်အဦ၊ ပန်းမာလ် ဥပျော့ဉ် များပါ လုံးဝ ပျက်စီး မီးလောင် ကျွမ်း၍ သွားပြီးလျှင် စေတီတော်ကြီးမှာလည်း အုဋ္ဌ်ပုံအတိသာ ဝမ်းနည်းကြေကွဲဘွယ်ရာ ဖြစ်၍ နေရပါတော့သည်။


၅။ သက္ကရာဇ် ၁၃၀၈-ခုနှစ် စစ်ကြီးပြီးစ ခေတ်ကာလတွင် ဘဝနတ်ထံ ပျံလွန်တော်မူသော ကျေးဇူးရှင် သိမ်ဆရာတော်ဘုရားကြီး ဦးဝါသဝ အရှင်သူမြတ်နှင့် ယခု အသက် ၁၀၀ - အတွင်းရှိ ဘုရားအမ ကျောင်းအမကြီး ဖေါ့ဖေါ့ရီ၊ မြို့ရွာခေါင်းဆောင် ပုဂ္ဂိုလ်ကြီးတို့၏ တိုက်တွန်းနှိုးဆော် တာဝန် လွှဲအပ်ချက်အရ ဗန်းမော်မြို့ အလယ်ရပ်နေ ကျောင်းတကာ ဆရာဝန်ကြီး ဦးကြည်လင့် ကိုယ်တိုင် စီမံ လုပ်ကိုင်၍ လိုအပ်သော ဝတ္ထုပစ္စည်းများကို ခဲရင်းပင်ပန်း စွာ ရှာဖွေ စုဆောင်းပြီးလျှင် ငွေများ စိုက်ထုတ်ကာ ပြည်သူ ပြည်သား အများ ကောင်းမှုဖြင့် ရှေးနမူနာ ပုံစံ အတိုင်း အထွာ အတိုင်း စေတီရံ ငြိုပြာ် ရှစ်ခွင် စေတီတော် ကလေး ရှစ်ဆူနှင့် တကွ သိမ်မဟာစေတီတော်ကြီးကို အသစ် တဖန် ထပ်မံ၍ ပြန်လည် တည်လှူ ထားကြရပါသည်။

စေတီတော်ကြီး တည်ထားမှု ပြီးစီးသော အခါ်န် အခါတွင် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ဝန်ကြီးချုပ် သာသနာ့ ဒါယကာတော် ဦးနု ကိုယ်တိုင် ဗန်းမော်မြို့သို့ လာရောက်၍ ပရိတ်တော် အဖွဲ့များနှင့်တကွ ပရိတ်တော်များ ရွတ်ဘတ်၊ ဗလိနတ်စာများ ကျွေးမွေးကာ သာသနာတော် စောင့် နတ်ကြီးများ ပင့်ဘိတ်၍ မှန်စီရွှေချ စိန်ဖူးတော်၊ မှန်စီရွှေချ ငှက်မြတ်နား၊ မှန်စီရွှေချ ထီးတော်ကြီးများကို အခမ်းအနား ပွဲလမ်းသဘင်တို့ဖြင့် တင်လှူ ပေးခဲ့ ပါသည်။ ထိုစဉ်က ဘုရား ပွဲတော်ရက် ကိုလည်း ၂၅-ရက် တိုင်တိုင် ကျင်းပပူဇော်ကြ၍ ဝန်ကြီးချုပ် ဦးနုက ရွှေသင်္ကန်း ကပ်လှူ ပူဇော်ရန် ၂-လက်မ အပြည့် ရွှေဆိုင်းရေ ၁၀၀၊ သင့်ငွေ (၁၀၀၀ိ) တထောင်ကျပ်ကို သိမ်မဟာစေတီတော်ကြီးအား မှတည် လှူဒါန်း သွားပါသည်။

၆။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးစခေတ်က အသစ်တဖန် မွမ်းမံ ပြုပြင် တည်ဆောက် လှူဒါန်းခဲ့ရာမှ ၁၅-နှစ်ကျော် ကျော် ကြာမြင့်လာသော အခါကာလမှာ ထီးတော်ကြီးနှင့် သပိတ်မှောက်ဌာန၊ ငှက်မြတ်နားတော် စသည်တို့၌ ရှိသော ရွှေသင်္ကန်းတော် တို့သည် ဆီး-နှင်း-မြူ-လေ-မိုးရေ-နေပူ ဒဏ်များကြောင့် အရောင်အဆင်း မှေးမှိန် ညိုမှိုင်း၍ လာပါ သဖြင့် ၁၃၂၄-ခု နှစ်က ပြည်သူပြည်သား အများ ကုသိုလ် ဖြင့် ငွေ-၅၀၀ဝိ ငါးထောင်ကျော်ကုန် ရွှေဆိုင်းသင်္ကန်းများ ထပ်မံကပ်လှူ ပူဇော်ကြရ ပါသည်။

၇။ မူလ ပဌမ တင်လှူ ထားခဲ့သော ( မှန်စီ ရွှေချ စိန်ဖူးတော်ကြီး ) မှာ စစ်ကြီး ပြီးစ ခေတ် ကာလ တွင် ဖြစ်သလို စီမံပူလုပ်ကြရပါ၍ တင့်တယ် သပ္ပါယ်မှု မရှိအောင် ဖြစ်နေပါသောကြောင့် မိုးကုတ်တွင်းထွက် စလင်းစိန်ဖူးတော် အစစ် တင်လှူ ရပါလျှင် အလွန် ကောင်းမည်ဟု သိမ်မဟာ ဆရာတော် အသျှင်-ဦးဣန္ဒောဘာသ၏ တိုက်တွန်း နှိုးဆော် အကြံဉာဏ်ပေးချက်များ အရ၊ ဘုရားအမ ကျောင်းအမကြီး ဖေါ့ဖေါ့ရီ၊ ဆိုင်ထိုင်ကတော်ကြီး ဒေါ်ဒေါ်ရီ၊ ဘုရား ဘဏ္ဍာတော်ထိမ်း ကျောင်းတကာ ဆရာဝန်ကြီးဦးကြည်လင့် နှင့် သိမ်မဟာစေတီတော်ကြီး ဂေါပက ရက္ခိတ အဖွဲ့တို့၏ ဘာဘောတူ အစီအစဉ်ဖြင့် ၁၃၂၄-ခုနှစ် တပေါင်းလဆန်းက သိမ်မဟာ ဆရာတော်နှင့် ရွှေကျောင်း ဆရာတော် တို့သည် ပတ္တမြားမြေ မိုးကုတ် မြို့သို့ လေယာဉ်ပျံနှင့် ကြွရောက် ကြပြီးလျှင် သက်ဆိုင်ရာ ပုဂ္ဂိုလ် များထံ စိန်ဖူးတော်ကြီး ဖြစ်မြောက်အောင် စီမံဆောင်ရွက် ပေးကြ စေလိုကြောင်း မေတ္တာရပ်ခံ အကူအညီတောင်းဆိုကြရပါသည်။

၈။ မိုးကုတ်မြို့တွင် သီတင်းသုံး နေထိုင်တော် မူကြ ပါသော အုဋ္ဌဖိုကျောင်း ဆရာတော် ဦးဥက္ကံသ၊ သုသာန် ကျောင်း ဆရာတော် ဦးကောသလ္လ တို့၏ တိုက်တွန်းနှိုးဆော် စီမံဆောင်ရွက် ပေးတော်မူ မှုကြောင့် ပဌမ ဈေးဟောင်း ရပ်နေ ပတ္တမြား-ကျောက် ကုန်သည် ဦးရ-ဒေါ်ရီ တို့က



ဂေါပကအဖွဲ့နာယက သိမ်မဟာဆရာတော် အသျှင်-ဦးဣန္ဒာဘာသက
ပတ္တမြား စိန်ဖူးတော်ကြီးကို သိမ်မဟာစေတီတော်ကြီး သို့ တင်လှူပေး၍
ပြဟ္မာမင်းအား အပ်နှင်းနေသောပုံ။



ပတ္တမြားမြေ မိုးကုတ်မြို့မှ လာရောက် လှူဒါန်းထားပါသော (ပတ္တမြားဗိန်ဖူးတော်ကြီး)နှင့်၊ဗန်းမော်မြို့နယ်မှ လှူဒါန်းကြသော (ရွှေပန်းခိုင်)ကို သိမ်မဟာ စေတီတော်ကြီးသို့ တင်လှူရန် နတ်မြင်းပျံ ရထားဖြင့် ဗြဟ္မာမင်းကြီး က ပင့်ဆောင်နေသော ပုံ။

N

၅-ပိဿာ ခန့်ရှိ စလင်းတုံးကြီးကို စိန်ဖူးတော် အတွက် ဒါယကာခံကာ လက်ခမျှားစွာ ပေး၍ သွေးလိုက်သောအခါ တွင် အသွေး အရောင် မလှ ဖြစ်နေပါသဖြင့်၊ မိုးကုတ်မြို့ ရှမ်းစုရပ်နေ အုံ့ဖို ကျောင်းတကာကြီး ဘုရားတကာ ဦးထွန်းပေါ် နှင့် သား ကျောင်းတကာ ဦးဘမို၊ သမီး ကျောင်းအမ ဒေါ်သန်းသန်း သားသမီး ဆွေမျိုးတစု တို့က မိမိတို့ ပြုလုပ် စီမံ ထားပြီး ဖြစ်သော စလင်းကျောက် စိန်ဖူးတော်လုံးကြီးကို လှူဒါန်း ကြ၍ အဘိုးတန် ပတ္တမြား ကျောက်မျက် ရတနာများ မွမ်းမံ စီချယ် တပ်ဆင်သော (ရွှေကွန်ရက်၊ ရွှေကွန်ခြာ၊ ရွှေအုပ်ဆောင်း) နှင့် ရွှေသား အစစ် ကြာမှောက် ကြာလှန် များပါ အစစ ပြီးစီးအောင် အကုန် တာဝန်ယူကြပါသည်။ ပတ္တမြား ကျောက်ကုန်သည် ဦးသိမ်းမောင်-ဒေါ်အုန်းခင်နှင့်ဦးဇိနတို့ကလည်း စိန်ဖူးတော် ထိပ်သီး၌ တပ်ဆင်ရန် ပတ္တမြား လုံးချောကြီးနှင့် ရွှေသား များ၊ ပတ္တမြား-ကျောက်များလှူဒါန်းကြပါသဖြင့် သိမ်မဟာ ဆရာတော်နှင့် ရွှေကျောင်း ဆရာတော်တို့သည် ဝမ်းမြောက် ဝမ်းသာ စွာနှင့် ဗန်းမော် မြို့သို့ ပြန်လည်၍ လာခဲ့ကြ ပါသည်။

၉။ ၁၃၂၅-ခု ဝါဆိုလဆန်း ၆-ရက် ဗုဒ္ဓဟူးနေ့ ရက်မြတ်ရာဇာ မင်္ဂလာ အခါ၌ တန်ဘိုးများစွာ ထိုက်တန်၍ အလွန် ကြည်ညိုဘွယ်ရာ သပ္ပါယ်လှပါသော ဤ ပတ္တမြား စိန်ဖူးတော်ကြီးကို ၃-လနှင့်ပြီးအောင် အမြန်စီမံဆောင်ရွက် လုပ်ကိုင်၍ မိမိတို့ ပတ္တမြားမြေ မိုးကုတ် ရွှေမြို့တော် ကြီးမှ

မော်တော်ကား များဖြင့် ခမ်းနား သိုက်မြိုက်စွာ ပင့်ဆောင်လာပြီးလျှင် သပိတ်ကျင်းမြို့ သဘော် ဆိပ်ကမ်းမှ ပုညာသဘော်ကို စင်းလုံးငှါး၍ ရေဝတီမြစ်ရိုးအတိုင်း အညာသို့ဆန်တက်ခါ သဘော်ဆိပ်ကမ်း မြို့ကြီး များတွင် အပူဇော်ခံကာ ခမ်းနား သိုက်မြိုက်စွာ ဗန်းမော်မြို့သို့ ပင့်ဆောင်လာပြီး လျှင် မိမိတို့ ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထံ ကမြောက်လာရောက်ကြကာ သာသနာပြု လှူဒါန်း ပေးကြပါသဖြင့် အထူး နှစ်ထောင်း အားရ ဝမ်းမြောက် ဝမ်းသာ စွာနှင့် ပဟ္တာမြားမြေ မိုးကုတ် ရွှေမြို့တော်ကြီးမှ ကြွရောက်တော်မူလာကြပါသော ဆရာတော် သံဃာတော်များနှင့် တကွ၊ နိဗ္ဗာန်ဆော် ဒါယကာကြီး ဦးဆောင်၊ ဦးဇီန၊ ဦးသာ၊ ကျောင်းတကာ ဦးဘမို၊ ကျောင်းအမ ဒေါ်သန်းသန်း၊ အဒေါ် - ဒေါ်စိန်တုတ်၊ ဦးသိန်းမောင် - ဒေါ်အုန်းခင်တို့ အမှူးရှိသော သာသနာပြု ဘုန်းရှင် ကံရှင်၊ ပါရမီရှင် ဒါယကာ-ဒါယိကာမ (၇၀) ကျော် တို့အား ကျေးဇူးဥပကာရ အထူး တင်ရှိ ပြီးလျှင် ချက်ခြင်း, လက်ငင်း ကပ်ကြီး ၃-ပါးမှ လွတ်ကင်း၍ အသက်ရှည်ခြင်းနှင့် ပြည့်စုံစွာ ကျန်းမာပကတိ ချမ်းသာစွာ ရှိကြလျက် ဒါန-သီလ-ဘာဝနာ စသော နိဗ္ဗာန် ရောက်ကြောင်း ပါရမီ တရားများကို ကြိုးစား အားထုတ် ပွားများ နိုင်ကြ၍ မဂ်ဉာဏ်ဖိုပေါက် မအို၊ မနာ၊ မသေရာမှန် အေးနိဗ္ဗာန် မြို့ကြီးသို့ အမြန်ရောက်နိုင်ကြ ပါစေဟု ဗန်းမော်မြို့နယ် ကျောင်းထိုင်ဆရာတော် သံဃာတော်များ ကိုယ်စား၊ မြို့သူ-မြို့သား၊ နယ်သူ-နယ်သား၊ ဒကာ-ဒကာမများ ကိုယ်စား၊ သိမ်မဟာ

စေတီတော် ဂေါပက ရက္ခိတ အဖွဲ့ဝင် ဘုရားလူကြီးများ အနေအားဖြင့် နှစ်ထောင်းအားရ ဝမ်းမြောက် ရွှင်လန်းစွာ စေတနာကောင်းဖြင့် သာဓုခေါ်၍ အထူးဆုတောင်းမေတ္တာ ပို့သ သွန်းလောင်းလျက် ရှိကြကြောင်း များကို မိတ်ဆက် မင်္ဂလာ သြဘာ စကားဖြင့် ရိုသေစွာ ပြောကြား ရပါ သတည်း။

(ပုံ) ဆရာ·ဦးဘိုးချိ

ဥက္ကဋ္ဌ

**သိမ်မဟာစေတီတော် ဂေါပက-ရက္ခိတ အဖွဲ့**

ဗန်းမော်မြို့

၁၃၂၅-ခုနှစ် ဝါဆိုလဆန်း ၆-ရက် ဗုဒ္ဓဟူးနေ့

ညနေ ၃-နာရီ အချိန်

## ကုသိုလ်အား ပွားကြခြင်း

မတ္တမြားမြေ မိုးကုတ် ရွှေမြို့တော်မှ ပတ္တမြား စိန်ဖူးတော်ကြီးကို လာရောက် ပေးအပ် လှူဒါန်း ကြရင်းနှင့် စေတနာ သဒ္ဓါတရား တိုးပွားလာကြ ပါသော မိုးကုတ်မြို့ ရှမ်းစုရပ်နေ အဘ-ဘုရားတကာကြီး ဦးထွန်းပေါ်ကို အမှူး ထား၍ သား-ကျောင်းတကာ ဦးဘမို၊ သမီး-ကျောင်းအမ ဒေါ်သန်းသန်း၊ သား-သမီး-မြေး တစုတို့က သိမ်တော်ကြီး အဝီစိ စက်ရေတွင်းကြီးအတွက် အလှူတော်ကျပ်ငွေ ၁၆၄၃၅ တသောင်း ခြောက်ထောင် လေးရာ သုံးဆယ့် ငါးကျပ်ကို နိဗ္ဗာန် ရည်မှန်း၍ လှူဒါန်းကြ ပါသည်။ ၎င်း ရှမ်းစုရပ်နေ ဒါးတန်း ရေခဲစက် ပိုင်ရှင် ဘုရားအမကြီး အဖွားသန်းနှင့် သား-ကိုမြမောင်၊ သမီး - မခင်မြင့်၊ မစန်းစန်း တို့ကလည်း သီတင်းသည်နှင့် ယောဂီ-သီလရှင်များ ရေချိုးအိမ် အတွက် ကျပ်ငွေ (၁၅၀၀ိ) တထောင့်ငါးရာကျပ် လှူဒါန်းပါသည်။ စိန်ဖူးတော်ပို့ မိုးကုတ် ဧည့်သည်တော်များ စခန်းချ တည်းခို ရာ ဖြစ်သော ရွှေကျောင်း တိုက်တာအတွင်း၌လည်း ရေများ ရှားပါး မှုကြောင့် နိဗ္ဗာန်ဆော် ဒါယကာကြီး ဦးဆောင်၊ ဦးဘမို - ဒေါ်သန်းသန်း၊ ဒေါ်စိန်တုတ်၊ ဦး သိန်း မောင် - ဒေါ်အုန်းခင်၊ ဦးဇိန၊ ဦးသာ အစရှိသော မိုးကုတ်အဖွဲ့သား များက မော်တာ ရေစုတ်စက်နှင့် တကွ အဝီစိ စက်ရေတွင်း ရေလောင်း ကုဋ္ဌ ၂-လုံး၊ အိမ်သာ၊ ရေချိုးကန်ကြီး၊ရေစဉ်၊ အဆောက်အဦ စသည်များ အတွက် ကျပ်ငွေ (၁၀၀၀ဝိ) တသောင်းကျော်ကုန် လှူဒါန်းကြ ခြင်းနှင့်၊ မှန်စီ ရွှေချ

ဂေါ့ပလွင် တဲကဲပ ါ ဘုရား ရုပ်ပွားတော်နှင့် တကွ၊ ဘုရား ကျောင်းဆောင်ကြီး၊ ဥပုသ်အိမ် သိမ်အတွင်း၌ ဓမ္မစကြာ တရားဟောပုံ ရုပ်ပွားတော်ကြီးများ အစ ရှိသည် တို့ကို လှူဒါန်းကြခြင်း၊ တောင်လေးလုံး ကျောင်းတိုက်၊ ကန်ဦး ကျောင်းတိုက်တို့တွင်လည်း မော်တာ၊ ရေစုတ်စက်နှင့် အစိစိ စက်ရေတွင်း အဆောက်အဦ များပါ လှူဒါန်း ကြခြင်း၊ ကျပ်ငွေ ( ၂၀၀၀၀ ဝိ ) နှစ်သောင်းကျော် ကုန် သံဃာ့ ဒါန မဟာကထိန် အလှူတော်ကြီးများကို လာ၍ ခင်းပြု လှူဒါန်း ကြခြင်း စသည်အားဖြင့် ပတ္တမြားမြေ မိုးကုတ် ရွှေမြို့တော်မှ ဗန်းမော် မြို့ကြီးသို့ လာရောက်၍ ထူးကဲစွာ သာသနာပြု လှူဒါန်းကြ ပါသောကြောင့် မိုးကုတ် ရွှေမြို့ တော်ကြီး နှင့် ဗန်းမော်မြို့တို့သည် ကုသိုလ်ကောင်းမှုပြုကြသူခြင်း သာသနာ့ အမွေခံ ဆွေမျိုးရင်းခြာ တော်စပ်လာကြ ပါ၍ သိမ်မဟာ စေတီတော် ဂေါပက ရက္ခိတ အဖွဲ့ကြီးနှင့်တကွ မြို့ဗန်းမော်ရှိ ရဟန်း ရှင်လူ ဒါယကာ - ဒါယိကာမ အပေါင်း တို့က နှစ်ထောင်းအားရ ဝမ်းမြောက် ဝမ်းသာ ကျေးဇူး ဥပကာရ အထူးတင်ရှိကြပြီးလျှင် ကြီးပွား ချမ်းသာကျန်းမာစွာ ရှိကြ စေကြောင်းကို အမြဲဆုတောင်း မေတ္တာ ပို့သ သွန်းလောင်း လျက် ရှိကြောင်းများ မှတ်တန်း တင်ထားကြပါသည်။

## စိန်ဖူးတော်ကြီး တင်လှူကြခြင်း

ပတ္တမြားမြေ မိုးကုတ် ရွှေမြို့တော်မှ လာရောက်ပေးပို့ လှူဒါန်းကြသော အဘိုးထိုက်အဘိုးတန် ပတ္တမြားစိန်ဖူးတော် ကြီးကို သိမ်တော်ကြီး ဘုရား အာရုံခံ တန်ဆောင်း ကြီး

အတွင်း၌ ရဲတပ်သားများ အစောင့်အရှောက်ဖြင့် တဝါ တင်းလုံး အဖူးအမြော် အပူဇော်ခံထားပြီးလျှင်၊၁၃၂၅-ခုနှစ် သီတင်းကျွတ်လ ဘုရားပွဲတော် အတွင်းတွင် သီတင်းကျွတ် လပြည့်ကျော် ၉-ရက် နေ့က စ၍ ၃-ရက်တိုင်တိုင် မိုးဒါး၊ ရွှေကူနှင့် ဗန်းမော် ခရိုင် တာပင်ချောင်း၊ အောက် မိုးယု ချောင်း၊ ကျွန်းဘက်၊ နယ်ဘက် ကျေးရွာ စသည် များမှ ရဟန်းရှင်လူ ပရိသာတ် တသောင်းကျော် တို့က သိမ်မဟာ စေတီတော်ကြီးအား လကျ်ာရစ် ၃-ပတ် လှည့်လည်ပင့်ဆောင် ပူဇော်ကာ စက်ကြိုး ယန္တယားများ တပ်ဆင် ထားပါသော နတ်မြင်းပျံ ပန်းရထားပေါ်မှ ပြဟ္မာမင်းကြီးက ခမ်းနားစွာ ပင့်ယူသွားစဉ် ရွှေမိုး-ငွေမိုး တထောင်ကျော်ဘိုးခန့် ကြဲဖြန့် ရွာသွန်းဖြိုးလျက် နောက်ဆုံး သီတင်းကျွတ် လပြည့်ကျော် ၁၁-ရက် တနင်္ဂနွေနေ့ ညနေ ၃-နာရီ အချိန် ကောင်းမြတ် သော မင်္ဂလာ အခါတွင် (ပတ္တမြား စိန်ဖူးတော်) ကြီး ကို အပြီးသတ် တင်လှူ ပူဇော် ထား ကြ ပါသည်။ စိန်ဖူးတော် တင်ပွဲ ၃-ရက်တွင် နေ့စဉ် အငြိမ့် ဇာတ်များ ကပြလျက် စည်တော်ယွန်းကာ အိုးစည် ဗုံမောင်း တို့ဖြင့်ညှော်ခံ ကျင်းပ ပူဇော်ကြပါသည်။

ပတ္တမြား စိန်ဖူးတော်ကြီးတင်လှူပြီးသည့် နောက်ပိုင်း တွင် မိုးကြိုးစသော ဘေးအန္တရာယ် အသွယ်သွယ်ကိုကာကွယ် နိုင်ရန် (မိုးကြိုးလွှဲ ကိရိယာ) များကိုလည်း ဗန်းမော်မြို့ ခရိုင်လျှပ်စစ်မှူးကြီး ဦးဘမြင့် ကိုယ်တိုင် စေတနာ သဒ္ဓါ တရား ထက်သန် စွာဖြင့် လျှပ်စစ် အဖွဲ့သား များနှင့် တကွ သေချာကျန ကောင်းမွန်စွာ တပ်ဆင် လှူဒါန်းပေး ပါသည်။

## မြို့ဗန်းမော် အလှူဒါန

ဗန်းမော်မြို့ ရွှေကူမြို့တွင် နေထိုင်လျက် ရှိကြသော ဒါယကာ·ဒါယိကာမ အပေါင်း တို့ကလည်း ဝမ်းမြောက် ဝမ်းသာ သာသနာပြု လှူဒါန်းလိုကြသော သဒ္ဓါ တရားဖြင့် ပတ္တမြား စိန်ဖူးတော်ကြီး၏ အောက် အဆင့်တွင် ပူဇော် တပ်ဆင်ထားရန် ...

၁။ ပတ္တမြားကျောက် ၇-ပွင့်စီနှင့် ရွှေပန်းခိုင် ၁၀-ခိုင်

၂။ ပတ္တမြားကျောက် ၃-ပွင့်စီနှင့် ရွှေပန်းခိုင် ၁၀-ခိုင်

၃။ ရွှေစွန်ညိုရုပ် (၁၀)ခုနှင့် ရွှေကြိုးများတပ်ဆင်ထားသော ရွှေကြာကလာပ်နှင့်

မှန်စီရွှေချ ငှက်မြတ်နားတော်တွင် ဆွဲဆင်ရန်

၄။ ရွှေခေါင်းလောင်းကလေး = ၃၆-လုံး

၅။ ရွှေကြေးစည်ကလေး = ၁၁-ခု


၆။ ကနက္ကဒန် ထီးဖြူတော်ကြီး = ၄-လက်

အစရှိသည်များနှင့်တကွ အလှူတော်ငွေကျပ် ၁၀၀၀၀ဝိ တသောင်းကျော် များကို သိမ်မဟာ စေတီတော်မြတ်ကြီး အား နိဗ္ဗာန်ရည်မှန်း၍ လှူဒါန်းပူဇော်မှု ပြုကြပါသည်။

## သိမ်တော်ကြီး ဘုရားပွဲတော်ရက်

သက္ကရာဇ် ၁၂၅၇-ခုနှစ်ကစ၍ သိမ်မဟာစေတီတော်ကြီး၏ ဘုရားပွဲတော်ကြီးကို ဇာတ်, အငြိမ့်, ရုပ်သေး, ကုန်းပွဲ,ရေပွဲ, ပွဲလမ်းသဘင်တို့ဖြင့် နှစ်စဉ်ထာဝရ သီတင်းကျွတ် လပြည့်ကျော် ၂-ရက်နေ့မှ ၎င်းလပြည့်ကျော် ၁၂-ရက်နေ့အထိ (၁၀)ရက် တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပ ပူဇော်ကြပါသည်။ ဘုရားပွဲတော်ရက် အတွင်းတွင် မြို့ပေါ်ရှိ (၁၄) ရပ်ကွက်တိုင်းနှင့်၊ အစိုးရဌာနတိုင်း၊ အဖွဲ့တိုင်း၊ အနီးအနားကျေးရွာ များမှ စေတီတော်ကြီးအား ညစဉ် မာတ်မီး ပူဇော်ရန်အလှူငွေ၊ ရွှေဆိုင်းသင်္ကန်း ကပ်လှူရန် အလှူတော်ငွေ များနှင့် ဆွမ်းတော်ကြီး လောင်းလှူရန် သင်္ကန်း၊ စောင်၊ တဘက်၊ ထီး၊ ဘိနပ် စသော ဝတ္ထုပစ္စည်း၊ ပဒေသာပင် များကို အခမ်းအနား အတီး အမှုတ်အကများနှင့် အလှူလှည့်၍ နှစ်စဉ်အမြဲ လာရောက်လှူဒါန်းပူဇော်ကြပါသည်။ ဗန်းမော် မော်တော်ယာဉ် အဖွဲ့ကြီးမှာ အဘိုးထိုက် အဘိုးတန် ဝတ္ထုပစ္စည်းများ အလှူဒါန်းဆုံး ဖြစ်ပါသည်။

အသက် ၃၀-ကျော် အချိန် အရွယ်က စ၍ ယခု အသက် ၁၀၀-နီးပါး ရှိသည့် တိုင်အောင် သိမ်တော်ကြီး ဘုရားအနီး ဥပုသ်စရပ်တွင် သက်သတ်လွတ် အစာအာဟာရ များ စား၍ ဥပုသ်သီတင်းစောင့်သုံးပြီးလျှင် တရားအားထုတ် ပွားများ ဟောကြားကာ ဗုဒ္ဓ-မေ့-သံဃာ့ ဝေယျာဝစ္စ ကိစ္စ များကိုသာဆောင်ရွက် ကုသိုလ်ပြု သာသနာပြု နေထိုင်လျက်



ပတ္တမြားစိန်ဖူးတော်ကြီး နှင့် ရွှေပန်းခိုင်ကို
သိမ်မဟာစေတီတော်ကြီးသို့ တင်လှူရန်
မြင်းပျံရထားနှင့် ဗြဟ္မာမင်းကြီး ကောင်းကင်သို့ ရောက်ရှိနေသောပုံ။




သိမ်မဟာစေတီတော်ကြီး၏ ကိစ္စအရပ်ရပ်ကို ကူညီဆောင်ရွက်၍ ဝါဆိုသပြည့် ဓမ္မာစကြာအခါးတော်နေ့
သီတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့များကို နှစ်စဉ် ကျင်းပ ပူဇော်ကာ သီတင်းနေ့တိုင်း၌
ဓမ္မစက္က ပဝတ္တနသုတ်, အနတ္တလက္ခဏာသုတ်, ပရိတ်တော်များဖြင့် ဝတ်တက် ဝတ်ကပ် ပြုလုပ်လျက်ရှိသော
**ဗန်းမော်မြို့ သိမ်တော်ကြီး ဓမ္မစကြာ ကုမ္မာရီအမျိုးသမီး, ဝတ်အသင်းသူများပုံ။**

ရှိပါသော အမေရိ မယ်တော်ကြီးခေါ် (ဝိသာခါမည်ရ ဘုရားအမ ကျောင်းအမကြီး ဖေါ့ဖေါ့ရီ) နှင့် ကျောင်းတိုက် အတွင်းနေ သီလရှင်များ၊ ရပ်ကွက် ဒါယကာ - ဒါယိကာမ များက နှစ်စဉ် ထာဝရ သီတင်းကျွတ် လပြည့် နေ့က စ၍ ဘုရား ပွဲတော်ကြီး ပြီးဆုံးသည့်နေ့ အထိ တာဝတိံသာ နတ်ပြည်မှ ရွှေ-ငွေ-ပတ္တမြား စောင်းတန်း သုံးသွယ်ဖြင့် သက်ဆင်း ကြွရောက်တော် မူလာသော အသီတိ ရှစ်ကျိတ် သော တပည့်သား သံဃာတော်များနှင့် တကွ သက်တော် ထင်ရှား သဗ္ဗညု မြတ်စွာ ဘုရားအား ရည်မှန်း၍ ဆန်ကွဲ ဆန်ညှာ မပါသော လက်ရွေးစဉ် ဆန်ကောင်း ဆန်သန့် များဖြင့် စင်ကြယ် သန့်ရှင်းစွာ ချက်ပြုတ် ကျော်လှော် ထားသော အုန်းဆွမ်း၊ ထောပတ်ဆွမ်း၊ ဒန်ပေါက်ဆွမ်း၊ ဆွမ်းရိုးရိုးများနှင့် ကြက်ဘဲ ဝက်သား ငါး ဟင်းလျာ မျိုးစုံ၊ အကျော် အလှော် မုန့်ပဲ သရေစာ မျိုးစုံ၊ သစ်သီး မျိုးစုံ အဖျော်ယမကာ စသည်တို့ဖြင့် တင့်တယ် ဖွယ်ရာစွာ ပြုပြင် စီမံခင်းကျင်း၍ ထူးမြတ်သော ဆွမ်းတော်ကြီး ကပ်လှူ ပွဲကို အမြဲဆက်ကပ် လှူဒါန်း ပူဇော်ကြပါသည်။

ဘုရားပွဲတော်ကြီး ပြီးဆုံးသည့် သီတင်းကျွတ် လပြည့် ကျော် ၁၂-ရက်နေ့ နံနက် ၆-နာရီ အချိန်တွင် မြို့ပေါ်နှင့် တောနယ်များမှ ပင့်သံဃာတော် ရဟန်း-သာမဏေ-သီလရှင် များပါ အပါး (၅၀၀) ကျော် တို့အား ဗုဒ္ဓဖမုခသံဃာကို

ဒါန ရေစက် သွန်းချ၍ ဆွမ်းခဲဘွယ်ဝတ္ထုပစ္စည်းပဒေသာပင်များကို စည်ကားသိုက်မြိုက်စွာ နှစ်စဉ်လောင်းလှူ ပူဇော်ကြပါသည်။

ဘုရားပွဲတော်မတိုင်မီတွင်လည်း သိမ်မဟာစေတီတော်ကြီး၏ အောက်ပိုင်း ဘိနပ်တော် ပစ္စယံ ၃ ဆင့်နှင့် စေတီရံ ကိုယ်ဘုရား ၈-ဆူ၊ အမိုးခေတ်စေတီတော် ၃-ဆူ၊ ကျောက်စာရုံ မဟာ ရာမ် အုဋ္ဌတံတိုင်းကြီး တို့ကိုလည်း နှစ်စဉ်ထုံးသက်န်းတော်များ အမြဲကပ်လှူ ကြပါသည်။

## ထူးခြားချက် တရပ်

ယခု သက္ကရာဇ် ၁၃၂၈-ခု နှစ်၌ ပြည်ထောင်စုမြန်မာ နိုင်ငံတော် ဗိုလ်ချုပ်ကြီး နေဝင်း ဦးစီးသောတော်လှန်ရေး အစိုးရ၏ ကိုယ်စား ကချင် ပြည်နယ် ဦးစီးအဖွဲ့ဝင် ပညာရေးနှင့် သာသနာရေး ဌာန တာဝန်ခံ-ဦးထွန်းရင်၊ ဒုတိယ-အတွင်းဝန် ဦးတင်ဟန် တို့သည် ပဌမဝါဆိုလပြည့်ကျော် ၈-ရက် (၁၀-၇-၆၆) တနင်္ဂနွေနေ့တွင် ဗန်းမော်မြို့ မဟာသိမ်တော်ကြီး ကျောင်းတိုက်သို့ လာရောက်၍ ဗန်းမော်ခရိုင် သာသနာရေး အရာရှိ ဦးဉာဏ်ရည် ဘိတ်ကြားထားသည့်အတိုင်း သိမ်မဟာစေတီတော် ဂေါပကရက္ခိတ အဖွဲ့ဝင် ဘုရားလူကြီး များနှင့် တကွ မြို့ပေါ်ရှိ ရပ်ကွက် ခေါင်းဆောင် သူကြီး လူကြီးများ ဗုဒ္ဓဘာသာဝင် အစိုးရ အရာရှိကြီးငယ်များ အစည်းအဝေးတွင် ဗုဒ္ဓဘာသာ ဘာသာ ယဉ်ကျေး လိမ္မာမှု ကိစ္စနှင့် ဗုဒ္ဓ သာသနာတော် တိုးတက် စည်ကားသာယာမှုများဖြစ်ပွားလာအောင် မင်္ဂလာ

စာမေးပွဲ၊ ဓမ္မစကြာ စာမေးပွဲ၊ အဘိဓမ္မာ စာမေးပွဲ စသည်များကို ပြုလုပ်ပေးကြရန် ကိုယ်တွေ့ ဥပမာများဖြင့် နှိုင်းယှဉ်တင်ပြကာ ရပ်ရွာ သူကြီး လူကြီး များက ခေါင်းဆောင်နှိုးဆော် ပြုလုပ်သင့်ကြောင်းများ မေတ္တာရပ်ခံ တိုက်တွန်းဟောပြောပြီးလျှင် သိမ်မဟာ စေတီတော်ကြီး ဘဏ္ဍာတော်အတွက် အလိုရှိရာ အသုံးပြုရန် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကိုယ်စား နဝကမ္မ အလှူတော်ငွေ ကျပ်-၂၀၀၀ိနှစ်ထောင်ကို နာယက သိမ်မဟာ ဆရာတော် အသျှင်-ဦးကုလနန္ဒာဘိဝံသ၏ ရှေ့မှောက်၌ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဆရာ-ဦးဘိုးချိုလက်သို့ လှဲအပ် လှူဒါန်းပါသဖြင့် ဂေါပက အဖွဲ့ကိုယ်စား ဥက္ကဋ္ဌကြီးက ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရအား အနှောက်အယှက် ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် စားဝတ်နေရေး ပြည့်စုံ ဖူလုံ၍ ချမ်းသာအေးမြိမ်းစွာ နေထိုင်ရသော ဆိုရှယ်လစ် လမ်းစဉ်ကို အောင်မြင် ထမြောက်အောင် ဆောင်ရွက်ပြီး ဗုဒ္ဓသာသနာတော်ကို အထူး ချီးမြောက် ထောက်ပံ့ နိုင်ကြ ပါစေဟု ဝမ်းမြောက်စွာ ကျေးဇူး တင်လျက် ဆုတောင်း မေတ္တာပို့သကြောင်းများ ပြောကြားကာ အစည်း အဝေးကို ရုတ်သိမ်းလိုက်ကြ ပါသည်။

ဤနေ့၌ပင်လျှင် ဦးထွန်းရင်၊ ဦးတင်ဟန် တို့သည် ရွှေကျီးနား ဘုရားသို့ သွားရောက်၍ နဝကမ္မ အလှူတော်ငွေ (၂၀၀ိ) နှစ်ထောင်ကျပ်ကို ဘုရား ဘဏ္ဍာတော် အတွက် ရွှေကျီးနားဆရာတော် ဘုရားကြီးနှင့် ဂေါပကရက္ခိတ အဖွဲ့သို့ လှူဒါန်းကြပါသည်။

ဤနှစ်ဦးပင် တပေါင်းလတွင် သိမ်မဟာ စေတီတော်ကြီးအား နဝကမ္မ အလှူတော်ငွေ (၁၀၀၀ိ) တထောင်ကျပ် ထပ်မံ လှူဒါန်းပါသေးသည်။

**သိမ်မဟာ စေတီတော် မြတ်ကြီးအား**
**မှန်စီရွှေချ ငွေဆိုင်း သက်နန်း ကပ်လှူ ပူဇော်ခြင်းနှင့်**
**မဟာရာမ် အုဌ်တံတိုင်းကြီးများ ပြုလုပ် ထားကြခြင်း။**

သီရိဓမ္မာသောက မင်းကြီး၏ ကောင်းမှု၊ စမ္ပာနဂိုရ် ပြည်ရှင် ဘုရင်စိတ္တရာဇာနှင့် သားတော် ဝိလာသ မင်းသားကလေး တို့၏ အမွန် အစ ပဌမ တည်လှူ ထားခဲ့ ပါသော "မန်မော် ရွှေစေတီတော်" ကို ဘိုးတော် ဘုရား လက်ထက် နေမျိုးမင်းလှဘွဲ့ခံ ဗန်းမော် စော်ဘွားကြီး ဦးကံသည် မိမိ သံအမတ် အဖြစ်နှင့် တရုပ်ပြည်သို့ သွားရောက်စဉ် ကာလက တွေ့ရှိခဲ့ရသော တရုပ်ပြည် ခေါင်းလောင်းကြီးပုံ အတိုင်း အသစ်တဖန်ထပ်မံ၍ တည်လှူထားခဲ့ပါသော ပြည်ထောင်စု မြန်မာနိုင်ငံတော် ကချင်ပြည်နယ် ဒုတိယမြို့တော် ဗန်းမော် မြို့ကြီး၏ သီရိ မင်္ဂလာ ကြက်သရေဆောင် ဗုဒ္ဓ သာသနာ့ မဏ္ဍိုင် ဖြစ်ပါသော "သိမ်မဟာ စေတီတော်မြတ်ကြီး" အား ဆက်ကပ် လှူဒါန်းထားကြသော ရွှေသက်နန်းရောင် များသည် ဆီး-နှင်း-မြူ-လေ၊ နေပူ-မိုးရေတို့၏ နှစ်ရှည်လများ ညှင်းပန်း ထိခိုက်မှု ဒဏ်များကြောင့် ကြည်ညို ဘွယ်ရာ မဖြစ်အောင် တဖန် မှေးမှိန် ညှိုးနွမ်း မဲမှောင်ပျက်ဆီး ချွတ်ယွင်း၍ လာပါ သောကြောင့်....

သိမ်မဟာစေတီတော် ဂေါပက ရက္ခိတ အဖွဲ့က ပြည်သူ ပြည်သား အများအကျိုးကို မြှော်ကိုးပြီး နိုးဆော် အလှူခံကာ ပြုလုပ်စီမံဆောင်ရွက် သဖြင့် ဗုဒ္ဓမြတ်စွာသာသနာ တော်ကို တကယ် ပွင့်လင်း စေလိုသော လုပ်သား ပြည်သူ သူတော်စဉ် သူတော်ကောင်း အပေါင်း တို့က မှန်စီ ရွှေချ သစ်စေး သားရိုးကိုင် လက်ခနှင့် သစ်စေး ဟင်းသပြဒါး မှန်ဘိုးများပါ ၂-လက်မ အပြည့် ရွှေတဆိုင်းလျှင် ၂၆-ကျပ် ကျ၊ မှန်ကြမ်းစီ တပေပတ်လည် ၁၄-ကျပ်ကျနှင့် အလှူတော် ငွေများကို သဒ္ဓါတရား ထက်သန်စွာ သာသနာပြု လှူဒါန်း ပူဇော်ကြပါ၍၊ ၁၃၂၈-ခုနှစ် နတ်တော်ကာလ စ၍ ငြမ်းဝါး များကို ထိုးဆင် ပြုလုပ်ကာ မန္တလေး ရွှေမြို့တော်မှ တတ်သိ ကျွမ်းကျင်နားလည်သော ရွှေချ ဆရာကြီးများကို ခေါ်ယူ ပြီးလျှင် ငှက်မြတ်နားတော်၊ ငှက်ပျောဖူး၊ ထီးတော်ကြီး၊ ခရားသီးခေါ် သပိတ်မှောက်ဌာန စသည်များဖြင့်စေတီတော် ကြီး တဆူလုံးကို ခါးစီးပန်း အထက်ပိုင်းတွင် ၆-ကွက်သွေး ကျောက်မှန်နှုန်းနှင့်မှန်ကြမ်း မှန်စီရွှေချ သစ်စေး သားရိုးကိုင်း ရွှေပြောင်များချ၍၊ စေတီတော်အလယ် ခါးစီး အောက်ပိုင်း ပန်းဆွဲအောက် တပေ ပတ်လည်တွင် ရွှေပြောင် ချပြီးလျှင် မှန်ကြမ်း ပန်းကွက် များဖြင့် သုပ တင့်တယ် သပ္ပါယ်စွာ ရွှေသင်္ကန်းတော် အဖြစ် မှန်ကြမ်းစီ လှူဒါန်း ထားကြပါ သဖြင့် နှစ်ရှည်လများ ခိုင်ခန့်နေ၍ စေတီတော်ကြီး တဆူ လုံးမှာ ရွှေရောင်မှန်ရောင် ရွှေအဆင်းရောင် တို့ဖြင့် အထူ ဝင်းပြောင် တောက်ပပြီးလျှင် လာရောက် ဖူးမြော် သူတို့၏ စိတ်ဟဒယနှလုံးတွင် ရောင်ခြည်တော်ပမာ ရှင်ပြုံးကြည်သာ

ဂုဏ်တော်များထင်မြင်လာ၍ ကြည်ညိုစိတ်ထား ကုသိုလ်အား ပွားများကာ စိတ်အကြံမြောက်ပြီးလျှင် မဂ်-ဖိုလ် ဉာဏ်ဖြင့် နိဗ္ဗာန်သို့ပေါက် အမြန် ရောက်ကြရမည်မှာ အမှန် မုချပင် ဖြစ်ပါသည်။

ရဟန်းရှင်လူ ပြည်သူ ပြည်သား အများ ကုသိုလ် ကောင်းမှုဖြင့် ငှက်မြတ်နား ထီးတော်ကြီးမှစ၍ စေတီတော် ကြီး တဆူလုံးကို သစ်စေး သားရိုးကိုင် မှန်နု - မှန်ကြမ်းစီ မှန်စီရွှေချ ရွှေဆိုင်းသက်န်းတော်များ ကပ်လှူ ပူဇော် ကြရာ အလှူတော် ကျပ်ငွေ (၃၀၀၀၀ဝိ) သုံးသောင်းကျော် ကုန်ကျ ပါသည်။ ကောင်းမှုရှင် အမည် ကဗျည်းများ ကိုလည်း ဘုရားသမိုင်း မော်ကွန်းဝင် မှတ်တမ်းတင် ရေးထိုး ထားပါ သဖြင့် အများ သာဓု ခေါ်ကြပါစေသောဝ်။ ။

ဤ ၁၃၂၈-ခုနှစ် သည်ကား....

ရွှေရောင်၊ မှန်ရောင်၊ ရွှေအဆင်းရောင်ဖြင့် ဝင်းဝင်း ပြောင်လျှက်၊ မှောင်မခံစံ့၊ ရောင်ခြည် ကွန့်သည်၊ အမွန့် ရတနာ, နေစကြာ ကဲ့သို့၊ မြေထက်မှာ, ထိန်ထိန် ဖြာသော၊ သိမ်မဟာ စေတီတော်မြတ်သည်၊ လူနတ် ဗြဟ္မာ ကမ္ဘာသူ ကမ္ဘာသား အများ သဒ္ဓါဝါဝေနေယျတို့ကို ခေမ တည်းဟူ သော နိဗ္ဗာန်သို့ စိတ်အကြံအမြင်မမှားရအောင်၊ ထင်ရှားစွာ တန်ခွန် တမျှဖြင့် အမြန် ရောကြ ရောက်ကြရန် ညွှန်ပြတော် မူလျှက် ရှိပါသတည်း။ ။

## သိမ်တော်ကြီး သာသနာ့ ဝတ္တကမြေ

သိမ်မဟာစေတီတော်မြတ်ကြီးအား မြန်မာ ရှင်ဘုရင် ဘိုးတော်မင်းတရားကြီး လက်ထက်တော်မှ စ၍ မင်းအဆက်ဆက် တို့က လှူဒါန်း အသိ အမှတ် ပြုထားကြ ပါသော "သိမ်တော်ကြီး သာသနာ့ ဝတ္တကမြေ" များ ကိုလည်း သူတပါးတို့ မဖျက်ဆီး နိုင်အောင် သတ်မှတ် ပိုင်းခြား၍ ဘေး အန္တရာယ် အသွယ်သွယ်ကို တားဆီး ကာကွယ် စောင့်ရှောက်ခြင်းငှါ မဟာရာမ် အုဋ္ဌတံတိုင်း တခမ်းလျှင် အလှူတော်ငွေ ကျပ်-၁၅၀ ကျနှင့် ကုသိုလ်ရှင် အမည် ကဗျည်းစာများရေးထိုးပြီး ဂေါပက အဖွဲ့က စီမံဆောင်ရွက် လုပ်ကိုင်နေကြပါသဖြင့် သိမ်တော်ကြီးမဟာရာမ်အုဋ္ဌတံတိုင်း ကြီး အတွက် သာသနာ့ ဒါယကာ၊ စေတနာရှင်၊ ပါရမီရှင်၊ သာသနာပြု လှူဒါန်းလိုသော သူတော်စင် သူတော်ကောင်း အပေါင်းတို့သည် နာယကဆရာတော်များနှင့် သိမ်တော်ကြီး ဘုရား ဂေါပက အဖွဲ့ဝင် ဘုရားလူကြီးများ ထံတွင် အမည် စာရင်း ပေးသွင်း လှူဒါန်းနိုင်ကြပါသတည်း။ ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
ကချင်ပြည်နယ် ဗန်းမော်မြို့
**သိမ်မဟာ စေတီတော် ဂေါပက-ရက္ခိတ အဖွဲ့ကြီး။**

( နာယက )

၁။ အသျှင်-ဦးဣန္ဒောဘာသ သိမ်မဟာဆရာတော်
၂။ ဦးကုသလ ရွှေကျောင်းဆရာတော်
၃။ ဖေါ့ဖေါ့ရီ (အသက် ၁၀၀-နှစ်) ဘုရားအမ
ကျောင်းအမကြီး

( ဥက္ကဋ္ဌ )

ဆရာ-ဦးဘိုးချို နော်မန်ကျောင်းအုပ်ဟောင်း ရှမ်းဝိုင်း
ကုက္ကိုတောရပ်

( ဘဏ္ဍာတော်ထိမ်း )

ကျောင်းတကာ ဆရာဝန်ကြီး-ဦးကြည်လင့် အလယ်ရပ်

( ဂေါပက အတွင်းရေးမှူး )

ဆရာ-ဦးစိန်းမောင် ဆေးဆရာကြီး ညောင်ပင်ရပ်-မြောက်ပိုင်း

( ဒုတိယ - အတွင်းရေးမှူး )
ဦးဘိုးခင်
တိရစ္ဆာန် ဆေးကု ဝန်ထောက်ဟောင်း ကုက္ကိုတောရပ်

( ဂေါပက စာရင်းစစ် )

ဦးဘတ္တရီး ရိက္ခာတော်ရ စာရေးကြီး မင်းကုန်းရပ်

## ဂေါပက အဖွဲ့ဝင်
## ( အမှုဆောင် ဘုရားလူကြီးများ )

၁။ ဦးသာဝ ဥက္ကဋ္ဌဟောင်း အငြိမ်းစား ဝန်ထောက် မင်းကုန်းရပ်
၂။ ဦးသာအောင် ဆေးဆရာ-စာဟောဆရာ ။
၃။ ဦးဘအောင် ရိက္ခာတော်ရ စာရေးကြီး ။
၄။ ဦးဘတ္တရီး ရိက္ခာတော်ရ စာရေးကြီး ။
၅။ ဦးဗိုလ် ရိက္ခာတော်ရ ငွေတိုက်စာရေးကြီး သာစည်ရပ်
၆။ ဦးဘစော ရိက္ခာတော်ရ ရာဇဝတ်ရုံး စာရေးကြီး သာစည်ရပ်
၇။ ဦးမောင်ကို ရဲတံဆိပ်ထု စာပုံနှိပ်တိုက်ရှင် ။
၈။ ဦးဘညို မော်တော်ဝပ်ရှော့ပိုင်ရှင် ။
၉။ ဦးစိန်မောင်ဆေးဆရာကြီးညောင်ပင်ရပ်-မြောက်ပိုင်း
၁၀။ ဦးဘထူး ။ ။
၁၁။ ဦးထွန်းရှိန် ဝိုင်းကြီးဆရာ ။
၁၂။ ဦးဘခင် ဥက္ကဋ္ဌဟောင်း အငြိမ်းစား တောအုပ်ကြီး ညောင်ပင်ရပ်-တောင်ပိုင်း
၁၃။ ဦးဘိုးထိ အထက်တန်း အမိန့်တော်ရ ရှေ့နေကြီး ညောင်ပင်ရပ်-တောင်ပိုင်း
၁၄။ ဦးဘရှင် ပန်းချီဆရာ-လက်သမားဆရာကြီး ။
၁၅။ ဦးကွမ်း တရုပ်တန်းသူကြီးမင်း တရုတ်တန်းရပ်
၁၆။ ဦးရီဟော့ ကုန်သည်ကြီး ။

| | | | |
|---|---|---|---|
| ၁၇။ | ဦးကြည်လင့် | ဆရာဝန်ကြီး | အလယ်ရပ် |
| ၁၈။ | ဦးစောရှိ | အမိန့်တော်ရ ရှေ့နေ | အလယ်ရပ် |
| ၁၉။ | ဦးအောင်ဘ | ရွှေပန်းတိမ်ဆရာကြီး | ။ |
| ၂၀။ | ဦးစိန် | ။ | ။ |
| ၂၁။ | ဦးထွန်းပွင့် | သစ်ဝါးကုန်သည် | မြေနုရပ် |
| ၂၂။ | ဆရာ-ဦးလှဖေ | ကျောင်းဆရာ | ။ |
| ၂၃။ | ဦးဖြိုးအောင် | ဒေသကိုယ်စားလှယ် | လက်ပန်တန်းရပ် |
| ၂၄။ | ဦးဘကြွယ် | ကုန်သည် | ။ |
| ၂၅။ | ဆရာ-ဦးလှမောင် | ကျောင်းဆရာ | ခွန်သာရပ် |
| ၂၆။ | ဦးထွန်းရင် | ပွဲစားကြီး | ။ |
| ၂၇။ | ဦးစိန် | သစ်ဝါးကုန်သည် | မင်းကျောင်းကုန်းရပ် |
| ၂၈။ | ဦးအောင်စီ | ဆေးဆရာ | ။ |
| ၂၉။ | ဆရာ-ဦးဘိုးချို | နော်မန်ကျောင်းအုပ် | ရှမ်းဝိုင်း-ကုက္ကိုတောရပ် |
| ၃၀။ | ဦးဘိုးခင် | တိရစ္ဆာန် ဝန်ထောက်ဟောင်း | ။ |
| ၃၁။ | ဦးကျော်သိန်း | ရိက္ခာတော်ရရဲဝန် | ။ |
| ၃၂။ | ဦးသစ် | ပန်းဘဲဆရာကြီး | ကန်တော်-ဟန်းတဲရွာ |
| ၃၃။ | ဦးဘခင် | ယစ်မျိုးအင်စပိတ်တော်ဟောင်း | ။ |
| ၃၄။ | ဦးအုန်းဖေ | ကန်တော်-ဟန်းတဲ သူကြီးဟောင်း | ။ |
| ၃၅။ | ဦးတုတ် | ကုန်သည် | ဆင်ကုန်းရွာ |
| ၃၆။ | ဦးအုပ်စိုး | ရိက္ခာတော်ရ တောအုပ်ကြီး | ဂျူဗလီလမ်း |
| ၃၇။ | ဆရာ-ဦးမောင်ကြီး | သစ်ကုန်သည် | ။ |

# နိဂုံးစကား

ဗန်းမော်မြို့သို့ သွားရောက်ခဲ့စဉ်ကာလက စာရေးသူ၌ မည်သို့သော ရည်ရွယ်ချက်မျှမရှိ၊ ရွှေကူမြို့သို့ ရဟန်းခံ ကိစ္စ သွားရာမှ မရည်ရွယ်ဘဲ ဗန်းမော်မြို့သို့ ရောက်ခြင်း မျှသာ ဖြစ်၏။

ဗန်းမော်မြို့သို့ ၁၃၂၈-ခု၊ နယုန်လဆန်း ၈-ရက်နေ့ ရောက်၍ ထိုနေ့၌ပင်လျှင် တောင်လေးလုံး ဘုန်းတော်ကြီး ဦးဇာဂရက ရွှေကျီးနား စေတီတော်၊ သိမ်တော်ကြီး စေတီတော် များသို့ ကားနှင့် လိုက်ပို့သဖြင့် ဝမ်းမြောက် ဝမ်းသာ ဖူးမြော်ရ၏။ သိမ်တော်ကြီး စေတီတော်ကို ဖူးမြင် ပြီး သိမ်မဟာ ဆရာတော် အသျှင်-ဦးဣန္ဒောဘာသထံ ဝင်ရောက် ဖူးမြော်ကြပြန်၏။

ဆရာတော်ကြီးနှင့် အာလာပ, သလ္လာပ ပြောဟော ပြီးနောက် ဆရာတော်ကြီးက "သိမ်တော်ကြီး သမိုင်း" တစောင် ပြုစုပေးရန် တိုက်တွန်းသဖြင့် အာမဘာန္တေခံယူကာ သမိုင်းရေးရန်အတွက် အချက်အလက်များကို ဆရာတော်၏ ထံမှ ယူခဲ့၏။

ထိုနောက် ဦးပဥ္စင်း ဦးနန္ဒ ကိုယ်တော်ကြီးကလည်း ရွှေကျီးနားသမိုင်းတစောင်ပြုစုရန် လျှောက်ထားပြီး ၎င်းထံမှ ရှမ်းမူ ဘာသာပြန် စမ္ဗာနဂိုရ် ရာဇဝင်ကို ပေးအပ် ပြန်၏။ ဤသို့ဖြင့် ခေတ္တမျှ ဗန်းမော်ရောက်ရင်း စာနှစ်အုပ် ရေးရန် တာဝန်ကျလာ ခဲ့သည်။

ထိုစာနှစ်အုပ် ရေးရန် အတွက် ရှေးဟောင်း မှတ်စု များ၊ ရာဇဝင်များ၊ ရှေးဟောင်း သမိုင်း များကို လေ့လာ သောအခါ စာနှစ်အုပ်ရေးရန် တာဝန်ယူခဲ့သော စေတီတော် နှစ်ဆူမှာ မူလ အခြင်းအရာ တူညီနေသည်ကို တွေ့ရလေ၏။ ဤအကြောင်းကို အနည်းငယ် ဖေါ်ပြပါ ဦးမည်....

သိမ်မဟာ ဆရာတော် အသျှင်-ဦးဣန္ဒောဘာသ ထံမှ ရသော သိမ်တော်ကြီး မှတ်စု၌ "သိမ်တော်ကြီး ဘုရားကို သီရိဓမ္မာသောကမင်းကြီး တည်ထားကြောင်း၊ စော်ဘွားကြီး ဦးကံ ထပ်မံ၍ ပြုပြင်ကြောင်း" ပါရှိ၏။

ရွှေကျီးနားသမိုင်း သခေ်ပကထာ (ဦးထွန်းရွှေရေး)၌ သီရိဓမ္မာသောကမင်း ထံမှ ရသော ဓာတ်တော် ၄-ဆူဖြင့် စေတီတော်လေးဆူ တည်ထားရာ မန်မော်ဌာန၌ စေတီတဆူ တည်ကြောင်း ပါရှိ၏။

မန်မော်ဆိုသည်ကား ဗန်းမော်ပင် ဖြစ်၍ တည်သော စေတီမှာလည်း " ရွှေစေတီ "ပင် ဖြစ်လေသည်။

အထူး မှတ်ဘွယ် ရှိနေ သည်ကား ဦးထွန်းကြွယ်၏ ဗန်းမော် အဋ္ဌုပ္ပတ္တိ စာတမ်း၌ မန်မော်ကို နန်မော်ဟု ဆိုသည်။ အခြား မှတ်တမ်း များ၌ကား မန်မော် ရွှေစေတီ ဟူ၍သာ ပါရှိသဖြင့် ဗန်းမော် အဋ္ဌုပ္ပတ္တိ၌ ပါသော "နန်" သည် "မန်" နှင့် မှားယွင်းခြင်းသာ ဖြစ်ရပေမည်။

ဤသို့ လေ့လာ ကြည့်လိုက်သော အခါ....

(၁) ရွှေကျိုးနားစေတီ "စမ္ပာနဂိုရ်"

(၂) သိမ်တော်ကြီး စေတီ "မန်မော်-ရွှေစေတီ"

(၃) မြစေတီ "ငဆောင်းချမ်း-ဟာခန်း"

(၄) ရွှေစည်းခုံ "ကောင်းတုံ"

ဤစေတီတော် လေးဆူတို့သည် မူလဇစ်မြစ် အခြင်း အရာ တူညီ နေသည်ကို တွေ့ရသဖြင့် ဤသမိုင်း စာစောင်ကို နှစ်စောင် မခွဲတော့ဘဲ တစောင်တည်း ပေါင်း၍ ရေးသား လိုက်ရပါသတည်း။ ။

## " ကျမ်းပြီး ရက်စွဲ တေးထပ် "

ဟိုင်းရာဇာ ဗျဂ္ဃ သီဟနှင့် ဂဠုန်
ညီမျှသည့် နှစ်အကြုံမှာ၊ သစ်တဖုံ တဆန်း။ ။

ပဌမ မြဝါဆိုဝယ်၊ လာမှာညို ဆုတ်ပက္ခမှန်း။ ။

ကြွက်မင်းနေ့ ရက်ပဥ္စာ၊ ဆက်တင်လှာ တခန်း
မက်ချင်စရာ အစွမ်းနှင့်၊ စီတန်းသည့် ရွှေစာ။ ။

နိဋ္ဌိတံ ဤတွင် ဆုံးပြီမို့
ကြည်ရွှင်ပြုံး, ပြုံးကြစိမ့်ငှါ။
ကုသိုလ်စိတ် ပန်ပတ္တနာတယ်
မြန်နဂရာ ပြည်သူများငယ်တို့
သိတဂူ အလား ဘေးဘယ ကွာသွေ
အေးကြပါစေ....
ဤကောင်းမှု ချစ်သဒ္ဒါ ဝေတယ်
မေတ္တာရေ ဆွတ်ဖျန်းရဲ့လေး....

၁၃၂၈-ခု၊ ပဌမ ဝါဆို လပြည့်ကျော်
(၅)ရက် ကြာသပတေး နေ့တွင် ဤသမိုင်း
စာကို ပြုစုပြီးစီးပါသည်။

အသျှင်-ဒေဝိန္ဒ (ရွှေထီးဣန္ဒရာ)
တည်ဆောက် ကျောင်းတိုက်
ထီးချိုင့်မြို့။